www.burmeseclassic.com

No.87, August 2014

# ဂမ္ဘီရလောက

မဂ္ဂဇင်း

ဆောင်းလုလင်

မုဒုံသုမွန်

အောင်မြတ်ဦး

တောက်ထိန်

ရှင်ဒေါင်းယဉ်

မောင်အေးမောင်(ရေနံချောင်း)

အတိဂုဏ်မျိုးမြင့်အောင်

သန်လျှင်လှဝင်း(ညြချစ်ညို)

မင်းတိုင်ပင် (မြရောင်မြေ)

မင်းဘုန်းသိဒ်ဓိသူ

သော်သော်ကို

ဂါဦးနွန်းကို

– ရှုမငြီးသော အိမ်ကြီးနှင့် ကိုယ်ဝန်ဆောင် သရဲမ – စိညာဉ်မြူးတဲ့ တေးကဗျာ – စိညာဉ်ခေါ်တဲ့

– တစ်ပွဲပြန်စံမြို့နှင့် ဆံပင်မှား – ကြောင်မြှားရှင်ကြီး – မရဏာညှိုကွင်း – ကျွန်ုပ်နှင့် အဂ်လန်မှ စိညာဉ်

– ကံကြမ္မာဝဲဂယက်ထည်းမှ ရွက်လှေလေး – အဖြေမရှိတဲ့ ပဟေဠိ – ယေ်နာမည်ချေရာ

– ဂမ္ဘီရဆန်သော ဒဏ္ဍာရီ – ရုပ်ဟောင်းဘေးက မလုပ်ကောင်းတဲ့ ...မြေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ဆုပြည့်စုံထွန်းစာပေမှ ထုတ်ဝေထားသော
ကျောင်းသား/ကျောင်းသူများနှင့်ကလေးငယ်များဖတ်ရှုသုတရပြီး
သိမှတ်စေရန်စာအုပ်ကောင်းများ

ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၁၆၆၄၊




ကျောင်းသားကျောင်းသူများနှင့်ကလေးများအတွက်ဖတ်ရှုသုတရစေရန်နှင့်
ညာကြီးမားစေရန်ရည်ရွယ်၍ ဆုပြည့်စုံထွန်းစာပေမှ ပျော်ရွှင်စရာတီထွင်ကမ္ဘာ၊
ရွှင်စရာအမေးကမ္ဘာ၊ ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ၊ ပျော်ရွှင်စရာဆန်းကြယ်ကမ္ဘာ၊
ပျော်ရွှင်စရာပုံပြင်ကမ္ဘာနှင့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ
အစရှိသောစာအုပ်များကို ကာလာများဖြင့် ပြန်လည်ဆန်းသစ်၍
စာအုပ်ဆိုဒ်ကြီး ထုတ်ဝေလိုက်ပါသည်။



သို့
1 JUL 2014
မှ


# ဂမ္ဘီရလောက

## ဆုပြည့်စုံထွန်း စာပေ


အမှတ်-၅၀၈/၅၁၂၊ ၂(ခ)ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၃၁၆၆၄၊ ၃၈၆၈၃၃


www.burmeseclassic.com

www.burmeseclassic.com

Quality Publishing House

...ချုပ်အောင်ဆန်း၏
...အဘဝနှင့်ပတ်သက်သော
...ကြောင်းအရာများကို
...ဖော်ပြထားသော
...သားကြီးဗိုလ်တေဇ
Quality စာတည်းအဖွဲ့






...ဗိုလ်တေဇ
ဘဝကဗျာ
ရသဟန်အတ္တုပ္ပတ္တိ
Quality စာတည်းအဖွဲ့

ဗိုလ်ချုပ်၏ ခေါင်းဆောင်မှုအကြောင်းနှင့်
ကျွန်ပြည်စစ်သင်တန်းဝင် ရဲဘော်သုံးကျိပ်တို့၏
စွန့်လွှတ်စွန့်စားမှု အကြောင်းများပါဝင်သည့်
ဗိုလ်ချုပ်အောင်ဆန်း၏
ရဲဘော်သုံးကျိပ်
ဗိုလ်မင်းခေါင် (ရဲဘော်သုံးကျိပ်)





ဆုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

စာစဉ်

No.87, August 2014


**ဝိညာဉ်ခေါ်တဲ့ပွဲ**
ဆောင်းလုလင် ၆

**ကျွန်ုပ်နှင့် အင်္ဂလန်သူဝိညာဉ်**
သန်လျင်လှဝင်း (ဩချစ်ညို) ၃၉

**တစ်ပွဲပြန်စံပြန်နှင့် ဆံပင်မွှား**
မင်းတိုင်ပင် (မြရောင်မြေ) ၅၀

**ကြောင်ပြာရှင်ကြီး**
သော်သော်ကို ၇၂

**မရဏညို့ကွင်း**
ဇာတိဂုဏ်မျိုးမြင့်အောင် ၈၄

**ကံကြမ္မာဝဲဂယက်ထည်းမှ ရွက်လှေလေး**
ဂျိုးနွန်းကို ၁၁၁

**ဝိညာဉ်မြူးတဲ့ တောကန္တာ**
အောင်မြတ်ဦး ၁၄၄

**အဖြေမရှိတဲ့ပဟေဠိ**
တောက်ထိန် ၁၅၄

**ယေန္တာပညာပချော့**
မုန့်သုမွှန် ၁၆၈

**ဂမ္ဘီရဆန်သော ဒဏ္ဍာရီ**
ရှင်ဖေါင်းယဉ် ၂၀၀

**လူမပြုသော အိပ်ကြီးနှင့် ကိုယ်ဝန်ဆောင်သရဲမ**
မောင်အေးမောင် (ရေနံချောင်း) ၂၂၄

**ရပ်ဟောင်းဘေးက မလှုပ်ကောင်းတဲ့လယ်မြေ**
မင်းဘုန်းသိန်းသူ ၂၃၄

*Next Month Preview* ၅


www.burmeseclassic.com

www.burmeseclassic.com

# ကိုရုရှလောက

စွန်းလေး

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

အုပ်ချုပ်မှု အယ်ဒီတာ
မခင်မာရွှေ

တာဝန်ခံအယ်ဒီတာ
ဒေါ်လွင်မြင့်ဇော်

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ဝေလင်း၊ ကျော်ကျော်၊ မြမြသင်း
ဝင်းဝင်းမော်၊ ဟေမာလှိုင်၊ ဝင်းဝင်းမာ၊ ပိုပိုဇင်၊ အိဖြူ၊ မီမီဇင်။

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ရာပြည့်စုံထွန်းစာပေ)၊ (၀၃၉၀၅)၊ (မြဲ)၊ အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး**
ဉာဏ်လင်းထက်

**အတွင်းသရုပ်ဖော်**
ကံကောင်း၊ အောင်စိုးမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး၊
လှသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ပိုင်းဇော်။

**ကွန်ပျူတာစုင် ဖလင်**
Quality

**ပုံနှိပ်သူ**
မြို့သစ်လှပုံနှိပ်တိုက်
ဒေါ်သည်ယဉ်မွန် (၀၀၆၅၉)
ဆန်စက်အပိုင်းဝင်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**တန်ဖိုး**
တင်းဖော်တွန်း
| | | |
|---|---|---|
| သုံးလ | - | ၅၀၀ |
| တစ်နှစ် | - | ၁၅၀၀ |


**ဆက်သွယ်ရန် နှင့် မြိုင်ချီးရာထုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈) လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

BURMESE CLASSIC



အချိန်သွား ခရီးသည်

အပုဒ်မျှသား



စုန်းပငရုသူ



သောတွင်းစိုးသူ



တငရွနှင်၏ တစ်ညတာအဝ

မင်းအောင်သိန်း (မင်းကိုက်)



ထူးထွေသည့် အုံရာသော်

နန္ဒာမိုက်ကြည်

Next Month Preview

www.burmeseclassic.com

www.burmeseclassic.com



ဟော - သူတို့ ကျွန်တော့်ကို ခေါ်နေကြပြီ။
သူတို့ဟာ ကျွန်တော့် သူငယ်ချင်းတွေပါ။
ကျွန်တော့်သူငယ်ချင်းတွေ သူတို့ခေါ်မယ့် သရဲတစ္ဆေဟာ
ကျွန်တော် ဖြစ်နေမှန်းမသိကြဘဲနဲ့ ခေါ် ကြတော့မယ်။
သူတို့ ပြင်ဆင်နေပုံကိုကြည့်ပြီး သူတို့ တစ္ဆေခေါ်ပွဲ
လုပ်တော့မယ်ဆိုတာကို ကျွန်တော် သိနေပါတယ်။
လူ့ဘဝတုန်းက ကျွန်တော်ကိုယ်တိုင် သူတို့လုပ်တဲ့
တစ္ဆေခေါ်ပွဲမှာ ပါနေကျမို့ သူတို့ပြင်ဆင်နေတာ
တစ္ဆေခေါ်ပွဲအတွက်ဆိုတာကို ကျွန်တော် သိနေပါတယ်လေ။

# စိညာဉ်ခေါ်တဲ့ပွဲ

## ဆောင်းဂုလင်



www.burmeseclassic.com

www.burmeseclassic.com

သည်တစ်ခါတော့ သူတို့ခေါ်လို့ရောက်လာမယ့်တစ္ဆေဟာ သူတို့သူငယ်ချင်း ကျွန်တော်ဆိုတာကို သူတို့ သိပုံမရဘူး။

ကျွန်တော်ဟာ ကျွန်တော် နေထိုင်တဲ့ သစ်ပင်ပေါ်ကနေပြီး သူတို့ လုပ်နေကိုင်နေပုံတွေကို အစအဆုံး မြင်တွေ့နေရပါတယ်။ ကျွန်တော်နေတဲ့ သစ်ပင်ဟာ သူတို့နေတဲ့အဆောင်ရှေ့တည့်တည့်မှာမို့ အကုန်လုံးကို မြင်နေရတာပါ။

ဒီအဆောင်ဟာ ကျွန်တော် လူ့ဘဝက ကျွန်တော့် သူငယ်ချင်းလေးယောက်နဲ့ အတူတူနေခဲ့ရတဲ့ အဆောင်ပဲလေ။

ကျွန်တော် သေပြီးတတည်းက ပြိတ္တာဘဝရောက်ပြီး အဆောင်ရှေ့ သစ်ပင်ပေါ်မှာ နေနေရတာကို ကျွန်တော့် သူငယ်ချင်းတွေ မသိကြသေးဘူး။

= ☺ =



# ဝိညာဉ် ခေါ်ပွဲ

## ဆောင်းလှလင်

မင်းမင်းထိုက်က သူ့အခန်းထဲက မှန်ချပ်ကို ယူလာတယ်။

မင်းမင်းထိုက် မှန်ချပ်က တစ်ပေ၊ တစ်ပေခွဲအရွယ်ဆိုတော့ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့နေရာမှာ သုံးလို့ကောင်းတယ်။ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါတိုင်းလည်း သူ့မှန်ချပ်ကိုပဲ သုံးနေကျပါ။

ဝိညာဉ်ခေါ်ပွဲလုပ်တယ်ဆိုတာ ဒီလိုပါ။

ဝိညာဉ်ခေါ်ပွဲကို လူတစ်ယောက်တည်း လုပ်လို့မရပါဘူး။ အနည်းဆုံး လူနှစ်ယောက်နဲ့ လုပ်မှရပါတယ်။

ဝိညာဉ်ခေါ်ပွဲလုပ်ဖို့အတွက် အနေတော်မှန်တစ်ချပ်ရယ်၊ မှန်ပေါ်မှာ စာရေးရင်ထင်နိုင်တဲ့ ဆော့ပင်တစ်ချောင်းရယ်ပဲ လိုပါတယ်။

ဝိညာဉ်ခေါ်တော့မယ်ဆိုရင် မှန်ကို စားပွဲအလယ်တည့်တည့်မှာတင်၊ ဝိညာဉ်ခေါ်မယ့် လူတွေက စားပွဲကိုဝိုင်းပြီး မတ်တတ်ရပ်နေရပါတယ်။ ပြီးတော့ - လူအားလုံးက ဆော့ပင်ကို မှန်ပေါ်မှာထောင်ရက်တင်ပြီး ကိုင်ထားရပါတယ်။ ဆော့ပင်ကို လူအားလုံး လက်နဲ့ထိအောင် ကိုင်ထားရတာပေါ့။

ပြီးတော့ - တစ်ယောက်က ဝိညာဉ်ကို ဒီလိုအသံထွက်ပြီး ခေါ်ရတယ်။

"ဤအနီးတစ်ဝိုက်တွင် အနီးဆုံးနေရာ၌ရှိနေသည့် ဝိညာဉ် ခင်ဗျား၊ သင့်အား ကျွန်ုပ်တို့ အလိုရှိပါသဖြင့် လာရောက်ပါရန် ဖိတ်ခေါ်ပါသည်။ ယခု ချက်ချင်း လာရောက်ပါခင်ဗျား"

အဲဒီစကားကို သုံးကြိမ်သုံးခါတိတိ လူတစ်ယောက်တည်းက အသံထွက်ပြီး ပြောရပါတယ်။

မကြာခင်မှာပဲ ဝိညာဉ်ဟာ ရောက်လာပါတော့တယ်။

ဝိညာဉ်ရောက် မရောက်ကိုလည်း သေချာအောင် မေးကြည့်နိုင်ပါတယ်။

ဝိညာဉ်ဟာ သူဖြေတဲ့ အဖြေစကားအားလုံးကို ဆော့ပင်ကို မှန်ပေါ်မှာ ရွှေ့စေပြီး စာနဲ့ရေးပြပါတယ်။

ဥပမာ -

"ဝိညာဉ် သင်ရောက်နေပြီဆိုရင် မှန်ပေါ်မှာ ဝလုံးတစ်လုံး ဝိုင်းပြပါ"

www.burmeseclassic.com

အဲဒီလိုပြောလိုက်တာနဲ့ တစ်ပြိုင်တည်း ဆော့ပင်ကို ခပ်ဖွဖွကိုင်ထားကြတဲ့လူတွေရဲ့လက်တွေဟာ သူ့အလိုလို ရွေ့လျားသွားပြီး မှန်ပေါ်မှာ ဝလုံးပုံတစ်ခုပေါ်လာပါတယ်။ ဝိညာဉ် ရောက်ပြီပေါ့။ ဝလုံးပုံမဟုတ်ပဲ ကြက်ခြေခတ် ရေးနိုင်းလည်း ရတယ်။ အင်္ဂလိပ်တို့ ရက်စ်၊ နိုး ရေးနိုင်းလို့လည်း ရတယ်၊

ဝိညာဉ်ကတော့ သူ ရောက် မရောက်ကို လက်တွေပေါ်မှာစီးပြီး ရေးပြမှာပဲ၊

အဲဒီလိုနည်းနဲ့ ကျွန်တော်တို့ဟာ ဝိညာဉ်ကို ခေါ်ခဲ့ကြပါတယ်၊

ဝိညာဉ်ရောက်လာတဲ့အခါ ကျွန်တော်တို့မေးချင်တဲ့ မေးခွန်းတွေမေးကြတယ်၊

"ဒီအုပ်စုထဲက ငါးယောက်စလုံး ဒီနှစ်စာမေးပွဲ အောင်မလား"

အဲဒီလိုမေးလိုက်ရင် ဆော့ပင်ကိုကိုင်ထားတဲ့ ကျွန်တော်တို့လက်တွေဟာ အလိုလိုရွေ့လျားသွားပြီး မှန်ပေါ်မှာ စာတစ်လုံးစ နှစ်လုံးစရေးပြီးလျက်သားဖြစ်နေတတ်တယ်၊

"အောင်မယ်"

ကျွန်တော်တို့ခေါ်ထားတဲ့ ဝိညာဉ်ကောင်ရဲ့အဖြေစကားပါပဲ၊

"ကျွန်တော် မျိုးသူ ချစ်နေတဲ့ကောင်မလေးက ကျွန်တော့်ကို ပြန်ချစ်မလား"

ကျွန်တော် သိပ်သိချင်တဲ့မေးခွန်းကို ဝိညာဉ်ကို မေးကြည့်ခဲ့တာပါ။ အဲဒီတုန်းက ကျွန်တော်ဟာ ကေသရီဆိုတဲ့ကောင်မလေးကို စွဲစွဲလမ်းလမ်းချစ်ပြီး သဲသဲမဲမဲ လိုက်နေတဲ့အချိန်လေ ...။

ကျွန်တော့်မေးခွန်းကို ဝိညာဉ်က ပြန်ဖြေတယ်၊

No တဲ့ ...။

သွားရော၊ အဖြေကို အင်္ဂလိပ်လိုရေးပြလို့ပါလား။ တော်တော်ထူးဆန်းတဲ့ သရဲပဲ၊ အဲဒီကစပြီး ကျွန်တော်တို့ခေါ်နေကျ ဝိညာဉ်ဟာ အင်္ဂလိပ်စာတတ်တယ်ဆိုတာ ကျွန်တော်တို့ သိခဲ့ရပါတယ်၊



"မယုံဘူးကွာ - မယုံဘူး။ ဒါ - ငယ်လေး ပယောဂကွ၊ ငယ်လေးလက်က ဆော့ပင်ကို အတင်းဆုပ်ပြီး "နိုး" စာလုံးပေါ်အောင် ရေးလိုက်တာ"

ကျွန်တော်က ကျွန်တော့်ချစ်သူ ကျွန်တော့်ကို ပြန်မချစ်ဘူးဆိုတဲ့ အဖြေထွက်လာတာနဲ့ပဲ မကျေမနပ်အော်ရင်း ငယ်လေးကို စွပ်စွဲလိုက်တယ်၊

ကျွန်တော် စွပ်စွဲတာလည်း အကြောင်းမဲ့တော့မဟုတ်ဘူး။ ဝိညာဉ်ခေါ်တဲ့အခါတိုင်း ငယ်လေးအသားတွေဟာ တဆတ်ဆတ်တုန်လာတတ်တယ်၊ ဝိညာဉ်ပြောတဲ့အဖြေကို မှန်ပေါ်မှာ ရေးတဲ့အခါတိုင်းလည်း ငယ်လေးလက်က ဆော့ပင်ကို သေချာဆုပ်ကိုင်ပြီး သူတစ်ယောက်တည်းက ရေးသလိုမျိုး ဦးဆောင်ပြီး ရေးလိုက်တာ သိသာတယ်။ ကျွန်တော်တို့လေးယောက်ရဲ့လက်တွေကတော့ ဆော့ပင်ကို ခပ်ဖွဖွပဲကိုင်ထားလို့ ငယ်လေးရေးတဲ့အတိုင်း လက်တွေက အလိုက်သင့်ပါသွားရုံလောက်ပဲ၊

အဲဒီအဖြစ်ကို အားလုံးက သတိထားမိကြတယ်၊

ငယ်လေးကိုမေးကြည့်တော့ - သူ့သဘောနဲ့သူ ရေးတာမဟုတ်ပါဘူးတဲ့၊ အလိုလိုဖြစ်သွားတာပါတဲ့၊ သူ့အသားတွေ တုန်နေတာလည်း သူသတိထားမိဘူးတဲ့၊

"ဒါဖြင့်ရင် သရဲက ဒီကောင့်ကို ဝင်ပူးပြီး ရေးတာဖြစ်မယ်ကွ"

ဂျင်မီက သူ့အထင်ကို ပြောလိုက်တယ်၊

ဘာပဲဖြစ်ဖြစ် - ကျွန်တော်တို့ဟာ အဲဒီအပေါ်မှာ အမှုမထားခဲ့ကြပါဘူး၊ ဝိညာဉ်ဟာ တကယ်ပဲ ကျွန်တော်တို့ဆီလာလာ၊ မလာလာ အကြောင်းမဟုတ်ဘူး။ ကျွန်တော်တို့ကလည်း ညနေပိုင်း ပျင်းနေတဲ့အချိန်မှာ လုပ်စရာမရှိလို့ အပျော်ကစားကြတာပါ၊

ကျွန်တော်တို့က အဆောင်မှာနေကြတဲ့ တက္ကသိုလ်ကျောင်းသားတွေလေ။ ကျွန်တော်တို့ သူငယ်ချင်းငါးယောက်လုံး အဆောင်တစ်ဆောင်ထဲမှာ အတူနေကြတယ်၊

ကျွန်တော် မျိုးသူရယ်၊ မင်းမင်းထိုက်ရယ်က မိတ္ထီလာက၊

ငယ်လေးက မုံရွာက၊



www.burmeseclassic.com

www.burmeseclassic.com

သတ်ပိုင်နဲ့ ဂျင်မီက ရွှေဘိုသားတွေ။

အားလုံး ဗုဒ္ဓဘာသာတွေကြားထဲမှာ ဂျင်မီတစ်ယောက်ပဲ ဘာသာခြားပါတယ်။ ဒါပေမဲ့ - အဲဒါဟာ ကျွန်တော်တို့အတွက် ဘာမှပြဿနာမရှိခဲ့ပါဘူး။

= ☺ =

ကျွန်တော်တို့ တက်ရတဲ့ တက္ကသိုလ်က ရတနာပုံ တက္ကသိုလ်ပါ။ နေတော့ ကျွဲဆည်ကန်ထဲက အပြင်အဆောင်မှာနေတယ်။

ကျောင်းရော၊ အဆောင်ရောက မြို့အပြင်မှာဆိုတော့ ညပိုင်းရောက်ရင် အတော်ပျင်းစရာ ကောင်းပါတယ်။

တစ်ခါတလေတော့ ကျွန်တော်တို့ငါးယောက်စလုံးမှာ ဆိုင်ကယ်တစ်စီးစီရှိကြလို့ မြို့ထဲအထိ ဆိုင်ကယ်ထွက်စီးကြတယ်။

ကျူးတစ်ပတ် ပတ်ပြီး ဆိုင်ကယ်စီးကြတယ်။ ကျွန်တော်တို့ဟာ ကျူးဘေးမှာ ညဥ့်နက်တဲ့အထိနေပြီး ဆိုင်ကယ်ရှေ့မီးတွေကို မီးပေါ်ထောင်ပြီး စီးကြပါတယ်။

လမ်း (၃၀) က ရွှေနိုင်ဆိုင်မှာ ဘီယာလေး၊ ဘာလေးလည်း သွားသောက်ကြသေးတယ်။ အပြန်လမ်းတစ်လျှောက်မှာ ညဥ့်နက်ပိုင်း အသွားအလာရှင်းနေတော့ ဆိုင်ကယ်ရှေ့မီးတွေကို မီးပေါ်ထောင်စီးပြီး ပြန်လာကြတာပေါ့။

ဒါပေမဲ့ - အဲဒါဟာ အမြဲမဟုတ်ပါဘူး။ တစ်ခါတစ်ရံမှပါ။

အမြဲကတော့ ညနေပိုင်းရောက်ရင် ပျင်းစရာကောင်းနေတတ်တာများတယ်။

ဒါဆိုရင် ကျွန်တော်တို့ဟာ အဆောင်ရှေ့ခုံတန်းလျားလေးပေါ်မှာထိုင်ပြီး ဂစ်တာတီးရင် တီးကြတယ်။

အဲ - တစ်ခါတလေ စိတ်ရှုပ်ပေါက်ရင် လုပ်မိတဲ့အလုပ်ကတော့ ဝိညာဉ်ခေါ်ပွဲကျင်းပတာပါပဲ။



ဝိညာဉ်ကိုခေါ်ပြီး ကျွန်တော်တို့ ပေါက်ကရမေးခွန်းတွေ မေးကြတယ်။ ထူးဆန်းတာက မှန်တာ များတယ်ဗျ။

ချဲဂဏန်း၊ နှစ်လုံးဂဏန်းတွေ မေးကြည့်တော့လည်း အနည်းဆုံး တစ်လုံးတော့ တိုက်ဆိုင်တာများတယ်။

ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါတိုင်း ငယ်လေးရဲ့ထူးခြားမှုကို ကျွန်တော်တို့အားလုံး သတိပြုမိခဲ့ပါတယ်။ ဆော့ပင်ကိုကိုင်ထားတဲ့လူငါးယောက်ရဲ့လက်အိတ်ထဲမှာ ငယ်လေးတစ်ယောက်ရဲ့လက်က ထိထိမိမိဆုပ်ကိုင်ထားတတ်တယ်။ ကျန်တဲ့လူတွေကတော့ ခပ်ဖွဖွပဲ ကိုင်ထားကြတယ်။ စာရေးတော့လည်း ငယ်လေးက ဦးဆောင်ပြီး ရေးသလို ဖြစ်နေတယ်။

အဲဒါကို ရွှေဘိုသား သက်ပိုင်ကတော့ ငယ်လေးကိုယ်ထဲမှာ ဝိညာဉ်ဝင်ပြီးရေးတာလို့ ထင်ကြေးပေးတယ်။

ကျွန်တော်တို့ဟာ လူငယ်တွေဖြစ်လို့ ဝိညာဉ်တို့၊ နာနာဘာဝတို့၊ သရဲအစွေတို့ဆိုတာ တကယ်ရှိတယ်လို့ ယုံတယ်လည်းမဟုတ်၊ မယုံဘူးလည်းဟုတ်ပါဘူး။ နက်နက်နဲနဲလည်း မတွေးမိကြဘူး။

ဝိညာဉ်ခေါ်ပွဲလုပ်တာကလည်း ယုံလို့လုပ်နေတာ မဟုတ်ပါဘူး။ ပျင်းလို့ အချိန်ဖြုန်းနေတာပါ။ အဲဒီတော့ ငယ်လေးကိုယ်ထဲမှာ ဝိညာဉ်တကယ်ဝင်ပူးပူး၊ မပူးပူး ပြဿနာမဟုတ်ပါဘူး။ ငယ်လေးကိုယ်တိုင်က ဝင်ပူးသယောင်ယောင် ဟန်ဆောင်ပြီး သူထင်ရာဦးဆောင်ပြီး လျှောက်ရေးလည်း အံ့ဩစရာမရှိဘူး။

ဒီနေ့တော့ - ကျွန်တော့်ချစ်သူက ကျွန်တော့်ကို ပြန်မချစ်ဘူးဆိုတဲ့ အဖြေအတွက် ကျွန်တော် မကျေမနပ်ဖြစ်သွားတယ်။ ဝိညာဉ်ကောင်ဆိုတာ တကယ်မြင်ရတာမဟုတ်လို့ သူ့ကို ပြဿနာ သွားရှာလို့က မရဘူးမဟုတ်လား။

ဒါနဲ့ပဲ - နဂိုကတည်းက သံသယဝင်နေတဲ့ ငယ်လေးကိုမဲပြီး ကျွန်တော် စွပ်စွဲလိုက်တာပါ။

www.burmeseclassic.com

"ကြံကြံဖန်ဖန် မျိုးသူရာ၊ ငါက ဘာလို့ ဒီလိုရေးရမှာလဲ။ ငါက ကေသရီနဲ့ မင်းနဲ့ကို အဆင်ပြေစေချင်နေတာပါကွ"

ငယ်လေးက မျက်နှာပျက်ပျက်နဲ့ ရှင်းပြရှာတယ်။

ဟုတ်ပါတယ် – တကယ်တော့ ဝိညာဉ်က ဖြေတာပဲဖြစ်ဖြစ်၊ ငယ်လေး ဖြေတာပဲဖြစ်ဖြစ် ပြဿနာမဟုတ်ပါဘူး။ ကျွန်တော် ကိုယ်တိုင်က ဝိညာဉ်ကို ရာနှုန်းပြည့် အယုံအကြည်ရှိခဲ့တာမှ မဟုတ်တာ။

ဒါပေမဲ့ – တစ်ခုတော့ ရှိတယ်။ ဝိညာဉ်ဖြေခဲ့တဲ့အဖြေ အတိုင်းပဲ၊ ကေသရီဟာ ကျွန်တော့်အချစ်ကို ခါးခါးသီးသီး ငြင်းဆန်ပစ်ခဲ့တယ်။

"ဆောရီးပဲ – မျိုးသူ၊ ဒီကိစ္စအတွက်တော့ ရှင့်ကို No ပဲ"

သူ့နှုတ်က No လို့တောင် ဝိညာဉ်ဖြေတဲ့အတိုင်း အင်္ဂလိပ်လိုဖြေလိုက်သေးသဗျ။

ထားပါတော့၊ ဒါဟာ – တိုက်ဆိုင်မှုလို့ပဲ။

အဲ – ဝိညာဉ်ဆိုတာ တကယ် ရှိ၊ မရှိ ကျွန်တော်တို့ လုပ်တဲ့ဝိညာဉ်ခေါ်ပွဲကို ဝိညာဉ် တကယ်ရောက်လာ မလာဆိုတာကို သိရဖို့အဖြစ်က သိပ်မကြာခင်မှာ ကြုံလာရပါတယ်။

ကျွန်တော်ကတော့ ဝိညာဉ်ဆိုတာ တကယ်ရှိကြောင်း အခုအချိန်မှာ လက်ခံလိုက်ပါပြီ။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်ကိုယ်တိုင် သရဲတစ္ဆေ ပြိတ္တာ၊ နာနာဘာဝ ဘဝကို ရောက်နေပြီ ဖြစ်လို့ပါ။

= =

အဲဒီနေ့ကတော့ စနေနေ့လည်းဖြစ်လို့ ညနေပိုင်းမှာ ကျွန်တော်တို့ဟာ မြို့ထဲကို ထွက်လာကြတယ်။

ကျုံးဘေးကို သွားကြတယ်။

(၂၆)ဘီလမ်းတစ်လျှောက် ကျုံးဘေးအတိုင်း ကျွန်တော်တို့ဟာ ဆိုင်ကယ်တွေကို မိုးပေါ်ထောင်ပြီး စီးကြတယ်။ ဆိုင်ကယ်ရှေ့ဘီးကို မြေကြီးနဲ့



လွတ်အောင် ဆိုင်ကယ်ကို နောက်ဘက်ဖိထိုင်ထားပြီး စီးရတာဟာ တကယ်တော့ ပညာသားပါပါတယ်။

ပျော်စရာလည်း သိပ်ကောင်းတယ်ဗျ၊ စွန့်စားခန်း တစ်မျိုးပါပဲ။

ဘေးကမြင်ရတဲ့ လူတွေအဖို့ကတော့ အသည်းထိတ်စရာပေါ့လေ။

ဆိုင်ကယ်စီးလို့ နည်းနည်းတော့ ကျွန်တော်တို့ လမ်း (၃၀)က ရွှေမိုင်ဆိုင်မှာ ဘီယာသွားသောက်ကြတယ်၊ အကင်စားကြတယ်။

ပြီးတော့ – (၂၆)လမ်း ကျုံးဘေးပြန်သွားပြီး ဆိုင်ကယ်စီးကြပြန်ရော။ ဆိုင်ကယ်စီးတယ်ဆိုတာလည်း ရိုးရိုးစီးတာကိုပြောတာ မဟုတ်ဘူးနော်၊ ရှေ့ဘီးကို မိုးပေါ်ထောင်ပြီး စွန့်စားစီးကြတာ၊ စတန့်ထွင်တာပေါ့ဗျာ ...

ကျွန်တော်တို့ငါးယောက်ဟာ ကျုံးဘေးလမ်းပေါ်မှာ ငါးယောက်တန်းစီပြီးတော့လည်း ပြိုင်စီးကြတယ်။ တစ်ယောက်ချင်းလည်း စီးကြတယ်။ ဆိုင်ကယ်ရှေ့ဘီးကို မိုးပေါ်ထောင်ပြီး မောင်းနေရင်းကနေ နောက်ကို ရုတ်တရက်ကွေ့ပြီး လည်ထွက်သွားအောင်လည်း လုပ်ကြတယ်၊

သိပ်ပျော်ဖို့ ကောင်းတာပဲဗျာ။ အဲဒီတုန်းကပေါ့လေ၊

ဆိုင်ကယ်စီးရင်း ပြီးငွေ့တော့ ရွှေမိုင်ကို တစ်ခါထပ်သွားပြီး သောက်ကြပြန်ရော။ အဲဒီနေ့က စနေနေ့ညမို့လို့ နောက်တစ်နေ့ ကျောင်းအားတယ်ဆိုပြီး ညဉ့်နက်တဲ့အထိ ကျွန်တော်တို့ ကဲချင်တိုင်း ကဲနေကြတာ။

ည (၁၂)နာရီကျော်မှပဲ အဆောင်ကို ပြန်ဖြစ်ကြတယ်၊

အပြန်လမ်းမှာလည်း ဆိုင်ကယ်ရှေ့ဘီးတွေကို မိုးပေါ်ထောင်ပြီး ပြိုင်စီးခဲ့ကြပါသေးတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ အပြန်လမ်းဖြစ်တဲ့ ရန်ကုန် – မန္တလေး အဝေးပြေးလမ်းမကြီးဟာလည်း လူနဲ့ ယာဉ် အသွားအလာရှင်းလို့ တိတ်ဆိတ်နေပြီ၊

လေယာဉ်ကွင်းဟောင်း ရှေ့နားမှာဆိုရင် သိပ်စီးလို့ကောင်းတာ၊

လူတွေကလည်း တော်တော်ကို မှုးနေကြပါပြီ၊

ဒီလိုနဲ့ – ကျွန်တော်တို့နေတဲ့ အဆောင်လမ်းထိပ်ကို ရောက်လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဟာ ဒဏ်ရာတွေနဲ့ လဲကျနေတဲ့ ကျွန်တော့်ကိုယ်ကိုလှုပ်ပြီး ကျွန်တော့်နာမည်ကို အော်ခေါ်နေကြတယ်။ ချင်မီက ကျွန်တော့်ကို ပွေ့ထားတယ်။ သူ့တစ်ကိုယ်လုံးလည်း ကျွန်တော့်သွေးတွေ ပေလူးနေတာ တွေ့ရတယ်။ စိတ်အားငယ်တတ်တဲ့ ငယ်လေးကတော့ ငိုတောင်ငိုနေပါပြီ။ ကျွန်တော်လည်း အခြေအနေကို ချက်ချင်းသဘောပေါက်လိုက်ပါပြီ။ ကျွန်တော် သေသွားပြီ။ ကျွန်တော် သေသွားပါပကော။



ကျွန်တော့်ဆိုင်ကယ်က အားလုံးရဲ့ရှေ့ဆုံးကပေါ့။

ကျွန်တော်ဟာ ညာဘက်ကို ချိုးဝင်ရမယ့်လမ်းကို ရှေ့ဘီးမိုးပေါ်ထောင်ထားရက်က အရှိန်မလျှော့၊ ဂီယာမချိန်းဘဲ ချိုးကွေ့လိုက်တယ်။

ခပ်ကြီးကြီးခဲလုံးတစ်လုံးဟာ လမ်းလယ်ကောင်မှာ ဘယ်အချိန်ကတည်းက ရှိနေခဲ့တယ်ဆိုတာ ဘီးနစ်ဘီးထဲရှိတာမို့ လဲဖို့၊ မှောက်ဖို့ လွယ်ရတဲ့အထဲ ကျွန်တော်က ရှေ့ဘီးကို မြေနဲ့ကွာအောင် မြှောက်ထားတာဆိုတော့ ဟန်ချက်ဟာ နောက်ဘီးတစ်ခုထဲပေါ်မှာပဲ ရှိနေတယ်လေ။



ခဲလုံးကိုနင်းမိလိုက်လို့ ကျွန်တော့်ဆိုင်ကယ်ဟာ ရှာခနဲလည်ထွက်သွားတယ်၊ ကျွန်တော်လည်း ဟန်ချက်ပျက်သွားတယ်။

ဆိုင်ကယ် လဲသွားတာနဲ့အတူ ကျွန်တော့်ခန္ဓာကိုယ်ဟာလည်း မြေကြီးပေါ်ကို ကိုင်ရိုက်လိုက်သလို ကျသွားတယ်။

နောက်က သူငယ်ချင်းတွေရဲ့ စူးစူးဝါးဝါးအော်လိုက်သံကို ကြားလိုက်ရတယ် ထင်တာပဲ၊ မသေချာဘူး။ ဘာဖြစ်လို့လည်းဆိုတော့ လူ့အနေနဲ့အသိစိတ်ရှိခဲ့တာဟာ အဲဒီအချိန် နောက်ဆုံးဖြစ်လို့ပါပဲ။

=〇=

ကျွန်တော် သတိပြန်ဝင်လာတယ်။

သတိဝင်လာတယ်ဆိုတာထက် သတိဝင်လာတယ်ဆိုပါတော့။

အချိန်ဟာ သိပ်ကြာလိုက်ပုံမရပါဘူး။ ကျွန်တော့်အသိ ဝင်လာလာချင်း မြင်လိုက်ရတဲ့မြင်ကွင်းက ကျွန်တော့်သူငယ်ချင်းတွေဟာ လဲနေတဲ့ ဆိုင်ကယ်နဲ့ ကျွန်တော့်ရဲ့ဘေးမှာ ဝိုင်းနေကြတယ်၊ ကျွန်တော့် တစ်ကိုယ်လုံးမှာလည်း သွေးတွေရွှဲစိုလို့၊ ဦးခေါင်းတစ်ခုလုံးက ကြည့်ရက်စရာမရှိအောင် သွေးထဲမှာ နစ်နေတယ်။

ဟင် - ကျွန်တော့်ဖြစ်ပုံကို ကျွန်တော်ကိုယ်တိုင် ဘာဖြစ်လို့ ပြန်မြင်နေရတာလဲ၊

သတိထားကြည့်လိုက်တော့ ကျွန်တော်ဟာ ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတွေရဲ့ဘေးနားမှာ သီးခြားရှိနေတာကို တွေ့ရတယ်၊ သူတို့က ကျွန်တော့်ကို မမြင်ကြဘူး၊

သူတို့ဟာ ဒဏ်ရာတွေနဲ့ လဲကျနေတဲ့ ကျွန်တော့်ကိုယ်ကိုလှုပ်ပြီး ကျွန်တော့်နာမည်ကို အော်ခေါ်နေကြတယ်၊

ချင်မီက ကျွန်တော့်ကို ပွေ့ထားတယ်၊ သူ့တစ်ကိုယ်လုံးလည်း ကျွန်တော့်သွေးတွေ ပေလူးနေတာ တွေ့ရတယ်၊

www.burmeseclassic.com

စိတ်အားငယ်တတ်တဲ့ ငယ်လေးကတော့ ငိုတောင်ငိုနေပါပြီ။

ကျွန်တော်လည်း အခြေအနေကို ချက်ချင်းသဘောပေါက်လိုက်ပါပြီ။

ကျွန်တော် သေသွားပြီ။

ကျွန်တော် သေသွားပါပကော။

ကျွန်တော်ဟာ ကျွန်တော်ရထားတဲ့ လူ့ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ ပျော်စရာကောင်းတဲ့ သောကကင်းတဲ့ လူငယ်ဘဝကို နှမြောပြီး ရင်ထဲမှာ ဟာသွားတယ်။

အလိုလိုရရှိထားစဉ်က တန်ဖိုးထားရကောင်းမှန်းမသိတဲ့ လူ့ဘဝကို နှမြောတသပြီး ဝမ်းပမ်းတနည်းဖြစ်သွားခဲ့ရပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်သူငယ်ချင်းတွေရဲ့လုပ်ရပ်ကို ဘေးကနေပြီး ကြောင်ကြည့်နေမိပါတယ်။

မင်းမင်းထိုက်က လမ်းမပေါ်ထွက်ပြီး တက္ကစီရှာနေတယ်။

သက်ပိုင်က အဆောင်ကိုပြေးပြီး အဆောင်ပိုင်ရှင် အဘိုးကြီးကိုနှိုးတယ်။ လမ်းထဲက အိမ်တချို့ကို နှိုးပြီးတော့လည်း အကျိုးအကြောင်းပြောပြ အကူအညီတောင်းနေတယ်။

ဂျင်မီက အသက်မရှိတော့တဲ့ ကျွန်တော့်ကို ပွေ့ထားလို့။

ငယ်လေးကတော့ ရှိုက်ကြီးတငင် ငိုနေပါတယ်။

ကျွန်တော့်သူငယ်ချင်းတွေဟာ ကျွန်တော့်ကို ချစ်ကြသားပဲ။

သူငယ်ချင်းတို့ရေ - မင်းတို့ ဘယ်လောက်ပဲလုပ်လုပ်၊ ငါကတော့ သေသွားပါပြီကွာ။ ထားလိုက်ပါတော့။

ကျွန်တော်ပြောတာကို ဘယ်သူမှ မကြားကြပါဘူး။

ကျွန်တော်ဟာ မြင်ကွင်းတွေကိုကြည့်ရင်း ရှိုက်ကြီးတငင် ငိုချလိုက်မိပါတော့တယ်။

အဲဒီတုန်းမှာပဲ ကျွန်တော့်ပခုံးကို အေးစက်တဲ့လက်ကြီးတစ်ဖက်က လာကိုင်တာကို ခံလိုက်ရပါတယ်။



ကျွန်တော့်ပခုံးကို အေးစက်စက် မာခဲခဲအရာကြီးတစ်ခု လာထိတာခံလိုက်ရလို့ ကျွန်တော့်နောက်ကို လှည့်ကြည့်လိုက်တော့ . . .

“အောင်မယ်လေးဗျ”

ကျွန်တော်ဟာ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် လန့်ပြီး အော်လိုက်မိပါတယ်။

ကျွန်တော့်ပခုံးကို လာကိုင်သူဟာ လူအကြီးကြီးတစ်ယောက်ပါ။ သူ့အရပ်ဟာ ခုနစ်ပေကျော် ရှစ်ပေနီးပါးရှိတယ်။ ရုပ်ဆိုးလိုက်တာမှ တစ်နေရာမှ ကြည့်ရဲစရာမရှိအောင် ဆိုးလွန်းလှပါတယ်။ မျက်နှာမှာ အသီးသီးကြီးတွေ၊ အဖု အဖုကြီးတွေ ထလို့၊ လက်တစ်ဝါးစာလောက်ရှိတဲ့ မျက်လုံးကြီးတွေကလည်း ဝိုင်းပြီး ရဲရဲတောက်နေတယ်။ ပါးစပ်ကလည်း သွားရေတွေ စီးကျလို့၊ ဝါးစောင်နှစ်ဖက်မှာလည်း အစွယ်တွေ ပေါက်နေပါတယ်။ အသားအရည်တလည်း ဖားပြုပ်အရေခွံလို၊ တောက်တဲ့အရေခွံလို ပြုပ်တွေထပြီး မည်းနက်လို့ မသတီစရာ ကောင်းလွန်းလှပါတယ်။

“မကြောက်ပါနဲ့၊ မင်းနဲ့ ငါနဲ့က ဘဝတူတွေပါ။ မင်းဟာ ခုအချိန်ကစပြီး ငါ့လိုပဲ ပြိတ္တာဖြစ်သွားပြီ”

သူက အေးအေးဆေးဆေးပဲ ကျွန်တော့်ကို ပြောပြတယ်။

“ငါလည်း အရင်က မင်းလို သာမန်လူတစ်ယောက်ပါပဲကွာ။ ပြိတ္တာအဖြစ်နဲ့ နှစ်ပေါင်းများစွာ နေလာရလို့ ပုံပန်းသဏ္ဌာန်က ခုလိုဖြစ်သွားတာပါ။ မကြောက်ပါနဲ့ကွာ၊ လာ - မင်း ငါနဲ့လိုက်ခဲ့။ မင်းနေရမယ့်နေရာကို ငါ လိုက်ပြမယ်”

သူက ကျွန်တော့်ပခုံးကို လွှတ်မပေးသေးဘဲ ကျွန်တော့်ကို ဆွဲခေါ်သွားပါတယ်။

“ငါ ဒီနေရာမှာ နေလာတာ နှစ်ပေါင်းသုံးဆယ်ရှိပြီကွ။ မင်းကို ငါ စောင့်နေခဲ့တာ”

“ဘာ - ခင်ဗျားက ကျွန်တော့်ကို စောင့်နေတယ်”



www.burmeseclassic.com

www.burmeseclassic.com

"အေး – ဟောဒီလမ်းထိပ်မှာ အဲ့စိမ်းသေ သေမယ့်သူတစ်ယောက် ယောက်ကို စောင့်နေတာပေါ့ကွာ၊ ယောက်ျားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ်၊ အသေဆိုးနဲ့ အစိမ်းသေသေမယ့် လူတစ်ယောက်ယောက်ပေါ့၊ ငါ စောင့်နေခဲ့တာ၊ ဒီနေ့ မင်းရောက်လာပြီဆိုတော့ မင်းကို စောင့်တယ်ပဲထားပါတော့"

"အို – ကျွန်တော် သေအောင် ခင်ဗျား လုပ်လိုက်တာလား"

"ကြံကြံဖန်ဖန် ကလေးရယ်၊ ငါ့မှာ ဒီလိုလုပ်နိုင်တဲ့ စွမ်းအားမရှိပါဘူး၊ ဓမ္မလို့သာ သရဲတစ္ဆေဘဝနဲ့ အနှစ်သုံးဆယ်လုံးလုံး ဒီနေရာမှာ နေလာရတာပေါ့ကွာ၊ ငါ့ရှေ့ မိန်းမကြီးကတော့ ငါ့ထက် ကံကောင်းရှာတယ်၊ သူက ငါ ရောက်လာဖို့ ဆယ်နှစ်ပဲ စောင့်လိုက်ရတယ်တဲ့လေ၊ တစ္ဆေဘဝမှာ ဆယ်နှစ်ပဲနေလိုက်ရပြီး ကျွတ်လွတ်သွားရှာတယ်"

"ခင်ဗျား ဘာတွေပြောနေတာလဲဟင်၊ ခင်ဗျားပြောတာတွေ ကျွန်တော် နားမလည်ဘူး၊ ခင်ဗျား ကျွန်တော့်ကို ဘယ်ခေါ်သွားနေတာလဲ"

"မင်းတို့နေတဲ့ အဆောင်ရှေ့က သစ်ပင်ကိုလေ၊ အဲဒီ ထနောင်းပင်ကြီးပေါ်မှာ ငါနေတာ၊ အခု ငါ့အစား မင်းနေခဲ့ရတော့မယ်"

"ဘာ"

"ဘဝဆိုတာ ဒီလိုပါပဲကွာ၊ ကုသိုလ်ကံနည်းခဲ့လို့ သေပြီးတဲ့နောက် ပြိတ္တာဖြစ်ရတာပဲ၊ ကံစီမံတဲ့အတိုင်းပေါ့၊ နောက်တော့ မင်းလည်း နေသားကျသွားမှာပါ၊ မင်းနေရာကို ဆက်ခံမယ့် နောက်ထပ်လူတစ်ယောက် ဟောဒီလမ်းထိပ်မှာ အစိမ်းသေ မသေမချင်း ထနောင်းပင်ပေါ်ကနေ မင်း စောင့်နေပေတော့ ကိုယ့်လူရေ၊ အဲ – ကိုယ့်တစ္ဆေရေ"

"ကျွန်တော် နားရှင်းအောင် ပြောပြပါဦးဗျာ၊ ကျွန်တော် ဘာမှ နားမလည်နိုင်ဘူး"

ကျွန်တော်တို့ဟာ လျှောက်လာရင်းက ကျွန်တော်တို့အဆောင်ရှေ့ကို ရောက်လာပါတယ်၊ အဆောင်ရှေ့က ထနောင်းပင်ကြီးအောက်မှာ ပြိတ္တာကြီးက ရပ်လိုက်တယ်၊



အဆောင်ထဲမှာတော့ ကျွန်တော့်ကိစ္စအတွက် လူတွေအားလုံး နိုးနေကြပြီး လှုပ်လှုပ်ရှားရှားဖြစ်နေကြပါပြီ၊ လမ်းထိပ်က ကျွန်တော့်အလောင်းကိုတော့ ခုလောက်ရှိ ဆေးရုံကြီးပို့နေရောပေါ့၊ ဒါတွေကို ကျွန်တော် စိတ်မဝင်စားတော့ဘူး၊ ကျွန်တော်ဟာ ဘယ်နည်းနဲ့မှ အသက်ပြန်မရှင်တော့ဘူးဆိုတာသိလို့ အဲဒီအဖြစ်ကို ကျွန်တော် ဥပေက္ခာပြုလိုက်တယ်၊

လောလောဆယ် ကျွန်တော် သိချင်တာက ကျွန်တော့်ရှေ့က ပြိတ္တာကြီးပြောပြမယ့်အကြောင်းကိုပဲ၊ ကျွန်တော် ရှေ့ဆက်ရမယ့်ခရီး ဘယ်လိုဆိုတာကို ပြိတ္တာကြီးကပဲ လမ်းညွှန်နိုင်မှာ မဟုတ်လား၊

"တကယ်တော့ ငါဟာ မင်းတို့အတွက် သူစိမ်းမဟုတ်ပါဘူးကွာ၊ မင်းတို့နဲ့ ရင်းနှီးပြီးသား မိတ်ဆွေပါပဲ ကလေးရယ်"

"ခင်ဗျားက ကျွန်တော်တို့မိတ်ဆွေ"

"မှန်ပါပေ့ကောင်လေးရယ်၊ မင်းတို့ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါတိုင်း ငါ့မှာ လာပြီးတော့ မင်းတို့မေးသမျှ မေးခွန်းတွေ ဖြေပေးနေရတာလေ၊ အကြိမ်ခေါင်းများလှပြီကော"

"ဘာ – အဲဒါ ခင်ဗျားလား၊ ဒါဖြင့် ဝိညာဉ်ခေါ်ပွဲမှာ ဝိညာဉ်ဟာ တကယ်လာတယ်ပေါ့"

"မင်းတို့ခေါ်တော့ လာရတာပေါ့ကွယ်၊ မင်းတို့က ဤပတ်ဝန်းကျင်မှာ နီးဆုံးရှိ ဝိညာဉ်ဆိုပြီး ခေါ်လိုက်တာ မဟုတ်လား၊ ဟောဒီလမ်းထဲမှာ သရဲဆိုလို့ ငါ တစ်ကောင်ပဲရှိတယ်၊ ငါပဲ လာရတာပေါ့ကွ"

"အိုး – ကျွန်တော်တို့က အပျော်သဘောနဲ့ လုပ်နေတာ၊ ဝိညာဉ် တကယ်လာတယ်၊ မလာတယ် မစဉ်းစားမိဘူး၊ ဟင် – ဒါဖြင့် ကျွန်တော်တို့မေးတဲ့ မေးခွန်းတွေကို ဖြေနိုင်နေတာကရော၊ ခင်ဗျားဟာ အရာရာကို သိနိုင်လို့ပေါ့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူးကွယ်၊ ငါက မင်းတို့လက်တွေပေါ်မှာစီးပြီး ခေါင်းထဲပေါ်လာရာစာလုံးကို ရေးပြလိုက်တာပါ၊ အဲဒါတွေဟာ သူတို့လိုလို



www.burmeseclassic.com

www.burmeseclassic.com

မှန်နေတာပဲ၊ ငါသိလို့ တတ်လို့မဟုတ်ဘူး၊ အလိုအလျောက်ဖြစ်လာတာတွေကွ"

"ဩော် - ဝိညာဉ်ဆိုတာ ခေါ်ရင် တကယ်လာသားပဲ"

"အေး - ဟုတ်တယ်၊ နောက်တစ်ခါ မင်းသူငယ်ချင်းတွေ ဝိညာဉ်ခေါ်ပွဲလုပ်တဲ့အခါ မင်းကိုယ်တိုင် သွားပေတော့"

"ဗျာ - ကျွန်တော် သွားရမယ်"

"ဟုတ်တယ်လေ၊ မကြာခင် ငါက ဒီနေရာက ထွက်သွားရတော့မှာ၊ သွားစရာ ဝိညာဉ်ကောင်ဆိုလို့ ဒီနေရာမှာ မင်းတစ်ယောက်ပဲရှိတော့တာကိုး၊ မင်း သူငယ်ချင်းတွေခေါ်တဲ့အခါကျ မင်းသွားပြီး သူတို့မေးတာဖြေပါကွယ်"

"ဟာဗျာ၊ ကျွန်တော်က ဝိညာဉ်တကယ်ဝင်တာမဟုတ်ဘဲ ယယ်လေးလုပ်နေတာလို့ ထင်ခဲ့တာဗျ၊ ယယ်လေး သက်သက်နောက်တာ၊ ဒါမှမဟုတ် မသိစိတ်နဲ့လုပ်နေတာလို့ ထင်မိတာ"

"ယယ်လေးဆိုတာ ပျော့နဲ့နဲ့ကောင်လေးမဟုတ်လား၊ မင်းတို့ မေးခွန်းတွေဖြေတဲ့နေရာမှာ မင်ရျောင်းရွှေ့ဖို့အတွက် ငါဟာ မင်းတို့လက်တွေပေါ်စီးပြီး အတော်အားစိုက်ရတယ် ကောင်လေးရဲ့၊ ငါ့အတွက် တော်တော်ပင်ပန်းပါတယ်၊ မင်းကိုယ်တိုင် ကြုံတဲ့အခါကျရင် သိပါလိမ့်မယ်၊ အဲဒီအခါမှာ ငါဟာ စိတ်ဓာတ်အင်အားနည်းတဲ့ တစ်ယောက်ယောက်ကိုယ်ထဲ ဝင်ပူးပြီး စာကို အဲဒီသူရဲ့အင်အားနဲ့ ရေးနိုင်အောင် လုပ်လေ့ရှိတယ်၊ ငါ့အတွက် သက်သာတာပေါ့၊ ယယ်လေးဆိုတဲ့ကောင်လေးဟာ ငါ အလွယ်တကူ ဝင်ပူးလို့ရတဲ့အတွက် ငါက သူ့ကိုယ်ထဲဝင်ပူးပြီး မင်းတို့မေးတဲ့မေးခွန်းတွေရဲ့အဖြေကို ရေးပြနေတာပါ၊ တကယ်တော့ ယယ်လေး ဘာမှမသိပါဘူး၊ ယယ်လေးက ငါ့ကိုယ်စား လုပ်ပေးနေရတာပါကွာ"

"ဩော် - ဒီလိုကိုး၊ ဒါဖြင့် အင်္ဂလိပ်လို ရေးပြတာလည်း ခင်ဗျားဟာ အင်္ဂလိပ်စာ တတ်လို့ပေါ့"



"ငါက တစ်ချိန်က ကျောင်းဆရာတစ်ယောက်ကွ၊ မသေခင်ကဆိုပါတော့၊ ငါဟာ မြေလတ်ပိုင်းမြို့တစ်မြို့ကနေ မန္တလေးကို ကီစွတစ်ခုနဲ့လာရင်းတောဒီလမ်းထိပ်မှာ ကားတိုက်ခံရလို့ မင်းသေသလို အစိမ်းသေ သေခဲ့ရတယ်၊ အဲဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) ကပဲ"

မြို့တွာအိုကြီးက သူ့အကြောင်းကို ပြောခဲ့ပါတယ်၊

သူဟာ ကားတိုက်ခံရလို့ သေပြီးပြီးချင်းပဲ တစ္ဆေဘဝ ရောက်သွားတဲ့အကြောင်း၊ တစ္ဆေမကြီးတစ်ယောက်ပေါ်လာပြီး သူ့ကို ထနောင်းပင်ကြီးပေါ်မှာ သူ့မကိုယ်စား နေခဲ့ဖို့ပြောတဲ့အကြောင်း၊ တစ္ဆေမကြီးက သူမဟာ အစိမ်းသေ သေပြီး တစ္ဆေဘဝနဲ့ ထနောင်းပင်ပေါ်မှာ ဆယ်နှစ်နေခဲ့ကြောင်းတွေ၊ တစ္ဆေအသစ်ထပ်ရောက်လာလို့ ဒီနေရာကနေ ကျွတ်လွတ်တော့မယ့်အကြောင်းနဲ့ သူ့ကိုယ်စား တစ္ဆေအသစ်က ထနောင်းပင်မှာ နေခဲ့ရမယ့်အကြောင်း၊ နောက်ထပ် ဒီအနီးအနားတစ်ဝိုက်မှာ အစိမ်းသေ သေတဲ့လူရှိမှ လူလဲခွင့်ရှိမယ့်အကြောင်းတွေ ရှင်းပြခဲ့တယ်တဲ့၊

"ငါဟာ ငါနဲ့လဲမယ့်လူကို စောင့်ခဲ့တာ၊ အနှစ် (၃၀)တောင် ကြာခဲ့ပါပြီကွာ၊ ဒီနေ့တော့ မင်းရောက်လာလို့ ငါ ဒီနေရာက ထွက်ခွင့်ရတော့မယ်၊ ဟဲ - ဟောဒါက မင်းနေရမယ့် ထနောင်းပင်ပဲ၊ တောင်ဘက်က သစ်ကိုင်းကြီးဟာ မာမာတောင့်တောင့်နဲ့ အရွက်တွေ အုပ်အုပ်ဆိုင်းဆိုင်းရှိလို့ နေလို့ကောင်းတယ်ကွ၊ တောင်ဘက်ကိုင်းမှာပဲ မင်းနေပေါ့၊ မင်းတို့အဆောင်ကိုလည်း ကောင်းကောင်းမြင်ရတယ်၊ မင်း သူငယ်ချင်းတွေကို အလွမ်းပြေကြည့်လို့ရတာပေါ့ကွာ၊ ကဲ - နေခဲ့ပေတော့ဟေ့၊ ငါတော့ သွားပြီ"

"နေပါဦး - နေပါဦးဗျာ၊ ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့၊ ခင်ဗျားက ဘယ်ကိုသွားမှာလဲ"

"ငါ နေချင်တိုင်းလည်း နေလို့မရပါဘူး ကောင်လေးရယ်၊ ငါ့ကို စွမ်းအားတစ်ခုခုက ဆွဲခေါ်နေပြီ၊ ငါ့နေရာမှာ မင်းအစားရောက်ပြီပဲ၊ ငါ ဒီနေရာမှာ နေခွင့်မရှိတော့ဘူးလေ၊ ဟော - ပြောရင်းဆိုရင်း ငါ့ကို ဆွဲခေါ်နေပြီ၊ ငါ သွားရတော့မယ်၊ မသွားမဖြစ် သွားရတော့မယ်၊ သွားပြီဟေ့ - သွားပြီ၊ နေရစ်ခဲ့တော့ ကောင်လေးရေ"



www.burmeseclassic.com

www.burmeseclassic.com

ပြိတ္တာကြီးဟာ စကားပြောရင်းက နောက်ကို တဖြည်းဖြည်းဆုတ်သွားတယ်၊ သူဟာသူ နောက်ပြန်လမ်းလျှောက်တာ မဟုတ်ဘဲ တစ်စုံတစ်ခုက ဆွဲယူလိုက်သလို ရွေ့ပါသွားတာပါ၊

တဖြည်းဖြည်းနဲ့ သူဟာ ကျွန်တော့်ရှေ့ကနေ အရှိန်မြန်မြန်နဲ့ ရွေ့ဖျောသွားပါတော့တယ်။ သူဟာ ကျွန်တော်နဲ့ တဖြည်းဖြည်း ဝေးသွားတာနဲ့အမျှ သူ့သဏ္ဍာန်ဟာလည်း တစ်စ တစ်စ သေးငယ်မှုန်ဝါးပြီး နောက်ဆုံးတော့ ပျောက်ကွယ်သွားပါတော့တယ်၊

အဲဒီအချိန်ကစလို့ ကျွန်တော်ဟာ အဆောင်ရှေ့က ထနောင်းပင်ပေါ်မှာ ဝိညာဉ်နာနာဘာဝ ဘဝနဲ့ အထီးကျန်နေထိုင်ခဲ့ရပါတော့တယ်၊

= ☺ =

ကျွန်တော့်သူငယ်ချင်းတွေကို မြင်နေရပေမယ့် ခေါ်ပြောလို့မရ၊ နှုတ်ဆက်လို့မရပါဘူး။ သူတို့ကလည်း ကျွန်တော့်ကို မမြင်ကြပါဘူး၊

ကျွန်တော့်ရဲ့သူငယ်ချင်းတွေက ကျွန်တော့်အဖြစ်ဆိုးကြောင့် တော်တော်ပဲ နောင်တရသွားကြဟန် တူပါတယ်၊ ဆိုင်ကယ်ကို စတန့်ထွင်စီးကြတာမျိုး မလုပ်ကြတော့ဘူး၊

သူတို့ဟာ အချိန်တော်တော်ကြာတဲ့အထိ ငြိမ်ငြိမ်သက်သက်နဲ့ ရှိနေကြတယ်၊

ညနေပိုင်းမှာ အဆောင်ရှေ့က ခုံတန်းလေးပေါ်မှာ ဂစ်တာတီးတာလောက်ပဲ လုပ်ကြတော့တယ်၊

ကျွန်တော်ဟာ သူတို့အဆောင်ရှေ့မှာ ထွက်ထိုင်ပြီး ဂစ်တာတီးတာမြင်တဲ့အခါတိုင်း သူတို့အနားကို သွားကြည့်ခဲ့ပါတယ်၊ ဒါပေမဲ့ – ဘုန်းကံချင်းမတူတော့တဲ့ ကျွန်တော့်သူငယ်ချင်းတွေနားကို ကျွန်တော် ကပ်လို့မရဘူး။ ခပ်လှမ်းလှမ်းကနေ ငေးမောရင်းနဲ့ပဲ ကျေနပ်ရပါတယ်၊ ကျွန်တော့်ရဲ့နိမ့်ကျလှတဲ့ ပြိတ္တာဘဝအတွက်လည်း ဝမ်းနည်းခဲ့ရပါတယ်၊



သူတို့ဟာ ဝိညာဉ်ခေါ်ပွဲကိုလည်း မလုပ်ကြတော့ဘူး။ ဝိညာဉ်ခေါ်ပွဲသာလုပ်ခဲ့ရင်တော့ ကျွန်တော် သူတို့အနားကို သွားခွင့်ရမှာပဲ၊ သူတို့အနီးကိုလည်း ကပ်ခွင့်ရမှာပဲ၊ သူတို့ကိုယ်တိုင်က လိုလိုလားလားခေါ်တာကိုး။ ပြိတ္တာအိုကြီးကလည်း ဒီအတိုင်းပြောပြသွားခဲ့တာ မဟုတ်လား။

ဒါပေမဲ့ – ဝမ်းနည်းနေတဲ့ ကျွန်တော့်သူငယ်ချင်းတွေဟာ ဝိညာဉ်ခေါ်ပွဲလုပ်ဖို့လည်း မေ့နေပုံရပါတယ်၊ ပြီးတော့ – သူတို့ ဒီတစ်ခါ ဝိညာဉ်ခေါ်ပွဲလုပ်ရင် ရောက်လာမယ့်ဝိညာဉ်ကောင်ဟာ သူတို့သူငယ်ချင်း ကျွန်တော်ဆိုတာကို သိကြမှာမှ မဟုတ်တာ၊

ဒီလိုနဲ့ အချိန်တွေဟာ တရွေ့ရွေ့ကုန်ဆုံးလာလိုက်တာ တစ်နှစ်ပတ်လည်ခဲ့ပါပြီ၊ ကျွန်တော် သေခဲ့တာ တစ်နှစ်ပြည့်ခဲ့ပြီ၊ သရဲတစ္ဆေဘဝ ရောက်တာလည်း တစ်နှစ်ရှိပြီပေါ့၊

= ☺ =

ဒီနေ့ညနေတော့ ကျွန်တော်နေထိုင်ရာ ထနောင်းပင်ရဲ့ တောင်ဘက်ကိုင်းပေါ်ကနေ အဆောင်ကို လှမ်းကြည့်နေရင်းက ကျွန်တော့်သူငယ်ချင်းတွေရဲ့လုပ်ရပ်ကို မြင်လိုက်ရပါတယ်၊

မင်းမင်းထိုက် သူ့အခန်းထဲက မှန်ကိုယူလာပြီး သက်ပိုင်အခန်းမှာ လူစုကြတာ၊ ဆော့ပင်ကို ပက်လက်လှန်ထားတဲ့မှန်ပေါ်မှာ အဖုံးဖွင့်ပြီး တင်ထားတာတွေကို ပြတင်းပေါက်ကိုကျော်ပြီး ကျွန်တော် မြင်နေရပါတယ်၊

သူတို့ ဝိညာဉ်ခေါ်ပွဲလုပ်ဖို့ ပြင်ဆင်နေကြတာပဲ၊

ကျွန်တော် ပျော်သွားတယ်၊ ကျွန်တော့်သူငယ်ချင်းတွေနဲ့ကျွန်တော် နီးနီးကပ်ကပ် ပြန်ဆုံရတော့မယ်၊ ကျွန်တော်ဟာ သူတို့နဲ့မဝေးလှတဲ့ အဆောင်ရှေ့က ထနောင်းပင်ပေါ်မှာ တစ္ဆေဖြစ်နေတယ်ဆိုတာကို သူတို့သိအောင် တစ်နည်းနည်းနဲ့ အသိပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မကြောပါဘူး၊ ကျွန်တော့်သူငယ်ချင်းတွေ စားပွဲဘေးမှာ ဝိုင်းပတ်ပြီးရပ်လိုက်ကြတာ၊ ဆော့ပင်ကို လေးယောက်သား လှမ်းကိုင်လိုက်ကြတာတွေကို မြင်လိုက်ရပြီးတာနဲ့ တစ်ပြိုင်တည်း . . .။

"ဤအနီးတစ်ဝိုက်တွင် အနီးဆုံးနေရာ၌ ရှိနေသည့်ဝိညာဉ် ခင်ဗျား၊ သင့်အား ကျွန်ုပ်တို့ အလိုရှိပါသဖြင့် လာရောက်ပါရန် ဖိတ်ခေါ်ပါသည်။ ယခုချက်ချင်း လာရောက်ပါခင်ဗျား"

ဆိုတဲ့ မင်းမင်းထိုက်ရဲ့အသံက ကျွန်တော့်နားထဲကို ပီပီသသ ပြတ်ပြတ်သားသားကြီး ဝင်လာတယ်။

သူငယ်ချင်းတွေက ကျွန်တော့်ကို ဖိတ်ခေါ်နေပြီ၊ သူတို့ ဖိတ်ခေါ်တဲ့ ဝိညာဉ်ဟာ သူတို့သူငယ်ချင်းမျိုးသူဆိုတဲ့ ကျွန်တော် ဖြစ်မှန်းမသိဘဲ ဖိတ်ခေါ်နေကြပြီ၊

ကျွန်တော့်ရဲ့ဝိညာဉ်ခန္ဓာဟာ ပေါ့ပါးစွာပဲ လွင့်ပျံ့ပြီး ပြတင်းပေါက်ကကျော်လွန်ကာ သူငယ်ချင်းတွေ စုစည်းနေတဲ့နေရာကို လျင်မြန်စွာရောက်ရှိသွားပါတော့တယ်၊

သူတို့ကိုယ်တိုင် လိုလားစွာ ဖိတ်ခေါ်လိုက်တာဖြစ်တဲ့အတွက် အလွယ်တကူပဲ လူအုပ်စုနားကို ကပ်သွားနိုင်ခဲ့ပါတယ်။

ကျွန်တော်ဟာ ဆော့ပင်ကို စုကိုင်ထားတဲ့ သူတို့လက်လေးဖက်ဆုံရာနေရာကို ဝင်စီးလိုက်တယ်၊

"ဝိညာဉ် - သင် ရောက်နေပြီဆိုရင် မှန်ပေါ်မှာ ကြက်ခြေခတ်တစ်ခု ခတ်ပြပါ"

ကျွန်တော်က လက်လေးဖက်စလုံးထဲကို အားစိုက်ဝင်ပူးပြီး ကြက်ခြေခတ်တစ်ခုဖြစ်အောင် ရေးပြလိုက်တယ်။

တော်တော်ပင်ပန်းတာပါကလား။

"ဝိညာဉ် - ကျွန်တော် မောင်သက်ပိုင်ရဲ့မိခင်ဟာ လက်ရှိခံစားနေရတဲ့ ဝေဒနာက သက်သာမလား၊ ဒီတောင်က ကျော်နိုင်မလား၊ ဖြေပေးပါဗျာ"



သက်ပိုင်က မေးလိုက်တယ်၊ ဩော် - ဒွေဘိုက သက်ပိုင်မိခင်ကြီးဟာ နာမကျန်းဖြစ်နေပါလားဆိုတာ ကျွန်တော် သိလိုက်ရတယ်။

သူ့အမေးကို ဖြေဖို့အတွက် ကျွန်တော် အာရုံပြုကြည့်လိုက်တော့ သက်ပိုင်အမေကို အလောင်းစင်ပေါ်မှာ ဆန့်ဆန့်ကြီး ပြင်ဆင်ထားပုံကို မြင်လိုက်ရတယ်၊

ကျွန်တော်လည်း စိတ်မကောင်းစွာနဲ့ပဲ သူတို့လက်တွေကိုစီးပြီး စာလုံးအချို့ဖြစ်အောင် ရေးပြလိုက်ပါတယ်၊ သူတို့ရဲ့လက်တွေဟာ တဖြည်းဖြည်းရွေ့သွားပြီး မှန်ပေါ်မှာ စာတမ်းတစ်ခု ပေါ်လာပါတယ်၊

သင့်မိခင် ကွယ်လွန်မည် . . .

ကျွန်တော်ဟာ အဲဒီစာတမ်းပေါ်လာအောင် ကြိုးစားလိုက်ရလို့ ပင်ပန်းသွားပါတော့တယ်၊

"ဟာ"

စာတမ်းကိုကြည့်ပြီး သက်ပိုင်ဟာ ငိုပါလေရော၊

ခွင့်လွှတ်ပါ - သူငယ်ချင်းရာ၊ ငါလည်း စိတ်မကောင်းပါဘူး၊ ငါ့အာရုံထဲမှာ ပေါ်လာတဲ့အတိုင်း ဖြေလိုက်တာပါ၊

"ဟေ့ကောင် - သက်ပိုင်၊ ဒါတွေဟာ မှန်ချင်မှ မှန်မှာပါကွာ၊ ငါတို့က အပျော်သဘောမေးတာပဲကွ"

ဂျင်မီက သက်ပိုင်ကို နှစ်သိမ့်လိုက်တယ်၊

"ဟုတ်သားပဲကွ၊ တော်ပြီကွာ - ဒီလို စိတ်မကောင်းစရာ မေးခွန်းမျိုး မမေးကြနဲ့"

မင်းမင်းထိုက်ကလည်း ဝင်ပြီးဖြောင့်ဖြလိုက်တယ်၊

"ငါတို့ ချဲဂဏန်းမေးကြရအောင်"

မင်းမင်းထိုက်က သက်ပိုင်အာရုံကို လွှဲလိုက်တယ်၊ တစ်ဆက်တည်းပဲ မေးခွန်းကို မေးလိုက်တယ်၊

"သန်ဘက်ခါထွက်မယ့် ချဲဂဏန်းနံပါတ်ကို အတိကျဆုံး ဖြေပေးပါ ဝိညာဉ်ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ မင်းမင်းထိုက်မေးတဲ့ ဂဏန်းနံပါတ်ကို အာရုံပြုကြည့်ရပြန်တယ်။

ကျွန်တော့်အာရုံထဲမှာ ထင်မြင်လာတဲ့ ဂဏန်းတွဲတစ်ခုကို မှန်ပေါ်မှာ ပေါ်လွင်အောင် ခက်ခဲပင်ပန်းစွာပဲ ရေးပြရပြန်တယ်။

"ဟာ - ငါ တွက်ထားတဲ့နံပါတ်နဲ့ ကိုက်တယ်ကွ"

ဂျင်မီက အော်လိုက်တယ်။ သူ တော်တော်လည်း ပျော်သွားတယ်။

ဒီပွဲမှာ ဘာစကားမှဝင်မပြောဘဲ ငြိမ်သက်နေသူကတော့ ငယ်လေးပဲ။ ငယ်လေးရဲ့စိတ်အာရုံတွေဟာ လွင့်ပါးနေသလိုမျိုး ငေးမောတွေဝေနေတာကို တွေ့ရတယ်။

ကျွန်တော်လည်း ကျွန်တော့် လူ့ဘဝတုန်းက ဆော့ပင်ကို ငယ်လေး ပိုင်ပိုင်နိုင်နိုင်ကိုင်ပြီး ဦးဆောင်ရေးခဲ့တာကို တွေးလိုက်မိတယ်။ ဖြိတ္တာကြီးက ငယ်လေးကိုယ်ထဲကို ဝင်ပူးပြီး စာရေးတဲ့အကြောင်း ပြောပြခဲ့တာကိုလည်း သတိရလိုက်တယ်။

သူတို့မေးခွန်းတွေကို ဖြေရတာ အတော်အင်အားစိုက်ထုတ်ရလို့ သိပ်ပြီး ပင်ပန်းနွမ်းနယ်လှပါတယ်။ အဖြေကို အာရုံစိုက်ရတာက မပင်ပန်းဘူး။ မှန်ပေါ်မှာ စာလုံးပေါ်အောင်ရေးရတာက သိပ်ပင်ပန်းလှတယ်။

သူတို့နောက်ထပ်မေးခွန်းတစ်ခု မမေးခင်မှာ ကျွန်တော်ဟာ ငယ်လေး ကိုယ်ထဲကို ရလိုရငြား ဝင်ပူးကြည့်လိုက်ပါတယ်။

ငယ်လေးဟာ တစ်ချက်သမ်းဝေလိုက်ရင်းက ယိုင်သလိုလိုဖြစ်သွားတယ်။ အဲဒီအခိုက်မှာ သူ့ကိုယ်ထဲကို ကျွန်တော် ရအောင် ဝင်ပူးလိုက်နိုင်ပါတယ်။

ငယ်လေး ရုတ်တရက် အမူအရာပျက်သွားတာကို ဘယ်သူမှ သတိမထားမိလိုက်ဘူး။ ကျွန်တော် ဝင်ပူးတာကိုသိဖို့တော့ ဝေးပြီပေါ့။

ဖြိတ္တာကြီးပြောတဲ့အတိုင်း ငယ်လေးဟာ ဝင်ပူးရ သိပ်လွယ်တာပဲ။

"ကျွန်တော့်ချစ်သူ သဇင်နဲ့ ကျွန်တော်နဲ့ ပေါင်းကြရမလား၊ ဖြေပေးပါ"



ဂျင်မီက မေးလိုက်တာပါ။ ဩော် - ဂျင်မီမှာ ချစ်သူတွေ ဘာတွေတောင် ရနေပြီပဲ။

ကျွန်တော် အာရုံယူကြည့်လိုက်တော့ ဂျင်မီနဲ့ သိပ်လှတဲ့ ကောင်မလေး အစ်ယောက် ဘုရားကျောင်းထဲမှာ မင်္ဂလာဆောင်နေတဲ့မြင်ကွင်းကို မြင်လိုက်ရတယ်။

ပေါင်း ရ မယ် ...

အဖြေစာလုံးဟာ လျင်မြန်စွာပဲ မှန်ပေါ်မှာ ထင်သွားတယ်။

ကျွန်တော်က ငယ်လေးကိုယ်ထဲ ဝင်ပူးပြီး ငယ်လေးရဲ့လက်သားလက်ကို ထားပြီး ရေးလိုက်တာဖြစ်လို့ စာလုံးဟာ အလွယ်တကူရေးပြီးသားဖြစ်သွားတာလေ။

ကျွန်တော်လည်း သိပ်အင်အားမစိုက်ထုတ်ရတော့ဘဲ ပင်ပန်းသက်သာသွားတာ တွေ့ရတယ်။ ကျွန်တော် ပေးမယ့်အဖြေကို ငယ်လေးက ကူရေးပေးလိုက်တဲ့သဘောပေါ့။

အားလုံးရဲ့အကြည့်ဟာ ငယ်လေးအပေါ်မှာ ပြုကျလာတယ်။

"ဟေ့ကောင် - ငယ်လေး၊ မင်း ရေးလိုက်တာ မဟုတ်ပါဘူးနော်"

ဂျင်မီက သံသယနဲ့ မေးလိုက်တယ်။

ကျွန်တော် ဝင်ခဲ့ဖူးတဲ့ သံသယမျိုးပါပဲ။

ကျွန်တော်က ငယ်လေးကိုယ်ထဲဝင်ပူးပြီး အဖြေရေးပြတဲ့အခါမှာ ဆော့ဒင်တို့ သေသေချာချာဆုပ်ကိုင်ပြီး ပိုင်ပိုင်နိုင်နိုင် ရေးပြလိုက်မိတယ်လေ။ အဲတော့ - ငယ်လေးအပေါ်မှာ သံသယဖြစ်စရာ ဖြစ်သွားတာပေါ့။

"ဟေ့ကောင် - ငယ်လေး၊ မေးနေတာ ဖြေလေကွာ။ မင်းလက်က ဆော့ဒင်တို့သေချာဆုပ်ပြီး ရေးချလိုက်တာ အသိသာကြီးကွ။ ဟုတ်တယ် မဟုတ်လား"

အသိစိတ်မာတ်ကင်းလွတ်နေတဲ့ ငယ်လေးဟာ ဘာဆို ဘာမှ ပြန်မဖြေနိုင်ပါဘူး။ သူတို့အမြင်မှာတော့ သူတို့ကို ကြောင်တောင်ပြန်ငေးကြည့်နေတဲ့ ငယ်လေးကိုသာ မြင်နေရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ငယ်လေးကိုယ်ထဲ ဝင်ပူးနေတဲ့ကျွန်တော်က ကျွန်တော့် သူငယ်ချင်းတွေကို တွေ့ရတုန်းလေး အားပါးတရ ကြည့်နေမိတာပါ။

သူငယ်ချင်းတို့ရယ် - မင်းတို့ခေါ်ထားတဲ့ ဝိညာဉ်ဟာ ဘယ်သူလဲ၊ ဘယ်အရပ်ကလည်းဆိုတာလေးများ မေးလိုက်ပါတော့လားကွာ။ မင်းတို့ရှေ့ရောက် နေတဲ့ဝိညာဉ်ဟာ မင်းတို့သူငယ်ချင်း မျိုးသူဖြစ်ကြောင်း ဖြေချင်လွန်းလို့ပါ ကွာ။

မင်းတို့ခေါ်ထားတဲ့ ဝိညာဉ်ကောင်အကြောင်းကိုရော မင်းတို့ စိတ်မဝင်စားကြဘူးလားဟင်၊ မသိချင်ကြဘူးလား၊

တကယ်တော့ - ဝိညာဉ်ခေါ်ပွဲလုပ်ကြတဲ့သူတိုင်းဟာ ရောက်လာတဲ့ ဝိညာဉ်ကို ကိုယ်သိချင်တဲ့ မေးခွန်းပဲ မေးကြတာများပါတယ်၊သူတို့မေးတဲ့ ဝိညာဉ်ကောင်ဟာ ဘယ်ကလာတာလဲ၊ လူ့ဘဝတုန်းက ဘယ်သူလဲဆိုတာကို မေးဖို့သတိမရကြဘူး၊ မေးတဲ့ထုံးစံ မရှိဘူး။

ကျွန်တော်ကတော့ သူတို့ရှေ့ရောက်နေတဲ့ဝိညာဉ်ဟာ သူတို့ သူငယ်ချင်း ကျွန်တော်ဖြစ်ကြောင်း သိစေချင်နေမိတယ်၊

အခုရောက်နေတဲ့ ဝိညာဉ်ဟာ ဘယ်သူလဲလို့ မေးလိုက်ကြပါတော့၊ မေးလိုက်ကြပါတော့ သူငယ်ချင်းတို့ရယ်၊

ကျွန်တော်ဟာ သူတို့ရှေ့မှာ ကျွန်တော် ရောက်နေတဲ့အကြောင်းကို သူတို့သိအောင် ပြောပြချင်စိတ် ပေါက်လာတယ်၊ မဖြစ်မနေကို ပြောပြချင်လာမိတယ်၊

ဒါနဲ့ပဲ - နောက်ထပ် မေးခွန်းတစ်ခု မလာခင်မှာ စာတမ်းတစ်ခုကို လျင်မြန်စွာ ရေးပြလိုက်မိပါတော့တယ်၊

ငါ ဟာ မျိုး သူ …

မှန်ပေးမှာ ပေါ်လာတဲ့စာလုံးဟာ ငယ်လေးလက်ကို အသုံးပြုပြီး ကျွန်တော် ရေးလိုက်တာပါ၊

"ဟင်"

"ဟာ"



မင်းမင်းထိုက်၊ ဂျင်မီနဲ့သက်ပိုင်တို့ဟာ စာတမ်းကိုကြည့်ပြီး တအံ့တသြနဲ့ အော်ဟစ်လိုက်ကြရတယ်၊

သူတို့လက်တွေဟာလည်း ဆော့ပင်ကို ကိုင်ထားရာက လွှတ်ချလိုက်ကြတယ်၊ ဝိညာဉ်ခေါ်ပွဲ စည်းကမ်းအရဆိုရင် တစ်ယောက်ယောက်က လက်ကိုလွှတ်လိုက်တာနဲ့ ပွဲပျက်သွားပါပြီ၊

ကျွန်တော်ကတော့ ငယ်လေးကိုယ်ထဲ ဝင်ပူးပြီးရောက်ရှိနေတာမို့ ကျွန်တော့်ဝိညာဉ်ဟာ သူတို့နားက မခွာဘဲ ရပ်တည်နေနိုင်ပါသေးတယ်၊

"ငယ်လေးရာ - မင်း ဒီလိုမျိုး မနောက်ပါနဲ့ကွာ"

"အေးလေကွာ - သေတဲ့လူနာမည်ကိုတော့ ယူသုံးပြီး မနောက်သင့်ဘူးပေါ့ကောင်"

ခြော် - သူတို့ မယုံကြသေးပါလား၊ သူတို့သူငယ်ချင်း ကျွန်တော် သူတို့အား ရောက်နေတာကို သူတို့ မယုံကြဘူး၊

"တကယ်ပါ - ငါဟာ မျိုးသူပါကွ"

ကျွန်တော့်နှုတ်က လွှတ်ခနဲထွက်ပြီး ပြောလိုက်တယ်၊

ထွက်လာတဲ့အသံကြောင့် ကျွန်တော်ကိုယ်တိုင် အံ့အားသင့်သွားရပါတော့တယ်၊

ဘာဖြစ်လို့လည်းဆိုတော့ အသံဟာ ကျွန်တော့်အသံဖြစ်နေလို့ပဲလေ၊ ကျွန်တော် လူ့ဘဝတုန်းကရှိခဲ့တဲ့ အသံအတိုင်း တစ်တဝေမတိမ်းထွက်လာတယ်၊ ကျွန်တော်ကိုယ်တိုင် မကြားရတာ တစ်နှစ်ကျော်ကြာပြီဖြစ်တဲ့ ကျွန်တော့်အသံကို ပြန်ကြားလိုက်ရခြင်းပါပဲ၊

သူတို့သုံးယောက်ဟာ တွန့်ခနဲ နောက်ကို ဆုတ်သွားကြတယ်၊

"အသံ - အသံက မျိုးသူအသံအတိုင်းပဲ"

မင်းမင်းထိုက်က ရေရွတ်လိုက်တယ်၊

"ငယ်လေး - မင်း မနောက်နဲ့ကွာ"

ဂျင်မီ့အသံက တုန်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ မခံမရပ်နိုင် ဖြစ်လာတယ်။ တကယ်တော့ သူတို့သူငယ်ချင်း မျိုးသူ သူတို့အနားရောက်လာတာကို သူတို့ ဝမ်းသာသင့်တယ် မဟုတ်လား။

ကျွန်တော်ဟာ မျိုးသူ အမှန်စစ်စစ်ဖြစ်ကြောင်း သူတို့ ယုံအောင်ပြဖို့ လိုတယ်။

ကျွန်တော်က ရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။

သူတို့သုံးယောက် ကြောက်လန့်တကြားနဲ့ နောက်တစ်လှမ်း ဆုတ်လိုက်ကြတယ်။

"ငါ - မျိုးသူဆိုတာ မင်းတို့ မယုံကြဘူးပေါ့။ အေးလေ - မင်းတို့ယုံအောင် ပြရတာပေါ့"

ဒီတစ်ခါ ထွက်လာတဲ့အသံကလည်း ကျွန်တော်မျိုးသူရဲ့မူရင်းအသံပါပဲ။

ကျွန်တော်က သူတို့ကို ကွေ့ပတ်ပြီး အခန်းတံခါးပေါက်ကို လျှောက်သွားလိုက်တယ်။

တံခါးပေါင်မှာ သံနဲ့ချိတ်ထားတဲ့ သက်ပိုင်ရဲ့ဆိုင်ကယ် သော့ကို ဖြုတ်ယူလိုက်တယ်။

"ဟာ"

"မလုပ်နဲ့ - မလုပ်နဲ့"

"ဟေ့ကောင် - ငယ်လေး၊ သတိထားပါကွာ"

ကျွန်တော်က ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘဲ ဆိုင်ကယ်သော့ကို တိုင်ရင်း အဆောင်ရှေ့ကို ထွက်ခဲ့ပါတော့တယ်။

အဲဒီတုန်းမှာ သက်ပိုင်ဟာ ပြတင်းပေါက်က ခုန်ဆင်းပြီး ထွက်လိုက်တယ်။ အိမ်ပေါ်ထပ်ကို လှမ်းအော်ပြောလိုက်တဲ့ သက်ပိုင်အသံကို ကျွန်တော် ကြားလိုက်ရတယ်။

"အန်ကယ်ကြီး - အန်ကယ်ကြီး - ပရိတ်ရေပုလင်းယူခဲ့ပါ။ ပရိတ်ရေပုလင်း အမြန်ယူခဲ့ပါ"



ပရိတ်ရေဆိုတဲ့အသံဟာ ကျွန်တော့်ကို ခြံဝင်းထဲကနေ အပြင်ကို အမြန်ရောက်အောင် တွန်းပို့လိုက်တဲ့ တွန်းအားတစ်ခု ဖြစ်သွားခဲ့ပါတယ်။

ကျွန်တော်ဟာ ပရိတ်ရေကို ကြောက်လန့်စိတ်၊ ကျွန်တော့်ကို "မျိုးသူ" ဆိုတာ လက်မခံတဲ့အတွက် မခံချင်စိတ်များနဲ့ အဆောင်ရှေ့မှာ ရပ်ထားတဲ့ သက်ပိုင်ရဲ့ဆိုင်ကယ်ကို တက်ခွလိုက်တယ်။

ကျွန်တော်ဟာ မျိုးသူဖြစ်ကြောင်း သက်သေပြရမယ်။ သူတို့အထဲမှာ ဆိုင်ကယ်အစီးအကျွမ်းကျင်ဆုံး မျိုးသူဆိုတာ သိသွားအောင် လက်တွေ့ သက်သေပြရမယ်။

ကျွန်တော်က သက်ပိုင်ရဲ့ယာမဟာ ဒီတီဆိုင်ကယ်ကြီးကို စက်နှိုးလိုက်တယ်။ ချက်ချင်းပဲ မောင်းထွက်လိုက်တယ်။

တဲ - ယုံကြပြီမဟုတ်လား။ ငါဟာ မျိုးသူဆိုတာ မင်းတို့ ယုံကြပြီ မဟုတ်လား။ မင်းတို့ယုံအောင် ထပ်ပြီး သက်သေပြရသေးတာပေါ့ကွာ။

ကျွန်တော်က ဆိုင်ကယ်နောက်ဘက်ကို အားစိုက်ဖိလိုက်ပြီး ရှေ့ဘီးကို မိုးပေါ်ထောင်သွားအောင် လုပ်လိုက်တယ်။ ဒါဟာ ကျွန်တော်မျိုးသူ ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်တဲ့ မောင်းနည်းပါ။ ငယ်လေးဟာ ကျွန်တော့်လောက် ဆိုင်ကယ်ကို စတန့်ထွင်မစီးနိုင်ဘူး။ ရဲလည်း မရဲဘူး။ ခုလောက်ဆို ကျွန်တော်ဟာ မျိုးသူဆိုတာ သူတို့ယုံလောက်ရောပေါ့။

ဒီအချိန်မှာ ကျွန်တော် အငှားခန္ဓာပြောင်းထားရတဲ့ ငယ်လေးရဲ့စိတ် အခြေအနေကို ကျွန်တော်မသိဘူး။ သတိလည်း မထားမိဘူး။

အဆောင်ရှေ့မှာတော့ အသံတွေ မျိုးစုံအောင် အော်မြည်ဆူညံရင်း ကျန်ခဲ့တယ်။

ကျွန်တော်ဟာ ငယ်လေးခန္ဓာကိုယ်ထဲမှာ ဝင်ပူးရင်းက ဒီတီဆိုင်ကယ်ကြီးကို ရှေ့ဘီးမိုးပေါ်ထောင်ကာ အရှိန်ပြင်းပြင်းနဲ့ မောင်းထွက်ခဲ့ပါတယ်။

အဆောင်ရှိတဲ့လမ်းသွယ်အတိုင်း အရှေ့ဘက်ကို ဦးတည်လို့ ရန်ကုန်-မန္တလေးလမ်းမကြီးဘက်ကို ရှေ့ရှုလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီနောက်တော့ ဘာတွေဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျွန်တော့် အသိဉာဏ်နဲ့ အသေးစိတ် မမှတ်မိတော့ဘူး။

ကျွန်တော် စီးလာတဲ့ဆိုင်ကယ် လည်ထွက်သွားတာ၊ ဆိုင်ကယ်ဟာ အရှိန်ပြင်းစွာနဲ့ မြေပေါ်ကို ကိုင်ရိုက်လိုက်သလို လဲကျသွားတာတွေဟာ ကျွန်တော်အသက်စွန့်ခဲ့ရစဉ်က အတိုင်းပါပဲ။

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ဝိညာဉ်ကတော့ ငယ်လေးရဲ့ခန္ဓာကိုယ်ထဲက ပေါ့ပါးစွာ ထွက်ခွာခဲ့ပြီးပါပြီ။

မြင်ကွင်းအားလုံးကိုလည်း အပေါ်စီးကနေ အလုံးစုံမြင်တွေ့နေရပါတယ်။

အဆောင်ဘက်ကနေ ပြေးထွက်လာကြတဲ့ ကျွန်တော့် သူငယ်ချင်းသုံးယောက်။

အရှိန်နဲ့လဲကျသွားတဲ့ ဆိုင်ကယ်နဲ့အတူ ပါသွားတဲ့ ငယ်လေး။

ငယ်လေးဘာဖြစ်သွားသလဲ။

ကြည့်လိုက်တော့ ငယ်လေးဟာ လမ်းမပေါ်မှာ ပက်လက်လန်လဲပြီး ခေါင်းကသွေးတွေဟာ မြင်မကောင်းအောင်ထွက်နေတယ်။ မျက်လုံးဟာ ကြောင်တောင်ပွင့်နေတယ်။

အို – ငယ်လေးဟာ သူ့စိတ်ဆန္ဒမပါဘဲ ကျွန်တော့်ပယောဂကြောင့် ဒုက္ခရောက်ရပါပြီကော။

ကျွန်တော် ကြည့်နေတုန်းမှာပဲ ငယ်လေးရဲ့ခန္ဓာကိုယ်ထဲက ငယ်လေးရဲ့ ပုံရိပ် နောက်တစ်ခုဟာ ရှန်းကြွပြီးထွက်လာတယ်။ ဒါဟာ ငယ်လေးရဲ့ ဝိညာဉ်ပါ။

အလို – ကျွန်တော့်ပယောဂကြောင့် ငယ်လေး သေသွားပါပြီကော။

ငယ်လေးရဲ့ ဝိညာဉ်ဟာ ကျွန်တော့်ဝိညာဉ်ကို မြင်လိုက်ရပြီး အားရဝမ်းသာ လှမ်းနှုတ်ဆက်လိုက်တယ်။

"ဟာ – မျိုးသူ၊ သူငယ်ချင်း မင်းကို တွေ့ရတာ ဝမ်းသာလိုက်တာကွာ"

ငယ်လေးဟာ အဖြစ်အပျက်အမှန်ကို သိသေးပုံမရဘူး။



"ငါ့ကို ခွင့်လွှတ်ပါသူငယ်ချင်း၊ ငါ တမင်လုပ်တာ မဟုတ်ပါဘူး။ ဒီလိုဖြစ်အောင် ရည်ရွယ်တာ မဟုတ်ပါဘူး။ ငါ့ကို ခွင့်လွှတ်ပါကွာ"

"ဘာလဲ – မျိုးသူ၊ ငါက ဘာကို ခွင့်လွှတ်ရမှာလဲ"

"ဟြော် – မင်း နားမလည်သေးပဲကိုး။ ဟိုမှာ ကြည့်လိုက်ပါဦး ငယ်လေး၊ တကယ့်အဖြစ်ကို မင်း ကြည့်လိုက်ပါဦး"

ကျွန်တော်က လက်ညှိုးထိုးပြမှ သူဟာ သူ့ရဲ့မူရင်း သက်မဲ့ခန္ဓာကိုယ်ကြီး ရှိရာကို လှည့်ကြည့်လိုက်တော့တယ်။

ကျွန်တော့်တုန်းကလိုပဲ သက်ပိုင်ဟာ ငယ်လေးအလောင်းကို ပွေ့ပိုက်ထားပါတယ်။ သူ့တစ်ကိုယ်လုံး သွေးတွေပေလူးလို့ပေါ့။ မင်းမင်းထိုက်က ငယ်လေးကိုယ်ကို စမ်းသပ်ကြည့်ရင်း အသက်မရှိတော့မှန်း သိလိုက်တော့ အော်ငိုလိုက်တယ်။ ဂျင်မီက ဘာလုပ်ရမှန်းမသိဘဲ ကြောင်ကြည့်နေတယ်။

"အဲဒါ ငါ့အမှားပါ၊ ငါ မင်းကိုယ်ထဲဝင်ပြီး ဆိုင်ကယ်စီးခဲ့လို့ ဒီလိုဖြစ်ရတာ"

ငယ်လေးဟာ ခုမှ သဘောပေါက်သွားတော့တယ်။

"ဟင် – ဒါဖြင့် ငါ သေပြီပေါ့၊ အို – ဟုတ်သားပဲ၊ မင်းဟာ မနစ်ကတည်းက သေပြီးသားပဲ မျိုးသူ၊ မင်းကို ငါ မြင်နေရတယ်။ ငါ – ငါလည်း သေပြီပေါ့နော်၊ ဟာကွာ –"

"ခွင့်လွှတ်ပါကွာ၊ ဒါတွေဟာ ငါ့ကြောင့်ဖြစ်ရတာပါ၊ ဒါပေမဲ့ – ငါတမင်လုပ်တာမဟုတ်"

"ထားလိုက်ပါတော့ – သူငယ်ချင်းရယ်၊ ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မှာလဲ၊ တစ်ခုတော့ တော်ပါသေးတယ်၊ ငါသေပေမယ့် မင်းက အဆင်သင့်စောင့်နေလို့၊ မင်းနဲ့အဖော်လုပ်လို့ရနေလို့ တော်သေးတာပေါ့ကွာ"

"အဲဒီလိုမဟုတ်ဘူးကွ – အဲဒီလိုမဟုတ်ဘူး။ မင်းရောက်လာပြီဆိုတော့ ငါသွားရတော့မှာ သူငယ်ချင်း"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com

အဲဒါ-ငါမသိဘူး။ ဒီနေရာက ခွာရတော့မယ်ဆိုတာသာ သိတယ်။ ဘယ်ကိုဆိုတာ ငါမသိဘူး။ ငါ့ရှေ့က ဗြိတ္တာကြီးလည်း ဒီလိုပါပဲ။ ဘာမှမသိရပါဘူး။ နေခဲ့ပေတော့ သူငယ်ချင်း။ နှုတ်ဆက်ခဲ့ပါတယ် ငယ်လေးရယ်။ မင်းကိုရော ကျန်တဲ့ သူငယ်ချင်းတွေကိုပါ ငါ့လုပ်ရပ်အတွက် ငါတောင်းပန်ပါတယ်။ ငါ့ကို ခွင့်လွှတ်ပါတော့ကွာ။ သွားပြီ-သွားပြီ-ငါသွားပြီ သူငယ်ချင်းရေ။



"လာ - ငယ်လေး၊ မင်းနေရမယ့်နေရာကို ငါလိုက်ပြမယ်"

ကျွန်တော်က ငယ်လေးလက်ကိုဆွဲပြီး ထနောင်းပင်ကြီးရှိရာကို ခေါ်လာလိုက်တယ်၊

ရှင်းပြစရာရှိတာကိုလည်း မြန်မြန်ဆန်ဆန်ရှင်းပြလိုက်တယ်၊

ဘာဖြစ်လို့လည်းဆိုတော့ ဒီနေရာကနေ ထွက်ခွာရတော့မယ်ဆိုတာကို ကျွန်တော် သိနေလို့ပါ၊ မမြင်ရတဲ့ အင်အားတစ်ခုဟာ ကျွန်တော့်နောက်ကျောကနေ ကျွန်တော့်ကို ဆွဲခေါ်နေပြီ၊

ထနောင်းပင်ကြီးအောက်ရောက်တော့ -



"ဒါ - ငါနေတဲ့ ထနောင်းပင်ကြီးပဲ ငယ်လေး၊ မင်း ရောက်လာလို့ ငါသွားရတော့မယ်"

ကျွန်တော်ကဒီနားတစ်ဝိုက်မှာ ဝိညာဉ်တစ်ကောင်သာ နေခွင့်ရကြောင်းနဲ့ ဝိညာဉ်အသစ်ရောက်လာရင် အဟောင်းက နေရာဖယ်ပေးရကြောင်းကို ကျွန်တော့်ကို ဗြိတ္တာကြီး ရှင်းပြခဲ့သလိုမျိုး ရှင်းပြလိုက်တယ်၊

"ဒါပေမဲ့ - ငါ ဒီနေရာက ကျွတ်ချင်လို့ မင်းကို သေအောင်လုပ်လိုက်တာ မဟုတ်ဘူးဆိုတာတော့ ယုံပါ သူငယ်ချင်းရယ်၊ အဖြစ်က မမျှော်လင့်ဘဲ ဖြစ်သွားရတာပါ"

"အဲဒါ - ငါယုံတယ်၊ မင်းကို အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ - မင်းမသွားပါနဲ့ ရှိုးသူရာ၊ ငါနဲ့အတူတူ နေပါကွာ"

"မဖြစ်ဘူးကွ၊ ငါ မသွားချင်ပေမဲ့ မဖြစ်ဘူး၊ သွားကို သွားရတော့မယ်၊ ငါ့ကိုတစ်စုံတစ်ခုကဆွဲခေါ်နေပြီ၊ နေချင်ပေမယ့် နေလို့မရတော့ဘူး၊ ဟော - ပြောရင်းဆိုရင်း ငါ့ကိုဆွဲခေါ်နေပြီ"

ကျွန်တော့်ဝိညာဉ်ဟာ ငယ်လေးနဲ့ စကားပြောနေတုန်းမှာပဲ နောက်က တစ်စုံတစ်ခု ဆွဲခေါ်တာ ခံလိုက်ရသလို ရွေ့သွားပါတယ်၊

"မင်း - ဘယ်ကို သွားမှာလဲဟင်"

"အဲဒါ - ငါမသိဘူး၊ ဒီနေရာက ခွာရတော့မယ်ဆိုတာသာ သိတယ်၊ ဘယ်ကိုဆိုတာ ငါမသိဘူး၊ ငါ့ရှေ့က ဗြိတ္တာကြီးလည်း ဒီလိုပါပဲ၊ ဘာမှမသိရပါဘူး၊ နေခဲ့ပေတော့ သူငယ်ချင်း၊ နှုတ်ဆက်ခဲ့ပါတယ် ငယ်လေးရယ်၊ မင်းကိုရော ကျန်တဲ့သူငယ်ချင်းတွေကိုပါ ငါ့လုပ်ရပ်အတွက် ငါတောင်းပန်ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါတော့ကွာ၊ သွားပြီ - သွားပြီ - ငါသွားပြီ သူငယ်ချင်းရေ"

ငယ်လေးကို နှုတ်ဆက်နေတုန်းမှာပဲ ကျွန်တော်ဟာ နောက်ဘက်က ဆွဲခေါ်မှုကြောင့် တဖြည်းဖြည်း ငယ်လေးနဲ့ ဝေးသွားရပါတယ်၊

ငယ်လေးရဲ့ ဝိညာဉ်ပုံရိပ်၊ အဆောင်ပတ်ဝန်းကျင်က တကယ့်လက်ရှိ သဘာဝပုံရိပ်တွေဟာ ကျွန်တော့်နောက်မှာ တဖြည်းဖြည်း ဝေးကျန်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ မြင်ကွင်းအားလုံးဟာ ကျွန်တော့်အမြင်ထဲမှာ တဖြည်းဖြည်း သေးငယ်သွားပြီး ကျွန်တော်ဟာ သူတို့အားလုံးနဲ့ ဝေးရာကို လိုက်ပါလွင့်မျောသွားပါတော့တယ်။

နှုတ်ဆက်ခဲ့ပါတယ် - သူငယ်ချင်းတို့ရေ…

နှုတ်ဆက်…

ခဲ့ပါ…

တယ်…

ငါ့ကို…

နွှင်…


လွှတ်…

ဆောင်းလုလင်


စာမူရှင်များသို့

"ဂန္ထဝင်ရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂန္ထဝင်လောကမဂ္ဂဇင်း


www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် အင်္ဂလန်သူဝိညာဉ်

သန်လျင်လှဝင်း (ညြချစ်ညို)

ကျွန်ုပ်သည် ၁၉၃၀ - ပြည့်နှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း၊ အညာဒေသ၊ တောင်တွင်းကြီးမြို့တွင် မွေးဖွားခဲ့ပြီး မိဘများမှာ အသင့်အတင့်စားနိုင် သောက်နိုင်သူများ ဖြစ်၏။ ကျွန်ုပ်ငယ်စဉ် ကျောင်းပညာအရည်ချင်း (၇)တန်းအောင်အထိ သင်ကြားခဲ့ပြီး မကွေး၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ ချောက်ဒေသများသို့ အပေါင်းအသင်းများနှင့် လှည့်လည်၍ စပါး၊ ပဲ ရောင်းဝယ်လုပ်ကိုင်ခဲ့၏။

ထိုစဉ်က တစ်မြို့နှင့် တစ်မြို့ တစ်ရွာနှင့်တစ်ရွာ ခရီးသွားရာတွင် နွားလှည်း၊ ခြေကျင်ဖြင့်သာ အဓိကထား သွားလာကြရသည်။ ရံဖန်ရံခါ ကျွန်ုပ်တို့ သွားလိုသည့် မြို့ ရွာသို့ နေ့ချင်းမရောက်လျှင် လမ်းခုလတ်တွင်ရှိသော ဇရပ်၊ ကျောင်းပျက်၊ လယ်တဲများတွင် ညအိပ်ခဲ့ရသည့် အကြိမ်မနည်းပေ။ ကျွန်ုပ်မှာ ကျောင်းမှထွက်၍ စပါး၊ ပဲပွဲစားလုပ်ကိုင်ချိန်မှစ၍ အပေါင်းအသင်းများနှင့် သောက်စားတတ်လာ၏။ နေ့စဉ် အရက်(၆)ပက်စန့် အနည်းဆုံး ပုံမှန်သောက်မှဲ့ကျေနပ်ရ၏။ အရက်ရှိန်ရလာလျှင် ကျွန်ုပ်သည် ဆင်ဖမ်းမည်၊ ကျားဖမ်းမည်ဆိုသည့် အမျိုးအစားတွင် ပါ၏။ အပေါင်းအသင်းများက သွေးဆိုးသည်ဟု ပြောကြ၏။ ကျွန်ုပ် အရက်သောက် သွေးဆူလွယ်သည် ဆင်ကျွန်ုပ်အတွက်ကောင်းသည်ဟုထင်မြင်ရ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်လုပ်ငန်းသည် တစ်ခါတစ်ရံ လူမရှိ၊ သူမရှိ တဲ၊ ဇရပ်၊ ကျောင်းပျက်များတွင် ညအိပ်ရသည့်အခါ မကြာခဏ ဝိညာဉ်လောကသားများနှင့် ဆုံရ၏၊ ကြုံရ၏။ အပေါင်းအသင်းများပါလျှင် သာမန်အသံ၊ အနံ့ပေးခြင်းများသာ ကြုံကြရပြီး ကျွန်ုပ် တစ်ဦးတည်းဖြစ်က လျှပ်တစ်ပြက် ကိုယ်ယောင်ပြခြင်း၊ အနံ့ အသံပေးခြင်းများ ကြုံရ၏။

ထိုအခါ ကျွန်ုပ်မှာ အရက်အရှိန်နှင့် မူးနေ၍ ပါလာသည့် ဓားမြှောင်ရှည်အား လက်မှဆုပ်ကိုင်ပြီး ကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ ခဲများဖြင့်ပစ်ခြင်း၊ ကျွန်ုပ်အမြဲကိုင်ဆောင်သည့် လောက်လေးခွဖြင့် ပစ်ခြင်းဖြင့် ကျွန်ုပ် ဖြတ်သန်းခဲ့ရသော်င်း များလေပြီ။ ထို့ကြောင့် ကျွန်ုပ်မှာ ဝိညာဉ်ဘုံ (ခေါ်) သရဲ၊ တစ္ဆေလောကသားများအား ကြောက်လန့်သည့်စိတ်မရှိခဲ့ပေ။

ကျွန်ုပ် အသက်(၂၀)တွင် မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့၏။ ခေတ်ကာလအခြေအနေကလည်းမကောင်း၊ စီးပွားရေးများလည်းမကောင်းသဖြင့် ၁၉၅၀ - ခုနှစ်တွင် ကျွန်ုပ် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့၏။ စစ်ဆင်ရေးကြီးများတွင် ပါဝင်ဆင်နွှဲခဲ့ရ၏။ အထူးသဖြင့် ထိုစဉ်က အထူးတပ်ဟုခေါ်သော အမှတ်(၁၀၄)တပ်ရင်း၊ မော်လမြိုင်၊ ကျောက်တစ်လုံးတွင် နှစ်များစွာ ကျွန်ုပ် အမှုထမ်းခဲ့ရ၏။ စစ်ဆင်ရေးကြီးများဖြစ်၍ တိုက်ပွဲများတွင် သေသူ၊ ဒဏ်ရာရ ကျိုးပြတ်သူနှင့် အနီးကပ်လုံ့စွပ်ထိုးတိုက်ပွဲများ အကြိမ်များစွာ ကြုံခဲ့ရ၏။ ယင်းနောက် ကျွန်ုပ်သည် တပ်မတော် လေ့ကျင့်ရေးစစ်ကျောင်းကြီးတွင် စစ်သင်တန်းနည်းပြ တပ်ကြပ်အဆင့်ဖြင့်လည်းကောင်း၊ ၁၉၆၀ - ခုနှစ်တွင် တပ်ကြပ်ကြီးအဆင့်ဖြင့်လည်း တာဝန်ထမ်းဆောင်ခဲ့ရ၏။ ၁၉၆၉ - ခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ ခြေလျင်တပ်ရင်းတစ်ခုသို့ ပြောင်း





www.burmeseclassic.com

www.burmeseclassic.com

ရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပြီး ကျွန်ုပ်သည် ထိုအချိန်၌ စစ်သက်(၂၀)ခန့် စစ်အတွေ့အကြုံရှိ တပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး သားသမီးငါးဦး ရရှိပြီးဖြစ်သည်။

၁၉၇၀ – ခုနှစ်တွင် ကျွန်ုပ် တာဝန်ထမ်းဆောင်သော တပ်ရင်းမှ တပ်သားသစ် အခြေခံသင်တန်းများနှင့် တန်းမြှင့်သင်တန်းများ သင်ကြားရန် အထက်ဌာနများမှ ညွှန်ကြားလာခဲ့သဖြင့် တပ်ရင်းမှူးမှ ကျွန်ုပ်အား သင်တန်းစီအိုင်(ခေါ်) သင်တန်းတာဝန်ခံအကြပ်ကြီးတာဝန်ပေး၍ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ငှက်အော်စမ်းကျေးရွာတွင် စစ်သင်တန်းများ လေ့ကျင့်ရန် စီစဉ်ဆောင်ရွက်ရတော့၏။

ငှက်အော်စမ်းကျေးရွာသည် ထိုစဉ်က ရန်ကုန်တစ်ဖက်ကမ်း ဒလမှနေ၍ ကွမ်းခြံကုန်းမြို့နယ်၊ မကျီးကံရွာအနီးမှဖြတ်ပြီး တောတန်းများ၊ ရော်ဘာတောများအားဖြတ်၍ ကားဖြင့် နှစ်နာရီခန့် သွားရ၏။ လမ်းမှာလည်း လှည်းလမ်းဖြစ်၍ သွားလာရခက်ခဲပြီး ရွှံ့များ၊ ဗွက်ချိုင့်များအား ခက်ခဲစွာ ဖြတ်သန်းသွားရ၏။ နွားလှည်းဖြင့်ဆိုလျှင် နာရီအတော်ကြာ သွားလာရ၏။ ၎င်းရွာတွင် ကရင်လူမျိုးများ အများဆုံး နေထိုင်ကြ၏။ (မှတ်ချက် – ကျွန်ုပ်မရောက်သည်မှာ နှစ်(၄၀)ကျော်ခန့် ရှိပြီဖြစ်၍ ယနေ့အခြေအနေအား ကျွန်ုပ် မသိတော့ပါ)။ ခရစ်ယာန်ဘာသာဝင် အများဆုံးနေထိုင်ပြီး ဘုရားကျောင်းကြီးလည်းရှိ၏။ ကျေးရွာလူကြီးများမှာလည်း ကရင်လူမျိုးများဖြစ်ပြီး ပွင့်လင်းရိုးသားကြ၏။

ထူးခြားသည်မှာ ၎င်းရွာတွင် အင်္ဂလိပ်အုပ်ချုပ်စဉ်က တည်ဆောက်ခဲ့သော အဆောက်အအုံကြီးပင်ဖြစ်၏။ အဆောက်အအုံမှာ (Hall Type) ခန်းမသဏ္ဌာန် သင်တန်းကျောင်းနှစ်ထပ် တည်ဆောက်ထားပြီး သင်တန်းသား (၃၆၀)ခန့် နေနိုင်သော အုတ်တိုက်ကျောင်းကြီးဖြစ်၏။ ရေချိုးရန် အုတ်ကန်,ရေကန်များ၊ သင်တန်းခန်းမဆောင်၊ ထမင်းချက်ဆောင်၊ ထမင်းစားဆောင်များဖြင့် ပြည့်စုံစွာရှိ၏။ ၎င်းကျောင်းကြီးဝင်းပေါက် ရော်ဘာတောတွင် မီးစက်ကြီးမောင်းပြီး မီးပေးသည့် အဆောက်အအုံ ရှိ၏။ ကျောင်းဝင်းတွင်



အရက်ပင်ကြီးများဖြင့် အုပ်ဆိုင်း၍ အေးချမ်းသောနေရာ ဖြစ်၏။ ယခင်အခါ အင်္ဂလိပ်လက်ထက် အင်္ဂလိပ်များမှ သင်တန်းပို့ချခြင်း၊ ဘာသာရေးစာပေ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ဒုတိယကမ္ဘာစစ်တွင် ဂျပန်စစ်တပ် ဝင်ရောက်အခြေပြုခဲ့ဖူးကြောင်း ရွာခံများ ပြော၍ သိရ၏။

= ☺ =

သင်တန်းကျောင်းကြီး၏ အပေါ်ထပ်လှေကားထိပ်တွင် သီးသန့်အခန်းတစ်ခန်း ရှိ၏။ အပေါ်ထပ်အလယ်တွင် ပေ(၁၀၀)ကျော်၌ သီးသန့်ခန်းရှိ၏။ အပေါ်ထပ်လှေကားထိပ် သီးသန့်ထိပ်ဆုံးအခန်းသည် မီးစက်အဆောက်အအုံမှ ကြည့်လျှင် လှမ်း၍မြင်နိုင်၏။ ၎င်းအခန်းသည် အခြားအခန်းများနှင့်မတူဘဲ အုတ်တွင်း နံရံကပ်အံဆွဲများရှိ၏။ ကျွန်ုပ်သည် ရောက်သည့်နေ့တွင်ပင် အခန်းများကြည့်၍ ယင်းအခန်းအား သဘောကျသဖြင့် ကျွန်ုပ် နေလိုက်၏။ နောက်ရက်များတွင် သင်တန်းကိစ္စများ၊ ကျေးရွာလူကြီးများဖြင့် ရပ်ရွာအခြေအနေနှင့် လုံခြုံရေးကိစ္စရပ်များ၊ ဝန်းကျင်အခြေအနေများအား ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရ၏။ ထို့အပြင် မီးစက်မောင်းရန် ယခင်မီးစက်မောင်းခဲ့သော ငှက်အော်စမ်းရွာအတွင်းမှ အသက်(၅၀)ကျော် ကရင်လူမျိုးတစ်ဦးအား လစာနှင့် ရိက္ခာပေးပြီး ခန့်ထားရ၏။ မီးစက်မှာ ညနေ(၆)နာရီမှ ည(၉)နာရီအထိ မီးစက်မောင်းရ၏။ ကျွန်ုပ်သည် နေ့စဉ် ယမကာမှီဝဲသောကြောင့် ကျေးရွာ လူကြီး,လူငယ်များဖြင့်လည်းကောင်း၊ မီးစက်မောင်းသော ကရင်လူမျိုးကြီးဖြင့်လည်းကောင်း ယမကာ အတူမှီဝဲရင်း အတော်ခင်မင်ရင်းနှီးလာ၏။

ကျွန်ုပ်သည် လုပ်ငန်းတာဝန်ပင်ပန်းမှုကြောင့် ညစဉ် ယမကာ(အရက်) အရှိန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။ နံနက်မိုးလင်းခါနီး သင်တန်းသားများ လှုပ်ရှားဆူညံမှ နိုးတော့၏။ ကျွန်ုပ်ရောက်ပြီး တစ်လခန့်အကြာ သင်တန်းသားများရောက်ပြီး နှစ်ပတ်ခန့်အကြာတွင် ကျွန်ုပ်၏ အအောက်ထပ်

www.burmeseclassic.com

တွင် ညတင်းစောင့်သော ရဲဘော်များအား သရဲခြောက်ကြောင်း၊ မိန်းမ သဏ္ဌာန် မကြာခဏ မြင်ရကြောင်း၊ ၎င်းအမျိုးသမီးသည် ရေချိုးကန်မှလာပြီး ကျွန်ုပ်အခန်းကိုတက်သောလှေကားမှ တက်သွားသည်ကို မြင်တွေ့ကြကြောင်းကို ကျွန်ုပ်အား ပြောလာကြ၏။ ရဲဘော်များ ညကင်းစောင့်လျှင် တစ်ကြိမ် နှစ်ဦးစီ ပူးတွဲချပေးရန် တင်ပြလာ၏။ ကျွန်ုပ်လည်း ကိုယ်တိုင်မကြုံသေးကြောင်း၊ လူငယ်ရဲဘော်များ ကြောက်လန့်နေသဖြင့် နှစ်ဦးစီ ပူးတွဲချရန် ခွင့်ပြုခဲ့ရ၏။ တစ်ရက်တွင် ကျွန်ုပ်သည် မီးစက်မောင်း ကရင်လူကြီးနှင့် ညပိုင်း အရက်အတူသောက်စဉ် ကရင်လူကြီးမှ -

"ဆရာကြီးအိပ်ခန်းမှာ အိပ်တာ ဘာထူးလဲ"

ဟု မေး၏။ ကျွန်ုပ်မှ ရောက်တာ တစ်လကျော်ကြာပြီ၊ ဘာမှထူးခြားမှု မရှိကြောင်း ပြော၏။ ၎င်းမှ -

"ဆရာကြီး - အခန်းပြောင်း အိပ်ပါလား"

ဟု ဆိုလာ၏။ ကျွန်ုပ်မှ ဘာ့ကြောင့်လဲမေးရာ -

"ကျုပ် - ဒီရွာသားပါ၊ ဟိုငယ်ငယ်တုန်းကလည်း ဒီမီးစက်မောင်းပြီး အိပ်နေကျ၊ ကျုပ် အသက်(၂၀)လောက်က စပြီး ဒီမီးစက်မောင်းခဲ့တာ၊ အဲဒီအချိန်ထဲကစပြီး ဆရာကြီးအိပ်တဲ့အခန်းက မကြာခဏ သရဲခြောက်တယ်၊ ဒီမှာ တာဝန်ကျပြီး လာနေတဲ့အစိုးရအဖွဲ့တွေကော၊ အရပ်သားအဖွဲ့တွေကော မကြာခဏလာတည်းဖူးတယ်၊ လာတဲ့အဖွဲ့ထဲက ခေါင်းဆောင်က အဲဒီအခန်းမှာ အမြဲအိပ်တယ်၊ နှစ်ရက်လောက်နေပြီး သရဲခြောက်တယ်ပြောပြီး အခြားနေရာ သွားအိပ်ကြတာပဲ"

ဟု ပြောပါသည်၊ ကျွန်ုပ်မှ -

"ဖထီးကော - မြင်ဖူး၊ ကြုံဖူးလား" ဟု မေးရာ -

"ကျုပ် - ဟိုတုန်းက ကြားဖူးတာ၊ မမြင်ဖူးဘူး၊ ဒါပေမဲ့ - ပြီးခဲ့တဲ့လပြည့်နေ့က ညပိုင်း အရက်သောက်ပြီး ပူတာနဲ့ အပြင်ထွက်ထိုင်နေတုန်း ဆရာကြီး အခန်းပြတင်းပေါက်မှာ မိန်းမတစ်ယောက် ဆံပင်ဖားလျားချပြီး ရပ်နေတာ တွေ့တယ်၊ လရောင်နဲ့ဆိုတော့ သိပ်မသဲကွဲဘူး၊ ကျုပ်လည်း ဆရာကြီးမိန်းမ



ထိုက်လာသလား ထင်ခဲ့တာ၊ မနက်မိုးလင်းမှ ရဲဘော်တွေကို ဆရာကြီးမိန်းမ ချောက်နေသလား မေးမှ မဟုတ်မှန်း သိရတယ်၊ ကျုပ်တော့ - ဆရာကြီး အခန်းပြောင်းတာ ကောင်းမယ်ထင်တာပဲ"

ဟု ပြောလေ၏၊ ကျွန်ုပ်မှ -

"ကျွန်တော်တော့ မကြုံဖူးသေးဘူး၊ အခြေအနေအရပေါ့ - ဖထီးရာ"

ဟု ပြောပြီး ကျွန်ုပ် မသိသေးသော ရပ်ရွာအခြေအနေ၊ ဝန်းကျင်တောအဆောင်သဘာဝများ မေးမြန်းပြီး အရက်ဝိုင်းဖြတ်၍ ထမင်းစားရန် ပြန်လာခဲ့တော့၏။

=☺=

နောက်နှစ်ရက်ခန့်တွင် ကျွန်ုပ်သည် ညပိုင်း အရက်သောက်၊ အမြည်းစားများသဖြင့် မိုက်ပြည့်ပြီး အိပ်မပျော်ဖြစ်နေ၏။ ည(၁၁)နာရီခန့်တွင် ကျွန်ုပ်အိပ်ခန်းပြတင်းပေါက်အား ဖွင့်ပြီး ပက်လက်ကုလားထိုင်တွင် ထိုင်၍ ဆေးပေါ့လိပ် ဖိမ်ခံပြီး မျက်လုံးမှေးသောက်နေစဉ် ရုတ်တရက် ကျွန်ုပ်အနီးမှ လူတစ်ဦး ဖြတ်သွားသလို လေဟပ်သွား၏။ ကျွန်ုပ် မျက်လုံးမှေး၍ ကြည့်နေစဉ်ဆံပင်ကျောအထိ ဖားလျားချထားပြီး အင်္ကျီလိပ်ဂါဝန်ဝတ်ထားသော မိန်းမတစ်ဦးအား တွေ့လိုက်ရ၏။ ၎င်းသည် ကျွန်ုပ်အား ကျောခိုင်းထားပြီး နံရံကပ်အံဆွဲအား ဆွဲဖွင့်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း ကြက်သီးရှုန်းခနဲ ထသွားပြီး -

"ဟဲ့ကောင်မ - ဒါ - နင့်အခန်း နင့်နေရာ မဟုတ်ဘူး၊ နှ - ထွက်သွား"

ဟု ကျွန်ုပ် အော်လိုက်၏။ ချက်ချင်း ပျောက်သွား၏။ ကျွန်ုပ်၏ အော်သံကြောင့် အောက်ဘက်တွင် ကင်းစောင့်နေသော ရဲဘော်များမှာ အပေါ်တက်လာပြီး -

"ဆရာကြီး - ဆရာကြီး - ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သင်တန်းဆောင်ရောက်ပြီး ခြေလက်ဆေးရန် ရေချိုးအုတ်ကန်သို့သွားခဲ့ရာ ကျွန်ုပ်၏နောက်မှ ခြေညှပ်ဖိနပ်သံ ပြင်းပြင်းဖြင့် အပြေးအလွှား ရောက်လာသည်။ အသံကြားလိုက်သဖြင့် ကျွန်ုပ် ခြေမွေး၊ လက်မွေး ထောင်တက်ပြီး ခေါင်းကြီးသွား၏။ ရုတ်တရက် နောက်လှည့်၍ ဓာတ်မီးဖြင့် ထိုးကြည့်ရာ ဘာမှမတွေ့ရပေ။



ဟု မေးလာသည်၊ ကျွန်ုပ်မှ ခုတင်ပေါ်ရှိ လက်နှိပ်ဓာတ်မီးဖြင့် အခန်းတွင်း ကြည့်ရှုပြီး -

"ဘာမှမဟုတ်ဘူးကွ။ မျက်နှာပေါ် ပိုးဟပ်ဖြတ်သွားလို့။ ကိုယ့်တာဝန် ကိုယ်လုပ်ကြ"

ဟုပြောပြီး လက်ကျန်အရက် လေးပက်ခန့်အား အမြည်းမရှိ ရေရောပြီး ကုလားမော့ မော့သောက်လိုက်၏။ ကျွန်ုပ် ဘယ်အချိန် အိပ်ပျော်သွားသည် မသိ။ နံနက်စောစော စစ်သည်များကြုံနိုင်ရေးအမှတ်စဉ် မှတ်သည့်အသံများ



ကြားမှ ကျွန်ုပ်လန့်နိုးလာတော့၏။ ညက တွေ့ခဲ့သည့် နံရံကပ်အံဆွဲအား ချက်ချင်းသွားကြည့်ရာ ဖြေရာလက်ရာမပျက်ရှိသည်ကို တွေ့ရလေသည်။ ကျွန်ုပ်လည်း မည်သူ့မျှ မပြောဘဲ နေလိုက်လေ၏။

နောက်တစ်ပတ်ခန့်တွင် ကျွန်ုပ်သည် ညပိုင်း အရက်သောက် ထမင်းစားပြီး ခုတင်ပေါ် အိပ်ပျော်မည်ပြုစဉ် အင်္ဂလိပ်အမျိုးသမီးတစ်ဦးမှ ကျွန်ုပ်ခြေထောက်အား ကိုင်၍ ခုတင်ပေါ်မှ အောက်သို့ ဆွဲချသဖြင့် ရှုန်းကန်ရင်း လန့်နိုးသွား၏။ ကျွန်ုပ်မျက်စိ ဖွင့်လိုက်သည်နှင့် ပြတင်းပေါက်မှ အလင်းရောင်ဖြင့် ကျွန်ုပ်၏ခုတင်တွင် တင်ပျဉ်လွှဲထိုင်၍ ဆံပင်ဖားလျားချထားပြီး ကျွန်ုပ်အား ကြည့်နေသည့် နိုင်ငံခြားသူတစ်ဦးအား ခြင်ထောင်အပြင်တွင် တွေ့လိုက်ရလေသည်။ ကျွန်ုပ် လန့်သွားပြီး ချက်ချင်း -

"ဟာ - ဒီကောင်မ - လာနှောင့်ယှက်နေပြန်ပြီ"

ဟု ပြောပြီး ခြေထောက်ဖြင့် ကန်လိုက်ရာ ခြင်ထောင်သာ ထိသွားပြီး သင်းအမျိုးသမီး ပျောက်သွား၏။ နာရီထကြည့်သောအခါ ည(၁၂)နာရီတိတိ ဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း ဖယောင်းတိုင်မီးထွန်းပြီး မီးရောင်ဖြင့် ပတ်ဝန်းကျင်လိုက်ကြည့်လိုက်၏။ မထူး၍ လက်ကျန်အရာလည်း မရှိတော့သဖြင့် ရေသောက်၊ ဆေးလိပ်သောက်ပြီး နာရီဝက်ခန့်အကြာတွင် ပြန်အိပ်လိုက်တော့၏။ ဤကိစ္စလည်း မည်သူ့မျှ မပြောဘဲ နေလိုက်၏။

နောက်တစ်ကြိမ်တွင် ကျွန်ုပ်သည် ရွာအတွင်း ကျေးရွာလူကြီးများနှင့် စကားပြောပြီး ည(၁၀)နာရီခန့်တွင် ဓာတ်မီးတစ်လက်ဖြင့် ပြန်လာခဲ့၏။ သင်တန်းဆောင်ရောက်ပြီး ခြေလက်ဆေးရန် ရေချိုးအုတ်ကန်သို့ သွားခဲ့ရာ ကျွန်ုပ်၏နောက်မှ ခြေညှပ်ဖိနပ်သံပြင်းပြင်းဖြင့် အပြေးအလွှား ရောက်လာသည်၊ အသံကြားလိုက်သဖြင့် ကျွန်ုပ် ခြေမွေး၊ လက်မွေး ထောင်တက်ပြီး ခေါင်းကြီးသွား၏။ ရုတ်တရက် နောက်လှည့်၍ ဓာတ်မီးဖြင့် ထိုးကြည့်ရာ ဘာမှမတွေ့ရပေ၊ ဤဖြစ်စဉ်ပြီးနောက် ကျွန်ုပ် မည်သူ့မျှမပြောဘဲ နေခဲ့ရာ (၃)လခန့်အထိ ထူးခြားမှု မရှိတော့ပေ။ ကျွန်ုပ်လည်း အခန်းမပြောင်းဘဲ နေခဲ့၏။

www.burmeseclassic.com

၁၉၇၀ - ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ကျွန်ုပ်၏သားနှစ်ဦးဖြစ်သော (၁၃) နှစ်အရွယ် သားကြီးနှင့် (၁၀)နှစ်အရွယ် သားငယ်တို့မှာ ကျောင်းပိတ်ရက်ဖြစ်၍ တပ်ဌာနချုပ်မှ ပြန်လာသော ကျွန်ုပ်၏ တပည့်များဖြင့် လိုက်ပါလာ၏။ ကျွန်ုပ်လည်း သားနှစ်ဦးအိပ်ရန် အခန်းတွင်းသို့ ခုတင်တစ်လုံးထည့်ရန် စစ်သည်များအား မှာကြားထားလိုက်၏။ သားနှစ်ဦး အိပ်ရန် ခုတင်အား ကျွန်ုပ်၏ ခုတင်ခြေရင်းတွင် ထားလိုက်၏။ ၎င်းနေ့ ညနေတွင် ရွာလူကြီးများမှ ခရစ်စမတ်နေ့ ဆောင်ရွက်မည့်အစီအစဉ်များ ညှိနှိုင်းပြောဆိုကြပြီး ပြန်ရန် ပြောစဉ် ရွာလူကြီး ကရင်လူမျိုးများမှ အစားအသောက် စီစဉ်ထားကြောင်း ပြောလာသဖြင့် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးလည်း အားနာသဖြင့် အနည်းငယ် သောက်စားပြီး ပြန်ရန်စီစဉ်လိုက်၏။ သို့ရာတွင် စကားကမပြတ်၊ အရက်မပြတ်သဖြင့် ည(၉)နာရီခွဲခန့်တွင် ကျွန်ုပ်တို့နှစ်ဦး ပြန်ခဲ့၏။ သားနှစ်ယောက်မှာ ရဲဘော်တပည့်များနှင့် အတူရှိနေမည်ဟု ကျွန်ုပ် ခန့်မှန်းထားခဲ့၏။

ကျွန်ုပ် သင်တန်းကျောင်းဆောင် ရောက်ပြီး မီးပိတ်ပြီဖြစ်သဖြင့် အဆောင်ထိပ်ရှိ ကင်းသမားထံမှ ဓာတ်မီးတောင်း၍ အိပ်ဆောင်ဘက်သို့ ထွက်ခဲ့၏။ သင်တန်းသားရဲဘော်များအိပ်နေကြပြီးဖြစ်၏။ အဆောင်အလယ်ရှိ ကင်းသမားအား သားနှစ်ယောက် ဘယ်မှာတွေ့လဲမေးရာ အိပ်အခန်းတွင်း ဝင်သွားတာ တွေ့ကြောင်းနှင့် အိပ်နေပြီထင်ကြောင်းပြော၏။ ကျွန်ုပ်လည်း သားနှစ်ဦးအတွက် ပူပန်သွားပြီး အမြန်သွားခဲ့၏။ လှေကားခြေရင်းတွင် သားကြီးမှာ ကင်းသမားရဲဘော်နှစ်ဦးနှင့်တွေ့၍ "ညီလေးကော" ဟု မေးရာ အခန်းတွင်း အိပ်နေကြောင်းပြော၍ ကျွန်ုပ် အမြန်တက်ခဲ့၏။ တံခါးဖွင့်ပြီး ကြည့်ရာ ခုတင်ပေါ်တွင် သားငယ်မှာ မရှိဘဲ ခုတင်ခြေရင်း ကြမ်းပြင်ပေါ်တွင် အိပ်ပျော်နေသည်ကို တွေ့ရ၏။ သားငယ်အား ချီ၍ ခုတင်ပေါ် ပြန်တင်ပြီး သားကြီးအား ထမင်းစားပြီး မ.ပြီး မေးမြန်း၍ နေ့လယ်ပိုင်းက ရွာတွင်းမှ ဌားထားသော ရေနံဆီမီးအိမ်အားထွန်းပြီး သားအဖများ အိပ်လိုက်ကြတော့၏။



နံနက်မိုးလင်းပြီး လက်ဖက်ရည်သောက်ကြစဉ် သားကြီးမှ "ညက အဖေပြန်မလာခင် ညီလေးက အိပ်ချင်တယ်ဆိုတာနဲ့ စစ်သားကြီးတွေဆီက ပြန်လာပြီး သားတို့အိပ်တာ၊ သားအိပ်ပျော်သွားတော့ အင်္ဂလိပ်ပုံနဲ့ မိန်းမကြီးက သားခြေထောက်ဆွဲပြီး ထမိုင်းတော့ သားနိုးလာတာ၊ ညီလေးက အိပ်နေတယ်။ အဲ့ဒါနဲ့ - အောက်ဆင်းပြီး ရဲဘော်တွေနဲ့ စကားပြောဖို့ လုပ်တုန်း အဖေ ရောက်လာတာ၊ ဘယ်က အင်္ဂလိပ်မလဲ - အဖေ"

ဟု မေးသဖြင့် ကျွန်ုပ် မျက်လုံးပြူးသွားရ၏။ သားငယ်မှာ အအိပ်ကြီးသဖြင့် ခုတင်အောက်သို့ ဆွဲချထားဟန်ရှိ၏။ ကျွန်ုပ်လည်း -

"သား အိပ်မက်မက်တာ ဖြစ်မှာပါ၊ ဒီအခန်းက လေ့ခါးထိပ်ဆိုတော့ အိပ်မကောင်းဘူးကွ၊ အဖေတို့ ဟိုဘက်အလယ်ခန်း ရွှေ့မယ်"

ဟု ကျွန်ုပ် ပြောလိုက်ရ၏။ နေ့လယ်ပိုင်းတွင် ကျွန်ုပ်သည် စစ်သည်များနှင့်အတူ ကျွန်ုပ်၏ ကိုယ်ပိုင်ပစ္စည်းအနည်းငယ်နှင့် ခုတင်နှစ်လုံးအား ရွှေ့ပြောင်းနေလိုက်ရတော့၏။ ယင်းနောက်ပိုင်းလည်း ၎င်းအခန်းအား အမြဲတမ်းသော့ခတ်ထားပြီး ကျွန်ုပ်နေစဉ်ကာလတစ်လျှောက် ဘယ်သူမှ မနေတော့ပေ။

ကျွန်ုပ်သည် အသက်အရွယ်၊ အတွေ့အကြုံအရ ဝိညာဉ်လောကသားများအား နားလည်သဘောပေါက်ပြီး မကြောက်မရွံ့သော်လည်း ကျွန်ုပ်၏ ရင်သွေးများမှာ ငယ်ရွယ်ပြီး အကြောက်အလန့်များ မဖြစ်စေလို၍ ကျွန်ုပ် အခန်းပြောင်း နေထိုင်ခဲ့ရ၏။ ယခုအချိန်ကာလတွင်မူ ကျွတ်လွတ်လောက်ပြီထင်၏။ သို့ရာတွင် ကျွန်ုပ်တစ်သက်တွင် ကာလကြာရှည်စွာ မကျွတ်လွတ်ဘဲနေသော ဤအင်္ဂလိပ်သူ ဝိညာဉ်ကြီးအား ယနေ့ရှိန်ထိ မမေ့နိုင်တော့ပေ။

သန်လျင်လှဝင်း (ဩချစ်ညို)

www.burmeseclassic.com

www.burmeseclassic.com




## တစ်ပွဲပြန်စံမြ နှင့် ဆံပင်ပွား

### မင်းတိုင်ပင် (မြရောင်မြေ)

ကျွန်ုပ် ဘကြီးသည် ရန်ကုန်မြို့ဆိပ်ကမ်းသာလမ်း၌ နေပါတယ်။

ဘကြီးသည် အသားညိုညို၊ အရပ်ရှည်ရှည် လက်ပြင်ကိုင်းကိုင်းနှင့် ဘွဲ့ချိုမျက်မှန်ထူထူကြီးကို တပ်ထားပါတယ်။ သူ့ကိုကြည့်လျှင် အကျီ လက်ရှည်အဖြူ၊ လည်တိုနှင့် ပုဆိုးကွက်တုံး အနီ၊ အပြာအကွက်ကျဲကြီးကို အမြဲဆီးတတ်ပါတယ်။ အဝတ်အစားဝတ်ရာမှာ စမတ်အလွန်ကျပါတယ်၊ သူ၏ ဗိုဏကကို အုန်းဆီရွှဲအောင်လိမ်းပြီး ညာဘက်သို့ ခွဲထားကာ ကော့နေအောင် ဖီးထားတတ်ပါတယ်။ တစ်ခါတစ်ခါကျတော့ နိုင်ငံခြားစတိုင်မျိုး၊ ဘောင်းဘီရှည်၊ ကုတ်အကျီ၊ ရှူးဖိနပ်နှင့် ကက်ဦးထုပ်ကိုဆောင်းကာ တုတ်ကောက်နှင့် လမ်းလျှောက်လေ့ရှိပါတယ်။ ဘကြီးသည် အလွန်မှ စီးကရက်ကြိုက်သူ ဖြစ်တယ်။ သူ အမြဲတမ်းသောက်လေ့ရှိတဲ့ ငါးသုံးလုံး စီးကရက်ကို သံဘူးဖြူဖြူနှင့် မပြတ်ထည့်ကာ သောက်ပါတယ်။ သူ့ဘူးထဲမှာ မီးခြစ် အမြဲတမ်းပါပါတယ်။ ဘကြီးမှာ ဇနီး ဒေါ်ကြီးဒေါ်ငွေညွန့် ရှိပါတယ်။

www.burmeseclassic.com

သားသမီးကတော့ အကြီးမ မိန်းကလေးနှင့် အငယ်ယောက်ျားလေးပဲ မှတ်မိပါတယ်။ နာမည်တော့ မမှတ်မိတော့ပါ။

ဘကြီးနဲ့ စတွေ့တော့ ဘကြီးက အသက် (၆၀) ကျော်၊ ရွာကိုလာရင်း ဆွေမျိုးတွေနဲ့ အနည်းဆုံး (၆)လမှတစ်နှစ်အထိကြာတတ်သူ၊ လူချွေးချွေး ကြမ်းချွေးချွေး နေတတ်သူ ဖြစ်ပါတယ်။ ဘကြီးတို့က မျိုးရိုးလိုက်တယ်။ သူ့အဘိုး ဘိုးရွှေဥဆိုတာ ရာဇဝင်တွင်တဲ့ စကားရှိတဲ့သူ။ အဲဒါ - ကျွန်ုပ်တို့ အမေနဲ့ ဦးလေးတွေက "ဒီကောင်လေးတော့ အဘိုးရွှေဥ ဂျုတ်သီးစိမ်း ရူးသွားသလိုပဲ" လို့ ပြောတယ်။ ဟုတ်ပါတယ် - အစိပ္ပာယ်သိတော့မှ အဘိုးရွှေဥဟာ သူငယ်ချင်းနှစ်ယောက် ထမင်းထိုင်စားနေရင်း အမေ ကျွန်တော်တို့ နောက်ဖေးမှာ ဂျုတ်သီးစိမ်းသွားရှူဦးမယ်ဆို ပျောက်သွားတာ အဖေ၊ အမေတွေလည်း သေကုန်၊ နောက် သူ့အသက် (၇၃) နှစ်ကြာမှ ပြန်လာတော့ နောင်မြေးတွေ၊ မြစ်တွေက မသိတော့ဘူးတဲ့။ အဲဒါနဲ့ သုံးလလောက်ကြာတော့ သေသွားတယ်။ ဒီတော့ - ဘကြီးစံမြတို့ အဘိုးဆိုတာ ကြက်မှာ အရိုး၊ လူမှာ အမျိုးဆိုတာ ရှေးလူကြီးတွေ စကားက ဘယ်လွှဲပါလိမ့်မလဲ။

ဘကြီးတို့က (၃၈)လမ်း ဈေး၊ ယခင်ဈေးဟောင်းမှာ ကုန်စုံဆိုင်ရောင်းတယ်၊ ဘကြီးဇနီးက နေ့စဉ် ရောင်းတယ်။ ဘကြီးကတော့ ကွမ်းယာနဲ့ ဆေးလိပ်ဆိုင်ဖွင့်တယ်။ ဘကြီးက တစ်ဈေးလုံးမှာ ဗိုလ်မထားဘူး။ ဒါကြောင့်လည်း သူ့ကို ပုလိပ်စံမြ၊ လူမိုက်စံမြ၊ စစ်သားကြီးစံမြ၊ တစ်ပွဲပြန်စံမြလို့ ခေါ်ကြတယ်။ ကျွန်ုပ် ရန်ကုန်၊ မင်္ဂလာဒုံမှာ သင်တန်းတက်တော့ စနေ၊ တနင်္ဂနွေ ပိတ်ရက်မှာ သူ့ဆီမှာ သွားအိပ်လေ့ရှိတယ်။ ဘကြီးက ကျွန်ုပ်ကို တူတစ်ယောက်ဆိုပေမယ့် အထူးချစ်သည်တစ်ယောက်လို ပြုစုလေ့ရှိပါတယ်။ ထမင်းကျွေးလို့ရှိရင် (၃၈)လမ်းဈေး ထမင်းဆိုင်မှာ စားလေ့ရှိတယ်။

"ဒီမှာ - တူမလေး၊ ရှိတဲ့ဟင်းခွက် အကုန်လုံးချပေး၊ ကြိုက်တာ စားမယ်၊ နောက်ပြီး အားလုံးရှင်းမယ်။ ကဲ - တူလေး မင်းကြိုက်သလိုစားတော့"

ဘကြီးက အဲဒီလို ထမင်းဟင်းစုံနဲ့ ချကျွေးလေ့ရှိတယ်။ ဘကြီးက မြို့ထဲ လျှောက် ဘုရားစုံဖူးလေ့ရှိတယ်။ ကျွန်ုပ်က သူ နောက်လျှောက်လိုက်ရင်း လမ်းဖြတ်ကူးရာမှာ ဂျွန်ဆွဲခံရဖူးတယ်။ ဘကြီးက ရဲကို လက်ပြန်ရိုက်ပြီး ကျွန်ုပ်တို့ တူဝရီးနှစ်ယောက် ထွက်ပြေးလို့ လွတ်ခဲ့ဖူးတယ်။

ဒေါ်ကြီး ငွေညွန့် ဈေးဆိုင်ကို ညဘက်သွားပြီး ဈေးသိမ်းလေ့ရှိတယ်။ ည (၉)နာရီလောက်မှ အိမ်ကိုပြန်ပြီးအိပ်ကြတယ်။ ထူးခြားတာက ဘကြီးကို တစ်ယောက်ထဲ အိပ်စေပါတယ်။ သူ အိပ်တဲ့အိပ်ရာ ပတ်လည်မှာ ခေါင်းအုံးတွေ၊ မွေ့ရာတွေ ပတ်လည်ဝိုင်းပြီးထားတာတွေ ပါတယ်။ ည (၁၀)နာရီ၊ (၁၁) နာရီလောက်ဆို ဘကြီး ခေါ်ခေါ်နှင့် ဟောက်သံကြားရပြီး သိပ်မကြာခင်မှာ -

"ဝိုး - ဒုတ်၊ အား - ဗုတ် - ဗုတ် - အင့်၊ အား - ဝိုး - ဝိုး" ထိုအသံကိုကြားနေရ၏။ ကျွန်ုပ် မီးဖွင့်ကြည့်လိုက်ရာ ဘကြီးစံမြ လက်ဝှေ့ထိုးနေခြင်းဖြစ်လို့ ဟာ ဘာဖြစ်နေတာလဲ။ စိတ်ထဲမှာ အတွေးနှင့် မီးပြန်ပိတ်တော့မှပင်။

"လူလေး - မင်းဘကြီးက လက်ဝှေ့ထိုးနေတာ၊ သူ့အနား ဘယ်သူမှ အိပ်လို့ မရဘူးကွဲ့"

"ဒေါ်ကြီး ညတိုင်းလား၊ ဒီလိုပဲ ထိုးတတ်သလား"

"အေး - သူ့အနားမှာ မအိပ်တာ အကောင်းဆုံးပဲ၊ ညတိုင်းလိုလိုပဲကွဲ့"

ဘကြီးစံမြ ထိုတစ်ညမှာ သူ၏ လက်ဝှေ့ထိုးခန်း ဇာတ်သိမ်းသွားပါလေတော့၏။

ဘကြီး စံမြရဲ့ထူးခြားချက်တွေက သိပ်များပါတယ်။ ဘကြီးက လူအရပ်ရှည်ပေမယ့် စိတ်ကတော့ အလွန်မြန်တယ်။ သန်လည်း သန်တယ်၊ လျင်လည်း လျင်တယ်၊ ဘကြီးက မျက်မှန်ထူထူကြီးနဲ့သာ၊ မျက်စေ့မှုန်မှုန်နဲ့ ကြည့်နေတာ၊ ဒါပေမဲ့ - မဟုတ်ရင်တော့ စံမြအကြောင်း သိမယ်လို့ ကြိမ်းဝါးတတ်တယ်။

တစ်နေ့မှာ ကျွန်ုပ် (၃၈)လမ်း ဒေါ်ကြီးငွေညွန့် ကုန်စုံဆိုင်မှာ ထိုင်နေစဉ် ဈေးဆိုတော့ ရောင်းသူဝယ်သူတွေက ကျွန်ုပ်တို့ တောမှာလိုမဟုတ်၊ မေးလိုက် ဝယ်လိုက်၊ ပျားပန်းခတ်ဖြစ်နေတာ၊ ကျွန်ုပ် တောသားဆိုတော့ မျက်စိတောင်နောက်၊ ခေါင်းတောင် မူးတယ်၊ အရောင်းအဝယ်တာလည်း





www.burmeseclassic.com

www.burmeseclassic.com

လက်မလည်အောင် ရောင်းရတယ်။ ဒေါ်ကြီး ပိုက်ဆံထည့်တဲ့ ခြင်းတောင်းထဲမှာဆို ပိုက်ဆံတွေ ပြည့်နေတာပဲ။ ဒေါ်ကြီးလည်း တစ်ယောက်တည်း ချိန်ခွင်ချိန်လိုက်၊ ပြည်တောင်းကိုင်လိုက်နှင့် လက်ကိုမရှရဘူးဖြစ်နေတော့ ကျွန်ုပ်က ကူပြီး ရောင်းပေးရတာပေါ့။ ဘကြီးရဲ့သားလေးက ကျောင်းတက်နေတယ်။ သမီးကြီးက သူ့ယောကျ်ားနဲ့နေတာဆိုတော့ သူတို့မှာ နှစ်ယောက်တည်းအလုပ်ဆိုတော့ ဘယ်နိုင်ပါ့မလဲ။ ဒါနဲ့ - အမျိုးသမီးတစ်ယောက် ဒေါ်ကြီးငွေညွန့်ရဲ့ပုဇွန်ခြောက်အကောင်ကြီးဗန်းထဲက ပုဇွန်ခြောက်ကို နှိုက်ပြီး ဒါ ဘယ်ဈေးလည်း မေးကာ လက်ထဲမှာ ဆုပ်သွားတယ်။ ဒေါ်ကြီးကတော့ ဈေးပြောလိုက်ပြီး ဈေးဆက်ရောင်းနေတယ်။ ဘကြီးက ဘယ်နေရာက ထွက်လာတယ် မပြောတတ်။

"သောက်ကမြင်းမ လူပါးဝတယ်၊ သုံးရက်ရှိပြီ ဝယ်တာလည်း မဟုတ်ဘဲနဲ့ လူကို စော်ကားတဲ့ဟာမ သေဟ၊ ဗုန်း - အင့် - အင့် - အား - အမလေးကယ်ပါဦး ဖြောင်း - ဖြောင်း - အမလေး - အား - အား - သေဟ၊ ငါ့ပုစွန်ခြောက် ပြန်ပေး" ဆိုကာ အမျိုးသမီးကို လမ်းမပေါ်ပက်လက်လှန်လဲပြီး ရင်ဝကို လက်သီးနှင့်ထိုး၊ ပါးကို ဘယ်ပြန်ညာပြန်ရိုက်၊ ရင်ဝကို ဖနောင့်နဲ့ပေါက်၊ ပါးစပ်ကို လက်နဲ့ဆွဲဖြဲပြီး ပုဇွန်ခြောက်ကို နှိုက်ယူနေတုန်း . . .

"ဟဲ့ - ကိုစံမြ - ကိုစံမြ၊ ရှင်လွန်မယ်၊ မလုပ်ပါနဲ့ သေကုန်တော့မှာပဲတော့"

"ဘကြီး - တော်ပါတော့ - တော်ပါဗျာ"

"တူလေး - ဒီကောင်မ နေ့တိုင်း ငါ့တို့ ပုဇွန်ခြောက်ကို နှိုက်စားတာ၊ သူ့လင်ဟာမှတ်လို့လား၊ မှတ်ထား - စံမြတဲ့၊ အဲဒါ လူတွေကို ဂရုမစိုက်ချင်ဦး၊ စံမြအကြောင်း ကောင်းကောင်း သိရမယ်"

"ကဲ - ကိုစံမြ၊ ကိုစံမြ ရှင် အိမ်ပြန်တော့၊ ဒါမှမဟုတ် ခရီးသွားချင်သွား၊ ရော့ - ဒီမှာ ပိုက်ဆံလိုသလောက် နှိုက်သွားပါရှင်၊ သွားပါတော့ - ရှိကြီးခိုးပါရဲ့"

"မငွေညွန့် - မင်းက ငါ့ကို ခရီးထွက်ခိုင်းရင် မင်း စကားနဲ့ မင်းနော်"



"အေးပါရှင်ရယ် - အေးပါ"

"ကောင်းပြီ - ကောင်းပြီ၊ ဟဲ - ဟဲ - ဟဲ - ဟဲ"

ဘကြီး ဒေါ်ကြီး ငွေခြင်းထဲမှ ပိုက်ဆံကို နှိုက် အိတ်ထဲထည့်ကာ ရယ်ကျဲကျဲနှင့်ပြောနေတယ်။ ဒေါ်ကြီးက သူ့ယောကျ်ားအကြောင်း ကောင်းသိ အစဉ်းသိဆိုတော့ ဘာမှ ရှေ့ဆက်မပြောတော့၊ မကြာခင် ဈေးခေါင်းနှင့်အဖွဲ့ရောက်လာတယ်။ ဟိုကြည့် ဒီကြည့်နှင့် အရိုက်ခံရသော အမျိုးသမီးလည်း ပါလာတယ်၊ လူအပ်ကြီးများ လာတော့၏။

"ဦးလေး - စံမြနဲ့ ဖြစ်တာပဲ၊ နင်က သူ့ဆိုင်မှာ သွားပြီးရန်စတာကို နင်ခံနေတော့"

"ဟုတ်တယ်၊ ဈေးခေါင်းကြီးရေ - ဒီကောင်မက ပုဇွန်ခြောက်ကို သုံးရက်ဆိတ်တိ နှိုက်စားပြီးတော့ဗျာ၊ လက်တစ်ဆုပ် ဆုပ်သွားသေးတယ်ဗျ၊ ကျုပ်က ဘယ်လက်နဲ့ ရိုက်မိလို့ ဆုံးမတာ ညာလက်နဲ့ဆိုရင် သင်းကိစ္စပြတ်တယ်ဗျာ"

"ဟုတ်ကဲ့ပါ - ခင်ဗျာ၊ ကဲ - သွားတော့၊ နင် - ကျေနပ်တော့"

"ကဲ - ဈေးခေါင်းကြီးအီး ကျွန်မ တောင်းပန်ပါတယ်ရှင်"

"အမေညွန့် မတောင်းပန်ပါနဲ့၊ ကျွန်တော် သိပြီးသားပါဗျာ၊ သွားဦးမယ်"

"ဟုတ်ကဲ့ - ဟုတ်ကဲ့"

"လာတူလေး၊ မြို့ထဲ လျှောက်လည်ကြစို့၊ ဟေ - ဟေ - ဟေ - ဟေ"

ကျွန်ုပ်နှင့် ဘကြီး အောက်ဘလောက်ဘက်ဆင်း လမ်းလျှောက်လာတယ်။ ဘကြီးက ကမ်းနားဘက်သို့ သွားမည်ဆိုကာ ဆူးလေဆိပ်ကမ်းဘက်ဆက် လျှောက်ရင်း ဟိုယခင်က နိုင်ငံခြား သင်္ဘောကြီးများကို အနီးကပ်သွားကြည့်ကြတယ်၊ ဘကြီးက လက်ညှိုးထိုးပြီး သူ သိသမျှတော့ ရှင်းပြ၏။ ဘကြီး မောသွားသည်ထင်တယ်။ ဆိပ်ကမ်းအနီး ပန်းခြံလေးတစ်ခု အရိပ်ကောင်းကောင်းနေရာ၌ ထိုင်ခုံလေးပေါ်ဝယ် ငါးသုံးလုံး စီးကရက်ကို မီးညှိဖွာရှိုက်နေစဉ် ကျွန်ုပ်က ဘကြီးကို စကားစမေးမိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘကြီး - ဘကြီး - ငယ်ငယ်တုန်းက လက်ဝှေ့ထိုးသလား"

"ဟင်း - ဟင်း - ရှူး - ရှူး၊ အေး - ဘကြီးက လက်ဝှေ့သမားပဲကွ"

"ဘာဖြစ်လို့ နာနာကျင်ကျင် လက်ဝှေ့ထိုးချင်တာလဲ၊ ဘကြီးပြောပြပါလား"

"ဒီလိုကွ - မင်းလည်း နောက်လာနောက်သားတွေ သိအောင်ဘကြီးပြောပြချင်တာနဲ့ အတော်ပဲကွ၊ ငါတို့အဘိုး - ဘိုးရွှေဥက ပုသိမ်တစ်ဖက်ကမ်း ရွှေဝက်လူး ဘုရားနားမှာနေတယ်၊ သင်္ဘောကြီးဂိုက်းမှာ အလုပ်လုပ်ရင်းနဲ့ ဂိုက်းခေါင်းဆောင် ဖြစ်တယ်တဲ့ကွ၊ ဒါနဲ့ - ငါတို့ အဘွားနဲ့ အိမ်ထောင်ကျပြီး ငါတို့အဖေဖြစ်တဲ့ ဘိုးရွှေနနဲ့ မင်းတို့အဘိုးရဲ့အဖေ မိသားစုတွေကို မွေးတယ်တဲ့ကွ၊ တချို့ ငါလည်း မမှတ်မိတော့ဘူး၊ နောက်တော့ ငါတို့အဖေ ဘိုးရွှေနက ရွှေဝက်လူး သူ ငါတို့အမေ၊ ဒေါ်ကျွေးဥနဲ့ အကြောင်းပါ၊ ငါတို့ ညီအစ်ကို နှစ်ယောက် မွေးတယ်ကွ၊ ငါ့ထက်အငယ်က နိုင်ငံခြား သင်္ဘောသား ဖြစ်သွားတယ်၊ ဒီတုန်းက ငါတို့ အင်္ဂလိပ်ခေတ်နဲ့ ဂျပန်ခေတ်ပေါ့ကွာ၊ ငါလည်းအရွယ်ရောက်တော့ မြန်မာတပ်မတော်ထဲ ဝင်တယ်ကွ၊ ငါပုသိမ်က နေဝင် တာ ငါတပ်ထဲနေရင်း ဂျပန်ပေတွေကို ဘယ်လိုနှိပ်စက်ရပါ့မလဲလို့ စဉ်းစားတာ နေ့တိုင်းပဲ၊ ဒါနဲ့ကွာ ငါ့ကို လက်ဝှေ့ထိုးမလားလို့ စစ်ဗိုလ်က မေးတော့ ငါ ထိုးချင်တာနဲ့ အတော်ပဲဆိုပြီး ငါ စာရင်းပေးလိုက်တယ်"

ဘကြီးစံမြ စီးကရက်မီးခိုးငွေ့များ လှိုင်လှိုင်မှုတ်ထုတ်ရင်း သက်ပြင်းအကြိမ်ကြိမ်ချ ကောင်းကင်ကို မော့ကြည့်လိုက်၊ ဆူးလေစေတီတော်ကို ကြည့်လိုက်နှင့် သူ၏ ညိုမည်းသော အသားသည် ပို၍ပင် မည်းလာသလား ထင်ရတယ်၊ လက်သီးကို ကျစ်ကျစ်ဆုပ်ကာ အဆီပြန်နေသော မျက်နှာကို လက်ကိုင်ပဝါနှင့် ဘယ်ဘက်လက်နှင့်သုတ်ရင်းက ဗိုး - ဝူး - ဗိုးနှင့် လေမှုတ်ထုတ်လိုက်တော့တယ်၊ သူဆုတ်ထားသော လက်သည် ညာလက်ဖြစ်ပြီး လက်ကောက်ဝတ်တွင် ဆေးနီပတ်လည် ထိုးထားတယ်၊

"ဒီလိုကွ - ငါ ဂျပန်ကင်ပေတိုင်တစ်ယောက်နဲ့ လမ်းမှာ ဆုံရင်း ငါ့ကို စစ်တပ်ကမှန်းသိသွားတော့ ဖမ်းမိန့်ပေးတယ်၊ ငါကလည်း အရက်မူးနေတာပေါ့ကွာ၊ ဂျပန်က ငါ့ကို ပါးရိုက်တယ်"



"ဖျန်း - ဖျန်း - အား - အာ - ဘီဂုမာ - ဘီဂုမာ - ခုယာ - ခုယာ"

"အား - အာ"

"ကဲဟာ - ဒုတ် - ဖျန်း - ဗုန်း - အင့် - အင့်"

"ငါ စိတ်ရှိလက်ရှိ ထိုးလိုက်တာ ဂျပန်လမ်းပေါ်မှာ မှောက်နေတယ်ကွ၊ သူ့စစ်သားတွေ လာပြီးတော့ ကြည့်တော့ ပါးစပ်ထဲက သွေးအန်ပြီးတော့ ဂျပန် အသက်ထွက်သွားရော"

"ဘကြီးကို အသေပစ်သတ်မှဖြင့် ဒုက္ခပဲ"

"ဘယ်နေမလဲကွာ၊ လိုက်ပစ်တာပေါ့၊ ငါလည်း ခြေဦးတည့်ရာ ပြေး၊ သူတို့က နောက်ကပစ်"

"မသိဘူးကွာ - ဘကြီးရဲ့"

"အေးကွ - တစ်ချက်မှကို မထိဘူး၊ နောက်တော့ ငါလည်း တောထဲရောက် သူတို့ ဆက်မလိုက်တော့ဘူး"

"ဘကြီး တပ်ကို ပြန်ရောက်သေးလား"

"ကိုယ့်တပ် ပြန်သီတင်းပို့ဖြစ်ကြောင်းကုန်စင်ပြောပြတော့ တို့ဗိုလ်ကြီးတာ ရဲဘော်စံမြ မင်း မသိချင်ယောင်ဆောင်နေပါလို့ အမိန့်ရှိတယ်၊ သူတို့လည်း ဘယ်မှတ်မိပါ့မလဲကွာ"

"ဘကြီး လက်ဝှေ့ထိုးတဲ့ အကြောင်းက"

"အေးကွ - အဲဒါ ငါ လက်ဝှေ့သင်တန်းတက်၊ နောက်ပညာတွေ ရင့်လာတော့ ငါပြိုင်ပွဲဝင်၊ နာမည်ကြီးတွေနဲ့ တိုးရတာကွ၊ လက်ဝှေ့လည်း ထိုးကြပြီ၊ ခေတ်ကတော့ ဂျပန်ခေတ်ပဲ ရှိသေးတယ်၊ လွတ်လပ်ရေးတောင် မရသေးဘူး၊ ငါ လက်ဝှေ့လည်း ထိုးပေါ့ကွာ၊ ပွဲတွေမှာ တော်တော်များများ နိုင်ခဲ့ပြီးပြီကွ"

"ဘကြီးက လက်ဝှေ့ပါ ထိုးတာလား နှစ်မျိုးစလုံးပေါ့"

"မြန်မာ လက်ဝှေ့လည်း ငါထိုးတယ်၊ တို့ငယ်ငယ်တုန်းကတော့ ထိုးကွင်း မင်ကြောင်နဲ့ဆိုတော့ မြန်မာဆိုတာကွာ သျှောင်ထုံးနဲ့ထိုးကွင်း ခြေလုံးဝတ်တာတောင် ကျက်သရေရှိတာ၊ သိပ်ကြည့်ကောင်းတာလား၊ အား - ထိုး

www.burmeseclassic.com

တွင်းလည်း ပျောက်ပြီကွ။ နောက်လူတွေ ဘယ်ရှိတော့မလဲကွာ။ ငါတို့တုန်းက ထိုးကွင်းထိုးမှ မိန်းမတွေက ယောကျ်ားလို့သတ်မှတ်တာ၊ သျှောင်ထုံးလည်းထားမှကွ။ စစ်တပ်မှာတော့ ဘယ်ရှိလိမ့်မတုံး၊ ငါတို့အဖေ ပြောတာ ကွမ်းသီးပါးစပ်ထဲ ကိုက်ပြီးအထိုးခံရတာတဲ့၊ နာလိုက်တာမှ ကွမ်းသီးကို ကိုက်တာ ထက်ခြမ်းကွဲသွားတာ၊ တချို့တွက်ပြေးလို့ တစ်ကွင်းပဲရှိတဲ့သူ ပေါင်တစ်ဖက်ပဲ ထိုးတဲ့သူဆိုတော့ ပေါင်ကြောဖြူလို့ခေါ်တယ်ကွ၊ မင်း ပြောရဦးမယ်၊ တို့ခေတ်က တုတ်ပြီးခားပြီး၊ တစ်ပွဲပြန်၊ ထုံးမန်း၊ ကွမ်းရွက်မန်း၊ သပြေရွက်မန်းဆိုတာ သိပ်ခေတ်စားတယ်ကွ"

"ဘကြီးကော တစ်ပွဲပြန်ထိုးဆေးလား"

"တူလေးကလည်း သူ့ခေတ်နဲ့သူဆိုတော့ ထိုးရတာပေါ့ကွာ၊ တို့ဘက်မှာက တောင်ညိုတောင်ဘက်က ဆရာလင်းဆိုတာ တစ်ပွဲပြန်ဆရာကြီး၊ မင်း နုတ်ကွာ၊ ရိုက်ကွာ၊ ပြတ်တယ်၊ ကွဲတယ်ဆိုတာ မရှိစေရဘူး၊ ရဲရဲတာ ဝန်ယူတယ်၊ ဘာလို့လဲဆိုတော့ တို့က လက်နက်ဆန်းတွေ၊ ခေတ်မီလက်နက်မရှိတော့ ဝိဇ္ဇာနည်းနဲ့ ခုခံကာကွယ်တာကွ၊ ကိုယ်ပျောက်၊ ကျည်လွှဲဆိုတာလည်း ရှိသေးတယ်၊ ဒီတော့ - သူ့ထက်ငါ ဆရာရှာကောင်းတဲ့ ဆေးရှာပြီး ပိုက်ဆံပေးထိုးကြတာဗျ၊ မင်း မှတ်ထား"

"ဘကြီး - တစ်ပွဲပြန်အကြောင်း စိတ်ဝင်စားတယ် ပြောပြပါဦး"

"တစ်ပွဲပြန် သတင်း ကျော်ကြားတာက တို့ဟောဒီ ပုသိမ်တစ်ဝိုက်မှာဆိုရင် ရွှေရင်မျှော် ဆရာတော်ကြီး ဦးဇာဂရ၊ ခု - ဘုရားကြီးမှာ ရုပ်အလောင်းရှိတယ်ထင်တယ်၊ နောက်ပြီးတော့ - ဝက်ရုပ်ဆိုတာ ရေကြည်မြို့နားမှာ ဦးလေပြေဆိုတာ ရှိတယ်ကွ၊ စစ်ပြေးခုကွသည် မှန်သမျှ အဲဒီဆရာတော်နှစ်ပါးက ဆေးပေါက်ဆေးထိုးပြီး၊ တစ်ပွဲပြန်လုပ်ပေးတာ၊ အားလုံး ခိုလှုံခဲ့ရတာကွ၊ ငါလည်း တစ်ပွဲပြန်ဆေးထိုးထားတယ်၊ စိတ်ထလို့ ကိုယ်ကို အားညှစ်လိုက်လို့ကတော့ မင်း ကြိုက်ရာလုပ်တော့၊ တို့တစ်ပွဲပြန်က အမြဲတမ်းဆေးကွ၊ တချို့ကတော့ ခုပွဲတစ်ပွဲကို သွားမှ ထိုးရတာ၊ ပွဲပြန်လာရင် ဆေးပြယ်တယ် မဟုတ်လား၊ ပေါ့ပေါ့တော့ မဟုတ်ဘူး ငါ့တူရေ"



"ဘကြီး တစ်ပွဲပြန်ဆေးထိုးတော့ ပွဲပြင်ရသေးလား"

"ဟော့ - ဟော့ - မင်းကလည်း ပွဲပြန်ပါဆိုမှ ပွဲပြင်ရတာပေါ့၊ အဲဒါလည်း တို့ကိုယ်ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ရတာကွ၊ မင်း ခန္ဓာကိုယ်မှာ စောင့်ရှောက်တဲ့ တစ်ကျိပ်နှစ်ပါးသော ကိုယ်စောင့်နတ်တွေ ရှိတယ်နော်၊ သံချပ်ကာ ကာထားတယ်၊ ကြိုးတွေ ချည်ထားတယ်၊ သူများ ခုတ်လို့ မပြတ်ဘူး၊ မကွဲဘူးဆိုတာကို တစ်ပွဲပြန်ပေါ့၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတွေလည်း စောင့်ရှောက်တယ်ကွ၊ အစိမ်းတိုက်တော့ မဟုတ်ပါဘူးကွာ၊ တချို့က သရဲလိုလို၊ တစ္ဆေလိုလို စောင့်ရှောက်လို့ ထင်ကြတာ၊ ဘယ်ဟုတ်ရမလဲကွ၊ အထက်ပုဂ္ဂိုလ်တွေ စောင့်ရှောက်တာတဲ့ကွ"

"ဘကြီး - ဒါဆို တန်ခိုးဣဒ္ဓိပါတ် ရှိလို့ပေါ့နော်"

"ဖြစ်နိုင်ပါတယ်ကွာ၊ တချို့ဆို ဂုဏ်တော်ကို အာရုံပြုပြီးတော့ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်၊ မန္တန်ကိုရွတ်ပြီး အန္တရာယ်က လွတ်မြောက်တာလည်း ရှိတယ်ကွာ၊ သရဏဂုံကို အမြဲရွတ်လို့ သေဘေးကလွတ်တဲ့ လူတွေလည်း တွေ့ဖူးတယ်၊ သူခိုး ခိုးမခံရတာ၊ မားပြတိုက်၊ ပြန်ပေးဆွဲဘေးမှ လွတ်တဲ့လူတွေလည်း တွေ့ရဲ့ကွ"

"မှန်ပါတယ် - ဘကြီး၊ သမ္ဗုဒ္ဓေရွတ်တဲ့ အဘွားကြီး ဓားပြရန်က လွတ်သွားတယ်၊ နောက်တော့ - အဘွားကြီးကို လာတောင်းပန်ပြီးမေးတော့ သမ္ဗုဒ္ဓေ နေ့တိုင်းမပြတ် ရွတ်တယ်ဆိုတာသိတော့ အစောင့်အရှောက်ရှိတဲ့ ဂါထာလို့ဆိုတယ် ဘကြီးရဲ့"

"အေး - အဲဒါ တွင်းလျှောင်၊ ကပ်ဖိ၊ အချုပ်ထောင်မှ ကင်းဝေးလွတ်မြောက်တယ်ကွ၊ နောက်ပြီး - စုန်း၊ ကဝေတစ္ဆေ၊ အောက်လမ်း မိစ္ဆာတွေ အဖမ်းအဆီး အနှောက်အယှက်ကလည်း ကင်းဝေးစေတယ်ကွ၊ ဟို - မြင်းခြံဘက်က မောင်နီဆိုတာ လူသတ်မှုနဲ့ သေဒဏ်ကျတော့မယ့်ဆဲဆဲ ဘုရားစာ ဘာမှမရလို့ ဗုဒ္ဓေါဆို နေ့တိုင်းရွတ်တာတဲ့ နောက်တော့ အမှုမှန်ပေါ်ပြီးတော့ သေဒဏ်က လွတ်သွားတာ ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဘကြီး - ဒီတော့ တစ်ပွဲပြန်က ဆေးထိုးရင် ဂါထာမန္တန်တွေ ရွတ်ရသေးလား"

"အေးကွ - ဆရာက ပွဲတွေပြင်ပြီးတော့ ရေစင်ထည့်၊ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်း၊ ရာဇမတ်ကာ ငှက်ပျောပင်စိုက်၊ ကြံပင်စိုက်၊ သဲဖြူခင်းပြီး ဒီစည်းဝိုင်းထဲကို ဝင်ပြီးမှ သစ္စာပြု ကတိခံစေပြီး တစ်နည်းပြောရရင်တော့ ကျမ်းကျိန်တာပေါ့၊ အဲဒီလိုမှ ဆေးစထိုးပေးတာကွ"

"ဘကြီး - တစ်ပွဲပြန်ဆေးတွေမှာ နောက်ဘာဆေးတွေ ရှိသေးလဲ"

"အေးကွ - အာဋ္ဌဝက၊ ပုဏ္ဏက၊ စားခွက်နှိုက်၊ ကျားမနိုင် ဆိုတာတော့ ဘကြီးသိတယ်ကွ၊ တချို့ဆေးတွေလည်း ရှိဦးမှာပါ"

"ဘကြီး - ကျွန်တော့်တို့ အိမ်မှာ အလုပ်လုပ်တဲ့ ခေါင်းပေါင်းနဲ့ လူကို တွေ့တယ်နော်"

"အေး - ဘာဖြစ်လို့လဲကွ တူလေး"

"အဲဒါ သူက ဟို ဝါးခွဲတဲ့ ဓားမကြီးနဲ့ သူ့ ခြေသလုံးကို ခုတ်ပြတယ်၊ နောက်ပြီး ရဲတင်းနဲ့ ထုပြတယ်၊ အရာသာထင်တာ ဘကြီးရဲ့ မပြတ်ဘူးဗျ"

"ဟေ့ - ဟေ့ - တူလေး၊ အဲဒါလည်း တစ်ပွဲပြန်ပွဲကွ"

"ဘကြီး - သူ့ဓားမကြီးက ဟက်နေအောင် ပြတ်တာနော်၊ ရဲတင်းနဲ့ ထုတာများ ဂျောင် - ဂျောင်နဲ့ဗျာ၊ ကျွန်တော်တော့ အံ့ရောဗျာ"

"သူ့မှာ တစ်ပွဲပြန်စားရှိလို့ပေါ့ကွ၊ သူ့နာမည်က ဘယ်သူလဲကွ"

"ဦးလှညွှန့်ပါ - ဘကြီး"

"မင်း မှတ်ထားကွ၊ သူ့နာမည် တစ်ပွဲပြန်လှညွှန့်လို့ခေါ်လိုက်၊ ဟား - ဟား - ဟား"


ဘကြီး အားရပါးရ ရယ်လိုက်တယ်၊ စီးကရက်ကို မီးညှိကာ ရှူရှိုက်ပြီး မီးခိုးငွေ့တွေကို မှုတ်ထုတ်ပြီး မတ်တတ်ရပ်၍ လက်နှစ်ဖက်ဘေးဆန့်ကာ ခါးကို ဘယ်ညာ ချိုးလိုက်ပြန်တယ်၊ ထို့နောက် ထိုင်ခုံတွင် ပြန်ထိုင်ကာ ...

"တူလေး - ထမင်း စားကြမလား"

"ဘကြီး - မဆာသေးပါဘူး၊ ဆက်ပြောပါဦး"



နောက် ဒီကိစ္စကို ဂျပန်တွေက သိပ်မကျေနပ်ကြဘူး။ ဒါနဲ့ တပ်ပြောင်းမိန့်ကျလာတော့ ရန်ကုန်ကို ရောက်လာတယ်။ အဲဒီ တော့ကွာ ငို့ကို ဆေးရုံ မှာခေါ် ခေတ်မှန်ရိုက်ပြီး ဒီလက်ကို စစ်ဆေးတော့ ငို့မှာ လက်ဖျံရိုးတစ်ချောင်းထဲပဲ တွေ့ရတယ်တဲ့။ နောက်တော့ ငို့လက်ကို ပိတ်နှိပ်ပတ်၊ ဒီလက်နဲ့ လက်သီးမထိုးရဆို တားထားတယ်။ ခုဒီမှာ ရစ်ထားတာ ဆေးနှိပ်ပဲကွ။ ငို့လက် ထောင်ချခံထားရတယ်။



"မင်းက ဖွဲ့ကောင်းတာပဲဗျွ ဘကြီးက အဲဒီလိုမှ ကြိုက်တာ"

"ငါ - စစ်တပ်ထဲမှာ လက်ဝှေ့ထိုးတာကို အထက်လူကြီးတွေက ပွဲတိုင်းနိုင်ဆိုတော့ ဘောက်ဆင်စံမြလို့ ခေါ်ကြတယ်ကွ၊ ဒါနဲ့ - တစ်ရှို တစ်မောင်းတောင်း၊ ပွဲကောင်းတွေမှာ ငါလည်း ကြိုးစားပြီးထိုးတာကွ၊ အဲဒီ ပွဲမှာ ဂျပန်တွေတာ လောင်းကြေးနဲ့ ဆုကြေးတော်တော်များများနဲ့ ထိုးကြမှာ၊ ငါလည်း ဂျပန် ဆိုထဲက စိတ်ကကြွနေတယ်၊ ဒါနဲ့ ကြိုးဝိုင်းထဲရောက်တော့ စိန်ခေါ်တာ ပေါ့ကွာ၊ သူကလည်း ပွဲတိုင်းကျော်ပဲကွ၊ ငါလည်း တော်တော်ခံရတယ်"

"ဘကြီးက တော်တော် ကြိုးစားရမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ - ပရိသတ်တွေကလည်း လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ဆို တော့ ငါ့စိတ်ဓာတ်က တအားတက်ကြွနေတယ်။ မြန်မာကွ - စံမြဲပေါ့၊ မြန်မာ စံမြဲပေါ့ဆိုတာ မိုးလုံးဟိန်းပဲကွ။ တွေ့ကြသေးတာပေါ့ကွာလို့ စိတ်ထဲက အငြိုးအတေးက မြန်မာဆိုတဲ့ နာမည်ကို ဂုဏ်ယူချင်တယ်ကွ။ ဒီတော့ကွာ ရေကုန်ရေခန်းထိုးကြရမှာလား"

"ဘယ်နချီ ထိုးရလဲ - ဘကြီး"

"ငါးချီ ငါးရေ ထိုးရတာကွ"

"လူတွေလည်း ကြက်ကုသလို ကုရမှာပေါ့နော်"

"ကုတဲ့ဆရာတွေ၊ ဒိုင်တွေ ရှိတာပေါ့ကွာ၊ ဒဏ်ရာကို ကုပေးရတာလည်း ပထမအချီဆိုတော့ ဘယ်သိပ်မမောသေးဘူး၊ လူကလည်း အသက် (၂၀) ကျော်၊ အိမ်ထောင်မကျသေးဘူးကွ၊ ဒီတော့ - အားကလည်း စီးနေတယ်၊ သူ့မသေ၊ ကိုယ်သေ ထိုးရတာ ငါ သိပ်ပျော်တာကွ၊ ငါနဲ့ထိုးတဲ့လူက ငါ့ထက် တောင် ဗလတောင့်သေးတယ်"

"ဒုတိယချီရောက်တော့ ဘကြီးတို့ ဘယ်လိုဖြစ်သေးလဲ"

"ရော့ - ဒီမှာ တွေ့လားဒဏ်ရာ၊ ဒီပါးမှာ အဲဒါ အမှတ်ရတာပေါ့ကွာ၊ ငါ နာသွားတော့ သူလည်း အနိုင်ငါ့ကိုထိုးပြီး ငါလည်း မလူးသာ၊ မလိမ့်သာ ရှောင်ရင်း လဲကျသွားတယ်၊ ပေါကောင် (၂)မိနစ်လောက် နားပြီးတော့ ထော်တော်အဆင်ပြေလာတယ်၊ အားတင်းပြီး နောက်တတိယအချီပြန် အစ သူလှည့်ပြေးနေတယ်၊ ငါ ခြေထောက်ကို လှည့်ကန်လိုက်တော့ သူ တစ်ချက်ထိသွားပြီး ယိုင်အသွားမှာ ငါ ညာလက်နဲ့ ပင့်ထိုးလိုက်လိုက်ကာ ဗုန်း - အင့် - အား - အား - နှင့် ဝိုင်းထဲမှာ လဲသွားတာကွ"

"ဟာ - မထနိုင်တော့ဘူးလား ဘကြီး"

"ဒိုင် - အမှတ်စဉ်ခေါ်တော့ လုံးဝမထနိုင်တော့ဘူး"

"နောက်တော့ကော ဘာဖြစ်သေးလဲ"

"ဝိုင်းပြင်ထုတ်ကြည့်လိုက်တော့ အသက်ရှူရပ်သွားပြီ၊ သူ သေပြီတဲ့"

"ဘကြီးလက်က ပြင်းထန်လှချေလား"



"အေး - ငါ ကိုယ့်ကိုယ်ကိုယ်တောင် မယုံဘူး၊ နောက် ဒီကိစ္စကို ဂျပန် တွေက သိပ်မကျေနပ်ကြဘူး၊ ဒါနဲ့ တပ်ပြောင်းမိန့်ကျလာတော့ ရန်ကုန်ကို ရောက်လာတယ်၊ အဲဒီတော့ကွာ ငါ့ကို ဆေးရုံမှာခေါ် ဓာတ်မှန်ရိုက်ပြီး ဒီလက်ကို စစ်ဆေးတော့ ငါ့မှာ လက်ဖျံရိုးတစ်ချောင်းထဲပဲ တွေ့ရတယ်တဲ့၊ နောက်တော့ ငါ့လက်ကို ပိတ်နှိပ်တယ်၊ ဒီလက်နဲ့ လက်သီးမထိုးရဆို တားထား တယ်၊ ခုဒီမှာ ရစ်ထားတာ ဆေးနီပဲကွ၊ ငါ လက်ထောင်ချခံထားရတယ်၊ နောက်တော့ လွတ်လပ်ရေးရပြီးတဲ့နောက်မှာ ဂျပန်တွေပြေးရပြီ၊ တို့ စစ် တပ်က အနောက်ရိုးမဘက်လိုက်ပြီး အပြတ်ဆော်လိုက်တာကွ၊ ပြေးသမျှ ချာန် နည်းနည်းပဲ ကျန်တော့တာ၊ နောက်တော့ - ငါတို့ ပုလိပ်ဘက်ပြောင်း ပေးတော့ ဆာဂျင်တဲ့ကွ၊ မင်း ဒေါ်ကြီးနဲ့ အိမ်ထောင်ပြု ပဲခူးဘက်မှာနေ၊ အဲဒါနဲ့ ရန်ကုန်ပြန်ရောက်၊ ပုလိပ်ကနေ အဲဒီ လက်သီးထိုးမှုနဲ့ တရားခံတွေ နှိပ်စက်တယ်၊ အို - တိုင်စာတွေရောက်၊ ငါ နောက်ဆုံး ထွက်လိုက်ရတယ်"

"ဘကြီး - နေလည်း ပူလာပြီ၊ ထမင်းသွားစားကြဦးစို့"

"အေး - မင်း သိချင်တာ နောင်မှ ငါ ဆက်ပြောမယ်၊ လာ - သွားစို့"

ဘကြီးနှင့်ကျွန်ုပ် ဆူးလေဘုရားအနီးမှ ထမင်းဆိုင်တစ်ခန်းသို့ဝင်ကာ ထမင်းစားကြတယ်၊ ဘကြီးက ကျွန်ုပ်ကို ဟင်းတွေ ခပ်ထည့်ပေးတယ်၊ ထို့နောက် ဘကြီးပြောသော စကားကို ကျွန်ုပ် နားထောင်ရင်း ထမင်းကို မြိန်ရေယှက်ရေ စားကြတော့တယ်၊

"တူလေး - မင်းလည်း လယ်သမား သားသမီးပဲ၊ ဒီတော့ နွားသား၊ ကျွဲ သား မစားပါနဲ့၊ အဲဒါစားရင် မင်း ကျေးဇူးရှင်အသား စားရသလိုပဲကွ"

"ဟုတ်ကဲ့ - ဘကြီး၊ ကျွန်တော် မစားပါဘူး ခင်ဗျာ"

"အေး - မစားပါနဲ့ကွာ၊ ရှောင်ပါ -"

"ဟုတ်ကဲ့ပါ - ဘကြီး"

ကျွန်ုပ်တို့ တူဝရီး ထိုမှတစ်ဆင့် ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော် ကြတယ်၊ ထိုအချိန်က မဟာဝိဇယစေတီတော်မြတ် မပွင့်ထွန်းသေးပါ၊ ထိုမှ တစ်ဆင့် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်တို့သို့ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ကုန်ထွက် ဘုရားဖူးရင်း လည်ခဲ့ကြတယ်။ ညမိုးချုပ်လျှင် အိမ်သို့ပြန်လာခဲ့ကြတယ်။

ညတစ်ညသ္ဘ ဘကြီးတို့ တိုက်ခန်းတွင် လူစုံကြတယ်။ သူ၏ သမီးနှင့် အမျိုးသားလည်း ရောက်လာကြလို့ မိတ်ဆက်ပေးပြီး လက်ဖက်သုပ်နှင့် ရေနွေးကြမ်း၊ မြေပဲယို၊ ဆီးယိုတို့ကို စားကြရင်း စကားပြောနေကြတယ်။

"တူလေး - နင့်ဘကြီးကတော့ ဒီတစ်ဈေးလုံး ဈေးခေါင်းတောင်လန့်တယ်။ ဖြစ်လိုက်ရင် စံမြပဲကွ၊ ဟိုမှာ ဆေးလိပ်ဆိုင်လည်း အပိတ်ခံရတယ်။ အဲဒါ - သူနဲ့ စကားများရင်း ပိတ်လိုက်တာ"

"ဟုတ်ပါတယ် - မငွေညွှန့်ရယ်၊ မင်းက ငါ့အလွန် ပြောတယ်။ အဲဒီကောင်တို့ကလည်း ငါမမှီလိုက်လို့၊ နို့မို့လို့က ငါ့ညာလက်နဲ့ တွေ့ရင် အသေပဲမှတ်ထား"

"ရှင်ကလည်း စိတ်ကိုလျှော့ပါတော့၊ ရှင် - ဘုရား တရား အလုပ်သာ လုပ်ပါတော့ရှင်"

"အေးပါဗျာ - ဒီနှစ် ငါ သက်န်းတော်ဆီးတော့မှာ၊ ငါ့သားလေးလည်း ရှင်ပြုပေးရဦးမယ်ကွ"

"တူလေး - မင်းဘကြီးရဲ့အထုပ်ကိုကြည့်ပါဦး၊ အဲဒါ - အဲဒီတောင့်မှာ သူ အမြဲတမ်းထားတဲ့ အိပ်ရာလိပ်ကွဲ၊ သူ စိတ်မထင်လို့ကတော့ ဆိုင်က ဗိုက်ဆံယူ၊ လွယ်အိတ်တစ်လုံးနဲ့ အိပ်ရာလိပ်ယူ၊ ဘယ်သွားမယ်လို့ မပြောဘူး။ သူ စိတ်ထင်တဲ့ရွာ၊ မင်းတို့ရွာ၊ ကျောင်းကုန်းတို့၊ ရွှေလေ့၊ ပုသိမ်၊ တစ်ခါတလေ လပွတ္တာ၊ ပင်လယ်ဝိုင်းမှာ ပြန်ချင်မှ ပြန်တာကွဲ့"

"ဟုတ်ကဲ့ - ဒေါ်ကြီး၊ ကျွန်တော်တို့ဆီမှာလည်း ဘကြီး ကြာကြာနေပါတယ်"

"အေး - ဝှါ့မှာတော့ တစ်ယောက်ထဲ၊ ငါ့ကလေးကလည်း ငယ်သေးတော့ ကျောင်းတက်နေတော့ ဘာအကူအညီရမှာလဲ၊ သူကတော့ ဗြည့်သည်လိုပဲ နေတာ၊ ဒါတောင် စိတ်မထင်ရင် မိန်းမက ယူသေးတယ်"

"ဘကြီးက အသက်ပဲကြီးပြီပဲ"



"အေး - နင်မသိလို့ ဟိုရွှေလေ့မှာ သူ့သမီး ရှိတယ်"

"ဟုတ်ကဲ့ - မသိပါဘူး ခင်ဗျာ"

"မင်းတို့ ဘကြီးကတော့ စံမြဆိုလို့ စံပြဆိုရင်တော့ ဒုက္ခပဲကွဲ့"

ဘကြီး ဘာတစ်ခွန်းမှ မပြောတော့၊ အိပ်ရာထဲဝင်ကာ ဟောက်သံပင်ကြားနေရပြီ၊ အိပ်မက်ထဲမှာ လက်ဝှေ့နဲ့ လက်ဝှေ့ပွဲ ကျင်းပတော့မယ်၊ ယနေ့တော့ မောမောနှင့် တခေါခေါ ဟောက်နေပါတော့တယ်။

"တူလေး - မင်း ဘုရားကျောင်းဆောင်မှာ ဖန်ပုလင်းဖြူဖြူလေး တွေ့လား၊ ထယူကြည့်စမ်း"

"ဟုတ်ကဲ့ - ဒေါ်ကြီး"

ကျွန်ုပ် ဒေါ်ကြီးပြောတဲ့ ပုလင်းလေးကို ယူလိုက်ပြီး ကြည့်လိုက်တော့ ရေခွက်စိတ်ထဲမှာ ပင်လယ်ကျောက်စက်များလို အဆင့်ဆင့်ပွားနေသည်ကို မြင်ရတယ်၊ သို့သော် - ဖွေးဥနေသည့် ဆံပင်အရွယ်မျှသာ ဖြစ်တယ်။

"တွေ့လား - သေသေချာချာ ကြည့်စမ်းကွဲ့"

"ဟုတ်ကဲ့ - ခင်ဗျ"

"ဒေါ်ကြီး - ပြောပြမယ်၊ အဲဒါက ဆံတော်ပွားလို့ ခေါ်တယ်၊ ရဟန္တာ ဆံတော်လို့လည်း ပြောတယ်၊ နင့်ဘကြီးက ငါ့ကို သိပ်မကြိုက်ဘူး၊ ဘာမသိညာမသိ ကိုးကွယ်ထားရမလားလို့ ကျိန်းတယ်"

"ဒေါ်ကြီးက ဘယ်ကရတာလဲ"

"အေး - ဒီဆံပင်မရခင် ဒေါ်ကြီး အိပ်မက်ထူးတွေ မကြာခဏ မက်တယ်၊ ဒီလိုကွဲ့"

ဒေါ်ကြီးက သူ၏ အိပ်မက်ထူးအကြောင်းကို ကျွန်ုပ်အား ဖြစ်ကြောင်းကုန်စင် ပြန်လည်ပြောပြရပါတော့တယ်၊

"အစိန္တေယျ - အစိန္တေယျ - အစိန္တေယျ - အပ္ပမေယျ - အပ္ပမေယျ - အပ္ပမေယျ - ရှိခိုးပါ၏ အရှင်ဘုရား စသည့် ဘုရားပင့်၊ ဆုတောင်းမေတ္တာပို့ အမျှဝေသံသည် နံနက် (၆) နာရီတွင် အမြဲတမ်း ဝတ်မပျက် ရှိခိုးနေသူက ဒေါ်ကြီး ဒေါ်ငွေညွှန့်၊ သူ၏ဘုရားကျောင်းသည် အလွန်သပ်ရပ်တင့်တယ်လှ မိန်းဆီမီး၊

www.burmeseclassic.com

ရေချမ်း၊ ဆွမ်းမပျက်စေရ၊ ဆီမီး၊ အလင်းတိုင်၊ အမွှေးတိုင်တို့လည်း ထာဝရ မွှေးကြိုင်လင်းထိန်နေပါတယ်။ သူ၏ဈေးဆိုင်တွင်လည်း ဘုရားရုပ်ပွားတော်နှင့် ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူပြီးမှ ဆိုင်ဖွင့်လေ့ရှိပါတယ်။ ဒေါ်ကြီးသည် ဘကြီးကဲ့သို့ နှုတ်လည်းမကြမ်း၊ လူလည်း မရမ်းကား၊ နူးညံ့သိမ်မွေ့သော အနေအထိုင်၊ အပြောအဆိုနှင့် နေထိုင်တတ်သူ၊ အိမ်ရှင်မကောင်း တစ်ယောက်ဖြစ်ပါတယ်။

ဒေါ်ကြီး အိပ်မက်ထူး မက်ပုံက ကောင်းကင်ယံတွင် မိုးသားတိမ်လိပ်တွေကြား တရိပ်ရိပ်ပြေးနေသည့်အလား မြတ်စွာဘုရားနှင့် ရဟန္တာများ စီတန်းကြွချီတော်မူနေသည်ကို ဖူးမြော်ရလို့ လက်အုပ်ချီမိုး ရှိခိုးကာ ဆုတောင်းလိုက်ပါတော့တယ်။

"ဘုရားတပည့်တော်မသည် ဖြစ်လေရာဘဝတိုင်းမှာ ဆင်းရဲနှင့် ဝေးကင်းပါလို၏၊ အရှင်ဘုရားတို့ သိမြင်သော သစ္စာလေးပါး တရားသိမြင်ပြီး ယောကျ်ားကောင်း စင်စစ်ကေန်ဖြစ်ရပါလို၏၊ ဘုရား၊ သာသနာ ပြုရပါလို၏ အရှင်ဘုရား"

"ဣဒံမေပုညံ အာသဝက္ခယံ ဝဟံတု"

ထိုသို့ ဆုပေးပြီး မြတ်စွာဘုရားနှင့် ရဟန္တာများ တိမ်လိပ်တွေကြား ပျောက်ကွယ်သွားပါတော့တယ်၊ ဒီလိုအိပ်မက်မျိုးကို တစ်ကြိမ်မက မက်ခဲ့ဖူးတယ်၊ ထူးခြားသော အိပ်မက်ဆိုတော့ ဒေါ်ကြီးက ဝမ်းသာကြည်နူးမိပါတယ်၊ ဘကြီးကတော့ ထုံးစံအတိုင်းပဲ၊ သွားလိုက်လာလိုက်နှင့်ပင် အချိန်ကုန်နေပါတော့တယ်။

တစ်နေ့ - နံနက် (၉)နာရီ ဒေါ်ကြီး၏ ဈေးဆိုင်ရှေ့၌ ဘုန်းကြီးတစ်ပါး ဆွမ်းခံရပ်တော်မူပါတယ်၊ ဒေါ်ကြီးက ငွေအကြွေ (၁၀)ကို သပိတ်ထဲကိုဒါန လောင်းလှူလိုက်ရာ "ဣဒံမေပုညံ အာသဝက္ခယံ ဝဟံတု" ဒီလိုပဲ ဆုပေးကာ ပထမနေ့တွင် ထွက်ခွာသွားပါတယ်၊ ဒုတိယနေ့တွင်လည်း ထိုဆရာတော်က ဆွမ်းရပ်ပြန်တယ်၊ ဒေါ်ကြီးက ငွေအကြွေ (၁၀)ကို ထပ်မံလောင်းလှူသည်၊ "ဣဒံမေပုညံ အာသဝက္ခယံ ဝဟံ ဟောတု" ဒုတိယနေ့တွင် ထိုဆု



ကိုပဲ ပေးပါတယ်၊ ဒေါ်ကြီး - ဘုန်းကြီး၏ ဥပဓိရုပ်ကို သေချာစွာဖူးမြော်ရာ အရပ်ပုပု၊ အသား ညိုညို၊ မျက်နှာလေးထောင့် စက္ကူကြာနေ့ချ၍ သပိတ်ကို ပိုက်ကာ ခြေစုံရပ်နေတယ်၊ ခေါင်းက ဆံပင်များဖြူနေသယောင် မြင်ရသော်လည်း ဆံပင် ရှည်တစ်ပင်မှ မရှိ၊ ပြောင်သလင်းခါနေတယ်၊ ထို့နောက် ဆက်လက်ပြီး ကြွသွားလေတော့တယ်။

တတိယနေ့တွင် ထိုသို့ ဆွမ်းလောင်းရာ ဆရာတော်မှ . . .

"ဒကာမကြီး ဆုတောင်းတဲ့ ဆုတောင်းပြည့်ပါပြီကွယ်"

"အမိန့်ရှိပါ ဘုရား"

"ဒကာမကြီး ယခုအသက် (၅၅) နှစ် ရှိပြီမဟုတ်လား"

"မှန်ပါတယ် - ဘုရား"

"အေး - အသက် (၆၀) ပြည့်ရင်တော့ ဒီဝတ်ကြောင်ကို စွန့်ခွာပြီး သာသနာ့ဘောင် ဝင်ရမယ်"

"မှန်ပါ - တပည့်တော်မ ဝင်မယ်လို့ စိတ်ကူးထားပြီးပါပြီ ဘုရား"

"ကေန်ဝင်မှ ဒီသံသရာက လွတ်မှာပဲ၊ ဒီတော့ ဒကာမကြီး (၅)နှစ် အချိန်အတွင်း လုပ်စရာရှိတာ၊ ဆောင်ရွက်စရာတွေ အားလုံးအပြီးစီစဉ်ပါ၊ ဘုန်းဘုန်းက သတိပေးပါတယ်"

"မှန်ပါ့ဘုရား - တပည့်တော်မ စီစဉ်ထားပါမယ်"

"ဝါသမီး သင့်အတွက် ဘုန်းကြီးက ချီးမြှင့်လိုက်မယ်၊ လက်ဝါးဖြန့်ထွဲ"

"မှန်ပါဘုရား"

ဒေါ်ကြီးက လက်ဝါးဖြန့်ပေးချိန် အာရုံပြုနေကာ ဆရာတော်က ခေါင်းကို သက်နှင့်သပ်ပြီး ဆံပင်သုံးပင်ကို ပေးတယ်တဲ့၊ နောက်တော့ - ဖန်ပုလင်းထဲ ထည့်ထားရင်း ပွားလာတာ၊ ယခုမြင်ရတဲ့အတိုင်း အစေ့ အခက်နှင့် ဆံပင်များ ဖွေးဥနေသည်ကို မြင်နေရပါတယ်။

"ကဲ - ဝါတူ၊ အဲဒါ ဒေါ်ကြီးကို ကိုးကွယ်ထားပါတယ်ကွယ်၊ အသက် (၆၀) ပြည့် ကတိပေးထားတဲ့အတိုင်း သီလရှင် (ဒါမှမဟုတ်) ယောဂီဝင်ရမှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါတယ် – ဒေါ်ကြီး"

"အေး – ခုဆို အားလုံးအဆင်ပြေပါတယ်၊ မင်း ဘကြီးကတော့ ဘယ်လိုမှ ပြောမရဘူး၊ တစ်ဖောက်ကန်းပဲကွဲ့၊ ထားပါတော့ကွယ်၊ ကဲ – မင်းလည်း အိပ်ချင်ရောပေါ့၊ အိပ်တော့ – အိပ်တော့"

"ဗိုး – ဒုတ် – အာ – ဂလောင်း – ဗုန်း – ဗုန်း – အင့် – လာလေ့ – အား"

ကျွန်ုပ် မင်္ဂလာဒုံသို့ ယခင်က ကားကို ကမ်းနားလမ်းမှစီး၍ ပြန်ရန် ဘကြီး ကိုယ်တိုင်လိုက်ပို့ခဲ့တယ်၊ သင်တန်းသို့ ပြန်ရောက်ပြီး နောက်တစ်ပတ်တွင် ကျွန်ုပ် စာမေးပွဲဖြေရန်အတွက် စာကျက်နေရလို့ မသွားဖြစ်ပါ၊ ထိုအချိန်က ယခုလို ဖုန်း လွယ်လွယ်ကူကူ ဆက်၍မရ၊ လမ်းပန်းဆက်သွယ်ရေးကလည်း မင်္ဂလာဒုံမှ ဝါယာလက် (၉)နံပါတ်ကားကို စီးရတယ်၊ မိုးချုပ်လျှင် ပြန်ရန်မလွယ်၊ စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်မရှိသေး၊ ထန်းပင်ကုန်းအနီး ကိုးလောင်းကွေ့ဆိုတာ ကားသမားတွေ သိပ်ကြောက်ကြတာ၊ ကား (၉)စီး၊ လူ (၉)ယောက်ဆိုရင် ကိုးလောင်းကွေ့ရောက်တာနဲ့ တစ်စီးတော့ မှောက်သေကျန်ခဲ့တာပဲ၊ နောက်တော့ – ကျောက်ခဲတင်ပြီး မောင်ကျောက်ခဲရယ်၊ လိုက်ခဲ့ပါလို့ ပြောတင်ရတယ်၊ အဲဒါလည်း ရှေးကတော့ တကယ်ဖြစ်တာ၊ ဒီတုန်းက မင်းမေ့ဆိုတာ တောင်ကုန်းသာရှိတာ၊ မင်းမေ့လမ်းလည်း မရှိသေး၊ တောကြီးမျက်မည်းပဲ၊ စော်ဘွားကြီးကုန်း ဖြတ်လမ်းလည်း မပေါက်သေးပါ၊

ကျွန်ုပ် နောက်တစ်ပတ် ဘကြီးတို့ တိုက်ရောက်တော့ ဘကြီးခရီးထွက်သွားပြီး သူ့အိပ်ရာလိပ်မတွေ့တော့ ဒီတုန်းက ကျွန်ုပ်တို့ ရောဝတီတိုင်းက ရေလမ်းပဲ အားထားရတာ၊ ရောဝတီသင်္ဘောတို့၊ ရတနာမယ်၊ သုဝဏ္ဏဒေဝီ၊ အာရှမယ်၊ စီးပွားရေး ဒီသင်္ဘောတွေသာ နေ့စဉ် ရန်ကုန်က ကျုံပျော်ကို ဆွဲတာ၊ ကျွန်ုပ်တို့က ကျောင်းကုန်းမြို့ကဆိုတော့ တွံတေး၊ မအူပင်၊ သုံးခွ၊ အိမ်မဲ၊ ကျောင်းကုန်းဆိုတဲ့ ခရီးစဉ်က ညနေ (၄)နာရီ စထွက်တောင်မှ မိုးလင်းမှ သုံးခွရောက် အိမ်မဲကို (၁၂)နာရီလောက်ရောက်၊ အိမ်မဲချောင်းရေဘာမှ ညနေ (၄)နာရီလောက် ကျောင်းကုန်းရောက်တာဆိုတော့ ဒီခရီး



တစ်ခုပဲ၊ အဲဒီတုန်းက သင်္ဘောခက (၉)ကျပ်၊ ရထားခလည်း အသုတ်ကနေ ရန်ကုန်ကို (၉)ကျပ်ပဲ ရှိတာ၊ အမြန်ဆုံးကတော့ ရထားပဲ၊ ဟင်္သာတ၊ သာရဝေါကနေ စီးရတာ ရန်ကုန်ကို ည (၇)နာရီ (၈)နာရီ ရောက်တယ်၊ ခုလို အိမ်ဦးနဲ့ ကြမ်းပြင်မဟုတ်ဘူး၊ သိပ်ခက်ခဲတာ၊ ရန်ကုန် မရောက်ဘူး၊ ရွှေတိဂုံစေတီတော်မြတ် မဖူးဘူးတဲ့ သူတွေ သေကုန်တာ မရေတွက်နိုင်ပဲ၊ ခုလည်း ဘကြီး ဘယ်ခရီးစဉ်ကို မြန်းပါလိမ့်၊

ကျွန်ုပ် သင်တန်းဆင်းပြီးလို့ ဘကြီးတို့ အိမ်ကို သွားနှုတ်ဆက်တော့ ပြန်မလာသေးဘူးတဲ့ ဒေါ်ကြီးကို ကန်တော့ပြီး ပြန်ခဲ့တော့တယ်၊ ဘကြီးက ရွှေလေ့မှာ ကောက်ရိပ်နေကြောင်း ကြားရပါတော့တယ်၊ သူ့သားကို ရှင်ပြုဖို့ သင်္ကန်းပရိက္ခရာတွေ ဝယ်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခွေးနဲ့စာနဲ့ ရှာနေတာတဲ့၊ ကျွန်ုပ်တို့ ရွာကို ဘကြီး ရောက်လာတယ်၊ အဲဒါ (၂)လလောက်မကြာသွားတယ်၊ ကျောင်းကုန်းမှာနေပြီး ပြန်သွားပြီတဲ့၊ သူ့သားလေးကို ရန်ကုန်မြို့က မြရာပင်ကျောင်းမှာ ရှင်ပြုပေးတယ်၊ သူကတော့ ရဟန်းမခံဘူး၊

ကျွန်ုပ် ရန်ကုန်လာတိုင်း ဘကြီးအိမ် ရောက်ဖြစ်အောင်လာတယ်၊ နောက် (၅)နှစ်အကြာ ဘကြီးတို့ ဆိုင်လည်း မရှိတော့၊ သွားမေးတော့ (၁၈)လမ်းဈေးက ဘကြီးနဲ့ ရင်းနှီးတဲ့ ဦးတင်လှက ကျွန်ုပ်ကို အလုပ်သမားဆေးရုံကြီးဘက်ကို လိုက်ပို့ပါတယ်၊ ဘကြီးတို့ အလုပ်သမား တန်းလျားမှာနေသည်ကို ဆင်းဆင်းရဲရဲ တွေ့ရတော့ ရင်ထဲမှာ ဆို့သွားတယ်၊ ကျွန်ုပ် မျက်ရေများပင်စီးကျလာတော့တယ်၊ ဘကြီးလည်း အိပ်ရာထဲတွင် နေမကောင်းဖြစ်နေတယ်၊ ဒေါ်ကြီးက ကျွန်ုပ်ကိုလည်း မမှတ်မိ၊ သူ့သားသမီးတွေလည်း မမှတ်မိတော့၊ မျက်လုံးကြီး ပြူးပြီးကြောင်ကြည့်နေတယ်၊

"ဘကြီး – ဒေါ်ကြီးက ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

"အေး – မင်း ဒေါ်ကြီးက အဟွတ် – အဟွတ် – အဟွတ် – ထွီ၊ အား – ခက – ခက်လေး ဆံပင်ပွားကိစ္စပဲကွဲ့၊ သူ ကတိခံထားတယ် (၆၀)ပြည့်ရင် သီလရှင် ယောဂီဝတ်ပြီး လူ့ဘောင်စွန့်ခွာပါ့မယ်တဲ့၊ အဲဒါ သူ အသက် (၆၀)



www.burmeseclassic.com

www.burmeseclassic.com

ပြည့်တဲ့နေ့မှာပဲ ဆိုင်ကို ထားပြီးတော့ ထွက်သွားလိုက်တာ၊ (၇)ရက်လောက် ပျောက်သွားတယ်။ ဘကြီးလည်း မရှိဘူးဆိုတော့ ဆိုင်က ပစ္စည်းတွေ ဟိုလူယူ၊ ဒီလူယူနဲ့ ကုန်ပါလေရော။ နောက်တော့ - သမီးကြီးတို့က ရန်ကုန်တစ်မြို့လုံး လိုက်ရှာတာ၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာဝန်းထဲမှာ ထိုင်နေတာတွေ့တော့ ပြန်ခေါ်လာတယ်၊ ဘာမှ သတိမရတော့ဘူး၊ ဆရာပေါင်းစုံကုလည်း မရဘူး။ ဒီတော့ - စိတ်ရောဂါဆေးရုံရောက်ပြီးပြီ။ မကောင်းတော့ဘူး - တူလေးရယ်။ ခုတော့ - ငါက ဟို (၃၃) လမ်းမှာ ကားညစောင့်လုပ်တယ်၊ ရာသီဥတုဒဏ်က အေးတော့ မကြာခဏ ဖျားတယ်၊ မင်း ညီလေးကတော့ ဒီဆေးရုံမှာ အလုပ်ဝင်လုပ်နေလို့ ခု ဒီမှာ နေခွင့်ရတာကွဲ့၊ အဟွတ် - အဟွတ် - အဟွတ် - ထွီ"

"ဘကြီးရယ် - စိတ်မကောင်းလိုက်တာ၊ ဖြစ်မှဖြစ်ရလေ၊ ကျွန်တော်တို့ဆွေတွေမျိုးတွေ ရှိပါသေးတယ် ဘကြီး ဘာအားငယ်မလဲ၊ ကျွန်တော်ပါတဲ့ ပိုက်ဆံယူပါ ကန်တော့ပါတယ်"

"အေးပါ - ငါ့တူရာ၊ ဆွေမျိုးတွေကို ဒုက္ခမပေးပါနဲ့ကွာ၊ ဘကြီးထိုက်နဲ့ ဘကြီးကံပဲ ရှိပါစေတော့၊ အဟွတ် - အဟွတ် - အီ - ထွီ - ဝေါ်"

"ကဲ - ဘကြီး၊ ကျွန်တော် မနက်ဖြန် ရွာပြန်မယ်၊ ဟိုရောက်မှ ကျွန်တော် စီစဉ်မယ်"

"မင်း - ဘကြီးတစ်ခု ပြောမယ်၊ ကတိသစ္စာ၊ တည်သောအခါ၊ ဩဇာ လေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်တယ်။ ကတိပြုပြီးရင် မဖျက်ရဘူး။ မင်းဒေါ်ကြီးက လွယ်လွယ်နဲ့ ကတိပေးလိုက်တာကိုး၊ ငါတို့ဘဝ ခုလို ဒုက္ခဆင်းရဲနဲ့ ကြုံတာပေါ့။ ဘကြီးတော့ သံဝေဂ ရပါပြီကွယ်။ မင်းတို့လည်း မင်းမှာသစ္စာ လူမှာ ကတိ၊ ဒါတော့ ယုံကြည်သတိထားနော်။ အေး - ငါ့တူ ကျန်းမာချမ်းသာပါစေကွယ်"

ဘကြီးနဲ့ ကျွန်တော် နောက်ဆုံးတွေ့ခြင်းပင် ဖြစ်တယ်၊ မကြာမီ ၁၉၈၈ - ခုနှစ် အရေးအခင်း ကာလကြီး မီးဟုန်းဟုန်းတောက်တော့တယ်၊ ဒီဖြစ်ရပ်ဆိုးကြီးကို ကမ္ဘာကပင် တုန်လှုပ်စေခဲ့တယ်၊ အရေးအခင်းပြီးတော့ ကျွန်ုပ် ရန်ကုန်ရောက်ခဲ့တယ်။ ဘကြီးတို့နေတဲ့ တန်းလျားပြေးကြည့်တော့ အားလုံးပျက်စီးနေတယ်၊ ဘာမှကို မမှတ်မိတော့ မေးသော်လည်း ဘဲဥ အစရှာသလို ဖြစ်နေတယ်၊ ကျွန်ုပ်တို့ ဒီနေ့အထိ ဆွေခန်းမျိုးခန်း ပြတ်ပီး၊ အစ ပျောက်ရှာ မတွေ့ဖြစ်ခဲ့ရပေတော့တယ်။

မင်းတိုင်ပင် (မြရောင်မြေ)

စာမူရှင်များသို့
မရွေးချယ်သောစာမူများကို
ပြန်လည်ပေးပို့မည်မဟုတ်ပါ၍
မိတ္တူများထားကြပါရန်။
အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com




# ကြောင်ပြာရှင်ကြီး

**သော်သော်ကို**

ယခုရေးသားဖော်ပြသည့်အကြောင်းအရာသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က ဖြစ်ပျက်ခဲ့သည်ဟု ခန့်မှန်းရပါသည်။ စာရေးသူ၏ ဖခင် မြတ်သောင်း(ပဲနွယ်ကုန်း) ပြောပြသည့် ဤကြောင်ပြာရှင်ကြီး ဖြစ်ရပ်မှန်ကို စာရေးသူမှ ဝတ္ထုသဖွယ် ရေးသားတင်ပြလိုက်ရပါသည်။ ရှေ့မီနောက်မီသူများ ယခုရေးသားသည့် ဖြစ်ရပ်ဆန်းကို ထပ်မံသိရှိပါက စာရေးသူထံ ဆက်သွယ်ပြောကြားနိုင်ပါသည်။

နှစ်ပေါင်းများစွာ ကြာပြီဖြစ်၍ ရေးသားဖော်ပြရာတွင် အနည်းငယ်အလွဲအမှား ရှိနိုင်ပါသဖြင့် ခွင့်လွှတ်ပါရန် စာရေးသူမှ ကြောင်ပြာရှင်ကြီးအား တောင်းပန်အပ်ပါသည်။

ဖခင်မြတ်သောင်း(ပဲနွယ်ကုန်း)ပြောပြသည့် ဂမ္ဘီရဆန်လှသော "ကြောင်ပြာရှင်ကြီး" ဖြစ်ရပ်မှန်မှာ အောက်ပါအတိုင်း ဖြစ်၏။

= ☺ =



www.burmeseclassic.com

www.burmeseclassic.com

စစ်တောင်းမြစ်ကမ်း၏ အရှေ့ဘက်တွင် ကြောင်ပြာရွာ၊ ရွှေသောင်ရွာ၊ ပဲ့သောင်ရွာ၊ မွေတော်ရွာ၊ သစ်ချဆိပ်ရွာများ ရှိပါသည်။ ထိုရွာများနှင့် မနီးမဝေး မြစ်ကမ်းနဖူးနှင့်လည်း မနီးမဝေးတွင် တောအုပ်ကလေးတစ်ခု ရှိ၏။ (ထိုတောအုပ်သည် ကြောင်ပြာရွာနှင့် အနီးဆုံးဖြစ်သည်။) ထိုတောအုပ်ကလေးထဲတွင်မည်သည့်အချိန်ကမည်သူတည်ဆောက်ထားမှန်းမသိသော နတ်ကွန်းတစ်ခုရှိ၏။ ထိုနတ်ကွန်းတွင် ပူဇော်ပ.သထားသော နတ်ရုပ်ထုကြီး၏ အမည်ကား "ကြောင်ပြာရှင်ကြီး" ဟူ၏။

ကြောင်ပြာရှင်ကြီးဟုဆိုလျှင် ထိုခေတ်ထိုအခါက ကျောက်ကြီး၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ပိန်းဇလုပ်ဒေသတစ်ခွင် လူသိများခဲ့၏။ ထို "ကြောင်ပြာရှင်ကြီး" သည် အလွန်ပင် နတ်ကြီးသည်ဟု သတ်မှတ်ကြ၏။ နတ်ကွန်းရှေ့မှ ဖြတ်သွားဖြတ်လာမှန်သမျှ ကြောင်ပြာရှင်ကြီးကို ပူဇော်ပ.သပြီး ဦးခိုက်သွားလာမှသာ ဘေးအန္တရာယ်ကင်းရှင်းသည်ဟု ယူဆကြ၏။

ထိုကြောင်ပြာရှင်ကြီးနှင့် ပတ်သက်၍ ဖခင်မြတ်သောင်း (ပဲနွယ်ကုန်း) ပြောပြသော ဂမ္ဘီရဖြစ်ရပ်ဆန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

= ☺ =

ဂမ္ဘီရဇာတ်လမ်း (၁)

တောလမ်းလေးအတိုင်း ခပ်သုတ်သုတ်လျှောက်လှမ်းလာသော အ... ကြီးတစ်ယောက်။ သူမ၏ အမည်က ဒေါ်နီမ။ သူမက သစ်ချဆိပ်ရွာမှ ဖြ... သည်။ ခေါင်းပေါ်က ခံတောင်းကို မကျအောင် လက်နစ်ဖက်ဖြင့် ထိန်းရ... လျှောက်လာသော ဒေါ်နီမသည် မနီးမဝေးမှာ လှမ်းတွေ့လိုက်ရသော န... ကွန်းကို တွေ့ မြင်ပြီး ခြေလှမ်းအနည်းငယ် နှေးသွား၏။ နတ်ကွန်းရေ... မရောက်ခင် ခေါင်းပေါ်မှ ခံတောင်းကို အောက်သို့ချလိုက်သည်။ ခံတော... ထဲတွင်ဘူးသီး၊ သခွားသီး၊ ခရမ်းချဉ်သီး စသော အသီးအနှံများနှင့် အာ... ကြက်သွန်နီ စသော တိုလီမုတ်စလေးများ ပါဝင်သည်။



သူမက မွေတော်ရွာ၊ ကြောင်ပြာရွာ စသည့် ရွာစဉ်တစ်ဝိုက် လှည့်လည် ...ရောင်းချသော ခေါင်းရွက်ဗျပ်ထိုးဈေးသည် တစ်ဦးပင်။ ထိုခေတ် ထိုအခါက ...စုများဖြစ်သော မှုးစေ့၊ မတ်စေ့များနှင့် ဝယ်လျှင်လည်း ရောင်းသည်။ ...အဝတ်အထည် စသော ပစ္စည်းများနှင့်လည်း တန်ရာတန်ဖိုး လဲလှယ် ...ရောင်းချသည်။ ဒေါ်နီမက ခံတောင်းထဲမှ ကြက်သွန်နီသုံးလေးခုကို နှိုက်ယူ... ကြောင်ပြာရှင်ကြီးနတ်ရုပ်ထုရှေ့တွင် ပူဇော်ချထားလိုက်သည်။ သူမလို ...ဖြတ်သွားဖြတ်လာသူများ ပူဇော်သွားသည့် ပစ္စည်းတိုမွှမွှလေးများက ...ကြောင်ပြာရှင်ကြီးခြေရင်းတွင် အများအပြား။ ထိုပစ္စည်းများကို မည်သူမှ ...။

"ကြောင်ပြာရှင်ကြီး - ဈေးရောင်းကောင်းအောင်၊ မြန်မြန်ကုန်အောင် ...ပါဦး"

ဒေါ်နီမက နတ်မှ ရှေ့ရွတ်ပြီး ခံတောင်းကို မ.ကာ ခေါင်းပေါ်သို့တင်ပြီး ...ခပ်သုတ်သုတ်ဆက်လှမ်းခဲ့သည်။ တစ်ရွာနှင့်တစ်ရွာ ကူးသန်းရသော ...ခြေလမ်းဖုံဖုံနှင့် ဘေးတစ်ဖက်တစ်ချက်တွင် ထူထပ်နေသော ချုံနွယ် ...ရှိသည်။ ရွာအဆက် ခရီးဝေးလှသေးသည်ဖြစ်ရာ သူမက သုတ် ...၍လျှောက်လှမ်းနေသည်။ တဖြည်းဖြည်း မြင့်တက်လာသော ပူပြင်း ...နေရောင်အောက်တွင် တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်ရောင်းချ ...တစ်ယောက် ပစ္စည်းများကုန်သည့်အချိန်တွင် ညနေကား စောင်း ...ခရီးကို လျှောက်လှမ်းလာသော ဒေါ်နီမခြေလှမ်းများက ဒရွတ် ...ပြီ။ ဒီကနေ့ ငွေအကြွေစေ့ အနည်းငယ်သာရ၍ လဲလှယ်လာသော ...များက ခံတောင်းထဲမှာ လေးလံလွန်းလှသည်။

ဒေါ်နီမက ကြောင်ပြာရှင်ကြီးနတ်ကွန်းကို လှမ်းမြင်လိုက်ရသည့်အခါ ...ခပ်သုတ်သုတ်လှမ်းလိုက်သည်။ သူမက နတ်ကွန်းရှေ့တွင် ရပ်လိုက် ...ကြောင်ပြာရှင်ကြီးနတ်ရုပ်ထုရှေ့တွင် မနက်က သူမ ချထားခဲ့သော ကြက် ...များကို တခြားပစ္စည်းများနှင့်အတူ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ – ကြောင်ပြာရှင်ကြီးရယ် – ဈေးရောင်းကောင်းအောင်၊ စောစော
ပြန်ရအောင် မ,စပါဆိုတာ ညနေစောင်းသွားပြီ။ ဒီတစ်ခါ တကယ်မ,စ
ကျုပ်ကို အိမ်မြန်မြန် ပြန်ရောက်အောင် မြေကြောလေးများ ရှာပေးပါဦးတော့"

ဒေါ်နီမ ခပ်ကျယ်ကျယ်ပြောပြီးသည့်အချိန်တွင်ပင် –

"ဝေါင်း"

ကျယ်လောင်လှသော ကျားဟိန်းသံကြီးက သူမနောက်ကျောဘက်
မှ ကပ်၍ထွက်ပေါ်လာသည်။

"အမလေး – ဘုရားရေ။ ကျား – ကျား – ကျားကြီးပါတော့။ အမှန်တကယ်
ကျားကြီးပါတော့"

ခံတောင်းကို ခေါင်းပေါ်မှ မကျအောင်ထိန်းရင်း ဒေါ်နီမတစ်ယောက်
မာရသွန်ပြေးလေ၏။ ကျားကြီးကား သူမနောက်မှ ထက်ကြပ်မကွာ လိုက်
ပါနေပုံရ၏။ ကျားကြီးကို မြင်တွေ့ခြင်းကား မဟုတ်၊ ပြေးလွှားနေသော ကျား
ခြေသံကို ကြားနေရခြင်း ဖြစ်သည်၊ ရေးအတော်ပြေးလွှား၍ လျှာထွက်မေး
မောနေသော ဒေါ်နီမက ခြေလှမ်းအရှိန်လျှော့မည်ပြင်ခါ ရှိသေးသည်။

"ဝေါင်း"

သူမနောက်ကျောတည့်တည့်မှ ကျားဟိန်းသံက ထွက်ပေါ်လာပြ
သည်။

"ဗုဒ္ဓေါ – ဘုရား – ကျားကြီး လိုက်နေတုန်းပါတော့ – လုပ်ကြပါဦး"

မနားတမ်းပြေးခဲ့ရသော မာရသွန်အပြေးသမား ဒေါ်နီမတစ်ယောက်
ခါတိုင်း တစ်နာရီနီးပါးခန့် လျှောက်၍ပြန်ခဲ့ရသော အိမ်သို့ နာရီဝက်နှင့်
ရောက်သွားခဲ့လေ၏။ ကြောင်ပြာရှင်ကြီး မြေကြောရှာပေးပုံကို ကြားရသော
ရွာများမှ ဒေါ်နီမကို မေးမြန်းစုံစမ်းရင်း ရယ်မောကြလေသည်။

"အောင်မလေး – တော်ပါပြီ – ကြောင်ပြာရှင်ကြီးရယ်၊ နောက်ဆို မြေ
ကြောလည်း မရှာပေးပါနဲ့တော့၊ အမောဆို့လို့ သေရပါလိမ့်မယ်"

ဒေါ်နီမတစ်ယောက် ထိုစကားကို ပြော၍မဆုံး။

= ☺ =





"ဟဲ့ – အေးပုံတို့၊ ထွေးလေးတို့၊ ဘုတ်ဆုံတို့၊ မတောမတို့ လာကြဟေ့၊
နေမြင့်တော့မယ်၊ ခပ်သုတ်သုတ်လုပ်ကြ"

အပျိုခေါင်း မရီလေး၏ အသံအဆုံး တောထဲတွင် ဟင်းရွက်ခူးမည့်
အပျိုမတစ်သိုက် သနပ်ခါးအဖွေးသားနှင့် ထွက်လာကြသည်၊ ထိုခေတ် အခါ
တ စားသောက်စရာဟင်းလျာအတွက် ဟင်းသီးဟင်းရွက်ကို နီးစပ်ရာ တော
ထဲတွင် ပျော်ရွှင်စွာစုပေါင်းခူးဆွတ်ကြ၏။ မရီလေး ဦးဆောင်သော အပျိုမ
တစ်သိုက် သီချင်းတအေးအေးနှင့် တောလမ်းအတိုင်း လျှောက်လှမ်းလာကြ
သည်။ ထွေရာလေးပါး စကားပြောလာကြ၏။

"ဟေ့ – ထွေးလေး – ငါတို့တွေ တောထဲဝင်တိုင်း ပူဇော်ပသနေကျဖြစ်
တဲ့ ကြောင်ပြာရှင်ကြီး နတ်ရုပ်ထုကြီးက အချောသားတော့နော့"

"ဘာလဲ – ဘုတ်ဆုံ – ကောင်မ – နင်ကြိုက်လို့လား"

"ငါက ကြိုက်ဦးတော့ ကြောင်ပြာရှင်ကြီးက ငါ့ကြိုက်မလားဟဲ့၊ ငါက
ချောမှ မချောတာ၊ ကြိုက်ချင်းကြိုက် တို့ရွာရဲ့အချောဆုံး အလှဆုံးတွေကိုပဲ
ကြိုက်မှာပေ့ါ"

"ဟဲ့ကောင်မတွေ – ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ နတ်က ကြီး
ပါဘိသနဲ့ ..."

မရီလေး ဟန့်တားသော်ငြား ပျော်ရွှင်နေသော အပျိုမတစ်သိုက်က
အရေးမထား။ တက်ကြွစွာ လှမ်းလာသော သမင်ပျိုမလေးတစ်အုပ် ကြောင်
ပြာရှင်ကြီးနတ်ကွန်းရှေ့သို့ ရောက်လာကြသည်။

"ဟဲ့ – ငါတို့တွေ မေးကြည့်ရအောင်"

ကြောင်ပြာရှင်ကြီးကို ဦးခိုက်နေသော မရီလေး မကြားအောင် ဘုတ်ဆုံ
က အသံကိုနှိမ့်၍ တိုးတိုးပြောသည်။

"ဘာလဲဟဲ့"

"ကြောင်ပြာအရှင်ကြီး – ကျွန်တော်မတို့ အုပ်စုထဲမှ ဘယ်သူ့ကိုကြိုက်
ပါသလဲ။ ကြောင်ပြာရှင်ကြီး ကြိုက်သည့်သူကို အရှင်ကြီးနှင့် ပေးစားပါမည်၊



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆောင်သွားတော်မူပါ။ ကျွန်တော်မတို့ကိုသာ ဒီနေ့ ဟင်းသီးဟင်းရွက် အများအပြားရအောင် မ,စပါ"

"ဟဲ့"

ထွေးလေးက ဘုတ်ဆုံကို ဟန့်တားသော်ငြား မမီတော့ချေ။ ထိုနေ့က သူတို့တစ်သိုက် ဟင်းရွက်ခူးရာတွင် ခူးဆွတ်၍မနိုင်အောင် ဟင်းသီးဟင်းရွက်အများအပြား ရရှိကြ၏။ နေမွန်းတိမ်းချိန်တွင် ပျော်ရွှင်တက်ကြွစွာ ပြန်လာခဲ့သော အပျိုမတစ်သိုက် ထိုနေ့မနက်ကအဖြစ်ကို မေ့လျော့နေခဲ့၏။ နောက်တစ်နေ့တွင်ထိတ်လန့်ဖွယ်ရာ သတင်းတစ်ခု ရွာထဲတွင်ထွက်ပေါ်လာခဲ့သည်ကား ရွာ၏အချောဆုံး၊ အလှဆုံး ကွမ်းတောင်ကိုင် အေးပုံတစ်ယောက် သနပ်ခါးအဖွေးသား၊ ဆံပင်ဖားလျားနှင့် အိပ်ရာထက်တွင် မနိုးသောအိပ်ခြင်းနှင့် အိပ်စက်သွားခြင်းသတင်းပင်တည်း။

မည်သည့်ရောဂါဝေဒနာမှမရှိဘဲ လှပစွာ သေဆုံးသွားသော အေးပုံသည် ကြောင်ပြာရှင်ကြီး ခေါ်ဆောင်လက်ထပ်သွားခြင်းဖြစ်သည်ဟု ရွာထဲတွင် သတင်းကြီးခဲ့လေ၏။

=(◌)=

ဂမ္ဘီရဇာတ်လမ်း (၃)

"ခလောက်လေးရယ်တဲ့ ဒိုးဒိုးဒေါင် × × ပျိုတို့မောင် ယာမလုပ်တယ် × ×"

ခြူသံ ခလောက် ခလောင်၊ သီချင်းသံဝါဝါနှင့်အတူ ကျွဲနှစ်ကောင်ကိုဆွဲကာ လှမ်းလာသော လူတစ်ယောက်၊ သူ၏ခြေလှမ်းများက ဒယီးဒယိုင်၊ သူ၏ နာမည်က ညိုမောင်၊ ကျွဲမကြီးတစ်ကောင်ကို တစ်ဖက်ရွာမှ သွားရောက်ဝယ်ယူလာခဲ့သော ညိုမောင်သည် ကျွဲမကြီး၏သား နို့မလွတ်သေးသော ကျွဲထီးပေါက်ကလေးတစ်ကောင်ပါ အဆစ်ရလာခဲ့သဖြင့် ကျေနပ်နေ၏။ ကျွဲပိုင်ရှင်ကို ထန်းရေ အဝတိုက်ခဲ့ရပြီး သူလည်း သောက်လာခဲ့ကာ



ညိုမောင်သည် မူးယစ်ရီဝေကာ ခြေလှမ်းများသိပ်မမှန်ချင်၊ တောတစ်လှမ်းတောင်တစ်လှမ်းလှမ်းလာသော အရှေ့ရွာမှ လူစိမ်းညိုမောင်သည် ကြောင်ပြာရွာအဝင်ရှိ ကြောင်ပြာရှင်ကြီးနတ်ကွန်းကိုတွေ့မြင်ပြီး ရပ်တန့်သွား၏။

"ဪ - အေ့ - ရွာအဝင် နတ်ရုပ်ကြီးကို ဦးခိုက်ပြီးမှ ဝင်ရတယ်လို့ ပြောကြတာ မေ့တော့မလို့ - ဟား - ဟား - ဟေး - ဟေး"

ညိုမောင်က ကျွဲမကြီးကိုဆွဲပြီး နတ်ကွန်းအတွင်းသို့ လှမ်းဝင်လိုက်သည်၊ ကျွဲသားပေါက်ကလေးကလည်း ကျွဲမကြီးနောက်မှ ထက်ကြပ်မကွာ ဝင်ရောက်လိုက်ပါလာသည်၊

"ကဲ - နတ်ရုပ်ကြီးရေ - ကျုပ်ဝယ်လာတဲ့ ကျွဲကြီးကို ပြပြီးပြီနော်၊ ဪ - ဪ - ကျွဲပေါက်ကလေးကိုရော ကြိုက်သလား၊ လိုချင်သလား၊ ဟေး - ဟေး - နတ်ရုပ်ကြီးလိုချင်ရင် ထားခဲ့မှာပေါ့နော့၊ နိုင်အောင်သာ ဆွဲထားပေတော့ ..."

မူးနေသော ခပ်ရွှတ်ရွှတ်နိုင်လှသည့် ညိုမောင်တစ်ယောက် ကျွဲပေါက်ကလေးကို ကြောင်ပြာရှင်ကြီး၏ လက်တစ်ဖက်တွင် မြဲမြံစွာ ချည်နှောင်လိုက်သည်၊ ထို့နောက် ကျွဲမကြီးကိုဆွဲကာ သီချင်းတအေးအေးနှင့် ဆက်လက်ထွက်လာခဲ့သည်၊ နတ်ရုပ်ကြီးလက်တွင် အချည်ခံထားရသော နို့မလွတ်သေးသည့် ကျွဲထီးပေါက်ကလေးသည် တဖြည်းဖြည်းဝေးကွာသွားသော မိခင်ကျွဲမကြီးကိုကြည့်ပြီး တဘဲဘဲအော်ကာ အတင်းရုန်းကန်တော့၏၊ ကျွဲကလေးရုန်းကန်မှုကို နတ်ရုပ်ကြီးမျှော ကြံ့ကြံ့မခံနိုင်ရှာပါချေ၊

မကြာခင် ကျွဲကလေးကား ကြိုးတန်းလန်းနှင့် မိခင်ကျွဲမကြီးနောက် ပြေးလိုက်သွားချေပြီ၊ ကြိုးတန်းလန်းနှင့်အတူ ပါသွားသည်ကား ကျိုးပဲ့ထွက်သွားရရှာသော ကြောင်ပြာရှင်ကြီး၏ လက်တစ်ဖက်ပင်တည်း၊ ညိုမောင်က ထိုအဖြစ်ကို ရယ်မောမဆုံး၊

"ကျုပ်က ရစေချင်လို့ ပေးထားခဲ့တာ၊ ကျွဲကလေးတောင် နိုင်အောင် မဆွဲထားနိုင်ပဲကိုး - ကြောင်ပြာရှင်ကြီးရဲ့ - ဟီး - ဟီး - ဟား - ဟား



www.burmeseclassic.com

www.burmeseclassic.com

ရွာလမ်းအတိုင်း ပြေးလွှားနေသော မြင်းခွာသံများကိုသာ ကြားရပြီး မည်သည့်တိရစ္ဆာန်တစ်ကောင်တမြီးမျှ မတွေ့ရ ပါချေ။ မြင်းခွာသံများ ရုတ်ခြည်းတိတ်ဆိတ်သွားပြီးနောက် ရွာအစွန်ရှိ ဒေါ်ဘုမတစ်ယောက် နတ်ပူးသလို တုန်ခိုက်လာ ပြီးလျှင်–



ညိုမောင်က ကြောင်ပြာရှင်ကြီး၏ လက်ပြတ်ကြီးကိုဖြုတ်ကာ နီးစပ်ရာ ချုံထဲသို့ ပစ်ထည့်ထားလိုက်၏။

ထိုနေ့ညတွင်ကား လမိုက်ညဖြစ်၍ ကြောင်ပြာရွာတစ်ရွာလုံး မှောင်မည်းတိတ်ဆိတ် အိပ်မောကျနေကြသည်။ ညဥ့်သန်းခေါင်ယံအချိန်တွင် မွေးအုသံနှင့်အတူ ရုတ်တရက်ကြားလိုက်ရသော မြင်းခွာသံများက တစ်ရွာလုံးကို လန့်နိုးသွားစေသည်။ ရွာလမ်းအတိုင်း ပြေးလွှားနေသော မြင်းခွာသံများကိုသာ ကြားရပြီး မည်သည့်တိရစ္ဆာန်တစ်ကောင်တမြီးမျှ မတွေ့ရပါချေ။



ခွာသံများ ရုတ်ခြည်းတိတ်ဆိတ်သွားပြီးနောက် ရွာအစွန်ရှိ ဒေါ်ဘုမ ယောက် နတ်ပူးသလို တုန်ခိုက်လာပြီးလျှင် –

"ငါ့လက် ပြန်ဆက်ပေး၊ ကျွဲပေါက်ယူသွားတဲ့ ငါ့လက် ပြန်ဆက်ပေး"

ထိုစကားကိုသာ ထပ်ခါတလဲလဲပြောနေသော ဒေါ်ဘုမထံသို့ ကြောင် ရွာသားများ မီးတုတ်များနှင့် စုဝေးရောက်ရှိလာကြသည်။ ဒေါ်ဘုမ – ရေ နေသည်ကို သဘောမပေါက်ကြ၊ နားလည်သူက မေးမြန်းမှသာ အရှေ့ လူစိမ်းတစ်ဦးကြောင့် ကြောင်ပြာရှင်ကြီး၏လက်ပြတ်သွားရကြောင်း သွားကြသည်။ ကြောင်ပြာရွာမှကာလသားများ ညိုမောင်ရှိရာ ရွာသို့ မိုးလင်းလင်းချင်း လိုက်သွားကြ၏။ ညိုမောင်ကား မခိုးမခန့်၊

"ခင်ဗျားတို့ နတ်တန်ခိုးရှိတယ်ဆိုလို့ စမ်းသပ်ကြည့်တာ၊ ကျွဲပေါက် လေးတစ်ကောင်တောင် နိုင်အောင် မဆွဲနိုင်ပဲနဲ့ ..."

ကြောင်ပြာရွာကာလသားများမှာ ဒေါသကို ထိန်းနေရသည်၊ ကာလ ခေါင်း ကိုရွှေပေါက တစ်ခွန်းသာ ပြောလိုက်၏။

"ကဲ – ကိုညိုမောင် – ဒါဆိုလည်း ခင်ဗျားလက်တစ်ဖက်ပဲ အစားပြန်ပေး ပေတော့၊ ကျုပ်တို့ရွာတော့ အကြိမ်းမခံနိုင်တော့ဘူး၊ ခင်ဗျားကိုစကား ပြောလိုက်ပြီ"

လက်တစ်ဖက် အစားပြန်ပေးရမည်ဆိုသော စကားက ညိုမောင့်ကို ပ်သွားစေသည်၊ မခိုးမခန့် အမူအရာလည်း ပျောက်ကွယ်သွားပြီး သူ တ်ပြောင်စွန့်ပစ်ထားခဲ့သော ကြောင်ပြာရှင်ကြီး၏ လက်တစ်ဖက်ကို ထဲမှ သွားရောက်ရှာဖွေကာ နတ်ရုပ်ထုကြီးတွင် ညိုမောင်ကိုယ်တိုင် စွာ ပြန်လည်တပ်ဆင်ပေးလိုက်သည်။

အကယ်၍ ညိုမောင်တစ်ယောက် ပြန်လည်တပ်ဆင်မပေးပါက သူ၏ တစ်ဖက် အမှန်တကယ် ပြန်ပေးဆပ်ရမည်လား ဆိုသည်ကိုတော့ မည် သိနိုင်ပါ။

= ☺ =

www.burmeseclassic.com



ထိုကဲ့သို့ နတ်ကြီးလှသော ကြောင်ပြာရှင်ကြီးသည် ကြောင်ပြာရွာ ကာလသားများနှင့်တော့ တစ်ခါတစ်ရံ အပေးအယူ တည့်နေတတ်၏။

ကြောင်ပြာရှင်ကြီးနတ်ကွန်းအနီးတွင် ဘေးမဲ့ပေး လာရောက် လွှတ် ထားသော ကြက်ဖျိုပေါက်များ အများအပြားရှိ၏။ ထိုကြက်များကို မည်သူ မျှ ဖမ်းယူချက်စားခြင်း မပြုလုပ်ဝံ့ပါချေ။ သို့ပေမဲ့ - ကြောင်ပြာရွာကာလသား ခေါင်း ကိုရွှေပေါ်နှင့် သူ၏အဖွဲ့ကာလသားများကတော့ သူများထက် ထူး သူတို့အုပ်စုက ကြောင်ပြာရှင်ကြီးနှင့် အရင်းနှီးဆုံးများပင်။ ကြောင်ပြာရှင်ကြီး နတ်ကွန်းကို ရှင်းလင်းခြင်း၊ ချုံနွယ်များ ခုတ်ထွင်ခြင်း ပြုလုပ်ရာတွင် သူတို့ မပါလျှင်မပြီး။ မည်သူမျှ ဖမ်းယူချက်မစားဝံ့သော ကြက်များကို ကိုရွှေပေါ် ဦးဆောင်၍ ဖမ်းယူချက်စား၏။

ကိုရွှေပေါ်တို့ ကာလသားတစ်သိုက် ချက်စားပုံကား ဤသို့တည်း။ သူတို့ရွာနှင့် တစ်ဖက်ရွာရှိ ကာလသားများ တစ်ခါတစ်ရံ ကြက်တိုက်တတ် ကြ၏။ ထိုနေ့မျိုးတွင် ကိုရွှေပေါ်ဦးဆောင်သော ကာလသားများ ကြောင်ပြာ ရှင်ကြီးနတ်ကွန်းအနီးသို့ ရောက်ရှိကာ နတ်ကွန်းကို သန့်ရှင်းရေးပြုလုပ် ပြီး -

"ကြောင်ပြာရှင်ကြီး - အရှင်ကြီး၏ ကြက်တစ်ကောင်နှင့် တစ်ဖက်ရွာ ကြက်တစ်ကောင် တိုက်ပွဲဆင်နွှဲပါမည်၊ ရှုံးသည့်ကြက်ကို ချက်စားပါမည်"

ကိုရွှေပေါ်က ထိုသို့ပြောဆိုပြီး ကြောင်ပြာရှင်ကြီးနတ်ကွန်းထဲမှ အဝဆုံး ကြက်တစ်ကောင်ကို ဖမ်းယူလိုက်၏။ တစ်ဖက်ရွာရှိ ကြက်နှင့် ကြက်တိုက် ကြသည်၊ တစ်ဖက်ရွာကြက်ကား တိုက်ကြက်။ ကြောင်ပြာရှင်ကြီး၏ ကြက် မှာ မိုးမိုးကြက်ဖြစ်ရာ ခွပ်ခွပ်ချင်းပင် ကြောင်ပြာရှင်ကြီးကြက် မရှုမလှ ရှုံး လေ၏။

ထိုရှုံးသောကြက်ကို ကိုရွှေပေါ်တို့ ကာလသားအုပ်စု တပျော်တပါး ချက် စားကြသည်၊ ထိုကဲ့သို့ ပြောဆိုချက်စားသော ကိုရွှေပေါ်တို့ ကာလသား တစ်သိုက်ကို ကြောင်ပြာရှင်ကြီးက ဖွေယူပုံမရပါချေ။ နေ့စဉ် ဖမ်းယူခြင်းတော့



မဟုတ်၊ တစ်ခါတစ်ရံမှသာ အပျော်သဘော ပြုလုပ်ခြင်းဖြစ်၍ ခွင့်လွှတ်ပုံ ရပါလေသည်၊

= =

စာရေးသူ သိရှိသမျှ ကြောင်ပြာရှင်ကြီး ဂမ္ဘီရဇာတ်လမ်း ဤတွင် ပြီးဆုံး ပါပြီ၊ တစ်ခေတ်တစ်ခါက နတ်ကြီးခဲ့သော ကြောင်ပြာရှင်ကြီးနတ်ကွန်းသည် စစ်တောင်းမြစ် ဒီရေတိုက်စားရာတွင် ပါဝင်သွားပုံရပြီး ယခုအခါ တိမ်မြုပ် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

ရှေးအခါက တောပိုင် တောင်ပိုင်များ၊ ရွာစောင့်နတ်များကို ကိုးကွယ်မှုများ ရှိခဲ့၏၊ ယနေ့မျက်မှောက်ခေတ်တွင်လည်း နေရာဒေသအလိုက် ဆိုင်ရာ ပိုင်ရာများ၊ မိဘရိုးရာ နတ်ကိုးကွယ်ယုံကြည်မှုများ ရှိနေသည်ကို တွေ့မြင် ကြရမည်ဖြစ်သည်၊ မည်သို့ပင်ဖြစ်စေ၊ နတ်နှင့်နဂါး မလှည့်စားနှင့်ဟူသော ဆိုရိုးစကားပုံအရ မည်သည့်နတ်ပင်ဖြစ်ပါစေ၊ မကိုးကွယ်ချင် မကိုးကွယ် ပါနှင့်၊ စော်ကားခြင်း မပြုလုပ်မိစေရန် ကိုယ်စိတ်နှစ်ပါး စောင့်ထိန်းရမည် ဖြစ်ပါသည်၊

သော်သော်ကို

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ (၂၁) ရာစုနှစ်တွင်
သိပ္ပံဆေးပညာရပ်သည်
အံ့မခန်းတိုးတက်ခဲ့လေပြီ
ယခင်အခါက ကုသရန် လွန်စွာခက်ခဲသော
ရောဂါဝေဒနာ ဆိုးဆိုးရွားရွားများကိုပင်
ယခုအခါ၌ အလွယ်တကူ ကုသပေးနိုင်သောခေတ်သို့
ရောက်ရှိနေပေပြီ

www.burmeseclassic.com

www.burmeseclassic.com

# မရောက်ဖူးသောကမ္ဘာ

ဇာတိဂုဏ်မျိုးမြင့်အောင်

သို့ပါသော်လည်း ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ မိမိတွင် စွဲကပ်နေသော ရောဂါဝေဒနာအား ကုသနေရင်းဖြင့် အသက်ဆုံးရှုံးကြရသည်များလည်း ရှိနေဆဲပင်၊ ထို့ကြောင့် မမှားသောရှေ့နေ၊ မသေသောဆေးသမားဟု ပြောကြရခြင်းဖြစ်၏၊ လူတချို့ကမူ "ငါတို့လူနာကိုသိန်းပေါင်းမြောက်မြားလောက်တောင် အကုန်အကျခံပြီး ကုတာပဲ၊ သူ့ကိုယ်တိုင်ကိုယ်က သေကံပါလို့ပါ" ဟု ဆိုချင်လည်း ဆိုပေမည်၊ မည်သို့ပင်ဆိုစေ သေနေ့စေ့၍ သေကြရသည်ဟုသာ ပြောထုံးကျန်ရစ်မည် ဖြစ်ပါသည်၊

အမှန်တကယ်ပင် သေနေ့စေ့၍ သေသွားကြရသူများ ဖြစ်ခဲ့ကြပါက ဟူ့ဒ္ဓဟောကြားတော်မူသော သေခြင်း (၄)မျိုးတို့အနက် "ကံ" ကုန်၍သေခြင်းဟူသာ သတ်မှတ်ကြရမည်ဖြစ်၏၊ အဆိုပါသေခြင်း (၄) မျိုးတို့တွင် "ကံကုန်၍ သေခြင်း၊ "ကံနှင့်သက်တမ်း" ကုန်၍သေခြင်း၊ "သက်တမ်း" ကုန်၍ သေခြင်းနှင့် "ဥပစ္ဆေဒက" ကံဟုခေါ်သည့် "ဖြတ်တတ်သောကံ" ကြောင့် သေကြ



ရခြင်းဖြစ်သည်ဟု ရှင်တော်မြတ်ဘုရားက မိန့်ဆိုခဲ့ပါသည်၊ အကျယ်ကို မမှုဒေသနာတော်များနှင့် စပ်လျဉ်းသော စာပေများတွင် လေ့လာသိရှိနိုင်ပါသည်၊ သို့ဖြစ်ပါလျက် ကျွန်ုပ်တို့သည် မည်သည့်အကြောင်းကြောင့် သေသည်ဖြစ်စေ၊ အလွယ်တကူပင် "ကံကုန်၍သေသည်" ဟုပြောကြပါလျှင် သင့်လျော်အံ့မထင်ပါ၊ သို့ဖြစ်၍လည်း -

"လောက" အနန္တစကြဝဠာ၏ အကြောင်းခြင်းရာကိုသော်လည်းကောင်း၊ "ကံ" ပုဂ္ဂိုလ်သတ္တဝါတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ်အကြောင်းအခြင်းရာတို့ကိုလည်းကောင်း၊ "ဗုဒ္ဓ" ဘုရားရှင်တို့၏ အကြောင်းအခြင်းရာတို့ကိုလည်းကောင်း၊ "ဈာန်သမာပတ်" တန်ခိုးဣဒ္ဓိပါဒ် အတိုင်းအတာတို့၏ အကြောင်းခြင်းရာတို့ကိုလည်းကောင်း၊

ဆိုခဲ့ပြီးသော အကြောင်းတရား (၄) ပါးတို့ကို ဘုရားနှင့် ရဟန္တာတို့မှတစ်ပါး၊ မည်သူမျှ ကုန်စင်အောင်သိနိုင်စွမ်း မရှိနိုင်ပေ၊ ပုထုဇဉ်လူသားတို့ကြံဆတွေးတောနိုင်စွမ်းမရှိသော အရာများဟု ဆိုလိုပါသည်၊ ထို့ကြောင့်ပင်ရှေးပညာရှိကြီးများက ထိုင် (၄) ပါး၏ အစ စာလုံးများကိုယူ၍ "လော၊ ကံ၊ ဗု၊ ဈာန်၊ ဤလေးတန်၊ လူတွင် မကြံရာ" ဟု လင်္ကာစာသွားဖြင့် သတိပေးမိန့်ဆိုထားခဲ့ပါသည်၊ ပညာရှင်ကြီးများသည် မကြံစည်အပ်သည်များကို ပြဆိုပြီးနောက် ကြံစည်အပ်သောအကြောင်းများကိုလည်း ပြဆိုခဲ့ပါသည်၊ လောကီကိစ္စဌ်ဖြစ်စေ၊ လောကုတ္တရာကိစ္စဌ်ဖြစ်စေ (ကံ၊ ဉာဏ်၊ ဝီရိယ) ၃ပါးတို့ကိုသင့်တင့်မျှတစွာ မရှိမပငို့ပဒါနည်းလမ်းဖြင့် ကြံဆတွေးခေါ်လျက်အသုံးချသင့်ကြောင်းကို ညွှန်ပြခဲ့ကြပေသည်၊ ကျွန်ုပ်တို့ မူလတန်းဘဝက မြန်မာဖတ်စာတွင် သင်ကြားခဲ့ရသော "တံငါသည်နှင့် ငါးသုံးကောင်" အကြောင်းကိုနောင်အခါတွင်မှ တန်ဖိုးကြီးမားကြောင်း သိရတော့၏၊ "ကံ" နှင့် "ဝီရိယ" ကိုချည်း အားပြုသော ငါးနှစ်ကောင်မှာ သေသွားကြရ၏၊ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးဖြင့် မျှမျှတတတွေးခေါ်ကြံဆ၍ အခွင့်အခါကို ယူတတ်သော ငါးတင်



www.burmeseclassic.com

www.burmeseclassic.com

တောင်သည်သာ ရှင်သန်စွင့်ရခဲ့ပုံကို ဖော်ပြထားခြင်းဖြစ်၏။ နည်းမီတိုက်ပေစွ။ ယုံကြည်ရက်ပြင်းထန်ခြင်းနှင့် ယုံကြည်မှုကင်းမဲ့ခြင်းမည်သော အစွန်းတရားနှစ်ပါးတို့ကို ဖယ်ကျဉ်ကြခြင်းသည် အမှားနည်းပါးနိုင်သော ကိစ္စပင်ဖြစ်၏။ မည်သည့်ကိစ္စတွင်မဆို မဖျော့မပငြိုပဒါနည်းလမ်းကျကျ၊ သင့်တင့်မျှတစွာ တွေးခေါ်ကျင့်သုံးခြင်းသည် အကျိုးမယုတ်နိုင်ကြောင်းကို ကိစ္စတိုင်း၌ တွေ့မြင်ကြရမည် ဖြစ်ပါသည်။

မည်သည့်ပုဂ္ဂိုလ်၊ သတ္တဝါမဆို (ကံ၊ စိတ်၊ ဥတု၊ အာဟာရ)မည်သော အကြောင်းတရား လေးပါးအပေါ်၌သာလျှင် တည်မှီကြရပါသည်။ ထိုသို့ တည်မှီကြရလျှင် (၃၁)ဘုံသံသရာ ကာလယန္တယားကြီးတွင် မရပ်မနားလှည့်ပတ်ပြေးလွှားနေကြရပေကုန်၏။ နိဗ္ဗာန်သို့မရောက်သေးသမျှ ဘဝသံသရာ စက်ဝန်းကြီးမှ အဘယ်သူမျှ လွှဲထွက်၍ မရနိုင်ပေ။ (၃၁)ဘုံအတွင်း အပါအဝင်ဖြစ်သော လူသားများသည်လည်း ဆိုခဲ့ပြီးသော အကြောင်းတရား (၄)ပါးအပေါ်၌ အခြေစံ၍သာလျှင် ဘဝခန္ဓာအိမ်ကို ဆောက်တည်ကြရ၏။ ထိုအကြောင်းတရား (၄) ပါးတို့သည် လူတို့အတွက် ရှိသင့်ရှိထိုက်သော ဖြစ်သင့်ဖြစ်ထိုက်သော အချိုးအစားမှ သွေဖည်လျက် တစ်ခုခုဖောက်ပြန်ခဲ့ပါက ရောဂါယူ၍ သတ်မှတ်ကြရကုန်၏။ ထိုသို့ဆိုပါလျှင် မမျှမတဖြစ်နေသော အကြောင်းတရားကိုရှာဖွေလျက် သင့်တင့်မျှတအောင် ပြန်လည်ပြုလုပ်ပေးခြင်းကိုပင် ကျန်းမာရေးစောင့်ရှောက်ခြင်း သို့မဟုတ် ဆေးကုသမှုဆောင်ရွက်ခြင်းဟု ဆိုရမည်ဖြစ်ပါသည်၊

= =

ရောဂါဖြစ်စေတတ်သော အကြောင်းတရား(၄)ပါးတို့တွင် ဒြပ်ထုဟုခေါ်ဆိုရသော ရုပ်တရားနယ်ပယ်ကို (ဥတုနှင့်အာဟာရ) တို့က ပြုပြင်စီမံမှုတို့ပြုကြ၏။ ထိုအကြောင်းတရားနှစ်ပါးကြောင့် ဖြစ်ကြရသော ရောဂါများကို



ကုသရာ၌ ယနေ့ခေတ် ဆေးသိပ္ပံအတတ်ပညာသည် သူမတူအောင်စွမ်းဆောင်နိုင်လေ၏၊ မြန်မာ့တိုင်းရင်းဆေးပညာသည်လည်း ဓာတ်လေးပါးဖောက်ပြန်သောကြောင့် ဖြစ်ရသောရောဂါများအတွက် များစွာအားကိုးခဲ့လာပြီဖြစ်၏။ ထိုသို့ စွမ်းဆောင်နိုင်ကြရခြင်းမှာ ရုပ်တရားအပေါ်၌ အခြေခံ၍ လေ့လာကြံဆရသော သိပ္ပံနယ်ပယ်မှ အတတ်ပညာများဖြစ်သောကြောင့်ပင် ဖြစ်၏။ (ကံနှင့်စိတ်) ဆိုသည်မှာ ရုပ်တရားဖြစ်သော ဒြပ်ထုကို အခြေခံ၍ရသော ဘာသာရပ်မဟုတ်ပေ။ စကေး၊ မတ္တာဖြင့် တိုင်းတာ၍မရနိုင်သောနာမ်တရားနယ်ပယ်ဖြစ်သဖြင့် အကြောင်းကြောင့်ဖြစ်ရပျက်ရသည့် အကျိုးတရားတို့ကိုသာ လေ့လာနိုင်မည်ဖြစ်၏။ ထို့ကြောင့် အကြောင်းနှင့်အကျိုးကို ဆက်စပ်တွေးခေါ်ယူရသော ဝိဇ္ဇာပညာနယ်ပယ်ဖြင့်သာ သိရှိနားလည်နိုင်သောအရာ ဖြစ်ပေသည်။ ထို့ကြောင့် ဝိဇ္ဇာဘာသာရပ်ပေါ်တွင် အခြေခံသော (ကံနှင့်စိတ်) အကြောင်းတရား နှစ်ပါးကြောင့် လူသားတို့တွင် အနာရောဂါရစေခဲ့ပါသော် ဆေးသိပ္ပံဘာသာရပ်ဖြင့် ကုသခြင်းထက် ဝိဇ္ဇာရေးဘာသာရပ်ဖြင့် ကုသခြင်းက ပိုမိုကောင်းမွန်သင့်တော်ပါမည်ဟု အကြံပြုလိုပါသည်၊

ဝိဇ္ဇာရေးပညာရပ်မည်သော ခေါင်းစဉ်အောက်တွင် ကုသနည်းများမှာလည်း လွန်စွာများပြားဆန်းကြယ်လွန်းပါသည်။ အကျဉ်းအားဖြင့် တင်ပြရလျှင် ရုပ်ထား၊ နာမ်ထား၊ သူပြု၊ လူပြု၊ အစိမ်းတိုက်၊ နတ်တိုက်၊ အောက်လမ်းတိုက်၊ ဂိုဏ်းလတ်တိုက်၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ မန္တရားအစရှိသည်တို့ကို မကောင်းကျိုးတွင် အသုံးပြုခြင်း၊ တစ်ဆယ့်နှစ်ရာသီ၊ ရတု၊ ဥတု၊ နက္ခတ်တိုင်၊ ဓာတ်တိုင်များဖြင့် ချိန်ဆကြရခြင်း၊ စုန်း၊ ကဝေ၊ မြေ၊ ဖုတ်၊ ဘီလူး၊ သဘက်၊ တစ္ဆေ၊ မှင်စာ၊ မာတြာ၊ သိုက်၊ မှော် စသည် - စသည် များလှစွာသော အတတ်ပညာများဖြင့် လူသားတို့အား ရောဂါရစေအောင် ပြုလုပ်ကြသည်ကိုလည်း လေ့လာတွေ့ရှိကြရမည်သာ ဖြစ်ပါသည်၊ သို့ဖြစ်ပါသောကြောင့် ထိုကဲ့သို့သော ရောဂါဝေဒနာများကို ကြုံတွေ့လာကြရသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

တွင် ဝိဇ္ဇာဓရကုထုံးဖြင့် ကုသကြရသည်ကို တွေ့ကြရခြင်းဖြစ်ပါသည်။ ထိုသို့ ကုသကြရသည့်အခါတွင်လည်း ရတနာသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ဘုရားခွင့်မပြုသော နည်းလမ်းများကို အသုံးပြုခြင်းမှ ရှောင်ရှား၍သာ ကုသမှု ခံယူသင့်ကြပေ၏။ ဝိဇ္ဇာဓရကုထုံးများတွင် ဂမ္ဘီရဆန်၍ သက်သေပြရန် ခက်ခဲသော်လည်း ကြောင်းကျိုးဆက်စပ်ခြင်းဖြင့် လက်ခံပေးကြရသော ကုထုံးများ ဖြစ်ရပ်များကို တွေ့မြင်ကြရလေ့ရှိပါသည်။ ယုံကြည်ရန် ခက်ခဲသော်လည်း ယုံကြည်လိုက်ရပါသည်ဆိုသော ဖြစ်ရပ်မျိုးကို တွေ့ကြုံဖူးကြသူများ ရှိမည် ထင်ပါသည်။ မည်သို့ပင်ဆိုစေ၊ သိပ္ပံဆေးပညာနှင့် ဝိဇ္ဇာဆေးပညာတို့ကို လျော်ကန်သင့်မြတ်သလို ပေါင်းကူးဆက်နွယ်၍ ကုသမှုခံယူခြင်းသည် လူသားတို့အတွက် အကောင်းဆုံးအခွင့်အလမ်းကို ဖြစ်ပေါ်စေနိုင်သည်ဟု တင်ပြလိုပါသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား လေးပါးတို့တွင် တစ်ပါး ဖောက်ပြန်ပါက ကျန်သုံးပါးမှာလည်း နောက်လိုက်နောက်ပါအဖြစ် ဖောက်ပြန်ကြရသည်မှာ သဘာဝတရားပင် ဖြစ်၏။ အဓိက ဖောက်ပြန်သော အကြောင်းတရားကို ပညာဉာဏ်ဖြင့် ဦးစွာရှာဖွေကြရမည်ဖြစ်၏။ ရှာဖွေတွေ့ ရှိသောအခါ ထိုအကြောင်းတရားကို ဦးစားပေး၍ ကုသကြရပါမည်။ ကျန် သုံးပါးကို အလျဉ်းသင့်သလို အစီအစဉ်ထား၍ မမှားအောင် ကုသကြမှသာ လျှင် သင့်တော်မည်ဖြစ်၏။ ထို့ကြောင့် သိပ္ပံဆေးပညာနှင့် ဝိဇ္ဇာဆေးပညာ တို့ကို ရှေ့နှင့်နောက် မမှားစေရဘဲ စီစဉ်ကုသမှုသည် လူသားများကိုကောင်း စွာ အတိုးပြုနိုင်လိမ့်မည်ဟု စဉ်းစားစေလိုပါသည်။

ဝိဇ္ဇာပညာဖြင့်ကုသပြီးသော်လည်း သိပ္ပံပညာဖြင့် ထပ်မံကုသရသည် များ ရှိကြရမှာဖြစ်သလို၊ သိပ္ပံပညာဖြင့် ကုသပြီးနောက် ဝိဇ္ဇာပညာဖြင့် ထပ်မံ ကုသရသည်များလည်း ရှိကြရမည်ဖြစ်၏။ ထို့အတူ ဝိဇ္ဇာပညာကုထုံးဖြင့် ပျောက်ခြင်းနှင့် သိပ္ပံပညာကုထုံးဖြင့် ပြီးပျောက်ခြင်းများလည်း ရှိနေကြ မည်သာ။ သိပ္ပံမှသိပ္ပံ၊ ဝိဇ္ဇာမှ ဝိဇ္ဇာဟူသော အစွန်းတစ်ဖက်ရောက်သည်



ယုံကြည်မှုများသည် တစ်ခါတစ်ရံ အကျိုးမဲ့ဖြစ်စေတတ်ပါသည်။ မဖြိုမပျက် နည်းလမ်းကျကျ တွေးခေါ်ဆောင်ရွက်ခြင်းသည် အကျိုးတရားဖြစ်ပွား စေပါသည်။ ထိုလမ်းစဉ်သည် "ဓမ္မ" ကိစ္စတွင်သာမက "လောက" ကိစ္စ၌ လည်း အကျိုးရှိစေနိုင်သော သဘောတရားတစ်ခုပင် ဖြစ်ပါလိမ့်မည်။

=☺=

လူသားတို့အတွက် ကောင်းကျိုးရှိစေနိုင်သော ဗဟုသုတတစ်မျိုးကို ရေးသားခြင်းသည် စာပေသမားတို့၏ အဓိကတာဝန်တစ်ရပ်ဟု ခံယူ၍သာ ရေးသားခြင်းဖြစ်ပါသည်။ ယခုလည်း ဂမ္ဘီရဆန်သော၊ ယုံကြည်ရန် ခက်ခဲ သော၊ ကိုယ်တိုင်တွေ့ကြုံသိမြင်ခဲ့ရသော ဖြစ်ရပ်မှန်တစ်ခုကိုရေးသားတင်ပြ မည်။ လူနာမည်များကို အကြောင်းကြောင်းကြောင့် လွှဲပြောင်းရေးသား ထားပါသော်လည်း အချိန်၊ နေရာနှင့် ဖြစ်စဉ်များကိုမူ ပကတိအတိုင်းပင် ရေးသားမည်ဖြစ်ပါသည်။ အဓိကအားဖြင့် ဤလောက၌ ဂမ္ဘီရပညာရပ်များနှင့် ဆိုင်ဖြစ်စဉ်များ ရှိနေကြသည်ကို ယုံကြည်လက်ခံကြသူများအတွက် အကြံ ပြုရေးသားတင်ပြခြင်းဟုလည်း ဆိုနိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၃၅)နှစ်ကျော်ခန့်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်ုပ်သည် မကွေးမြို့၊ မြသလွန်ဘုရားစေတီတန်းတွင်ဆိုင်ခန်းဖွင့်၍ အဘိဓမ္မာဖွင့်ခြင်း၊ လက္ခဏာဗေဒင်ဟောပြောခြင်း၊ ခရစ်သျှနား မူရတီး၏ ဂဏန်းဗေဒင်သင်တန်းပေးခြင်း၊ မြန်မာလက်ရိုးပညာဖြင့် တြိစတ္တဇာတာ နည်း သင်တန်းပေးခြင်းများကို ပြုလုပ်နေစဉ်က ဖြစ်ပါသည်။ ပယောဂ ပညာရပ်ဆိုင်ရာ ကုထုံးကုနည်းများကိုလည်း ဆရာများနောက်မှ အမြဲတစေ လိုက်ပါ၍ လေ့လာသင်ယူခဲ့သည်မှာ (၁၀)နှစ်ကျော်ခဲ့ပြီ ဖြစ်၏။ ထိုကာလ အတွင်း မြန်မာ့တိုင်းရင်းဆေးပညာသင်တန်းများကိုလည်း အခွင့်အခါသင့် သလို တက်ရောက်သင်ယူခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ကျွန်ုပ်သည် တိုင်းရင်းဆေးပညာဆရာဖြစ် သင်တန်းဆင်းလက်မှတ် မယူခဲ့ရသေးပေ။ ပယောဂဆိုင်ရာကုထုံးကုနည်းများတွင်တော့ နောက်ဆုံးအဆင့်ထိ အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏ ဟောခန်းကို နံနက် (၈)နာရီတွင်ဖွင့်၍ ညနေ (၅)နာရီတွင်ပိတ်လျက် အိမ်ပြန်ပါသည်။ ကျွန်ုပ်ထံတွင် ပညာသင်ယူလျက်ရှိသောတပည့်နှစ်ယောက်ရှိသည်။ မောင်ခန့်ကျော်နှင့် မောင်တင်အောင်တို့ ဖြစ်ကြ၏။ သူတို့နှစ်ယောက်က တစ်ရက်စီဆိုင်ခန်းကို စောင့်ပေးကြ၏။ ဗေဒင်မေးမြန်းသူများထံမှ တံ့ကင်ယူပေးခြင်း၊ လက္ခဏာပုံစံများယူထားပေးခြင်း၊ဇာတာများ အဆင်သင့်ဖွဲ့ပေးထားခြင်းတို့ဖြင့် ကူညီကြပါသည်။

မှတ်မှတ်ရရ တပေါင်းလဖြစ်၏။ မန်းရွှေစက်တော်ရာ ဘုရားပွဲ စည်ကားနေချိန်ဖြစ်သဖြင့် မကွေးမြသလွန်ဘုရား၌လည်း စည်ကားနေလေ့ရှိပါသည်။ အဖြို့မြို့အနယ်နယ်မှ ရောက်ရှိလာကြသော ဘုရားဖူးများသည် မကွေးမြသလွန်ဘုရားမှ ဧရာဝတီမြစ်ကိုဖြတ်ကူး၍ မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားသို့ သွားကြသည်သာဖြစ်၏။ သို့အတွက်မြသလွန်ဘုရား၌လည်း စည်ကားသိုက်မြိုက်နေရခြင်း ဖြစ်၏။

ထိုနေ့က ကျွန်ုပ်သည် အိမ်သုံးဆေးတစ်ဖုံ ထုထောင်းနေရသဖြင့် ဗေဒင်ဟောခန်းသို့ နောက်ကျ၍ ရောက်ရှိသွား၏။ ဆိုင်ခန်းရှေ့တွင် ဧည့်သည်များထိုင်စောင့်ရန်အတွက် ဆိုဖာခုံ(၄) ခုံထားရှိပါသည်။ ဆိုင်ခန်းသို့ ကျွန်ုပ်ရောက်သောအခါ ဆိုဖာတွင် ထိုင်နေသော အသက် (၄၀) ကျော်ကျော်ခန့်ရှိ အမျိုးသမီးကြီးတစ်ဦးနှင့် အသက်(၂၅)နှစ်ဝန်းကျင်ခန့်ရှိ အမျိုးသမီးငယ်တစ်ယောက်တို့ ထိုင်စောင့်နေကြသည်ကို တွေ့ရ၏။ သူတို့နှစ်သီးစလုံး၏ ပုံသဏ္ဌာန်ကို ကြည့်ရခြင်းအားဖြင့်အထက်တန်းလွှာ လူတန်းစားများဖြစ်ကြောင်း သိသာလှ၏။ ထိုနေ့ကအလှည့်ကျသော မောင်ခန့်ကျော်က ကျွန်ုပ်အား -



"ဆရာ - သူတို့က အမြင့်ဆုံးနှုန်းထားနဲ့ မေးမှာပါ။ သူတို့မေးမယ့် လူရဲ့ ဇာတာကို တြိဂုဏ်ဖွဲ့ထားနှင့်ပါတယ်။ ဆရာ့စားပွဲမှာအဆင်သင့် ရှိပါတယ်"

"အေးပါကွယ် - ထုံးစံအတိုင်းပေါ့"

"ဟုတ်ကဲ့ပါ - ဆရာ"

နံနက် (၈)နာရီတွင် ပုံမှန်ဆိုင်ခန်းဖွင့်နေကျဖြစ်သော်လည်း ထိုနေ့က (၉)နာရီကျော်မှပင် ဆိုင်ခန်းဖွင့်ရတော့၏။ ဆိုင်ခန်းသို့ရောက်လျှင် ကျွန်ုပ်၏ နိစ္စဓူဝအလုပ်ဖြစ်သော ဘုရားကန်တော့ခြင်းနှင့် သိဒ္ဓိရှင်များအား ကန်တော့ခြင်းတို့ကို ဦးစွာပြုလုပ်မြဲဖြစ်၏။ (၁၅)မိနစ်ခန့် ကြာလေ့ရှိပါသည်။ ကျွန်ုပ်၏ တပည့်များကတော့ သိပြီးဖြစ်၏။ ကျွန်ုပ်၏ ကိစ္စများပြီးသွားသောအခါ၌ စားပွဲရှေ့သို့ အမျိုးသမီးနှစ်ဦး လာထိုင်ကြပါသည်။ ကျွန်ုပ်၏ စားပွဲပေါ်တွင် အမျိုးသားတစ်ဦး၏ တြိဂုဏ်ဇာတာတစ်စောင်ကို တွေ့ရသဖြင့် ထိုအမျိုးသမီးများသည် သူတို့အတွက် ဗေဒင်မေးခြင်းမဟုတ်ဘဲ တခြားအမျိုးသားတစ်ဦးအတွက် ဗေဒင်မေးလာကြောင်း သိရှိရ၏။ ကျွန်ုပ်သည် ထိုအမျိုးသမီးများအား စားပွဲပေါ်မှ ဇာတာကိုပြလျက် -

"ဒီဇာတာရှင် အမျိုးသားနဲ့ ဗေဒင်မေးလာကြတဲ့သူတွေနဲ့ ဘယ်လိုတော်စပ်ပါသလဲ"

ထိုအခါ အသက် (၂၅)နှစ်ခန့်ရှိသော အမျိုးသမီးက -

"ကျွန်မ အမျိုးသားရဲ့ ဇာတာပါဆရာ။ ဒီဘက်က ကျွန်မ အဒေါ်ပါ၊ ဒေါ်ခင်ခင်လို့ ခေါ်ပါတယ်။ ကျွန်မ နာမည်ကတော့ မမြမြပါ"

"ဪ - ဟုတ်ပါပြီ၊ ကျွန်တော် ဟောတဲ့အချိန်မှာ သေချာလည်း မှတ်ထားကြပါ။ မရှင်းမလင်းဖြစ်နေရင်လည်း ထပ်မေးပါ၊ အရေးကြီးတဲ့ အချက်အလက်တွေကိုတော့ ကျွန်တော့်တပည့်က လိုက်မှတ်ထားပြီး ရေးပေးလိုက်ပါလိမ့်မယ်။ ကဲ - ဇာတာကို စစ်လိုက်ဦးမယ်"

ကျွန်ုပ်သည် ဇာတာကို တွက်စစ်ကြည့်လိုက်ပါသည်။ အဓိကဖြစ်သော အာယုစန်းနက္ခတ်၊ ရတနာပုံနက္ခတ်၊ စန်းဒသာ (ဝိသောတ္တရီဒသာ)စန်းသုည်း



www.burmeseclassic.com

www.burmeseclassic.com

ကိန်း၊ လက်သုဉ်းကိန်း၊ ဂြိုဟ်မြင်၊ ဂြိုဟ်ယှဉ်များနှင့်တကွ အခြားသော အရေးပါအရာရောက်သည့် ကိန်းခန်းများကို သေချာစွာ စစ်ဆေးကြည့်လိုက်ပါသည်။ ထူးခြားသည်များကို တွေ့ရ၏။ မကောင်းကျိုးဘက်တွင်သေကြေခြင်းကိုဖြစ်စေတတ်သော ကိန်းမှာ (၅၀)ရာနိုင်နှုန်း ခန့်ရှိနေ၏၊ ထိုအချက်မှာ မာရကဒသာအတွင်းသို့ ဝင်ရောက်နေခြင်းပင် ဖြစ်၏။ (၆)လခန့် ဖြတ်သန်းခဲ့ပြီးသည်ကို တွေ့ရ၏။ (၂)လသာသာခန့် ကျန်နေသေးသည်ကိုလည်း တွေ့ရ၏။ မာရကဒသာဆိုသည်မှာ သေစေတတ်သည်ဟုသော အဓိပ္ပာယ်ဖွင့်ဆို၏၊ ဘာရကဒသာဆိုသည်ကား သတ်တတ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆို၏။ ထိုမာရကဒသာနှင့် ဘာရကဒသာတို့သည် တူလ၊အန္တရ၊ ပျတျန္တရနှင့် ဝိပျတျန္တရဒသာတို့တွင် တွဲလျက်ပါဝင်လာသော ကာလရှိပါက ကန္တရဒသာဟု အမည်ပြောင်းသွား၏၊ ကန္တရဒသာဆိုသည်မှာသေကြေခြင်းသို့ ရောက်စေ၏။ ယခုကား မာရကဒသာ တစ်မျိုးသာလျှင်ဒသာအတွင်းမှာ ရှိသဖြင့် သေကြေခြင်း မဖြစ်နိုင်ပေ၊ ခံစားရမည့် ဝေဒနာရှိ ကိန်းမျှသာဖြစ်၏။ ထို့ကြောင့် (၅၀) ရာနိုင်နှုန်း ကျန်းမာရေးညှို့မည်ဟုဆုံးဖြတ်ရပေသည်၊ နောက် (၂)လ ကျော်လျှင် ထိုကာလ လွန်ပြီ၊ နောက်လာမည့် ဒသာသည် အလွန်ကောင်းမွန်၏။

စီးပွားဥစ္စာ ရတနာတို့ဖြင့် ပြည့်စုံစွာ ခံစားရစေနိုင်သော နေကာရကာယက်ကို ဖန်တီးသည့် ဂြိုဟ်များ၏ ဒသာတွဲဖြစ်နေ၏။ ထို့အပြင် ရတနာပုံနက္ခတ်သို့လည်း စတင်ဝင်ရောက်တော့မည်ဖြစ်၏၊ ယခုကဲ့သို့ ဂြိုဟ်မြင်ဂြိုဟ်ယှဉ်များလည်း မည့်တော့ပေ၊ ဥစ်၊ ကာသစ်ဂြိုဟ်များအဖြစ် ပိုမိုတောက်ပလာသည်ကိုပါ တွေ့ရ၏။ ဇာတာတွင် တွေ့ရှိရသော အချက်အလက်များကို မှတ်သည်၍ ကျွန်ုပ်က မမြမြအား ...

"ခင်ဗျား အမျိုးသားမှာ ပြင်းထန်တဲ့ဝေဒနာ ခံစားရမယ့် ကိန်းမြင်နေတယ်၊ အခုဆိုရင် ခြောက်လလောက်တောင် ရှိနေပြီ၊ ဒါပေမဲ့ - အသက်အန္တရာယ်ကိုတော့ စိုးရိမ်ဖွယ်ရာ မရှိပါဘူး၊ နောက်တစ်လ ကျော်ကျော်လောက်ဆိုရင် ရောဂါဝေဒနာ ခံစားရကိန်းက လွတ်မြောက်သွားပါလိမ့်မယ်။ ညွှန်နေတဲ့ ခုနစ်လအတွင်းမှာ ဆေးရုံတို့၊ ဆေးခန်းတို့အထိတော့ ရောက်သွားနိုင်တယ်၊ ခြောက်လလောက်တောင် ဖြတ်ကျော်ခဲ့ပြီးပြီဆိုတော့ ရောက်ခဲ့ပြီလို့ ယူဆတယ်၊ ဒီဇာတာရှင် ဒီနှစ်ထဲမှာ ဆေးရုံတက်တာတို့ ဆေးခန်းသွားရတာတို့ မကြုံခဲ့ရသေးဘူးဆိုရင်တော့ တစ်လအတွင်းမှာ ကြုံတွေ့နိုင်သေးတယ်၊ ဆေးကုခံရဖူးပြီလား"

ထိုအခါ မမြမြက -

"ဟုတ်ကဲ့ - ဆေးရုံတက်ရတာ သုံးခါတောင်ရှိနေပါပြီ ဆရာ၊ အခုလည်း အိပ်ရာထဲမှာ လဲနေပါတယ်၊ ကျွန်မတို့တော့ စိုးရိမ်နေရတာပါပဲ၊ လူနာရဲ့အခြေအနေက ကောင်းနိုင်ပါဦးမလား ဆရာ၊ အဲဒါကို သိချင်လို့ဆရာ့ဆီကို လာခဲ့တာပါ"

"ကျွန်တော့် တွက်ကိန်းမှာတော့ ဒီဇာတာရှင်ဟာ ရောဂါခံစားရမယ့်ကိန်းရှိတာတော့ တွေ့ရပါတယ်၊ ဒါပေမဲ့ - သေကြေပျက်စီးကိန်းမျိုးတော့ မတွေ့ရပါဘူး၊ အဲဒါအပြင် နောက် (၂)လကျော်သွားရင် စီးပွားဥစ္စာ ရတနာတွေနဲ့ ပြည့်စုံပြီး ရတနာပုံဆိုက်ကိန်းပါ တွဲပြီးမြင်နေတယ်၊ နောက်ထပ်အနှစ်တစ်ဆယ်လောက်ထိ တက်ဦးမယ်လို့လည်း တွက်ကိန်းရှိတော့ ဩဇာအာဏာကြီးမားပြီး အကြီးအမှူးအဖြစ်ကိုတောင် ရောက်လိမ့်ဦးမယ်လို့ ဟောရမှာ ဖြစ်ပါတယ်"

ထိုအခါ မမြမြက -

"ဆရာ့ပညာကို မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ အခု လက်ရှိ အခြေအနေက ကျွန်မတို့ မထင်တော့ဘူး ဆရာ"

သူမသည် ပြောရင်းမှ မျက်ရည်များ ကျနေပါတော့၏၊ စကားကိုလည်း ဆက်မပြောနိုင်တော့ဘဲ ရပ်တန့်လိုက်၏၊ ထိုအချိန်တွင် ဒေါ်ခင်ခင်က -





www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ ဆရာ၊ ကျွန်မတို့ရော ပတ်ဝန်းကျင်ကပါ သူ့အမျိုးသားရဲ့ ရောဂါဟာ နောက်ဆုံးအခြေအနေကို ရောက်နေပြီလို့ ယူဆထားကြပါတယ်။ ဒါကြောင့် - ဗေဒင်ပညာရော၊ တခြားစာတတ် ဗိန္ဓော၊ ပယောဂပညာတွေကိုပါ လေ့လာထားတဲ့ ဆရာမျိုးကိုရှာပြီး ဆရာ့ဆီကို ရောက်လာတာပါ။ ဆရာ့မိတ်ဆွေ ပွဲစားကြီး ဦးစံသိန်းက ဆရာ့ဆီကိုသွားဖို့ ညွှန်လိုက်တာပါ၊ သူ့အမျိုးသားရဲ့ရောဂါဟာ ဘယ်လိုရောဂါမျိုးမှန်း မသိနိုင်ဘူး ဖြစ်နေပါတယ်၊ ကျွန်မတို့ရော ပတ်ဝန်းကျင်က လူတွေပါ သူ့လိုဖြစ်ပုံမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးသေးပါဘူး"

"ခင်ဗျားတို့ လူနာကို ဆေးရုံမှာပြတယ်ဆို၊ ဘယ်လိုရောဂါဆိုတာ သိရမှာပေါ့"

"ဆရာဝန်ကတော့ သွေးအားနည်းတဲ့ရောဂါမျိုးလို့ ပြောပါတယ်"

"ဒါဆိုရင် အနာသိပြီပဲ ဆေးရှိရမှာပေါ့။ သက်သာမလာဘူးလား"

"သက်သာလို့ ဆေးရုံက ဆင်းရပါတယ်၊ ဒါပေမဲ့ - ဆေးရုံပြန်တက်ရပြန်ပါတယ်။ သက်သာရင် ဆေးရုံက ဆင်းတယ်။ ဖြစ်လာပြန်ရင် ဆေးရုံတက်ပြန်တယ်နဲ့ သုံးခါရှိသွားပါပြီ။ အခုလည်း လက်ရှိအခြေအနေထက် ပိုဆိုးလာမယ်ဆိုရင် ဆေးရုံကို ပြန်တက်ရဦးမှာပါ။ ဒီကြားထဲမှာ သူ့အကြောင်းတွေကို သိချင်တာလည်းတစ်ကြောင်း၊ ရောဂါရဲ့အခြေအနေကို သိချင်တာလည်း တစ်ကြောင်း။ အဲဒီလိုနဲ့ မေးမြန်းစုံစမ်းပြီး ဆရာ့ဆီကို ရောက်လာတာပါ"

"ခင်ဗျားတို့ ပြောသလိုဆိုရင် ကျွန်တော်တွေ့ရတဲ့ ကျန်းမာရေးညွှန်းကိန်းက နည်းပြီးနေသလိုတောင် ဖြစ်နေပါရောလား။ ခဏနေဦးဗျာ - နောက်ထပ် နည်းစနစ်တွေရှိသေးတယ်၊ အဲဒီနည်းစနစ်တွေက မကောင်းဘူးချည်းပဲ ဖြစ်နေရင်တော့ စိုးရိမ်ရမှာပေါ့။ အခုတွက်တဲ့ နည်းကလည်း မှားတာမတွေ့ခဲ့ဖူးပါဘူး"

ကျွန်ုပ်လည်း ပိုမိုသေချာမှုရှိစေရန်အတွက် ဇာတာကို ထပ်မံစစ်ဆေးလိုက်ပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် ဖြစ်ဖို့ရန်လည်း မလွယ်ကူ



လှသလို၊ ပျက်ဖို့ရန်ဆိုသည်မှာလည်း ခဲယဉ်းလှပေစွ။ အတွေ့အကြုံများစွာကို အရင်းအနှီးပြု၍ ထိုကဲ့သို့ သိရှိထားခြင်းပင်ဖြစ်၏။ ကောင်းသည့်ကိန်းစုတွင် ဖြစ်စေ၊ ဆိုးသည့်ကိန်းစုတွင်ဖြစ်စေ အကြောင်းကြောင်းတို့ ဆုံစည်းတိုက်ဆိုင်မိကြမှသာလျှင် ဖြစ်လေ့၊ ပျက်လေ့ရှိကြသည်ကို တွေ့ရှိခဲ့ရ၏။ ဗေဒင်လက်ရိုးတွက်ကိန်းအရ ဘေးဥပဒ်ကြီးများ ဖြစ်ပေါ်လေ့ရှိသောအာရီ (အနာ၊ ရောဂါ၊ ရန်သူ)၊ မရဏ (ဘေးဥပဒ်၊ ထိခိုက်ပျက်စီးမှု)နှင့် ဗျာယ (စွန့်ခွာခြင်း၊ သောကဝေဒနာ) တို့ကို ဖော်ပြသော ရာသီ၊ ဘာဝတို့တွင်လည်း အာယုစန်း (အသက်ကိုစောင့်ရှောက်မှုပြုသော) နက္ခတ်မယှဉ်ပေ၊ ဂြိုဟ်ယှဉ်နှင့် ဂြိုဟ်မြင်မှာလည်း အနည်းငယ်မျှသာ ညွှန်သည်ကို တွေ့ရ၏။ ထိုမျှဖြင့် အသက်သေဆုံးရသော ဇာတာရှင်မျိုးကို တစ်ခါသော်မျှမတွေ့ခဲ့ရဘူးပါ။ သို့ဖြစ်၍ ကျွန်ုပ်ဘက်က ထိုလူနာသေကိန်းမရှိသေးကြောင်းကို ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"ခင်ဗျားတို့လူနာက သေဖို့ဆိုတာ ဖြစ်နိုင်စရာ ရှာလို့ကို မတွေ့ရပါဘူး။ မသေတဲ့အပြင် နောက်နှစ်လကျော်သွားရင် ကျန်းမာရေးကောင်းသွားပါမယ်၊ တစ်ဆက်တည်းပဲ စီးပွားတက်မယ်၊ ဂုဏ်တက်မယ်၊ ကြီးကျယ်သောအဖြစ်ကို ရောက်မယ်။ ဘုရားဒကာ ကျောင်းဒကာတောင် ဖြစ်ရဦးမယ်လို့ဟောကိန်းမှာဆက်လက်ဖော်ပြထားတာ တွေ့ရပါတယ်။ ဥပမာဆိုပါတော့ နောင်ငါးနှစ်ကြာတဲ့အခါမှာ အလှူကြီး လှူရဦးမယ်ဆိုတဲ့ လူတစ်ယောက်က အခုသေလို့ ရနိုင်မှာတဲ့လား။ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါ"

ဒေါ်ခင်ခင်နှင့် မမြမြတို့၏ အမူအရာများမှာ အနည်းငယ်ကြည်လင်သွားကြ၏။ မမြမြက -

"ဆရာ - အခုလိုဟောလိုက်တော့ အားရှိသွားရပြန်ပါပြီ၊ နောက်ပြီး - အိမ်ကိုပင့်ချင်ပါတယ်၊ ဆရာ့ကို မိသားစုလို သဘောထားပြီး တိုင်ပင်ချင်တာလေးလည်း ရှိလို့ပါ။ ဆရာကိုယ်တိုင်လူနာကိုလိုက်ပြီးကြည့်ပေးမယ်ဆိုရင် ပိုပြီး ကောင်းတာပေါ့။ ဆရာ့ကို အားထားပါရစေ၊ လိုအပ်တာရှိရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာက ညွှန်ကြားပေးပါ၊ ကျွန်မတို့ လိုက်နာပါမယ်၊ အစစအရာရာ တာဝန်ကျေစေရပါမယ်"

= ☺ =

ကျွန်ုပ်သည် ဗဟုသုတကို များစွာခံမင်သူဖြစ်ပါသည်၊ ထိုလူနာ၏ ဇာတာတွင် အဆိုးရွားဆုံး အဆင့်ထိဖြစ်ရန် အကြောင်းမရှိပါဘဲနှင့် လူနာရှင်တို့နှင့်တကွ ပတ်ဝန်းကျင်ကပါ သေလူအဖြစ်သတ်မှတ်ထားကြရခြင်းမှာ အဘယ့်ကြောင့်ပါနည်း။ သိလိုလှ၏၊ ကျွန်ုပ်၏ နိုင်မာသော ဟောကိန်းပင် လျှင် လွဲချော်သွားစေနိုင်သလောဟုလည်း စဉ်းစားရပြန်၏၊ ထိုအမျိုးသမီးများ၏ အမူအရာနှင့် စကားပြောဆိုနေကြပုံများလည်း တစ်စုံတစ်ရာကို ပြောဆိုရန် အခက်အခဲရှိနေသည့် ပုံစံမျိုးဖြစ်နေသည်ဟု ကျွန်ုပ်၏ စိတ်ထဲ၌ ထင်မြင်နေမိ၏၊ ထို့ကြောင့် ကျွန်ုပ်က –

"မနက်ဖြန်မှာ ခင်ဗျားတို့ပြောသလို ကျွန်တော် လိုက်ခဲ့ပြီး ကြည့်ပေးပါ့မယ်"

ဒေါ်ခင်ခင်က ဝမ်းသာသွားသော ပုံစံဖြင့် –

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဆရာ လိုက်ကြည့်လို့ ဘယ်လိုမျိုး ဖြစ်နေသလဲဆိုတာ သိရမယ်ဆိုရင် ကျွန်မတို့အတွက်တော့ အတိုင်းထက် အလွန်ပါပဲ၊ ကျွန်မတို့မှာ သူ့တစ်ယောက်ကိုပဲ အားထားပြီး စီးပွားရှာနေရတာပါ၊ ဒီလိုဆိုရင် ကျွန်မတို့ပြန်လိုက်တော့မယ်ဆရာ၊ မနက်ဖြန်မနက်(၈) နာရီလောက်ကို အိမ်ကကားနဲ့ ဆရာ့ဆီကို လာခဲ့ပါ့မယ်"

"ကောင်းပါပြီဗျာ – သိပ်ပြီးလည်း စိတ်ပူမနေကြပါနဲ့"

"ဟုတ်ကဲ့ပါ – သွားပြီ ဆရာ"

ထိုအမျိုးသမီးများ ပြန်သွားကြပြီးသည့်နောက် ကျွန်ုပ်၏ တစ်နေ့တာ ဟောပြောခြင်းလုပ်ငန်းကို ဆက်လက်ပြုလုပ်ရပါသည်၊ ညနေ (၅)နာရီတွင် ဗေဒင်ဟောခန်းကို ပိတ်၍ အိမ်သို့ပြန်ခဲ့တော့၏၊ မောင်ခန့်ကျော်အား



နောက်နေ့တာဝန်ယူမည့် မောင်တင်အောင် ဆောင်ရွက်ရန်ကို ပြောကြားရန် မှာထားခဲ့ရ၏၊ နောက်နေ့တွင် အိမ်ပင့်လိုက်ရန်ရှိသဖြင့် ဆိုင်ခန်းပိတ်ထားရန် မှာကြားရခြင်းဖြစ်၏၊ ထိုနေ့ညက အိပ်ရာသို့မဝင်မီ အိမ်ရှေ့၌ ကုလားထိုင်ဖြင့် ထိုင်လျက် မပြီးပြတ်သေးသော လူနာ၏ကိစ္စအား ဆက်လက်၍ စဉ်းစားခန်း ဝင်ရတော့၏၊

ဆိုခဲ့ပြီးသော အကြောင်းတရားလေးပါးတို့မှ ရုပ်တရားအစုကို အခြေခံ သည့်ဥတုနှင့် အာဟာရတို့ အဓိကဦးစီးသောရောဂါမဟုတ်သည်မှာ သေချာ နေပေပြီ၊ မြန်မာတိုင်းရင်းသမားတော်များနှင့် ဆေးသိပ္ပံဆရာတို့၏ ကုသ ချက်များအရ အခြေအနေကောင်းမွန်သွားသည်ဟု ဆို၏၊ သို့သော် – နောက် တစ်ဖန် ရောဂါဖြစ်ပြန်၏၊ ဖြစ်သောရောဂါသည်လည်း ရှေးနည်းအတူပင် သွေးအားနည်းလွန်းသွားခြင်းပင် ဖြစ်၏၊တစ်ဖန် ကုသမှုခံယူပြန်၏၊ ထိုသို့ ဖြစ်နေသည့်အတွက် ကောက်ချက်ချရန်မှာ ရုပ်တရားမဖြစ်နိုင်တော့၊ နာမ်တရားဦးစီးခြင်းအားဖြင့် ရုပ်တရားကို နောက်လိုက်နောက်ပါ ပျက်စီး စေသည့် ရောဂါမျိုးဖြစ်ရန်သာရှိတော့၏၊ နာမ်တရားကို ဆက်လက်စဉ်းစား သောအခါ (ကံနှင့်စိတ်)တို့ ရှိကြ၏၊ လူနာ၏ဇာတာကို သေချာစွာတွက်ချက် စစ်ဆေးမှုအရ (ကံ)သည်လည်း အကူမျှသာပါဝင်၍ အဓိကမဟုတ်ကြောင်း ထင်ရှားနေ၏၊ ထိုသို့ဆိုပါလျှင် နောက်ဆုံးကျန်ရှိနေသော (စိတ်)ကိုသာ ရောဂါဖြစ်ခြင်း၏ တည်ရာမှီရာဟု မဖြစ်မနေ ဆုံးဖြတ်ချက်ရတော့၏၊ သို့အတွက် ထိုလူနာ၏စိတ်ကို အနှောင့်အယှက်ဖြစ်စေမည့် အကြောင်း အရာ တစ်ခုခုတော့ ရှိရမည်ဖြစ်၏၊ ထိုအချက်ကို ရှာဖွေနိုင်ပါက ရောဂါဖြစ် ကြောင်းထိုက်သော အချက်အလက်ကို သိမြင်နိုင်လိမ့်မည်ဟု သုံးသပ်ထား လိုက်ရပါသည်၊ စိတ်ထဲတွင် ဘဝင်ကျသွားပြီဖြစ်၍ အိပ်ရာသို့ ဝင်လိုက် တော့၏၊

= ☺ =



www.burmeseclassic.com

နောက်နေ့နံနက်တွင် သူတို့လာခေါ်သော ဂျစ်ကားလေးဖြင့် ကျွန်ုပ် လိုက်သွားပါသည်။ မင်္ဂလာမြို့ မြို့မဈေးကြီးအနီးရှိ "စည်းစိမ်" လက်ဖက်ရည် ဆိုင်ရှေ့သို့ ရောက်သောအခါ ကားကို ဆိုင်ရှေ့ရှိ တဲဒ်ပင်အောက်တွင် ရပ်နားလိုက်၏။ ဒေါ်ခင်ခင်သည် ရှေးဦးစွာ ကားပေါ်မှဆင်း၍ ကျွန်ုပ်အား -

"ဆရာက လက်ဖက်ရည်ကြိုက်တယ်လို့ ပြောလိုက်ပါတယ်။ ကျွန်မတို့လည်း ဘရိတ်ဖတ် (နံနက်စောစောစားခြင်း) မစားခဲ့ရသေးဘူး။ ဒီဆိုင်မှာပဲ ခဏနားကြရင်း စားကြတာပေါ့ဆရာ၊ နောက်ပြီးမှ အိမ်ကို ဆက်သွားကြတာပေါ့"

ကျွန်ုပ်လည်း ကားပေါ်မှ ဆင်းလိုက်ရပါသည်။ သူတို့နှင့်အတူ ဆိုင်အတွင်းသို့ဝင်ပြီး နေရာယူ၍ ထိုင်လိုက်ပါသည်။ ကားမောင်းသူကတော့ တခြားစားပွဲသို့ သွားထိုင်သည်ကို တွေ့လိုက်ရ၏။ ကြိုတင်ပြောပြနှင့်ပြီးသား ဖြစ်ဟန်တူ၏။ စည်းစိမ်လက်ဖက်ရည်ဆိုင်သည် ခေတ်ဟောင်းကတည်းက တည်ရှိခဲ့သော ဆိုင်ဖြစ်၏။ စတိုးဆိုင်နှင့်လည်း တွဲထားပါသည်။ စားပွဲများမှာ အဝိုင်းပုံစံရှိပြီး ကျောက်သားများဖြင့် ပြုလုပ်ထား၏။ ထိုစဉ်က လက်ဖက်ရည်တစ်ခွက်ကို တစ်မတ်မျှသာလျှင် ပေးရ၏။ ဒေါ်ခင်ခင်သည် စားပွဲထိုးအား ခေါ်ယူလိုက်ပြီးနောက် စားသောက်ဖွယ်ရာများကို မှာယူလိုက်၏။ ထို့အပြင် ဖွန်ပလေးယား စီးကရက်တစ်ဘူးကိုပါ မှာယူလိုက်သည်ကို တွေ့ရ၏။ ထိုစီးကရက်သည် ကျွန်ုပ် နှစ်သက်သော စီးကရက်ဖြစ်၏။ ကျွန်ုပ်၏ အကြောင်းတို အတော်ပင် လေ့လာထားပုံရ၏။ ပွဲစားလောကတွင် ကျင်လည်ကြရသူများဖြစ်သောကြောင့် လူမှုရေးကျွမ်းကျင်သောကိစ္စမှာ မထူးဆန်းပေ။ ကျွန်ုပ်ကလူနာနှင့် ပတ်သက်၍ စကားစမပြောရန် ဆုံးဖြတ်ထား၏။ အကြောင်းကားကျွန်ုပ် တွက်ဆထားသော အကြောင်းအရာများ ရှိခဲ့ပါက သူတို့ကပင် စတင်၍ စကားပြောလာမည်ဟု ခန့်မှန်းထားသောကြောင့်ပင် ဖြစ်၏။ စားသောက်ပြီးကြသောအခါ ကျွန်ုပ်သည် စီးကရက်တစ်လိပ်အား



ညှိပြီး ဖွာရှိုက်နေလိုက်၏။ ဒေါ်ခင်ခင်ကပင် ကျွန်ုပ်အား စတင်၍ စကား ပြောလာပါသည်။

"ဆရာ - ဒီနေရာမှာ စကားနည်းနည်းလောက် ပြောကြရအောင်ပါ။ ဆိုင်ပင်တယ်လို့ သဘောထားပါနော်။ အိမ်မှာဆိုရင် ဒီစကားတွေကို သူ့ရှေ့မှာ ပြောလို့မဖြစ်လို့ပါ၊ နောက်ပြီးတော့လည်း သည်းခံပြီး နားထောင်ပေးပါ ဆရာ"

ကျွန်ုပ်၏ သဘောတူညီမှုကို ရလိုဟန်ဖြင့် စကားကိုရပ်၍ စောင့်နေသောကြောင့် -

"ပြောပါဗျာ - ကျွန်တော် အစအဆုံး နားထောင်နေပါ့မယ်"

ထိုအခါတွင် ဒေါ်ခင်ခင်သည် မမြမြဘက်သို့ လှည့်လျက် -

"ဟဲ့ - မြမြ၊ ဆရာ့ကို ပြောတော့လေ၊ ဘာမှ ချန်မထားနဲ့နော်"

မမြမြ၏ မျက်နှာသည် ရုတ်တရက် နီမြန်းသွားသည်ကို တွေ့လိုက်ရ၏။ အနည်းငယ် ခေါင်းကိုငုံ့ထားပြီး ရှက်နေပုံရ၏။

"အို - ကျွန်မ ပြောရမှာတော့ ရှက်လို့ပါ၊ ဒေါ်လေးခင်လည်း အကုန်လုံး သိနေတာပဲ၊ ဒေါ်လေးခင်ပဲ ပြောပေးပါ၊ ကျွန်မ ဆရာ့ကို မပြောဝံ့ပါဘူး"

"ကဲ - ကဲ - ဒီလိုဆို ငါပဲပြောရတော့မှာပေါ့ မြမြရယ်၊ ဒီလိုပါဆရာ - သူ့အမျိုးသားက ကျွန်မတူ တော်စပ်ပါတယ်၊ မြေပဲတို့ နမ်းတို့ တခြားပဲမျိုးစုံတို့ကို အရောင်းအဝယ်လုပ်သလို ပွဲစားလည်း လုပ်ပါတယ်။ ဒီရောဂါမရခင် ဒီလောက်က ယောနယ်ဘက်ကို ပဲကြိုပေးဝယ်ဖို့သွားခဲ့ပါတယ်၊ အဲဒီက ပြန်လာတဲ့နောက်ပိုင်းမှာတော့ မြမြတို့အိမ်ထောင်ရေးဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့တာပါပဲ၊ အခုပြောရမှာက အတွင်းစကားတွေဖြစ်နေလို့ ဆရာ့အနေနဲ့ သည်းခံနားထောင်ပေးပါနော်"

"အခု - ကျွန်တော်တို့က သတ္တဝါတွေရဲ့ ကျန်းမာမှုအတွက် ပြောနေကြတာမဟုတ်လား၊ ဒါဟာ ကုသိုလ်ကိစ္စပါ၊ ဟီရိနဲ့ ဩတ္တပ္ပဆိုတဲ့ ရှက်ဖို့ ကောင်းတာနဲ့ ကြောက်ဖို့ကောင်းတာက အကုသိုလ်ကိစ္စအတွက်သာ ဆိုရး

www.burmeseclassic.com

ဟောခဲ့တာပါ။ ပွင့်ပွင့်လင်းလင်း တိုင်ပင်တာဟာ အကောင်းဆုံးနည်းလမ်းကို ရဖို့အခွင့်အရေးပါပဲ။ ပြောသာပြောပါ"

တစ်စုံတစ်ရာကို ရှက်ရွံ့နေပုံရသဖြင့် ကျွန်ုပ်က ပြောရဲဆိုရဲရှိစေရန် စကားလမ်းဖွင့်၍ ပေးလိုက်ပါသည်။ မမြမြကတော့ ခေါင်းငုံ့လျက်သာနေတော့၏။

= =

"မြမြရဲ့ အိမ်သားနာမည်က မောင်လှဦးလို့ခေါ်ပါတယ်။ မောင်လှဦး - ယောနယ်ဘက်က ပြန်လာပြီးကတည်းက အစအချိန်အထိပါပဲ၊ မြမြကို အဲ - မဆက်ဆံတော့ဘူးတဲ့။ ရောင်ဖည် - ရောင်ဖည်လုပ်နေတာ သေရော တယ်လို့ပြောတယ်၊ ဒါနဲ့ပဲ ဒေါ်လေးလည်း ပတ်ဝန်းကျင်ကို စုံစမ်းမေးမြန်းပြီး အကြံပေးရတာပေါ့။ အဲဒါနဲ့ မြမြဘက်က အစပြုပေးဖို့ တိုက်တွန်းကြည် တယ်၊ သူ့စမျာမှာလည်း ဒေါ်လေးပြောတဲ့အတိုင်း လုပ်ရှာပါတယ်၊ ဒါပေမဲ့ - မအောင်မြင်ပါဘူး၊ ဆေးဆရာတွေကို မေးမြန်းကြည့်တော့ ပန်းသေတဲ့ ရောဂါဖြစ်နိုင်စရာရှိတယ်လို့ ပြောကြပြန်တယ်။ အဲဒါကြောင့် ရောင်နေတာ ဖြစ်မယ်လို့ ခန့်မှန်းကြတယ်သူကိုယ်တိုင်က အိမ်ထောင်ရေးကို စိတ်မဝင်စား တော့ဘူး။

ထိုအခါ ကျွန်ုပ်က ဒေါ်ခင်ခင်၏ စကားကိုဖြတ်၍ -

"အထူးအဆန်းပဲဗျ၊ စိတ်ဝင်စားဖို့ကောင်းတယ်ဗျာ။ နောက်ထပ် - ဘယ် လို ထူးခြားတာမျိုး တွေ့ရသေးသလဲ။ ကျွန်တော် အဖြေရှာလို့ရနိုင်မယ့် အနေ အထား ရှိပုံရတယ်။ ဘာမှမချန်ဘဲသာ ဆက်ပြောပါ"

"ဒါနဲ့ပဲ - မောင်လှဦးမနီးခင် ခပ်ရွာရွာနေပြီး စောင့်ကြည့်နေကြတာပေါ့။ အဲဒီလိုနဲ့ပဲ လူက တဖြည်းဖြည်း ပိန်ပိန်လာပြီး အားနည်းလာလိုက်၊ ဆေးကု လိုက်၊ သက်သာလိုက်၊ တစ်ခါပြန်ပြီး အားနည်းလာလိုက်။ တစ်ခါ ဆေးကု



လိုက်၊ တစ်ခါသက်သာလာပြန်လိုက်နဲ့ အခုဆိုရင် သုံးခါတောင် ကုသပြီးပြီ၊ အခုလည်းပဲ အိပ်ရာထဲမှာ လဲနေပြန်ပါပြီ။ ထူပေး ထောင်ပေးရတဲ့အဆင့်ကို ရောက်နေပါတယ်။ အသံကလည်း ယဲ့ယဲ့ပဲထွက်တော့တယ်။ အရင်အခါ တွေထက် ပိုဆိုးတယ်၊ နောက်သုံးရက်လောက်မှာ ရန်ကုန်ဆေးရုံကြီးကို သွားဖို့တောင် စီစဉ်ထားကြတာပါ။ ဒီကြားထဲမှာ ဆရာ့ဆီကို ရောက်လာတာ ပါပဲ"

ဒေါ်ခင်ခင်သည် စကားများများပြောလိုက်ရသဖြင့် အနည်းငယ်ပင်ပန်း သွားပုံရ၏။ ခေတ္တအနားယူရင်း လက်ကျန်လိမ္မော်ရည်ကို သောက်နေပါ သည်။ ကျွန်ုပ်က -

"သူ - ပဲကြိုဝယ်သွားခဲ့တုန်းက ဘာတွေဖြစ်ခဲ့တယ်ဆိုတာကိုရော မေး မကြည့်ဘူးလား"

ထိုအခါတွင် မမြမြက -

"မေးပါတယ်ဆရာ၊ မေးတိုင်း မေးတိုင်းလည်း ဝါ ဘာမှမဖြစ်ခဲ့ပါဘူးလို့ပဲ ပြောပါတယ်။ ထပ်ပြီးမေးရင် သူမကြိုက်တော့ဘူး။ ငါနေမကောင်းရတဲ့အထဲ ထပ်ကာထပ်ကာ မမေးနဲ့ဆိုပြီး စကားမပြောဘဲ နေတော့တာပါပဲ"

"အေးဗျာ - ခင်ဗျားတို့ ပြောပုံအရဆိုရင် ကျွန်တော် နားလည်ထားတဲ့ အပိုင်းနဲ့ တိုက်ဆိုင်နိုင်မယ်လို့ ထင်ပါတယ်၊ သူ့ကို တွေ့ကြည့်ပြီးမှပဲ စဉ်းစား ရတာ ပိုပြီးအဆင်ပြေလိမ့်မယ်။ သူ့ရဲ့စိတ်ထဲမှာ ဒေါသဖြစ်စရာ၊ ဒါမှမဟုတ် နစ်သက်စရာ တစ်ခုခုကိုတော့ တွေ့ကြုံခဲ့တာ ရှိရမယ်"

"အဲဒါတော့ ကျွန်မလည်း တိတိကျကျ မပြောတတ်ဘူး ဆရာ။ အဲဒီက ပြန်လာတဲ့နောက်ပိုင်း တစ်ခါတစ်ခါမှာ ငူတူတူ ငိုင်တိုင်တိုင်ဖြစ်နေတာတော့ တွေ့ရတာပဲ"

"ကဲ - ဒီလောက်ဆိုရင် သိသင့်သလောက်တော့ သိရပါပြီ၊ သွားကြစို့"

မမြမြက ကားမောင်းသူကို အဆင်သင့်ဖြစ်စေရန် မျက်ရိပ်ပြလိုက်၏။ ဒေါ်ခင်ခင်က စားပွဲထိုးကိုခေါ်၍ ကျသင့်ငွေများကို ရှင်းပေးလိုက်ပါသည်။



www.burmeseclassic.com

ထို့နောက် မမြမြ၏ အိမ်ရှိရာ ရွာသစ်ရပ်သို့ သွားခဲ့ကြပါသည်။ ကျွန်ုပ် စိတ်ထဲ၌မူ ထိုကိစ္စအား အတော်အသင့် ခန့်မှန်းနိုင်ပေပြီ။ ကျွန်ုပ်သည် (၁၆) နှစ်သားအရွယ်မှ အစပြု၍ ကျွန်ုပ်၏ဆရာများနောက်သို့ ထက်ကြပ်မကွာ လိုက်ပါလျက် ဓာတ်၊ ဗိန္ဒော၊ ပယောဂ ကုသခြင်းများကို သင်ယူခဲ့သည်မှာ နှစ်ပေါင်း (၂၀) နီးပါး ရှိခဲ့ပြီဖြစ်၏။ မမြမြ၏ အိမ်သို့ရောက်သောအခါ ကြိုတင် ပြင်ဆင်ထားသော ဘုရားခန်းရှိ ခေါင်းရင်းဘက်နေရာတွင် ကျွန်ုပ်ကို နေရာ ပေးပါသည်။ လူနာ ကိုလှဦးကတော့ ဘုရားခန်း၏ခြေရင်းဘက်တွင် မွေ့ရာ ထက်၌ ပက်လက်အနေအထားဖြင့် ရှိနေပါသည်။ အလွန်ပိန်လှီနေပေပြီ။ အရိုးများပင် အပြိုင်းပြိုင်းပေါ်နေတော့၏။ မြင်နေရသော မြင်ကွင်းအရ လူနာ ရှင်များ ထင်မြင်ယူဆထားသည်ကို အပြစ်ဆိုဖွယ်ရာမရှိပါ။ ကျွန်ုပ်လည်း လုပ်ဆောင်ဖွယ်ရာ ရှိသည်များကို စတင်ပြုလုပ်ရပါတော့သည်။ ဦးစွာပထမ ဘုရားကန်တော့ခြင်း၊ ပင့်ခြင်း၊ ဒုတိယ မဟာဗိန္ဒောရှင် ထွက်ရပ်ပေါက် ဆရာတော် ကြီးများနှင့် ဆရာကြီးများအား ကန်တော့ခြင်း၊ ပင့်ခြင်း တတိယအားဖြင့် ကျွန်ုပ်၏ နိုင်မြဲခဲ့သော အမိဋ္ဌာန်ကို သစ္စာဆိုခြင်းနှင့် ဆရာတော်ကြီးများထံ လူနာအား အပ်နှံခြင်းများကို ပြုလုပ်လိုက်ပါသည်။

ထို့နောက် ကျွန်ုပ်သည် ကိုလှဦး၏ ရောဂါဝေဒနာရင်းမြစ်ကို လေ့လာ ရမည်ဖြစ်၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရမည်သော ရောဂါရခြင်း၏အကြောင်း တရား (၄) ပါးတို့မှ အဓိပတိပစ္စည်းတပ်၍ ဦးဆောင်ဖောက်ပြန်နေသော စိတ္တဇဆေးချက်အား ဦးစွာသိရှိအောင် အားထုတ်ရမည်ဖြစ်ပါသည်။ ဒေါ်ခင် ခင်နှင့် မမြမြတို့က ကြိုတင်ပြောပြထားပြီးဖြစ်၍ ကိုလှဦးက ကျွန်ုပ်ကိုဆရာ ဖြစ်မှန်းသိထားနှင့်၏။ စစ်ဆေးစမ်းသပ်ရန်အတွက် သူ၏အနီးတွင် ကျွန်ုပ် ထိုင်လိုက်သည်နှင့် ပက်လက်အနေအထားမှ ကျွန်ုပ်ကိုကြည့်လျက် လက်အုပ်ချီရှာပါသည်။ ကျွန်ုပ်က ကိုလှဦးကို အားပေးစကား ပြောပေးရပါ သည်။



"ကိုလှဦး - ဘာမှ အားငယ်တဲ့စိတ် မမွေးပါနဲ့။ ခင်ဗျားမှာ သေနိုင်စရာ အကြောင်းမရှိဘူး။ ခင်ဗျားရဲ့ဇာတာမှာ သေရမယ့်ကံ မရှိသေးဘူးဆိုတာကို ကျွန်တော် တွေ့ရတယ်။ ခင်ဗျားရောဂါကို တစ်နည်းနည်းနဲ့ ကုသလို့ရမယ့် ကိန်းလည်း ရှိနေတယ်ဗျ။ ဘာမှ စိုးရိမ်စရာမလိုပါဘူး။ ဂုဏ်တော်ကိုးပါးကို မြောက်ရအောင်စိတ်ထဲက ရွတ်ဖတ်ပူဇော်နေရင် ပိုပြီးကောင်းတယ်ဗျာ။ အားတင်းထားနော်"

သည်အခါတွင်တော့ ကိုလှဦး၏ မှိန်နေသော မျက်ဝန်းရောင်များသည် ချက်ခနဲ တောက်ပလာကြသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်အားလည်း ခေါင်း ညိတ်ခြင်းဖြင့် ဖြေရှာပါသည်။ ကျွန်ုပ်သည် ကိုလှဦး၏ ညာဘက်လက် ကောက်ဝတ်အား ခေါင်းအုံးပေါ်တွင် အသာအရာတင်ထားလိုက်ပါသည်။ လိုအပ်သော အဖြေကိုရှာဖွေရန်အတွက် သွေးစမ်းခြင်းကို ပြုလုပ်ရမည်ဖြစ် ၏။ သွေးစမ်းရာတွင် အမျိုးသမီး ဘယ်ဘက်၊ အမျိုးသားညာဘက်တွင် စမ်းရ ၏။

လက်မ၏ အရင်းမှ လက်ကောက်ဝတ်တွင်ရှိသော သွေးကြောကို စမ်း သပ်ခြင်းအားဖြင့် ဓာတ်လေးပါးဖောက်ပြန်သော ရောဂါများကို သိရှိနိုင်၏။ လက်မအပါအဝင် လက်ချောင်း (၅) ချောင်းတို့၏ နေရာစုံတို့ကို သွေးစမ်း ခြင်းအားဖြင့် ပယောဂဆိုင်ရာ ရောဂါအမျိုးမျိုးတို့ကို သိရှိနိုင်၏။ ထိုနေရာ များတွင် သွေးရိုးသားရိုး ရောဂါရှာရန် အနည်းငယ်မျှသာရှိ၏။ လက်ကောက် ဝတ်တွင် စမ်းရသောသွေးသည် ရုပ်တရား အခြေခံသွေးဖြစ်၍ လက်ချောင်း များတွင် စမ်းသပ်ရသော သွေးချက်များသည် နာမ်တရား အခြေခံသွေး ဖြစ်သည်။ ကိုလှဦး၏ လက်ကို သွေးချက်ငြိမ်အောင် (၅) မိနစ်ခန့်ထား၍ စောင့်ရပါသည်။ အချိန်စေ့သောအခါ ကျွန်ုပ်က -

"ကိုလှဦး - ငြိမ်ငြိမ်လေးနေပေးပါ၊ အသက်ကိုလည်း မှန်မှန်လေးပဲရှူပါ၊ မျက်စိမှိတ်ထားပြီး ရတနာသုံးပါးကိုပဲ အောင်းမေ့ထားပါ"

www.burmeseclassic.com

ကိုလှဦးက ခေါင်းညိတ်၏။ ကျွန်ုပ်လည်း သွေးစမ်းခြင်းကို စတင်လိုက်ပါတော့သည်။ လူနာ၏ ရုပ်တရားကို အဘယ်မျှထိခိုက်နေသည်ကို သိရှိရန်အတွက် လက်ကောက်ဝတ်သွေးကို ဦးစွာစမ်းကြည့်လိုက်၏။ တတိယသွေးချက်သည် မျှော့တိုးသကဲ့သို့ တွေ့ရ၏။ သို့ဖြစ်၍ နှလုံးအားနည်းလျှင်ဖြစ်ကြောင်းကို သိလိုက်ရ၏။ တစ်ဖန် စိတ်အဘယ်သို့ ဖောက်ပြန်စေသည်ကို သိရှိရန် လက်ချောင်းနှင့် လက်ဝါးများပေါ်တွင်ရှိကြသော သွေးချက်များကို စမ်းသပ်ရမည်ဖြစ်၏။

ဤနေရာ၌ ကျယ်ပြန့်နေသောကြောင့် အခြားသော သွေးချက်များကို မရေးတော့ပါ။ တွေ့ရှိရသော သွေးချက် (၃)မျိုးကိုသာလျှင် ရေးပါမည်။ ပထမသွေးချက်သည် လက်မနှင့် လက်ညှိုးကြားရှိအသားဆိုင်၏ အရင်းဘက်အရိုးဆုံနေရာတွင် တွေ့ရသော သွေးချက်၊ ဒုတိယသွေးချက်သည် လက်ခလယ်၏ အဖျားဆစ်ရှိ အတွင်းဘက်မှ တိုးနေသော သွေးချက်၊ ထိုသွေးတိုးပုံများသည် ပယောဂနှင့် စပ်လျဉ်းသော သွေးတိုးချက်များဖြစ်ကြ၏။ သွေးလုံးအကြီးအသေး၊ သွေးတိုးနှုန်း အနေးအမြန်တို့အပေါ်၌လည်း မူတည်၍ အမျိုးအစား ထပ်မံခွဲခြားရပြန်ပါသည်။ ထိုသွေးချက်(၃)မျိုးအား အဓိပ္ပာယ်ဖော်လိုက်သောအခါ စိတ္တဇသွေးချက်အုပ်စု ဖြစ်နေကြသည်ကို တွေ့ရတော့၏။ ပထမတွေ့ရသော သွေးတိုးပုံသည် စုန်းအတတ်ပညာဖြင့် ပြုစားထားသည်ဟု အဓိပ္ပာယ်ရ၏။ သွေးလုံးအကြီးအသေးအရအတတ်ပညာမြင့်သော အုပ်စုမှဖြစ်သည်ဟု သိရ၏။ သွေးနှုန်း အနေးအမြန်အရ ဝေးသောအရပ်ဒေသမှဟု ဖော်ပြ၏။

ထိုနည်းနှင်နှင် အဓိပ္ပာယ်ဖွင့်ဆိုပါသော ဒုတိယသွေးတိုးပုံအရ ထိုစုန်းအတတ်ပညာရှင်သည် ယောကျ်ားမဟုတ်ဘဲ မိန်းမဖြစ်ပြီး ကာဝေမြောက်စုန်းအထိ ဖြစ်နိုင်သည်ကို တွေ့ရ၏။ အနိမ့်ဆုံးအနေအထားမှာ ကိုယ်စုန်း၊ ခေါင်းစုန်း၊ အိမ့်တာလိမ့်စုန်း အမျိုးအစားများဖြစ်၏။ ပညာအဆင့်မြင့်သော စုန်းများသည် နာမ်ပြောင်း၊ နာမ်ခွာ၊ လိမ်ပြာလွှဲနိုင်သူများဖြစ်ကြ၏။ သို့ဖြစ်၍ အဆင့်မြင့်ပညာသည် အမျိုးသမီးတစ်ယောက်၏ပြုစားထားခြင်းကို ခံစားနေရသော ရောဂါဖြစ်သည်ဟု သတ်မှတ်နိုင်ပြီဖြစ်၏။

ထိုသို့ဖြစ်ပါသော်လည်း တတိယမြောက် သွေးတိုးပုံသည် အသက်အန္တရာယ်နှင့် အလွန်နီးနေသော အနေအထားကို ဖော်ပြနေ၏။ ထိုသွေးချက်သည် အလွန်တန်ခိုးကြီးသော တစ္ဆေ၊ သရဲ၊ ပြိတ္တာ၊ ဘီလူး၊ သွေးစုပ်ဖုတ်တို့နှင့် ဆက်သက်နေသော သွေးဖြစ်နေ၏။ သေချာစွာ ထပ်မံစမ်းသပ်သောအခါ ဘီလူးအနွယ်သို့ပင် ဝင်ရောက်စပြုနေပြီဖြစ်သော သွေးစုပ်ဖုတ်ဖြစ်နေသည်ကို တွေ့ရ၏။ ထိုသွေးချက်သည် အနီးမှလာသော သွေးချက်ဟု ဆုံးဖြတ်ရသောကြောင့် စဉ်းစားရခက်သွား၏။ ကိုလှဦးခံစားနေရသော ပယောဂဝေဒနာသည် တစ်မျိုးတည်းဆိုလျှင် တော်သေး၏။ နှစ်မျိုးတွေ့ရသောအခါ သေချာစွာထပ်မံစဉ်းစားရတော့မည်ဖြစ်၏။ ထိုပယောဂနှစ်မျိုးမှာ မတူညီသောနေရာမှ ရောက်လာကြသည်မှာလည်း စဉ်းစားစရာပင်၊ ကျွန်ုပ်လည်း သေချာစွာ ချိန်ဆပြီးနောက် လူနာအား -

"ကိုလှဦး - ခင်ဗျား ရောဂါဟာ ပြင်းထန်တာတော့ မှန်ပါတယ်။ ဒါပေမဲ့ - သက်သာသွားမှာပါ။ ခင်ဗျား ခံစားနေတဲ့ရောဂါကို ပြည့်ပြည့်စုံစုံ သိရှိရမယ်ဆိုရင် မြန်မြန်သက်သာလာမှာပါ။ အဲဒီအတွက်တော့ ခင်ဗျားကူညီမှ မြန်မြန်ပျောက်မယ်လို့ ကျွန်တော် ယူဆထားတယ်ဗျာ။ ဘယ်လိုသဘောရသလဲ ကူညီမှာလား"

"ဘယ်လို ကူညီရမှာလဲ ဆရာ"

ကိုလှဦး လေသံမှာ ပျော့လွန်းလှ၏။ ကျွန်ုပ်က -

"ကျွန်တော်တို့ မေးတာတွေကို ဘာကိုမှ ချန်မထားဘဲ မှန်တဲ့အတိုင်း ဖြေဖို့ပါပဲ"

www.burmeseclassic.com

ကိုလှဦးသည် အနည်းငယ် စဉ်းစားနေသေး၏၊ ခေတ္တကြာမှသာ ခေါင်းညိတ်ပါတော့သည်၊ ထိုအခါတွင် ကျွန်ုပ်သည် ဒေါ်ခင်ခင်နှင့် မမြမြတို့ဘက်သို့ လှည့်၍ -

"မမြမြ၊ ခင်ဗျားအမျိုးသားကို စိတ်ရှည်လက်ရှည်ထားပြီး တဖြည်းဖြည်းချင်း စေ့စေ့စပ်စပ် မေးပါ၊ သူ ပြောလာပါလိမ့်မယ်၊ ပြောလာအောင်လည်း ဘုရားရှေ့မှာရော၊ မဟာဗိန္ဒိ၊ သိဒ္ဓိရှင် ဆရာတော်ကြီးတွေရှေ့မှာရော ကျွန်တော် သစ္စာဆိုထားပါတယ်၊ စိတ်ဆိုးတာတို့၊ ဒေါသဖြစ်တာတို့ လုံးဝဖြစ်လို့မရဘူး နော် ဖြစ်ပဲ့မလား"

"သူ - သူ - ပြောပဲ့မလား - ဆရာ"

"ပြောမှာပါဗျာ၊ စိတ်ချပါ - ရောဂါကို ရှင်းရှင်းမြစ်မြစ်သိဖို့ နည်းနည်းလိုနေသေးတယ်၊ ပြည့်စုံအောင်သိပြီးမှ အမြတ်ပြတ်အောင်လုပ်ဖို့ လွယ်မှာ၊ ကျွန်တော် မေးမယ်ဆိုရင် သိပ်ပြီးကြာသွားလိမ့်မယ်၊ လူနာရဲ့အခြေအနေက အပင်ပန်းခံပြီး စကားမပြောနိုင်သေးဘူး၊ ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း မေးမေးပြီး မှတ်ထားပါ၊ မနက်ဖြန် ကျွန်တော့်ဟောခန်းကို လာခဲ့ကြပါ၊ အဲဒီတော့မှ ရရှိလာတဲ့ အဖြေအပေါ်မှာ မူတည်ပြီး ညှိနှိုင်းတိုင်ပင်ကြတာပေါ့"

"ကျွန်မတို့က ဆရာ့ကို အပ်ထားတာပဲ၊ ဆရာ့သဘောအတိုင်းသာ ဆောင်ရွက်ပါ"

"ကဲ - ဒါဆိုလည်း ကျွန်တော် ပြန်တော့မယ်"

"ဟုတ်ကဲ့ - ဆရာ၊ ဪ - ဒါနဲ့ ဘယ်လိုရောဂါဆိုတာ"

"သိပ် မလောပါနဲ့ဗျာ၊ သေချာပြီဆိုရင် ပြောပါမယ်၊ ကိစ္စက နည်းနည်းတော့ ရှုပ်ထွေးနေသေးတယ်၊ လောလောဆယ်တော့ ပညာသည်အမျိုးသမီးတစ်ယောက်က ပြုစားထားတာလို့ပဲ သိထားနှင့်ကြပါဦး၊ နောက်ထပ် သိရမှာတွေ ရှိနေသေးတယ်၊ ဒါပေမဲ့ - စိတ်ပူပန်စရာတော့ မဟုတ်ပါဘူး၊ ကဲ - သွားမယ်"

"ဟုတ် - ဟုတ်ကဲ့ပါ ဆရာ"



အဲဒါ-ကိုလှဦးရဲ့ အရိပ်ကို ဖနောင့်ပေါက်ပြီး "ဟိတ်ခေတ်" ကို ယူသွားတာ။ သူတို့က အရိပ်ကိုပဲရရ၊ ခြေရာကိုပဲရရ ရအောင်ယူထားကြတယ်။ နောက်ပြီးမှ-သူတို့ အတတ်ပညာစက်ကို ပြုစားချင်တဲ့ လူဆီကို ပို့တော့တာပဲ။ အဲ- ပြုစားချင်တဲ့ လူဆီကို သူတို့စက် ရောက်သွားပြီဆိုရင် သူတို့ လုပ်ချင်သလို လုပ်နိုင်တော့တာပဲ



ကျွန်ုပ်သည် လူနာကိုလှဦးကိုပါ နှုတ်ဆက်၍ ပြန်ခဲ့တော့၏၊ အပြန်တွင် သူတို့၏ ဂျစ်ကားလေးဖြင့် လိုက်ပို့ပေးပါသည်၊ နောက်တစ်နေ့တွင်လည်း ဗေဒင်ဟောခန်းအား ဖွင့်လှစ်၍ မဖြစ်ပြန်ပေ၊

= ☺ =

ကျွန်ုပ်သည် မောင်တင်အောင်ကို မှာကြားထားခဲ့ပြီးနောက် မြဥ်ပွန်စေတီတော်၏ အရှေ့တောင်ထောင့်ရှိ တောမိညောင်ပင်ကြီးအောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

ပုတီးစိပ်၍ နေလိုက်ပါသည်။ ကျွန်ုပ် ပုတီးစိပ်၍ပြီးသောအခါ မှာထားခဲ့သည့် အတိုင်းပင် မောင်တင်အောင် ထိုင်စောင့်နေသည်ကို တွေ့ရ၏။ ဒေါ်ခင်ခင်တို့ ဆိုင်ခန်းတွင် ရောက်ရှိနေပေပြီ။ ကျွန်ုပ်လည်း ဆိုင်ခန်းသို့ပြန်လာပြီးနောက် အလုပ်စားပွဲတွင် ထိုင်လိုက်ပါသည်။ ဒေါ်ခင်ခင်နှင့် မမြမြတို့သည်ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင် ရှိနေသော ကုလားထိုင်များ၌ ထိုင်စောင့်နေနှင့်ပြီး ဖြစ်၏။ ကျွန်ုပ်ကပင် စတင်၍ –

"ကဲ – မမြမြ၊ ဘယ်လိုအကြောင်းတွေကို မေးလို့ရခဲ့သလဲ၊ ပြောပါဦး"

"မေးလို့ရတာတွေကတော့ တော်တော်ကို ထူးဆန်းပါတယ် ဆရာ။ သူ ယောနယ်ဘက်ကို သွားခဲ့တုန်းက မိန်းမတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်တဲ့"

"ကျွန်တော် မှာခဲ့သားပဲ၊ အသေးစိတ်မေးဖို့လိုတယ်လို့၊ သေချာရော မေးရဲ့လား"

"မေးပါတယ် – ဆရာ၊ အဲဒီမိန်းမက သူ့ကို အိမ်ထောင်ရှိသလားလို့ မေးတော့ ကိုလှဦးက ရှိတယ်လို့ပြောလိုက်တာပေါ့။ အဲဒီလိုပြောတာတောင် အဲဒီမိန်းမက နောက်ထပ် မေးသေးတာပဲ။ ဒီနေရာမှာ သူနဲ့အတူ နေမလား လို့ပြောင်ပြောင်တင်းတင်း မေးသတဲ့။ အဲဒီအခါကျတော့ ကိုလှဦးက စိတ်ဆိုး သွားပြီး ကျွန်တော့်အိမ်ကမိန်းမက ခင်ဗျားထက် ဆယ်ဆမက ပိုလှတယ်၊ ခင်ဗျားကို အတူတူနေဖို့ ဝေးလို့ စိတ်ထဲမှာတောင် ထည့်လို့မရဘူးလို့ ခွကျကျပြန်ပြောခဲ့သတဲ့။ အဲဒီမိန်းမက အရွယ်ငယ်ပေမယ့် ရုပ်ကမလှဘူးလို့ ပြောတယ်ဆရာ။ ဒါနဲ့ပဲ အဲဒီမိန်းမက ဒေါင့်ကြီးအောင့်ကြီးလုပ်ပြီး ထွက် သွားရောတဲ့။ နောက်လည်း မတွေ့ရတော့ဘူးတဲ့"

"အေးဗျာ – သူ့ခများမှာလည်း ဖွတ်ကြိုက်မိတာ နေမှာပါ။ သူ ဒီကို ပြန် ရောက်လာပြီး နေမကောင်းတဲ့အခါမှာ ဘယ်လိုတွေ ခံစားရတယ်ဆိုတာရော မေးမိသေးလား"

"မေးတာပေါ့ – ဆရာရယ်၊ အဲဒီကျမှ ကျွန်မနဲ့အတူ မနေတာကအစ ပြောပြတော့တာ။ သူ အိပ်ပျော်သွားပြီဆိုရင် အိပ်မက် မက်တော့တာပဲတဲ့။



သူမက်တဲ့ အိပ်မက်ထဲမှာ သိပ်လှတဲ့ကောင်မလေးတစ်ယောက် ရောက် ရောက်လာပြီး သူနဲ့ နီးနှောကြသတဲ့။ အဲဒီအိပ်မက်ထဲက အထိအတွေ့ကို လည်း စွဲလမ်းနေတာတဲ့။ အိပ်မက် မမက်မှာတောင် စိုးရိမ်သတဲ့။ တစ်ခါ တစ်ခါကျွန်မကိုသတိရတဲ့စိတ်ဝင်လာပြီဆိုရင်အိပ်မက်ထဲကကောင်မလေး ကို မြင်ယောင်လာတာပဲတဲ့၊ အဲဒီလို ဖြစ်သွားပြီဆိုရင် ချက်ချင်းစိတ် ပြောင်းသွားပြီး ကျွန်မအပေါ်မှာ လုံးဝစိတ်မပါတော့ဘူးတဲ့။

သူ – အဲဒီလိုဖြစ်နေတာကို ကျွန်မ သိသွားမှာ သိပ်ပြီးစိုးရိမ်သတဲ့၊ ရှက် လည်း ရှက်နေသတဲ့၊ သူ့လိပ်ပြာကိုသူ လုံအောင်ထားလို့မရဘူးတဲ့၊ ဒါကြောင့် ဘယ်လိုပဲမေးမေးဘာမှပြန်မပြောတာတဲ့။ အခုတော့ – ပြောချင်တဲ့ စိတ်တွေ ပေါ်လာပြီး ဘာမှမချန်ဘဲ ပြောတာလို့ပြောပါတယ်၊ ဆရာ့ကို ကျေးဇူးတင်လိုက်တာ မပြောပါနဲ့တော့၊ အခုမှပဲ အကုန်လုံးသိရတော့တာ လေ၊ ကျွန်မတို့ ဘာဆက်လုပ်ရမှာလဲ ဆရာ၊ အဲဒီမိန်းမက ပြုစားထားတာ မဟုတ်လား"

"သူပဲဖြစ်ရမှာပေါ့၊ သေချာတဲ့ အထောက်အထားတွေကို တွေ့ရတာပဲ၊ အဲဒီပညာသည်က သူ့ကို နှိမ့်နှိမ့်ချချ ပြောခဲ့တာကို မကျေနပ်လို့ သူ့ထက် ဆယ်ဆမက သာပါတယ်ဆိုတဲ့ မမြမြကို အရေးမလုပ်ချင်လောက်အောင် လုပ်ထားတာကိုကြည့်ရင်း ရှင်းနေတာပဲလေ၊ နောက်ပြီးတော့ သူ့ကို မနှစ် သက်ပါဘူးလို့ ပြောထားတဲ့လူရဲ့ အတွေ့အထိကို သူ့ပညာနဲ့ ဖန်တီးပြီး ရအောင်ယူခဲ့တာကလည်း သိသာနေတာပဲ"

"အဲဒီ မိန်းမက တော်တော်စွမ်းသလား ဆရာ"

"တန်ခိုးကြီးတဲ့ အမျိုးအစားထဲမှာတော့ ပါပါတယ်၊ သာမန်ပညာ သည်တွေက ဒီလိုအဆင့်မျိုးအထိ မလုပ်နိုင်ကြပါဘူး၊ ကျွန်တော်တို့ ဆရာ တွေရဲ့လောကမှာ အဆင့်အတန်းတွေ အမျိုးမျိုးရှိကြသလို သူတို့ပညာသည် တွေရဲ့လောကမှာလည်းပဲ အဆင့်အတန်းအမျိုးမျိုး ရှိကြတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"သူ့အဆင့်အတန်းက တော်တော်မြင့်မှာပေါ့နော်"

"လူနာကို သွေးစမ်းကြည့်တုန်းက တွေ့ရတဲ့သွေးချက်အရ သူဟာ အဆင့်မြင့်တဲ့ ပညာသည်ထဲကလို့ သိရပါတယ်။ အလတ်တန်းစား အနည်းဆုံးဖြစ်မယ်လို့ပြောရမှာပေါ့။ သူ့ထက်မြင့်ပြီး ကဝေအဆင့်ထိ ပြီးမြောက်နေတဲ့ပညာသည်တွေလည်း ရှိသေးတယ်၊ ကဝေမြောက်စုန်း ခုနစ်မျိုးထဲကသာ ဖြစ်မယ်ဆိုရင် ကိုလှဦး အသက်ရှင်ဖို့ မလွယ်ဘူး။ အခုတွေ့ရတာက ကိုယ်စုန်းအဆင့်ထက် မပိုနိုင်ဘူး။ ဒါပေမဲ့ - သူလည်း ထက်မြက်တဲ့အုပ်စုထဲမှာတော့ ပါနေတာပါပဲ"

ဒေါ်ခင်ခင်က စိတ်ဝင်စားလာသောဟန်ဖြင့် စကားကိုကြားဖြတ်၍ မေးတော့၏။

"အဲဒီ စုန်းတို့ ကဝေတို့ ဆိုတာတွေက ဘယ်လောက်တောင်များသလဲ ဆရာ"

"ဟာ - များတာပေါ့ဗျာ။ ကျွန်တော် ဆယ့်ရှစ်နှစ်သားကစပြီး ဆရာတွေနောက်ကို အမြဲမကွာလိုက်ပြီး ပညာယူလာခဲ့တာ၊ ကျွန်တော် တွေ့ခဲ့ဖူးတာတွေတောင် အမျိုးပေါင်းနှစ်ဆယ်ကျော်တယ်၊ ဒါတောင် - နောက်ထပ်သိဖို့ အများကြီး ကျန်သေးတယ်လို့ ကျွန်တော့်ဆရာများက ပြောခဲ့ဖူးပါတယ်။ အခုကိစ္စကို ပြောရဦးမယ်၊ အဲဒီပညာသည် အမျိုးသမီးက ခြေထောက်ဆောင့်ပြီး ထွက်သွားတာတဲ့လား"

"ဟုတ်ပါတယ် - ကိုလှဦးက အဲဒီလိုပဲ ပြောပါတယ်"

"အဲဒါ - ကိုလှဦးရဲ့အရိပ်ကို ဖနောင့်ပေါက်ပြီး "ဟိတ်ဓာတ်" ကို ယူသွားတာ၊ သူတို့က အရိပ်ကိုပဲရရ၊ ခြေရာကိုပဲ ရရ၊ ရအောင်ယူထားကြတယ်၊ နောက်ပြီးမှ - သူတို့ အတတ်ပညာစက်ကိုပြုစားချင်တဲ့ လူဆီကို ပို့တော့တာပဲ၊ အဲ - ပြုစားချင်တဲ့ လူဆီကို သူတို့စက်ရောက်သွားပြီဆိုရင် သူတို့လုပ်ချင်သလို လုပ်နိုင်တော့တာပဲ"

ထိုအခါ - မမြမြက ညည်းတွားသောအသံဖြင့် -



အမြင့်ဆုံးတွေကတော့ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိမ့်တာလီမ့်စုန်း၊ ကဝေမြောက်စုန်းတွေပေါ့ဗျာ။ သူ့အောက်မှာဆိုလည်း အများကြီး ရှိသေးတယ်။ သူ့အဆင့်အတန်းနဲ့ သူပဲ။ အသားကိုစားတဲ့စုန်း၊ အသည်းအူကို စားတဲ့စုန်း၊ အရေခွံကို စားတဲ့စုန်း၊ ဦးနှောက်ကိုစားတဲ့စုန်း၊ သွေးကိုစားတဲ့စုန်း၊ အဆီကိုစားတဲ့စုန်း၊ အရိုးကိုစားတဲ့စုန်း၊ အရိုးအရွတ်ကို စားတဲ့စုန်း။ လူတွေရဲ့ မစင်ကို စားတဲ့စုန်းဆိုပြီး အဆင့်အတန်းတွေ ကွဲကြသလို မ[illegible]လည်း ကွဲကြတယ်။



"အို - ကြောက်စရာပါလား ဆရာရယ်၊ မသိရင် အခက်ပါလား"

"ဒါပေါ့ဗျာ - အဲဒီလို သူတို့စက်ကို ပို့တဲ့နေရာမှာလည်း အဆင့်နိမ့်တဲ့ ပညာသည်တွေကသာ အပင်းထည့်တာတို့ ဘူးသွင်းတာတို့အထိ လုပ်ကြတာ၊ အဆင့်မြင့်တဲ့ ပညာသည်တွေကျတော့ ခန္ဓာကိုယ်ရဲ့ဘယ်နေရာမှာဖြစ်ဖြစ်၊ မွေးညင်းတစ်ပေါက်စာလောက် နေရာလေးမှာ သူတို့စက်ကို ထားနိုင်တဲ့ အဆင့်ရှိကြတယ်၊ အခုဖြစ်တဲ့ ကိစ္စမှာ ကိုလှဦးရဲ့အရိပ်ကနေပြီး "ဟိတ်ဓာတ်" ကို ယူထားပြီးမှ ခြေရာကမြေကိုယူပြီး စီရင်ထားတဲ့မျိုးပဲ၊



www.burmeseclassic.com

www.burmeseclassic.com

ခြေရာက မြေကိုယူပြီး စီရင်တာကလည်း မြေမှာအောင်းတဲ့ဖုတ်ကောင်ဓာ… ပေါင်းစပ်ပြီး ပြုစားချင်လို့ပဲ"

"ဆရာရယ် - နောက်များ ကျနေပြီလား၊ ကုလို့ ရပါဦးမလား"

"နောက်မကျသေးပါဘူး၊ ဒါမျိုးတွေဆိုတာက မသိရင်သာပါ၊ သိ… အလွယ်နဲ့ ပြီးတဲ့ကိစ္စပါ၊ ကြာတာက ပယောဂဒဏ်ကြောင့် ရုပ်ပိုင်းဆိုင်… ဓာတ်လေးပါး ယိုယွင်းပျက်စီးသွားတာတွေကို ပြုပြင်ရတာပါပဲ"

ဒေါ်ခင်ခင်က မေးလာပြန်ပါသည်၊

"သူတို့ အတတ်ပညာတွေက ဘယ်အထိမြင့်အောင် ပြုစားနိုင်သ… ဆရာ"

"နိမ့်တဲ့ ပညာသည်တွေကတော့ အသားကို ထိရမှပြုစားနိုင်တယ်… နည်းနည်းမြင့်သွားရင် ခြေရာတို့၊ အရိပ်တို့၊ အနံ့တို့နဲ့ ပြုစားနိုင်တယ်၊ အဲ… ထက်မြင့်သွားရင် နာမည်သိရုံ၊ မြင်ရုံ၊ ကြားရုံနဲ့ ပြုစားနိုင်တယ်၊ အထွတ်… အထိပ်ရောက်အောင် မြင့်တဲ့ပညာသည်တွေကျတော့ စိတ်ထဲက စေလို… ရုံနဲ့ ပြုစားလို့ရကြတယ်"

ဒေါ်ခင်ခင်ကပါ ညည်းတွားခြင်းပြုလျက် -

"တယ်ခက်တဲ့ ကိစ္စတွေပါလား၊ ဒါ့ထက် ဆရာ၊ ဟိုလေ - အဲဒီကိစ္စ… ရော အဆင်ပြေလာပါ့မလား"

"ဒါလည်း တဖြည်းဖြည်းနဲ့ အဆင်ပြေသွားမှာပါ၊ သူက နယ်ခြား… ဆိုတော့ ဒီမကွေးပိုင်နက်က ဆိုင်ရာပိုင်ရာတွေကို ကျော်လို့မရဘူး… ဒါကြောင့် - မကွေးပိုင်နက်ထဲက ဖုတ်သရဲနဲ့ ပူးပေါင်းကြံစည်ရတာလေ… ခြေရာက မြေကိုယူရတာ အဲဒီလိုလုပ်ဖို့ အတွက်ပဲ၊ ဖုတ်ဆိုတာမျိုးက မြေ… အမှီပြုရတဲ့ မျိုးနွယ်တွေပဲ၊ သူပေါင်းသင်းထားတဲ့ဖုတ်က ဘီလူးအဆင့်… သွားနိုင်တဲ့သွေးစုပ်ဖုတ်မျိုးပဲ၊ သူတို့က နစ်ပိုင်းခွဲထားကြတယ်၊ အမိန့်ပေးထာ… ကတော့ ပိုပြီး တန်ခိုးကြီးတဲ့ ပညာသည်ပဲ၊ သူက ကိုလှဦး အိပ်ပျော်နေတုန်း… မှာ လိပ်ပြာကို လှဲ့ယူပြီးတော့ သူလိုချင်တဲ့ အထိအတွေကို ခံစားတယ်၊ သွေး…



…တ်ကောင်က သူစုပ်ချင်တဲ့သွေးကို ခန္ဓာကိုယ်ကနေပြီးစုပ်ယူတယ်၊ အဲဒီ …မှာ ပညာသည်က ခွင့်ပြုသလောက်ပဲ စုပ်ယူခွင့်ရှိတယ်၊ သူတို့က တစ်ခါ …ည်းအပြီး မခံစားလိုကြဘူး၊ မကြာခဏ အချိန်ကြာကြာ သုံးစားလို့ရအောင် …ထားကြတာပဲ၊ အားနည်းသွားရင် လွှတ်ပေးထားတယ်၊ အားပြည့်လာရင် …ကြပြန်တယ်၊ အချိန်ကြာကြာ ပျော်မြူးချင်တဲ့သူအတွက်ရော၊ သွေးစုပ် …တဲ့သူအတွက်ရော အဆင်ပြေတဲ့အပြင် အဲဒီမိန်းမကအငြိုးကြီးကြီးနဲ့ …စားရချေတာပါ၊ အောင်မြင်အောင် ပြုစားကြတာပါပဲ"

ထိုအခါတွင်တော့ ဒေါ်ခင်ခင်သည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ် ရှာ၏ -

"အလိုလေး၊ ဘုရား - ဘုရား - ကြောက်စရာ ကောင်းလှချေလား"

"သိမှတော့ ကြောက်စရာမလိုတော့ပါဘူး ဒေါ်ခင်ခင်၊ ပညာသည်နဲ့ …သွေးစုပ်ဖုတ်ကောင်ကိစ္စက အလွယ်နဲ့ တစ်ခဏချင်းပြီးပါတယ်၊ ကျွန်တော် …ဝန်ယူပါတယ်၊ အဲ - ယိုယွင်းသွားခဲ့ရတဲ့ ရုပ်ပိုင်းဆိုင်ရာတွေ ပြန်ကောင်း …ဖို့အတွက် ဆေးရုံမှာဖြစ်ဖြစ်၊ ဗိန္ဓောဆရာနဲ့ဖြစ်ဖြစ် ကုသဖို့ကတော့ …များတို့ တာဝန်ပဲ"

"ဟုတ်ကဲ့ပါ - ဆရာ၊ တစ်လက်စတည်း အဲဒီ ပယောဂဆိုတာတွေကို ကျွန်မတို့ သိထားချင်လို့ ပြောပြပေးပါ ဆရာ၊ နောင်အခါမှာ ကိုယ်တိုင်ပဲ ဖြစ်ဖြစ်၊ ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ်၊ ကျွန်မတို့လို အဖြစ်မျိုး တွေ့မယ်ဆိုရင် ပြောတတ်ဆိုတတ်အောင်လို့ပါ၊ ကျွန်မတို့လိုမျိုးတော့ ဘယ်သူ့ကိုမှ မတွေ့ စေချင်ပါဘူး ဆရာရယ်၊ ကျွန်မတို့ နည်းနည်းပါးပါး သိထားရင် သူများတွေ …လည်း ကြုံတဲ့အခါမှာ ကူညီလို့ ရတာပေါ့"

"ဒေါ်ခင်ခင်ရဲ့အဲဒီစိတ်ဓာတ်ကို ကျွန်တော် လေးစားသွားပြီဗျာ၊ ဒါပေမဲ့ - …မျိုးတွေက ကျယ်ပြန့်လွန်းတယ်ဗျ၊ ကျွန်တော်တောင်မှ ကျွန်တော့်ဆရာ တွေရဲ့ပညာကို ဆယ်ပုံတစ်ပုံမရှိလောက်ဘူး၊ ကျွန်တော် သိထားသလောက်

www.burmeseclassic.com

နဲ့ အကျဉ်းချုပ်ပြီးတော့ ပြောပေးပါမယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ယုံကြည်အားထားတဲ့ မဟာဒ္ဒိရှင်၊ သိဒ္ဓိရှင် ထွက်ရပ်ပေါက်ဆရာကြီးတွေရဲ့ ရည်ရွယ်ချက်က သတ္တဝါတွေကို ကယ်ယူပြီး ကုသိုလ်ရစေချင်တာပဲဗျ။ ဒါကြောင့် - ကျွန်တော့်မှာ ပြောပြရမယ့်တာဝန်ရှိသွားပါပြီ။ ကျွန်တော် သိသမျှပဲ ပြောနိုင်မှာနော်။ ပိုပြီး သိချင်တယ်ဆိုရင်တော့ ကျွန်တော့်ထက် တတ်ကျွမ်းတဲ့ ဆရာကြီးတွေ အများကြီးရှိပါတယ်၊ သူတို့ကို ရှာဖွေပြီး ဆက်လက်လေ့လာပေါ့"

"ကျွန်မတို့က ကိုယ်ချင်းစာစိတ်နဲ့ သူများကို ကူညီချင်လို့ပါ။ နည်းနည်း သိရင် တော်ပါပြီ"

ကျွန်ုပ်လည်း ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ပြီးနောက် စီးကရက်တစ်လိပ်ဖြင့် အနားယူရင်း စဉ်းစားလိုက်ပါသည်။ သူတို့၏ တောင်းဆိုချက်ကို ငြင်းဆန်ရန်မသင့်တော့ပေ။ အနည်းငယ်တော့ ရှင်းပြပေးမည် ဟုပင် ဆုံးဖြတ်လိုက်ရပါသည်၊ သို့အတွက် -

"ခင်ဗျားတို့ သဘောပေါက်သိအောင်တော့ ပြောပေးပါမယ်၊ ပညာသည်တွေထဲမှာ အမြင့်ဆုံးတွေကတော့ မောက်လုံးစုန်း၊ မောက်ပြားစုန်း၊ အိမ့်တလိမ့်စုန်း၊ ကဝေမြောက်စုန်းတွေပေါ့ဗျာ၊ သူ့အောက်မှာဆိုလည်း အများကြီး ရှိသေးတယ်၊ သူ့အဆင့်အတန်းနဲ့သူပဲ၊ အသားကိုစားတဲ့စုန်း၊ အသည်းအူကို စားတဲ့စုန်း၊ အရေခွံကို စားတဲ့စုန်း၊ ဦးနှောက်ကိုစားတဲ့စုန်း၊ သွေးကိုစားတဲ့စုန်း၊ အဆီကိုစားတဲ့စုန်း၊ အရိုးကိုစားတဲ့စုန်း၊ အရိအရွဲကို စားတဲ့စုန်း၊ လူတွေရဲ့ မစင်ကို စားတဲ့စုန်းဆိုပြီး အဆင့်အတန်းတွေ ကွဲကြသလို ပညာတွေလည်း ကွဲကြတယ်၊ ဖုတ်ကောင်တွေမှာလည်း အမျိုးမျိုး ပါပဲ။

သူတို့အုပ်စုကတော့ လူ့ခန္ဓာကိုယ်ထဲက သွေးတွေကို အဆင့်အတန်း အရ စုပ်ယူကြတာပါပဲ။ လည်ချောင်းသွေးကို စုပ်တဲ့ဖုတ်၊ ခြေဖနောင့်သွေးကို စုပ်တဲ့ဖုတ်၊ ဒူးကောက်ကွေးသွေးကို စုပ်တဲ့ဖုတ်၊ လက်ကောက်ဝတ်သွေးကို



စုပ်တဲ့ဖုတ်၊ ချိုင်းသွေးကို စုပ်တဲ့ဖုတ်၊ နောက်ကျောကသွေးကို စုပ်တဲ့ဖုတ်၊ ယောကျ်ားမိန်းမတို့ရဲ့အင်္ဂါဇာတ်ကနေပြီး သွေးစုပ်တဲ့ဖုတ်၊ အရေပြားကနေ သွေးစုပ်တဲ့ဖုတ်ဆိုပြီး ဗြိတ္တာအတန်းအစားအလိုက် တန်ခိုးရှိကြတဲ့သွေးစုပ် ဖုတ်ကောင်တွေပေါ့ဗျာ"

ထိုအခါတွင် ဒေါ်ခင်ခင်က -

"အလိုလေး - ဒါကိုပဲ များလှပါပြီ ဆရာရယ်"

"အခု - ကိုလှဦးကို ပြုစားထားတာက လိင်အင်္ဂါကနေ သွေးစုပ်ယူတတ်တဲ့ သွေးစုပ်ဖုတ်ကောင်နဲ့ လိပ်ပြာကို လွှဲယူနိုင်တဲ့ ကဝေမြောက်စုန်း၊ ပညာသည်တို့ ပူးပေါင်းပြီး ပြုစားထားတယ်ဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သဘော ပေါက်နိုင်လောက်ပါပြီ"

"အခုတော့ - နားလည်သွားပါပြီ၊ ဆရာလိုအပ်သလိုသာ ညွှန်ကြားပါ၊ လိုက်နာပါ့မယ်"

"အဓိက ကတော့ ကိုလှဦးမှာ စွဲကပ်နေတဲ့ ပညာသည်ရဲ့စက်ကို ဖျက်ဆီးပစ်ဖို့ပေါ့၊ နောက်ပြီးမှ - ကပ်ခွာလုပ်နေတဲ့ သွေးစုပ်ဖုတ်ကို ရှင်းပစ်ဖို့ ပါပဲ"

"ဆရာ - အဲဒီမိန်းမက နောက်တစ်ခါထပ်ပြီး ပြုစားရင် ဘယ်လိုလုပ်ရ မလဲ"

"အဲဒါကတော့ အဲဒီပညာသည်မှ မဟုတ်ဘူးလေ၊ တခြားပယောဂတွေ နဲ့လည်း ကံမကောင်းရင် တွေ့တတ်ကြရတာ မွှေတာပဲ၊ တခြားပယောဂ ဆိုတာတွေကလည်း အများကြီး ရှိတာပဲလေ၊ အဲဒီကျတော့လည်း အခုလိုပဲ သင့်တော်တဲ့ဆေး၊ သင့်တော်တဲ့ ဆရာကို ရှာဖွေပြီး ကုသကြရမှာပေါ့၊ ကံ မကုန်သေးတဲ့ လူနာဆိုရင် ဆေးမှန်၊ ဆရာမှန်၊ နည်းလမ်းမှန်တာတွေနဲ့ တွေ့ ပြီး ချမ်းသာရာ ရသွားပေမပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလိုကတော့ ဟုတ်ပါတယ်ဆရာ၊ ကျွန်မ တူလေးကို နောင် အဲဒီလို ပယောဂတွေရန်က လွတ်ကင်းသွားအောင် လုပ်ပေးလို့ မရဘူးလားဆရာ"

"အဲဒီမိန်းမရန်ကို မဆိုထားနဲ့၊ ဘယ်လောက်ပဲ တန်ခိုးကြီးတဲ့ တစ္ဆေ၊ သရဲ၊ ဖုတ်၊ သဘက်၊ ဘီလူး၊ ဇော်ဂနီ၊ အိမ်တလိမ့်၊ မောက်လုံး၊ မောက်ပြား၊ ကဝေ၊ စုန်း၊ နတ် ဆိုတာတွေ ဖြစ်နေပါစေ၊ ဘယ်လိုပယောဂမျိုးမှ တို့လို့ ထိလို့ ကြံစည်လို့မရအောင် ပြုလုပ်ပေးလို့ရတဲ့နည်းတော့ ရှိပါတယ်၊ အဲဒီ နည်းနဲ့ ပြုလုပ်ထားမယ်ဆိုရင်တော့ တစ်သက်တာအတွက် လုံခြုံစိတ်ချရ တာပေါ့၊ ဒါပေမဲ့ - ကျွန်တော့်စိတ်အထင်ပြောရရင်ပေါ့လေ၊ လူတော်တော် များများအဖို့ အဲဒီနည်းနဲ့ ပြုလုပ်ပေးဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲလို့ ပြောရမလို ဖြစ်နေပါတယ်"

"ဘယ်လောက်အထိ အခက်အခဲ ရှိနေလို့လည်း ဆရာ၊ ဖြစ်နိုင်ရင် အဲဒီ နည်းလမ်းနဲ့ ကျွန်မတူလေးရဲ့ နောင်ရေးနောင်တာကို ကာကွယ်ပေးစေချင် ပါတယ်၊ မောင်လှဦးကိုလည်း ကြိုးစားပြီး ဖြစ်အောင်လုပ်ဖို့ တိုက်တွန်းပေး ပါ့မယ်"

"ကျွန်တော့်ဘက်က ပေးရမှာ တကယ့်အလွယ်လေးပါ၊ ဒါပေမဲ့ - ကိုလှဦးဘက်က ယူနိုင်ဖို့ဆိုတာ ဖြစ်နိုင်မယ်လို့ မထင်ပါဘူး"

"ဘယ်လိုကြောင့်ပဲလည်း ဆရာ"

"ကျွန်တော် ပြောပြီးသွားတဲ့အခါမှာ ခင်ဗျားတို့ ရှင်းသွားပါလိမ့်မယ်၊ အဲဒီကျရင် ခင်ဗျားတို့ကိုယ်ပိုင်ဉာဏ်နဲ့ ချိန်ဆနိုင်ဖို့ပဲ လိုပါမယ်၊ ကဲ - ကျွန် တော် ခဏနားပြီး ရေနွေးကြမ်းသောက်လိုက်ဦးမယ်၊ ခင်ဗျားတို့လည်း သောက်လိုက်ပါဦး"

= ☺ =

ကျွန်ုပ်တို့၏ စကားဝိုင်းမှာ ခေတ္တပြတ်သွားပါသည်၊ အမျိုးသမီးများမှာ လည်း စဉ်းစားခန်းများ ဝင်နေကြပုံပေါ်၏၊ ကျွန်ုပ်လည်း စဉ်းစားရတော့၏၊



သူတို့ တင်ပြထားသောအကြောင်းတရားကို ထောက်ထားလျက် ကျွန်ုပ် သည်အပိုင်းနှစ်ပိုင်းထား၍ စဉ်းစားရတော့၏၊ ပထမတစ်ပိုင်းမှာ လူနာ၏ ရောဂါပျောက်ကင်းရေးဖြစ်ပြီး ဒုတိယအပိုင်းမှာ သူ့တစ်သက်တာအတွက် ပယောဂတို့၏အန္တရာယ်မှ ကင်းလွတ်စေရာပင်ဖြစ်၏၊ သို့အတွက် ရှေ့ဆက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ပြောရတော့၏၊

"ကိုလှဦးကို ပယောဂစက်ဖြတ်ဆေး တိုက်ကျွေးရမယ်၊ အဲဒီအခါမှာ အဘဆရာကြီးတွေကို အပ်နှံကုသရမှာဖြစ်တဲ့အတွက် ကန်တော့ပွဲနဲ့ ပစ္စည်း အစုံလင်ကို စည်းကမ်းအတိုင်း ပူဇော်ရပါမယ်၊ အဲဒီကန်တော့ပွဲမှာ ဆရာ ဖြစ်သူအတွက် ပဏ္ဏာသလို့ခေါ်တဲ့ ပူဇော်တာကိုတော့ ကိုယ့်စိတ်ထဲမှာ ဖြစ် ပေါ်လာတဲ့ သဒ္ဓါအပေါ်မှာ မူတည်ပြီး ထည့်သွင်းပူဇော်ရပါတယ်၊ ကျွန်တော် ယူခဲ့ရတဲ့ ပညာစဉ်က ကန်တော့ကြေးသတ်မှတ်ခွင့် မရှိပါဘူး၊ သဒ္ဓါကိုပဲ လက်ခံခွင့်ရှိပါတယ်၊

အဲဒီကန်တော့ပွဲဟာ လူနာကိုလှဦးအတွက်ရည်ရွယ်ပြီး အပ်နှံကိုးကွယ် အားထားမှုပြုတာ ဖြစ်တဲ့အတွက် "ကိုး"ပွဲလို့ခေါ်ပါတယ်၊ အဲဒီ "ကိုး"ပွဲနဲ့ပဲ သွေးစုပ်ဖုတ်ကောင်ကိုလည်း ရှင်းထုတ်ရပါမယ်၊ အဲဒီကိစ္စနှစ်ခုပြီးသွားရင် ပယောဂဆိုတာ မရှိတော့ပါဘူး၊ ဦးစီးခေါင်းဆောင်ပြုနေတဲ့ "စိတ္တဇ" အကြောင်းတရားကို ရှင်းလိုက်တာနဲ့ ကျန်ခဲ့တဲ့အကြောင်းတရားသုံးပါးကို နောက်လိုက်နောက်ပါအနေနဲ့ ရှင်းပြီးသား ဖြစ်သွားပါတယ်၊ ဖြစ်ပြီးခဲ့တဲ့ ချို့ယွင်းမှုတွေကိုတော့ ကျွန်တော် ပြောခဲ့သလိုဆေးရုံမှာပဲဖြစ်ဖြစ် ဆေးဆရာ နဲ့ပဲဖြစ်ဖြစ် နှစ်ပတ်လောက်ကုသလိုက်ရင် ကောင်းသွားမှာပါ"

ဒေါ်ခင်ခင်နှင့် မမြမြတို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း ကြည့်လျက် တိုင်ပင်နေကြသည်ကို တွေ့ရ၏၊ ခဏမျှကြာမှ ဒေါ်ခင်ခင် က -

"မောင်လှဦးအတွက် တစ်သက်တာစိတ်အေးဖို့ ဆိုတာကိုလည်း ပြော ပေးပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ အလွန်ခက်ခဲမယ့်ကိစ္စလို့ ပြောရရင် မှားမယ်မထင်ပါဘူး။ ကန်တော့ပွဲကတော့ အဲဒီ "ကိုး" ပွဲကိုပဲ ဆက်ပြီး အသုံးပြုခွင့်ရှိပါတယ်။ ကိုလှဦးအတွက် ပူဇော်ထားတာဖြစ်လို့ နောက်ထပ်ပွဲတည်စရာမလိုပါဘူး။ အဲဒီလို တစ်သက်တာ လုံခြုံစိတ်ချရဖို့အတွက် သူ့ရဲ့ငယ်ထိပ်မှာ ဆေးတော်ကြီးသုံးစက် ထိုးနှံပေးရမှာ။ အဲဒီ ဆေးတော်ကြီးဟာ ထွက်ရပ်ပေါက်ဆရာတော်ကြီးတွေ၊ အဘဆရာကြီးတွေ သစ္စာဆိုခဲ့ပြီး အဓိဋ္ဌာန်ပြုပေးခဲ့တဲ့ အတွက် ကောင်းတဲ့ဘက်မှာ ကုသိုလ်ဖြစ်ကြောင်းထိုက်တဲ့ကိစ္စတွေမှာဆိုရင် စေလိုရာစေနိုင်တဲ့ သိဒ္ဓိဓာတ်တွေ အပြည့်အဝ ကိန်းဝပ်နေပါတယ်။ သာသနာကို စောင့်ရှောက်လိုတဲ့ ကုသိုလ်ကိုဖြည့်ဆည်းလိုတဲ့ ပုထုဇဉ်လူသားတွေ ရှိခဲ့မယ်ဆိုရင် အထောက်အပံ့ဖြစ်စေဖို့ ထားရစ်ခဲ့ကြတာပါ။ "စေပိုင်ဆေးတော်ကြီး" လို့ ခေါ်ပါတယ်။ မကောင်းတဲ့ဘက်မှာဆိုရင်တော့မြူတစ်မှုန်စာတောင် အသုံးမဝင်ပါဘူး။

အဲဒီဆေးတော်ကြီးကို အမွေဆက်ခံနိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ ပညာအဆင့်တွေ၊ စရဏကျင့်စဉ်တွေနဲ့သစ္စာဆိုနိုင်စွမ်းရှိတဲ့ အဓိဋ္ဌာန်တွေကို ပြည့်စုံရပါမယ်။ ဆက်ခံခွင့်ရတဲ့ကျွန်တော်တို့လို ဆရာတွေက သတ္တဝါ ကယ်တင်မှုပြုတဲ့အခါမှာလည်း ဆရာတော်ကြီးတွေ ချမှတ်ပေးထားခဲ့တဲ့ သစ္စာအဓိဋ္ဌာန်ကို ခံယူနိုင်တဲ့သူကိုသာအဲဒီလိုမျိုး ဆေးပေါက်ပေးခွင့်ရှိပါတယ်။ စည်းကမ်းကို တိတိကျကျ နည်းနည်းလေးမှ ချို့ယွင်းချက်မရှိစေဘဲ သစ္စာဆိုက်အောင် အဓိဋ္ဌာန်အတိုင်းနေနိုင်မှသာ ဆေးက အစွမ်းထက်မှာပါ။ ကျွန်တော် ပြောခဲ့တဲ့အတိုင်း ဖြစ်နိုင်တဲ့သူဆိုရင်တော့ သူ့ရဲ့တစ်သက်တာမှာ ဘယ်လိုပယောဂရောဂါဝေဒနာမျိုးမှ ကပ်လို့မရတော့ပါဘူး။

ကပ်ဖို့ကိုမဆိုထားနဲ့ ဘယ်လောက်တန်ခိုးကြီးတဲ့ ပယောဂအမျိုးအစားပဲ ဖြစ်နေပါစေ၊ အဝေးကြီးက ရှောင်သွားကြရပါတယ်။ အဲဒီ "စေပိုင်ဆေးတော်ကြီး" ပေါက်တာကိုခံယူနိုင်ဖို့အတွက် သတ်မှတ်ထားတဲ့စည်းကမ်းတွေကြောင့် ဖြစ်နိုင်ဖို့ ခက်ခဲလွန်းမယ်ထင်တယ်လို့ပြောရတာပါ"



"ဆရာ - ဘယ်လိုတွေ သစ္စာဆိုရမှာလဲ၊ အဓိဋ္ဌာန်ပြုရမှာလဲ။ သိပ်ပြီး ခက်တာတွေလား"

"စေပိုင်ဆေးတော်ကြီးရဲ့အရိပ်ကို ခိုလှုံချင်သူမှန်သမျှ သုရာမေရယကံနဲ့ ကာမေသုမိစ္ဆာစာရကံနှစ်ပါးကို သစ္စာဆိုနိုင်တဲ့ အဆင့်ရောက်အောင်ထိန်းသိမ်းနိုင်မယ်ဆိုရင် ဆေးပေါက်တာကို ခံယူခွင့်ရှိပါတယ်။ ဒါကြောင့် - မဖြစ်နိုင်လောက်ဘူးလို့ ပြောရတာပါ"

ထိုအခါ ဒေါ်ခင်ခင်နှင့် မမြမြတို့သည် တိုင်ပင်ထားကြသည့်နယ် ပြိုင်တူပြောကြတော့၏။

"ဖြစ်နိုင်ပါတယ် - ဆရာ၊ မခက်ပါဘူး"

ကျွန်ုပ်သည်ပင် လွန်စွာအံ့အားသင့်သွားရပါသည်ဟု ဝန်ခံရပေမည်။

"ဗျာ - ဟုတ်လို့လားဗျာ၊ ခင်ဗျားတို့ဆိုရင်တော့ လက်ခံစရာရှိတယ်လို့ စဉ်းစားပေးနိုင်ပါတယ်။ ကိုလှဦးဆိုတာက ယောကျ်ားသားလေ"

ထိုအခါ မမြမြက ပြုံးရွှင်ကြည်လင်စွာဖြင့် -

"ကိုလှဦးက ကျွန်မနဲ့ အိမ်ထောင်မပြုခင်ကတည်းက အဲဒီကိစ္စတွေနဲ့ ကင်းရှင်းတဲ့သူပါ"

အဲဒီလိုကိစ္စတွေနဲ့ မကင်းတဲ့လူတွေကို သူ အလွန်မုန်းတီးတာ၊ စီးပွားရေးလောကမှာ မလွှဲသာလို့ ဆက်ဆံရရင်လည်း စိတ်ပေါင်းကိုယ်ရွာပဲ ပေါင်းပါတယ်။ သူက စကားပြောရင်လည်း တုတ်ထိုးအိုးပေါက် အရှိန်အမှန်တိုင်းပြောတတ်လို့ သူ့ကို လူခွစာလို့တောင် သတ်မှတ်ထားကြပါတယ်။ အဲဒီကိစ္စတွေအတွက်တော့ ဆရာ လုံးဝပါပဲ၊ စိတ်ချယုံကြည်နိုင်ပါတယ်။ ကျွန်မတို့ ဘာလုပ်ပေးရမယ်ဆိုတာကိုသာ ပြောပါဆရာ"

"ကိုလှဦးကို အံ့ဩမိသလို လေးစားမိတယ်ဗျာ။ တကယ်ပါပဲ - ကျွန်တော့် ရင်ထဲက အလွန်ခေါ်ရခဲတဲ့ "သာဓု" တစ်မျိုးကို လှိုက်လှိုက်လှဲလှဲခေါ်လိုက်ရတယ်ဗျာ။ အဲဒါဆိုရင် ဘာမှအခက်အခဲမရှိတော့ပဲ သူ့ဒွေးလေးကောင်းကိုလှဦးကို ကယ်တင်လို့ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်ခင်က စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် –

"ဆရာ – ကျွန်မတို့တစ်တွေလည်း အဲဒီဆေးကို ပေါက်ခွင့်မရှိဘူးလား၊ ဆေးတော်ကြီး ပေါက်မယ်ဆိုရင် နောက်ထပ် ကန်တော့ပွဲတွေ ပေးရသလား၊ ကျွန်မတို့လည်း ဆေးတော်ကြီးပေါက်ခွင့်ရမယ်ဆိုရင် ပေါက်ချင်ပါတယ်"

= ☺ =

ဒေါ်ခင်ခင်ကား လွန်စွာမှ ပါးနပ်သူဟု ဆိုရပါမည်။ သူတို့တစ်တွေသည် ပွဲစားလောကတွင် ကျင်လည်နေကြရသူများပီပီ ပွဲစားဟန်ပန်နှင့် ပွဲစားလေသံတို့ ပါဝင်လာသည်ကို တွေ့ရ၏။ တစ်ဖက်သား၏ အခြေအနေအရပ်ရပ်ကို နယ်ကုန်နိုက်ယူတတ်သော အလေ့အထမှာ ခေါက်ရိုးကျိုးနေပုံရ၏။ တစ်ဖက်သားအဖို့ စိတ်ခုသွားစရာအကြောင်း မရှိစေရန်လည်း ဝေဆာယဉ်ကျေးသော စကားလုံးများကို နေရာတကျ အသုံးပြုထားသည်ကို တွေ့ရ၏။

ဆေးတော်ကြီးအပေါ်တွင် အဘယ်မျှအထိ ယုံကြည်အားထားနိုင်ခွင့်ရှိပါသလဲဟူသော မေးခွန်းကို ပွဲစားပညာဖြင့် အသားပါပါ မေးခွန်းထုတ်လိုက်ခြင်းပင် ဖြစ်လေ၏။ သို့အတွက် ကျွန်ုပ်ဘက်မှလည်း မြန်မာ့ပညာရပ်၏ တန်ဖိုးအမှန်ကို မိမိတတ်သိနားလည်ခဲ့ရသမျှမှ ထုတ်နုတ်၍ ရှင်းရှင်းမြစ်မြစ် တင်ပြပေးမှသာ အဆင်ပြေတော့မည်ဖြစ်ရာ –

"ကျွန်တော်တို့ အားထားယုံကြည်တဲ့ ဆေးတော်ကြီးဆိုတာ သိဒ္ဓိဆယ်ပါးကို ပြီးမြောက်အောင်မြင်အောင် စီရင်နိုင်စွမ်းရှိခဲ့ကြတဲ့ မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်ထွက်ရပ်ပေါက် ဆရာကြီးတွေရဲ့ အမွေခံပစ္စည်းပါ။ အဲဒီလို အစွမ်းရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ လူတစ်သိန်းမှာ တစ်ယောက်လောက်ရှိဖို့တောင် မလွယ်လှပါဘူး။ အဲဒီလို အခြေအနေတွေထဲကမှ ရှားရှားပါးပါး ထွက်ရပ်ပေါက်အောင်မြင်တော်မူသွားကြပြီဆိုရင်လည်း သူတို့ကိုယ်တိုင်က ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ တရားတော်အတိုင်း ရုပ်ခန္ဓာကို လျော့ကန့်သလို အပြောင်းအလဲပြုလုပ်ကြပြီး နာမ်ခန္ဓာကိုတော့ ဒီအတိုင်းပဲ တည်စေခဲ့ပါတယ်။

ဒါမှသာ သိပြီး အသိဉာဏ်ထက်သန်အားကောင်းနေတဲ့အပေါ်မှာ မမှုဉာဏ်စဉ်တွေ ထပ်မံသက်ဝင်အောင် အားထုတ်နိုင်ကြမှာလေ။ လောကီပညာတွေ ပြီးမြောက်ပြီးမှ လောကုတ္တရာကို လက်ရှိအသိဉာဏ်နဲ့ ရအောင် ပြုလုပ်လိုတဲ့ သဘောပါပဲ။ မရသေးဘူးဆိုရင်တောင် အရိမေတ္တေယျ ဘုရားထံမှောက် အရောက်သွားနိုင်ဖို့ သိဒ္ဓိဆယ်ပါး လမ်းစဉ်ကို ရှေ့တာစ်ဆင့်အနေနဲ့ အားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေပါ။ လက်ရှိ ရှင်တော်ဂေါတမရဲ့ သာသနာကိုလည်း အခါအခွင့်သင့်သလို မြှင့်တင်ပေးတာတို့ ဆုတ်ယုတ်မဲ့အကြောင်းတွေ အကြီးအကျယ်ရှိလာရင် အကာအကွယ်ပေးတာတို့၊ သာသနာဖျက်သူများကို သိနိုင်စေဖို့ထင်ရှားတဲ့ဥပဒ်ကြီးတွေနဲ့ ဒဏ်ခတ်ပြတာတို့ တစ်ဖက်တစ်လမ်းက သာသနာ့အကျိုးစီးပွားကို လောကီသားတွေ ထမ်းဆောင်ချင်လာအောင် တွန်းအားပေးနေကြတဲ့ သူတော်ကောင်းကြီးတွေပါဗျာ"

အဲဒါကတော့ စေပိုင်ဆေးတော်ကြီးကို စီရင်တော်မူခဲ့ကြတဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေရဲ့သဘောသဘာဝပဲ။ ဒေါ်ခင်ခင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေကို ဘယ်လိုမြင်ပါသလဲ။

"မြင့်မြတ်တဲ့ သူတော်ကောင်းတွေဆိုတာ အခုတော့ သိရပါပြီ။ ကျွန်မတို့ ကြားဖူးခဲ့တဲ့အထဲမှာ ဇော်ဂျီတို့ ဝိဇ္ဇာမိုရ်တို့ဆိုတာတွေက တစ်ခါတလေမှာ မဟုတ်တာတွေ လုပ်တာပါလာတော့ လေးစားရမှာ ခက်သွားလို့မေးရတာပါ"

"ဇော်ဂျီ ဝိဇ္ဇာမိုရ်ဆိုတာတွေက မဟိဒ္ဓိမြောက် ပညာရှင်တွေလောက် အဆင့်မရှိဘူးဗျ။ သိဒ္ဓိရှင်တွေတောင်မှ မဟိဒ္ဓိရှင်လောက် မမြင့်မြတ်ဘူး၊ ကျွန်တော်တို့ အားထားရတဲ့ မဟိဒ္ဓိရှင်ကြီးတွေကိုပဲ ပြောမယ်၊ ဒီနာမ်တရားနဲ့ အပါယ်တံခါးပိတ်ဖို့ ကြိုးစားနေတဲ့သူတွေ၊ ဗုဒ္ဓကျင့်သုံးပြခဲ့တဲ့ သင်္ချိုင်းမှ သရုပ်ပြဖို့အတွက် တစ်နေရာမှာ သေသည်ဖြစ်စေ၊ ပျောက်သွားသည်ဖြစ်စေ





www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားအောင်လုပ်ပြခဲ့ပြီး အခြားသင့်တော်တဲ့တစ်နေရာရာမှာ သင့်တော်တဲ့ပုံစံတစ်မျိုးမျိုးနဲ့ အသွင်ပြောင်းနေထိုင်ကြတာပဲဗျ။ ရတနာသုံးပါးကို အမှန်တကယ် ယုံကြည်ဆည်းကပ် နလုံးမာတ်နဲ့ ကိုးကွယ်သူတွေကို လောကနယ်ပယ်ထဲမှာ တွေ့ခဲ့ပြီဆိုရင် လူသားတွေရဲ့အသက်တွေကို လျင်မြန်စွာ ကယ်တင်ခွင့်ရစေနိုင်တဲ့ သူတို့ရဲ့ သိဒ္ဓိပြာကို သစ္စာအဓိဋ္ဌာန်ပြုပြီး စည်းကမ်းနည်းလမ်းတွေနဲ့ အသုံးပြုဖို့ပေးခဲ့တာပဲဗျ။

အဲဒီသိဒ္ဓိပြာကို စည်းကမ်းတကျ ပွားယူဖော်စပ်ထားတဲ့ ဆေးတော်ကြီးမှန်သမျှ နဂိုသိဒ္ဓိပြာရဲ့အစွမ်းက လျော့ပါးသွားတယ်လို့ မရှိဘူး။ သစ္စာအဓိဋ္ဌာန်မြဲသမျှ အစွမ်းထက်ပါစေလို့ သစ္စာပြုပြီးမှ ပေးအပ်ခဲ့တဲ့ အမွေဆက်ခံဆေးတော်ကြီးဟာ သစ္စာမြဲသူတိုင်းအတွက် နဂိုသိဒ္ဓိပြာအတိုင်း စွမ်းတယ်။ အဲ - အကုသိုလ်ကိစ္စနဲ့မကောင်းတဲ့စိတ်အကြံဘက်မှာ သုံးမယ်ဆိုရင်တော့ ဘာမှမစွမ်းပါဘူး။ ဆေးပေါက်တဲ့ သူတွေထဲက ရတနာသုံးပါးကို ပိုပြီးယုံကြည်ဆည်းကပ်ကိုးကွယ်သူတွေကတော့ သူများတကာတွေထက် ကံကောင်းတာအခက်အခဲဖြတ်ကျော်နိုင်တာ ဆေးကုစားတဲ့လူတွေဆိုရင်လည်း ဆေးထက်မြက်တာပေါ့ဗျာ။ အဲဒီလို တွေ့ကြုံခဲ့ရတယ်။ အဲဒါ စေပိုင်ဆေးတော်ကြီးရဲ့ သဘောသဘာဝပဲ။ မကောင်းတဲ့ဘက်မှာတော့ ဘာမှစေလို့မရဘူး။ ကုသိုလ်ကိစ္စမှာဆိုရင်တော့ စေလိုရာစေနိုင်ပါတယ်"

ထိုအခါ ဒေါ်ခင်ခင်က -

"ဒါ့ကြောင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေနဲ့ တွေ့ခဲ့ဖူးတဲ့လူတွေရှိတယ်လို့ ပြောကြတာကိုး။ ဆရာရော တွေ့ခဲ့ဖူးပါသလား"

"ကျွန်တော်တော့ အခုအချိန်အထိ တစ်ခါမှ ကိုယ်တွေ့မဖူးတွေ့ရသေးပါဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ တွေ့ခဲ့ရဖူးတဲ့လူတွေကိုတော့ ခဏခဏ ကြုံဖူးပါတယ်။ ဒါကလည်း ပဋ္ဌာန်းဆက်ကောင်းတဲ့လူတွေ အတိတ်ကံပါရမီကတွေ့ဖို့ဆုံဖို့ရှိတဲ့လူတွေ အခုဘဝမှာ ပြင်းပြင်းထန်ထန် စရဏအားထုတ်တဲ့သူတွေတော့ ထွက်ရပ်ပေါက်ဆရာတော်ကြီးတွေ ဆရာကြီးတွေကို ဖူးတွေ့ခွင့်ရခဲ့ကြတာ တွေ့ဖူးခဲ့ပါတယ်။ ဒါကလည်း ကျွန်တော့်ရဲ့ စရဏအားကလိုသေးလို့ဖြစ်မှာပါ"

"ဆရာ - ကျွန်မတို့ ရိုးရိုးသားသားပဲ ပြောပါရစေ။ ဒီအရွယ်သာ ရောက်ခဲ့တယ် ဒီလောက်အထိ တစ်ခါမှ မသိခဲ့ရဖူးပါဘူး။ သူပြော လူပြောလောက်နဲ့ပဲ ပြီးခဲ့ရတာပါ။ ဒီပုဂ္ဂိုလ်ကြီးတွေဟာ တကယ်ကြည်ညိုလေးစားထိုက်တဲ့သူတွေပါလား"

"မှန်တာပေါ့ - ဒေါ်ခင်ခင်၊ ကောင်းတဲ့ဘက်မှာ ကိုယ့်ထက်တော်တဲ့သူကို ရှိသေလေးစားတာဟာ သူတော်ကောင်းဖြစ်လာမယ့်လူတွေရဲ့အလုပ်ပဲဗျ။ အဲဒီမဟိဒ္ဓိရှင်ကြီးများသာ သတ္တဝါတွေရဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာကို ဆောင်ရွက်လိုတဲ့သူတွေနဲ့ သာသနာကို ကြည်ညိုစောင့်ရှောက်လိုသူတွေအတွက်သာ အစွမ်းထက်စေဖို့ သစ္စာဆိုခဲ့ အဓိဋ္ဌာန်ပြုခဲ့ပြီးမှ ထားရစ်ခဲ့ကြသာဆိုတော့ အဲဒီ ဆေးတော်ကြီးရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံနိုင်ဖို့ဆိုရင် ဗုဒ္ဓအလိုရှိတော်မူသော လူဖြစ်ကြောင်းတိုက်စေမယ့် ငါးပါးသီလ မြဲရမယ်လေ။

ပုထုဇဉ်နယ်ပယ်မှာ တစ်မှုန်တစ်မွှားမှ ပျက်ပြားခြင်းမရှိခဲ့ပါဘူးလို့ သစ္စာဆိုနိုင်လောက်အောင် အဓိဋ္ဌာန်မြဲဖို့ဆိုတာက ဖြစ်နိုင်စရာ မရှိဘူးလေ။ ဝိမုတ္တိယုဂ ကလိယုဂ်ဆုတ်ကပ်ကာလ အခုလို သမယမျိုးမှာ သုရာမေရယကံနဲ့ ကာမေသုမိစ္ဆာစာရကံနှစ်ခုကို လုံခြုံတယ်။ သစ္စာပြုနိုင်အောင် အဓိဋ္ဌာန်မြဲတယ်ဆိုရင်ပဲ အနုနဲ့စာရင် အနာဂတ်တော်သေးတယ်ဆိုသလို သတ်မှတ်ရမှာပဲ။ လူလို့သတ်မှတ်ပေးနိုင်တဲ့အဆင့်။ ဒါက ဘုရားသတ်မှတ်တာနော်။ အဲဒီအဆင့်ရောက်ရင် အပါယ်တံခါးပိတ်နိုင်သွားပြီလေ။ ကလိယုဂ် ဆုတ်ကပ်မှာ အဲဒီလို ငါးပါးသီလအပြည့်လုံတဲ့ ပုဂ္ဂိုလ်တွေကရှားပါးလွန်းသွားပြီလေ။

ဒီတော့ လူစာရင်းဝင် ငါးမျိုးထဲက အရေးပါအရာအရောက်ဆုံးဖြစ်တဲ့ အဲဒီကံနှစ်ပါးကို သစ္စာဆိုနိုင်လောက်အောင် မြဲမြံနိုင်တဲ့ လူတွေအတွက်





www.burmeseclassic.com

www.burmeseclassic.com

ရည်ရွယ်ပြီး သူတို့အောင်မြင်ခဲ့တဲ့ သိဒ္ဓိပြာကို ဖက်စပ်ရမယ့်ဆေးပစ္စည်း ပြုလုပ်ရမယ့်နည်းလမ်း လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းကျင့်သုံးရမယ့် ကိုယ်ကျင့်တရားတွေကို သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီလောက်ဆိုရင် ဒေါ်ခင်ခင်တို့ဘက်ကတွေးနိုင်လောက်ပြီ ထင်ပါတယ်"

"အခုမှပဲ ကျွန်မတို့ အားရပါးရ ယုံကြည်သွားတာပါ ဆရာ"

"ဒါပေမဲ့ဗျာ – အဲဒီ မဟာဒိဗ္ဗရှင်ကြီးတွေဆိုတာ ဘုရားတရားတော်ကို ဆန့်ကျင်တဲ့အလုပ်တွေ လုပ်နေကြတော့မှ မဟုတ်ဘဲ တကယ်တော့ ဘုရားတရားတော်ကို လေးစားလိုက်နာကြည်ညိုနေကြတဲ့ ပုဂ္ဂိုလ်တွေပဲဗျာ ကောင်းတဲ့ ဘက်မှာရော၊ ဉာဏ်ပညာအရာမှာရော၊ စာရိတ္တအရာမှာရော ကိုယ်ကျင့်သီလအရာမှာရော ခင်ဗျားတို့ ကျွန်တော်တို့ထက် အဆများစွာ သာလွန်နေတဲ့ ပုဂ္ဂိုလ်တွေပါ။ ကုသိုလ်ဘက်မှာ အားသာသူကို လေးစား ယုံကြည်တာ ကုသိုလ်ကိစ္စပဲ ဖြစ်လာမှာလေ။ ကျွန်တော်တို့ကတော့ မဟာဒိဗ္ဗရှင်အပေါင်းနဲ့တကွ သူတို့ထားရစ်ခဲ့ကြတဲ့ ဘယ်လိုအမွေစံပစ္စည်းပဲဖြစ်ဖြစ် ယုံကြည်တယ်။ လေးစားတယ်ပေါ့ဗျာ။ ခင်ဗျားတို့ကိုလည်း ဆေးတော်ကြီးကို ဘယ်လိုယုံကြည်တယ်ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ သေသေချာချာဝေဖန် စဉ်းစားပြီးပြီဆိုမှ ကျွန်တော့်ကို အဖြေပေးပါ"

ထိုအခါ ဒေါ်ခင်ခင်ရော မမြမြပါ တိုင်ပင်ထားကြသည့်အလား –

"ဟာ – ဆရာ၊ ကျွန်မတို့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေအပေါ်မှာရော ဆေးတော်ကြီးအပေါ်မှာရော လုံးဝကို ယုံကြည်ပါတယ် ဆရာ"

"ဒါဖြင့်ရင်တော့ ခင်ဗျားတို့ကို ဆေးပေါက်ပေးလို့ ရပါပြီ။ ဒီဆေးတော်ကြီးက မယုံကြည်ဘဲနဲ့ ဝတ္တရားအရ ဆေးပေါက်သွားကြတဲ့လူတွေမှာအစွမ်း မပြတာ တွေ့ခဲ့ရဖူးလို့ မေးရတာ။ အောင်မြင်ခြင်းရဲ့အကြောင်းရင်းစစ်စစ်က ယုံကြည်ချက် "သဒ္ဓါ"ပဲလေ။ တော်ကြာရင်ဆေးတော်ကြီးကပဲမစွမ်းသလိုလို ကျွန်တော်တို့ကပဲ ထိမ်ချန်သလိုမျိုး ပြောတာဆိုတာ ကြုံခဲ့ရဖူးလို့ သေချာအောင် မေးထားရတာ။ မယုံကြည်ရင် ဘယ်ဟာမှ မလုပ်သင့်ဘူး"



"ကျွန်မတို့ကတော့ ဆရာရှင်းပြလို့ ယုံယုံကြည်ကြည် ဆေးတော်ကြီး ပေါက်မှာပါဆရာ။ အမှန်ပြောရရင် အရင်က ဒါမျိုးတွေကို သိပ်ပြီးမယုံခဲ့ပါဘူး၊ မြင်ရ၊ ကြားရတာတွေလည်း ရှိလို့ပေါ့လေ။ အခုတော့ – အမြင်ရှင်းသွားပါပြီ၊ ဆေးပေါက်တာ သစ္စာအဓိဋ္ဌာန်ပြုတာတွေကိုတော့ နားလည်သွားပါပြီ၊ ကြိုးတန်း၊ ကြိမ်တန်း၊ မသန့်တဲ့နေရာ မီးနေခန်းဆိုတာတွေကို ကြားဖူးတယ် ဆရာ။ အမှတ်တမဲ့နဲ့ ပြုနေကျ၊ လုပ်နေကျတွေလုပ်ရင်းက အခန့်မသင့်ရင် ဆေးပြယ်တာတို့ ရူးသွားတာတို့ ခိုက်တာတို့ ရှိနိုင်မယ်ဆိုရင်လည်း သိထားရအောင် ကြိုကြိုတင်တင် ပြောထားပေးပါ ဆရာ"

"ဒါကတော့ ခင်ဗျားတို့ မမေးလည်းဘဲ ဆေးတော်ကြီးကို မှီခိုမယ့် လူတွေအတွက် ပြည့်စုံအောင် ရှင်းပြရမှာပါ။ ဘယ်သူပဲဖြစ်ဖြစ် မီးနေခန်း အောက်တို့ထဘီလှန်းတဲ့ ကြိုးတန်းအောက်တို့ မသာခေါင်းထမ်းတာတို့ ပေါ့ဗျာ။ ယုတ်ညံ့တဲ့အရာတွေနဲ့ပတ်သက်လို့ သွားမိ၊ လာမိ၊ စားမိ၊ သောက်မိ ဖြစ်ခဲ့မယ်ဆိုရင်ဆေးရှိသည်ဖြစ်စေ၊ ဆေးမရှိသည်ဖြစ်စေ ဘုန်းကံကတော့ နိမ့်သွားကြရမှာပါ။ ကျွန်တော်တို့ ဒီစေပိုင်ဆေးတော်ကြီးက ဆရာစဉ်ဆက် ညွှန်ကြားခဲ့တဲ့မှုအရ အဲဒီလိုတွေဖြစ်သွားလို့ အာနိသင် ပြယ်မသွားပါဘူး။ ဘုန်းကံနိမ့်တာက တစ်ပိုင်းနေလိမ့်မယ်။ သစ္စာဆိုနိုင်လောက်အောင် အဓိဋ္ဌာန်မြဲနေမယ်ဆိုရင် တန်ခိုးထက်နေမှာပါပဲ။ အဲ – ပြဋ္ဌာန်းထားတဲ့ ကံ နှစ်ပါးကို တစ်ပါးဖြစ်စေ၊ နှစ်ပါးလုံးဖြစ်စေ သစ္စာဆိုနိုင်စွမ်းမရှိတော့အောင် ဖျက်ခဲ့ပြီဆိုရင်တော့ ဆေးအာနိသင်က လုံးဝရှိတော့မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ – တန်ခိုးပြယ်တာကလွဲလို့ ရူးသွားတာတို့၊ အန္တရာယ်တွေ့တာတို့ မရှိပါဘူး၊ ဒါကြောင့် သစ္စာနှစ်ပါးကို ထိန်းသိမ်းနိုင်တဲ့ လူသားမှန်သမျှ ဘယ်သူ မဆို ဆေးတော်ကြီးရဲ့အရိပ်ကို ခိုလှုံလို့ရပါတယ်။ သိချင်တာ ကျန်သေးရင် မေးပါ။ ကျွန်တော် သိတာဆိုရင်တော့ ဖြေပေးပါ့မယ်"

"တော်တော် ပြည့်စုံပါတယ် ဆရာ၊ ကျွန်မတို့ ဆေးတော်ကြီးပေါက်ဖို့ အတွက်"



www.burmeseclassic.com

www.burmeseclassic.com

"နောက်ထပ် - ပွဲတည်ဖို့လား၊ မလိုပါဘူး အဲဒီ"ကိုး"ပွဲနဲ့ပဲ ဆေးပေါက် ပေးခွင့်ရှိပါတယ်။ ကန်တော့ပွဲထဲမှာ ဆေးပေါက်မယ့်သူတွေက ဆရာကို သဒ္ဓါနဲ့ ဆုံးဖြတ်ပြီး အပူဇော်ငွေ ထည့်ဝင်ရပါတယ်။ ဒါဆိုရင် ရှင်းလောက်ရော ပေါ့"

တစ်ဖန် မမြမြက ဝင်ရောက်ပြောဆိုပြန်ပါသည်။

"ရှင်းပါပြီ - ဆရာ၊ တချို့က မှော်ပေါက်ရင် စည်းပေါက်ရင် ဘာဖြစ်တယ်။ ညာဖြစ်တယ်လို့ ပြောတာတွေကြားရဖူးလို့ ထပ်ပြန်တလဲလဲ မေးရတာပါ"

"မေးစရာ - ကျန်သေးလား"

"မရှိတော့ပါဘူး - ဆရာ"

မမြမြက သိလိုသမျှ မေးပြီးသောအခါ ဒေါ်ခင်ခင်ဘက်သို့လှည့်၍ -

"ဒေါ်လေးခင် - ဒါဆိုလည်း မနက်ဖြန် အိမ်မှာပဲ ကန်တော့ပွဲပေးရအောင် ကျွန်မတို့လည်း ဆေးတော်ကြီး ပေါက်ကြတာပေါ့"

ဒေါ်ခင်ခင်က မမြမြကို ခေါင်းညိတ်ပြလိုက်၏။ တစ်ဖန် ကျွန်ုပ်ဘက်သို့ လှည့်၍ -

"ဆရာ - ဆေးတော်ကြီးက ပေါက်လို့ပဲ၊ ရတာလား သောက်လို့ရော မရဘူးလား"

"ဆရာအဖြစ် - သစ္စာဆိုကြမယ့် သူတွေဆိုရင်တော့ သူ့ရဲ့ကျွမ်းကျင်မှု အပေါ်မှာ မူတည်ပြီး သူ့အဆင့်အတန်းအလိုက် ဆေးသောက်တာရော၊ ဆေးပေါက်တာရော လုပ်လို့ရပါတယ်၊ အဲဒါတွေကျတော့ အများကြီး ကျယ်ပြန့်လွန်းတယ်၊ ခင်ဗျားတို့က ဆရာဖြစ်ချင်တယ်ဆိုရင်တောင် ဒီပညာနဲ့ ပတ်သက်လို့ ဘာအခြေခံမှ မရှိဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် လုံခြုံရုံလောက်ပဲ လုပ်လို့ရမှာပေါ့"

"ကျွန်မက ဆရာဖြစ်ချင်လို့မဟုတ်ပါဘူးဆရာ၊ သိချင်လို့သာ မေးကြည့်တာပါ"

"ဒါဆိုရင်လည်း ခင်ဗျားတို့ စီစဉ်စရာရှိတာတွေကို ပြောမယ်ဗျာ"



"ပြောပါ - ဆရာ၊ ကျွန်မတို့ ဘာတွေဝယ်ထားနှင့်ရမယ်၊ ဘာတွေ ဆောင်ရွက်ထားရမယ်ဆိုတာကို ပြည့်စုံအောင် စာနဲ့ရေးပေးလိုက်ပါ၊ ကျွန်မတို့ အဆင်သင့် ဆောင်ရွက်ထားပါ့မယ်၊ မနက်ဖြန်မနက် ဆရာ့ဆီကို အိမ်က ကားနဲ့ လာပြီးကြိုပါ့မယ်"

ခေါက်ရိုးကျိုးနေသော ဒေါ်ခင်ခင်၏လေသံသည် ဆေးတော်ကြီးကိစ္စ၌ ပင်လျှင်ပါဝင်လာသေးသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း ဆေးတော်ကြီးပေါက် ပေးရန်အတွက် လိုအပ်သည်များကို မကျန်ရအောင် သေချာစွာ စဉ်းစား၍ စာဖြင့် ရေးပေးလိုက်ပါသည်။

= ☺ =

နောက်နေ့တွင် အစီအစဉ်အတိုင်း မမြမြအိမ်သို့ သွားရောက်၍ ဆေးတော်ကြီးပေါက်ပွဲကို ပြုလုပ်ပေးပါသည်။ ကိုလှဦးကို အကြောင်းပြု၍ အမျိုးသားငါးယောက်နှင့် အမျိုးသမီးခုနစ်ယောက်တို့အား ဆေးတော်ကြီး ပေါက်ပေးခဲ့ရပါသည်၊ ဆေးတော်ကြီးပေါက်ခြင်း၊ ကပ်ရောက်လာသော ပယောဂကို စစ်မေးခြင်းနှင့် ပူးဝင်နေသော သွေးစုပ်ဖုတ်ဘီလူးကို ရှင်းလင်းခြင်း စသည်တို့ကို ရေးရပါလျှင် ကျယ်ပြန့်လွန်းလှ၏။ စာလေးမည်စိုး၍ အကျယ်မရေးတော့ပြီ၊ အကျဉ်းချုံး၍ အနည်းငယ်သာ ရေးသားပါမည်။

ကိုလှဦးအား စစ်မေးစဉ်မှာပင် ပြုလုပ်ထားသော ပညာသည် ရောက်လာ၏၊ နောက်ဆုံးတွင် အမှားကိုဝန်ခံ၍ သူမ၏ ပညာအား ကျွန်ုပ်ထံ လှူသွားရှာပါသည်၊ ကုသိုလ်တစ်ရပ် တိုးပွားခြင်းပင် ဖြစ်တော့၏။ သွေးစုပ်ဖုတ်ဘီလူးကိုတော့ လောက၌ မထားအပ်သောအရာဖြစ်၍ အပြီးတိုင် ရှင်းလင်းလိုက်ရ၏။ ကိစ္စအားလုံး ပြီးမြောက်သောအခါ မမြမြသည် ကျွန်ုပ်အား သင့်မြတ်သော ပမာဏထက် များစွာပိုမိုသော ပူဇော်ခြင်းကို ပြုပါသည်၊ ကျွန်ုပ် ငြင်းပယ်သည်ကိုပင် လက်မခံပါ၊ ဆေးတော်ကြီး ပေါက်ထားကြသူအားလုံး ပယောဂရောဂါဟူ၍ မဖြစ်ကြတော့ပါ၊

www.burmeseclassic.com

နောင်အခါတွင်တော့ သူတို့အထဲမှ စည်းပေါက်သူ (၂) ဦးရှိသည်ဟု ဒေါ်ခင်ခင်က ပြောလာပါသည်။ ယခု စာရေးနေချိန်တွင် ဒေါ်ခင်ခင် ကွယ်လွန်သွားမှာ (၁၀)နှစ်ခန့် ရှိလောက်ပေပြီ။ ၂၀၁၁ ခုနှစ်တွင် ကျွန်ုပ် မကွေးသို့ ခေတ္တရောက်ခဲ့စဉ်က ကိုလှဦးနှင့် မမြမြတို့ကို ကျန်းမာချမ်းသာစွာ တွေ့မြင်ခဲ့ရပါသည်။

ကျန်းမာရေးနှင့်စပ်လျဉ်း၍ အရေးတစ်စုံ ကိုယ်၌ကြုံကြရသောအခါ ဒီဆေးမှ ဒီဆေး၊ ဒီဆရာမှ ဒီဆရာ၊ ဆေးရုံမှ ဆေးရုံ၊ ဓာတ်မှဓာတ်၊ ပယောဂမှ ပယောဂ အစရှိသဖြင့် အစွန်းတစ်ဖက်ရောက် အယူအဆများကို ကျင့်သုံးကြခြင်းထက် မဇ္ဈိမပဋိပဒါဖြစ်အောင် နှိုင်းဆချိန်စက်ခြင်းပြုကြပြီး သင့်မြတ်သော "အတွေးအမြင်" တစ်ရပ် ပိုင်ဆိုင်နိုင်ကြပါစေခြင်း အကျိုးငှာသာလျှင် အကြံပြုရေးသားရခြင်းဖြစ်ပါသည်။ ထိုအချက်မှတစ်ပါး အခြားသော ရည်ရွယ်ချက်များ လုံးဝမပါဝင်ပါ။ အများအတွက် အသုံးတည့်သော စာစုတစ်ရပ် ဖြစ်နိုင်မည်ဟုသာ ရည်ရွယ်ရေးသားရခြင်း ဖြစ်ပါကြောင်း စာရှုသူများထံ လေးစားစွာ တင်ပြအပ်ပါသည်။

နိုင်းချင့်ရွေးဆ၊ မဇ္ဈိမ၊ သုခချမ်းသာ ရှိစေသော်။

ဓာတ်ဂုဏ်မျိုးမြင့်အောင်



# ကံကြမ္မာဝဲဂယက်ထည်းမှ ရွက်လှေလေး

ဂါဦးနွန်းကို

"ဖွေး - ကို မင်းရှေ့ကို ရောက်နေပြီပဲ၊ မငိုနဲ့တော့လေ"

ကျွန်တော် ဘယ်လောက်ပြောပြော ငိုကြွေးနေတဲ့ ဖွေးရဲ့မျက်ရည်မိုးတွေက ခန်းခြောက်မသွားသေး၊ ဖွေး ငိုကြွေးနေဆဲပါပဲ၊

"မငိုနဲ့တော့နော်၊ ကို့ကြောင့် ဖွေး ငိုခဲ့ရပေါင်းများပြီ၊ ဒီတစ်ခါ မငိုပါနဲ့တော့ ဖွေးရယ်"

ကျွန်တော် ဖွေးရဲ့အနားမှာ ထိုင်ချလိုက်ရင်း နှစ်သိမ့်လိုက်မိတယ်၊ ဟုတ်တယ် - ကျွန်တော့်ကြောင့် ဖွေး အမြဲငိုခဲ့ရတယ်၊

ကျွန်တော်ဟာ ဖွေးအတွက် လိုက်ဖက်ကောင်းမွန်တဲ့ ချစ်သူတစ်ယောက် မဟုတ်ခဲ့ဘူး၊ နောက်ပြီး - ခင်ပွန်းကောင်းတစ်ယောက်အဖြစ်လည်းမပီသခဲ့ဘူး၊ ဒါပေမဲ့ - ဖွေးက ဘယ်တော့မှအပြစ်မယူဘဲ ကျွန်တော့်အမှားတွေကို သူ့မျက်ရည်တွေနဲ့ပဲ အမြဲသင်ပုန်းချေပစ်တတ်တယ်၊ ဆေးပစ်လေ့ရှိတယ်၊



"ဖွေး ဘယ်လိုမှ မဖြေနိုင်ဘူး ကိုရယ်၊ ဖွေး ကို့ကို သိပ်ချစ်တယ်"

"သိပါတယ် ဖွေးရယ် - ကို့ကို ဖွေး သိပ်ချစ်မှန်းကို သိတာပေါ့၊ ဒါကြောင့်လည်း ဒီလောက်ဆိုးရွားတဲ့ ကို့ကို ဖွေး လက်ထပ်နိုင်ခဲ့တာပေါ့၊ ဒီတစ်ခါတော့ ကို့အတွက်နဲ့ မျက်ရည်မကျပါနဲ့တော့ကွာ၊ ကို့ကို မေ့ပစ်လိုက်ပါတော့နော်"

"ဖွေး - ကိုကို့ မမေ့နိုင်ဘူး၊ ဖွေး ကို့ကို တစ်သက်လုံး ချစ်သွားမှာ"

ဖွေးစကားတွေကြောင့် ကျွန်တော် နာနာကျင်ကျင်နဲ့ တစ်ချက်ပြုံးလိုက်မိတယ်၊ ကျွန်တော့်ကြောင့် ဖွေး ငိုကြွေးနေရတာကို သိလျက်ကြီးနဲ့ကျေနပ်နေမိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း တစ်ကိုယ်လုံး ကျိုးကျေသွားလောက်တဲ့အထိ ထုရိုက်ပစ်လိုက်ချင်ရဲ့၊ ဒါပေမဲ့ - ဘယ်လိုလုပ်ရပ့်မလဲ၊ ကျွန်တော်ကိုယ်တိုင်ကိုယ်က တစ်သက်လုံး ကျွန်တော့်အတွက် ဖွေး ငိုခဲ့ရတာတွေကို အချစ်စမ်းတယ်ဆိုတဲ့ စိတ်ကူးလေးတစ်ခုနဲ့ ကြိတ်ပြီး ကျေနပ်နေခဲ့မိတာဟုတ်လား၊

ဒီတစ်ခါတော့ ဖွေး ကို့ကို မေ့လို့မှ မရတော့တာ၊

ဒီစကားကို ကျွန်တော့်ရင်ထဲမှာပဲ ရေရွတ်လိုက်မိတယ်၊ ကျွန်တော့်အတွေးမဆုံးသေးခင်ဘဲ ဖွေး ကျွန်တော့်အနားက လှုပ်လီလှုပ်လဲ့နဲ့ ထွက်ခွာသွားတယ်၊ ဖွေးရဲ့ခြေလှမ်းတွေက အသက်မပါလိုက်တာ၊ တစ်ချက်တစ်ချက် ယိုင်လဲပြိုကျသွားမှာကိုတောင် စိုးရိမ်မိရဲ့၊ ကျွန်တော် - ဖွေးနောက်ကို လိုက်ပါသွားရင်း ကျွန်တော့်စိတ်တွေကလည်း အတိတ်ဆီကိုတစ်ကြော့ပြန်လည်သွားမိတော့တယ်၊

= ☺ =

လူငယ်သဘာဝ ကျွန်တော်တို့ ချစ်ကြိုက်ခဲ့ကြတာဆိုပေမယ့် ကျွန်တော်တို့ တွေ့ဆုံပုံလေးက ဆန်းတယ်လို့ ဆိုရမယ်၊ ကျွန်တော်အသက်နှစ်ဆယ်ပြည့်တဲ့နေ့ကပေါ့၊ ကျွန်တော့် မေမေက သူ့အသိတစ်ယောက်ရဲ့သမီးနဲ့



www.burmeseclassic.com

www.burmeseclassic.com

သွားတွေ့ကြည့်ဖို့ အတင်းတိုက်တွန်းနေခဲ့တယ်။ ကျွန်တော့်အထင်တော့ လူကြီးချင်းကလည်း အဆင်ပြေနေတော့ လူငယ်ချင်းလည်း နီးစပ်စေချင်လို့ ထင်ပါရဲ့။ အသက်နှစ်ဆယ်ပြည့်ချိန်အထိ ချစ်သူမရှိသေးတဲ့ ကျွန်တော်လည်း သွားတွေ့ကြည့်တာပေါ့လို့ ဆုံးဖြတ်ပြီး မေမေ ချိန်းဆိုပေးတဲ့ ကော်ဖီဆိုင်လေးကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ပြီး ထွက်လာခဲ့တယ်၊ ဒါဟာလည်း Cupid ရဲ့ဟာသလှည့်ကွက်လေးတစ်ကွက်လို့ ထင်ပါတယ်၊

ဆိုင်ထဲမှာ မိန်းကလေးဆိုလို့ ဖွေးတစ်ယောက်ပဲ ရှိနေခဲ့တာပါ၊ လိမ္မော်ဖျော်ရည်ကိုသောက်ရင်း အပြင်ဘက်ကို လှမ်းမျှော်ငေးနေတဲ့ ဖွေးရဲ့ပုံစံလေးက တကယ့်ကို ချစ်စရာကောင်းပြီး အပြစ်ကင်းလွန်းလှတယ်။ ရှင်းရှင်းပြောရရင်တော့ ကျွန်တော် ဖွေးကို မြင်မြင်ချင်း ချစ်မိသွားခဲ့တာပါ၊ ဖွေးနဲ့ ကျွန်တော် စဆုံတွေ့ချင်း ကျွန်တော် ပထမဆုံး ပြောခဲ့တဲ့စကားက ...

"ကျွန်တော် ဒီမှာ ထိုင်လို့ ရမလား"

"ရှင် – ဪ – ထိုင် – ထိုင် လို့ရပါတယ်၊ ဒါနဲ့ ရှင်က – ကိုလင်းလက်လား"

ဖွေးရဲ့အမေးကို ကျွန်တော် ခေါင်းညိတ်ဖြေလိုက်ရင်း ဖွေးရဲ့မျက်နှာကို မဝံ့မရဲ အကဲခတ်ကြည့်လိုက်တော့ ဖွေးကိုယ်တိုင်လည်း ကျွန်တော့်ကို သဘောကျနေပုံပဲ။ ဒါကတော့ အစရှိန်မှ ကျွန်တော် ရဲရဲဝံ့ဝံ့တွေးမိတာပါ။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိမှာ ဖွေးက ကျွန်တော်ရဲ့ ဇနီးမယားဖြစ်နေပြီလေ၊

အဲဒီနောက်တော့ ကျွန်တော်တို့နှစ်ယောက် ဘာမှ စကားမည်မည်ရရ မပြောဖြစ်ကြဘူး။ နှစ်ယောက်အတူ ထိုင်ပြီး နေ့လယ်စာ စားကြတယ်၊ ရုပ်ရှင်အတူ သွားကြည့်ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် တိတ်တဆိတ်ပဲ ရင်ခုန်သံချင်း နားလည်မှု ယူခဲ့ကြတယ်၊

Cupid ရဲ့လှည့်ကွက်က ဘယ်လောက်ဟာသမြောက်လိုက်သလဲဆိုတာ ဖွေးနဲ့ကျွန်တော် ချိန်းတွေ့လို့ တစ်ပတ်ကျော်လောက်ကြာမှ ဖွေးဟာ မေမေ့ သူငယ်ချင်းရဲ့ သမီး မဟုတ်တာ သိလိုက်ရတယ်။ ဖွေး လာတွေ့ဖို့



လင်းလက်ဆိုတဲ့ မန္တလာသားလေးကလည်း ကျွန်တော် မဟုတ်ဘူးလေ၊ ဖွေးကိုယ်တိုင်ကလည်း နယ်က ဒေါ်လေး လွှတ်လိုက်တဲ့ လင်းလက်ဆိုတဲ့ ကောင်လေးကို တစ်ခါမှ မမြင်ဖူးတာ၊ ကဲ – ဘယ်လောက်တိုက်ဆိုင်လိုက်သလဲ။ နာမည်တွေကလည်း တစ်ထပ်တည်းကျလို့၊ တစ်ဖက်ကသာ ဖုန်းဆက်ပြီး မတောင်းပန်ခဲ့ရင် ခုထက်ထိ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မိဘသဘောတူထားတဲ့သူလို့ပဲ ထင်နေမိကြဦးမှာ၊

ဒါကလည်း ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်မိဘအကြောင်း တစ်ယောက် မမေးဖြစ်ကြတာလည်းပါတယ်၊ နောက်ပြီး ချစ်သူတွေဖြစ်ခါစမှာ ဘယ်အရာကမှ ချစ်စကား၊ ကြိုက်စကားတွေလောက် အရေးမပါလှဘူးလေ၊ ကျွန်တော်တို့ နှစ်ယောက်ကိုက စကားအတော်နည်းတာလည်းပါတာပေါ့၊ ထားပါတော့ – ကျွန်တော်တို့အတွက်တော့ တစ်ယောက်ကို တစ်ယောက် နှစ်နှစ်ကာကာ ချစ်နေတာကလွဲလို့ ဘယ်ကိစ္စကမှ အရေးမကြီးတော့ပါဘူး၊

ဒီလိုမျိုး ကျွန်တော်တွေးထားခဲ့ပေမယ့် ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာသာရေးက တံတိုင်းတစ်ခုလို ခြားလာခဲ့တယ်၊ ကျွန်တော့်မိဘတွေက ဘာသာခြားနဲ့ သဘောမတူဘူးတဲ့၊ ဖွေးကလည်း သူ ယုံကြည်တဲ့ ဗုဒ္ဓဘာသာကလွဲပြီး ဘယ်ဘာသာကိုမှ ပြောင်းလဲမှာမဟုတ်မှန်း ကျွန်တော်သိတယ်၊ ဒီအကြောင်းကိုပြောတိုင်း ဖွေး ကျွန်တော့်ကြောင့် အမြဲငိုခဲ့ရတယ်၊ သူအသေသာ ခံမယ်၊ ဘာသာလည်း မပြောင်းနိုင်ဘူး၊ ကျွန်တော့်ကိုလည်း မခွဲနိုင်ဘူးတဲ့၊ ဒီတော့ ယောကျ်ားတစ်ယောက်အနေနဲ့ ကျွန်တော် ဘာလုပ်ရမလဲ၊

အဲဒီမှာပဲ ကျွန်တော် စိတ်ညစ်လို့ဆိုပြီး အရက်ကို အလွန်အကျွံ သောက်တတ်လာတယ်၊ အရက်တွေ မူးလာတိုင်း မိဘတွေကြောင့် ကျွန်တော့်အသည်းတွေ ကွဲနေရတဲ့အဖြစ်ကို တစ်အိမ်လုံးသိအောင် အော်ပြီး ဟစ်ကျယ် ပြောတတ်တယ်၊ ဖွေးကတော့ ဒီအကြောင်းတွေကြားရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်အတွက် စိတ်မကောင်းလွန်းလို့ ငိုကြွေးခဲ့ရတာ အကြိမ်ကြိမ်အခါခါ။ မငိုပါနဲ့ ဖွေးရယ်ဆိုတဲ့ စကားကလွဲပြီး တခြားပြောစရာစကား ကျွန်တော့်မှာ မရှိခဲ့ဘူး။

အငယ်ဆုံးသား ကျွန်တော့်ရဲ့ တိုက်ကွက်က အောင်မြင်တယ်လို့ ဆိုရမလားဘဲ၊ ကျွန်တော့်မိဘတွေက ဖွေးနဲ့ကျွန်တော့်ကို သဘောတူလိုက်ကြတယ်။ ဖွေးကတော့မိဘတွေ ဆုံးပါးသွားပြီးဖြစ်တာကြောင့်အစစအရာရာ ကျွန်တော့်မိဘတွေကပဲ စီစဉ်ခဲ့ကြတယ်၊ ကျွန်တော်တို့နှစ်ယောက် မင်္ဂလာဆောင်ပြီး ချောင်းသာကို ဟန်းနီးမွန်း ထွက်ခဲ့ကြတယ်။ ဘဝရဲ့အစမို့လားမသိဘူး၊ လမ်းလျှောက်တတ်စ ကလေးတစ်ယောက်လိုရင်တထိတ်ထိတ်အရသာနဲ့ အရမ်းပျော်ရွှင်ခဲ့ရတယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ဘဝဟာ အရည်အချင်းမရှိတဲ့ ကျွန်တော့်ကြောင့်ပဲ ရင်နာချင်စရာကောင်းလောက်အောင် ခါးသီးခဲ့ရတယ်။

ကျွန်တော်က အိမ်မှာ အငယ်ဆုံး၊ ဘာအလုပ်မှလည်း လုပ်တတ်တာမဟုတ်လို့ မိဘတွေက ကျွန်တော်တို့နှစ်ယောက်ကို အိမ်မှာပဲ ခေါ်တင်ထားတယ်။ ဒါပေမဲ့ – ကျွန်တော်မိဘတွေနဲ့ အစ်မတွေရဲ့ စိတ်ဓာတ်ကို ကျွန်တော် အသိဆုံး။ အတ္တကြီးတဲ့ သူတို့တွေကြောင့် မကြာခင် ဖွေး စိတ်ဆင်းရဲရတော့မယ်ဆိုတာ သိသိကြီးနဲ့ ဖွေးအတွက် ကျွန်တော် ဘာတစ်ခုမှ မလုပ်ပေးနိုင်ခဲ့ဘူး။

တနင်္ဂနွေရုံးပိတ်ရက်တိုင်း ရွှေတိဂုံကိုသွားတတ်တဲ့ဖွေးက ကျွန်တော်နဲ့ယူပြီး နှစ်လအကြာမှာတော့ မီးဖိုချောင်ထဲမှာဘဲ အချိန်ကုန်ခဲ့ရတယ်။ အရာအားလုံး ဖွေး တာဝန်ဖြစ်အောင် မေမေနဲ့ မမတွေက စီမံခန့်ခွဲကြတယ်။ တွယ်ရာမှာ ဖွေး ကြိတ်ငိုပေမယ့် သူတို့ရှေ့မှာတော့ တစ်ချက် မငြီးငြင်ခဲ့ပါဘူး။ ကျွန်တော် ဝယ်ပေးတဲ့ ဆောင်းရာသီလက်ဆောင်ကြောင့် ဖွေး ပျော်ရွှင်ခဲ့ရပေမယ့် အောက်တိုဘာလတုန်းက မီးမထွန်းရလို့ ကြိတ်ငိုခဲ့ရတဲ့ ဖွေးမျက်နှာလေးကို ကျွန်တော် ဘယ်လိုမှ မေ့မရသေးဘူး။ ကြာတော့ နားလည်မှုမရှိတဲ့ ကျွန်တော့် မိဘတွေကြောင့် ကျွန်တော် ဖွေးကို အရမ်းသနားလာမိတယ်။



ဒါက စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ညဘက် စောင်တွေ အဝတ်တွေ လှန်းထားတာကို ကြောက်စိတ်နဲ့ မြင်မိမြင်ရာ မြင်တာလည်း ဖြစ်နိုင်တာပဲ။



"ဖွေး – ကို့ကို ယူခဲ့မိတာကို နောင်တရနေပြီလားဟင်"

ကျွန်တော်ကတော့ ဖွေး နင့်နင့်သီးသီး ပြန်ပြောလိမ့်မလားလို့ တွေးကြောက်မိပေမယ့် ဖွေးကတော့ ကျွန်တော် မြတ်နိုးခဲ့ရတဲ့ အပြုံးလေးကို ပြုံးလျှက်ခေါင်းခါပြတယ်။ ဒီအပြုံးလေးကြောင့် ထင်ပါရဲ့၊ မိဘတွေရဲ့သဘောကို ကျွန်တော် ဆန့်ကျင်ပြီး နယ်က ကျွန်တော့်အဘိုး အမွေပေးခဲ့တဲ့ အိမ်အိုကြီးမှာ ကျွန်တော်တို့နှစ်ယောက် သွားနေခဲ့ကြတယ်။ ကျွန်တော်တို့ ဘဝသစ် စတင်ပြန်ပြီပေါ့။

အိမ်အိုကြီးက ရှေးခေတ်အခေါ် ဘိုတဲလို့ ဆိုမလားပဲ၊ ပျဉ်တစ်ဝက် အုတ်တစ်ဝက် ရောယှက်နေတဲ့ နှစ်ထပ်အိမ်ကြီး။ ဒီအိမ်ကြီးမှာ စ.နေတုန်းက ဖွေး ပြောဖူးတယ်။

www.burmeseclassic.com

"ဖွေးက သရဲကြောက်တယ် ကိုရဲ့"

"သရဲဆိုတာ ဘာလဲ ဖွေးရဲ့"

"ကိုကလည်း သရဲဆိုတာ သေလွန်ပြီး ဝိညာဉ်ဘဝကို ရောက်တာပေါ့" လို့ပြောတော့ ကျွန်တော် ရယ်လိုက်ရတာ မောရော၊ ကျွန်တော် ရယ်လို့ဝမှ ဖွေးရဲ့ မျက်နှာကို ပြုံးစိစိနဲ့ ကြည့်ရင်း ...

"ဖွေးရယ် - သရဲဆိုတာ တကယ်မှ မရှိတာ" လို့ ဆိုတော့ ဖွေးက ကျွန်တော့်ကို မျက်စောင်းလေး ထိုးပြီး . . .

"ကို မမြင်ဘူးတိုင်း သရဲမရှိဘူး ထင်မနေနဲ့၊ ဖွေး တွေ့ဖူးတယ်"

"ဟင် - ဟုတ်လား၊ ဖွေးက ဘယ်မှာ တွေ့ဖူးတာလဲ - ဘယ်လိုကြီးလဲ"

ဖွေးက နံဘေးဘီဘင်ကို ကြက်သီးထသလို ဝေ့ဝဲကြည့်လိုက်ပြီး . . .

"ဖွေး ငယ်ငယ်တုန်းက ညဘက် အိမ်ပြင်အပေါ့သွားတုန်းအရိပ် ဖြူဖြူကြီးကို တွေ့လိုက်ရတာ၊ ကြောက်စရာကြီး"

ဖွေးရဲ့ပုံစံက ကျွန်တော့်ကို ခြောက်ချင်လို့ ပြောတဲ့ပုံစံမျိုး မဟုတ်၊ တကယ်ပဲ ကြုံတွေ့ဖူးခဲ့တဲ့ပုံမျိုး။

"ဒါက စိတ်ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ညဘက် စောင်တွေ အဝတ်တွေ လှန်းထားတာကို ကြောက်စိတ်နဲ့ မြင်မိမြင်ရာ မြင်တာလည်း ဖြစ်နိုင်တာပဲ"

ကျွန်တော်နဲ့ ဖွေး သရဲရှိတယ်၊ မရှိဘူး ကိစ္စကို အသည်းအသန် ငြင်းခြုံ သေးတယ်၊ ဒါပေမဲ့ - အပျော်သက်သက်ပါပဲ၊ နောက်ဆုံး အမောမခံနိုင်တဲ့ ကျွန်တော်ကပဲ အရှုံးပေးလိုက်ရတယ်။

ဖွေးက တစ်ဖက်ဧည့်ခန်းဆီကို လျှောက်သွားပြီး နံရံမှာချိတ်ထားတဲ့ ဖွေးနဲ့ ကျွန်တော့်ရဲ့မင်္ဂလာဓာတ်ပုံကြီးကို ဖြုတ်ယူလိုက်တယ်။

"ဒီပုံထဲမှာ ကိုက သိပ်ချောတာပဲနော်"



"အမယ် - ခုကျတော့ ရုပ်ဆိုးကြီးလို့ ဆိုချင်နေပြီပေါ့လေ"

"ခုလည်း ချောတုန်းပါပဲ၊ ဖွေးအတွက်တော့ ကိုက ဘယ်အချိန်ပဲဖြစ်ဖြစ် ချောမောခန့်ညားနေဆဲဆိုတာ ယုံပါ ကိုရယ်"

"ကိုက နောက်တာပါ ဖွေးရယ်၊ ဖွေးရဲ့စကားတွေအားလုံးကို အကြွင်းမဲ့ ယုံကြည်ပြီးသားပါ၊ ကဲ - ဓာတ်ပုံကို သိမ်းလိုက်ဦးလေ"

ဖွေးက ဓာတ်ပုံကို အိပ်ခန်းထဲကို သယ်ယူသွားတယ်၊ ကျွန်တော် တတော့ ဧည့်ခန်းထဲမှာ ခဏနေရစ်ခဲ့ပြီး တစ်ခန်းလုံးကို ဝေ့ဝဲကြည့်လိုက်မိ တယ်၊ ဪ - ဟိုစားပွဲပေါ်မှာ ကျွန်တော်တို့နှစ်ယောက် ထမင်းအတူတူ စားခဲ့ကြတယ်၊ ဒီထိုင်ခုံလေးကတော့ ကျွန်တော်တို့နှစ်ယောက် တီဗွီ ကြည့်တိုင်း ပင်တိုင်ထိုင်တဲ့နှစ်ယောက်ထိုင်ခုံလေးပေါ့၊ ဟိုနားမှာတော့ ကျွန်တော် လဲကျသွားလို့ ကျွန်တော့်ကို ဖွေး တွဲထူပေးခဲ့တဲ့နေရာလေး။

ကျွန်တော်တို့နှစ်ယောက် အတူနေလာလို့ တစ်နှစ်မကြာသေးပါဘူး၊ ပင်ပန်းမှုဒဏ်တွေကြောင့် ကျွန်တော် နေထိုင်မကောင်းဖြစ်ပါလေရော၊ ကျွန်တော် လုပ်နေတဲ့အလုပ်ကလည်း ပျိုးပင်တွေ ရောင်းဖို့ စိုက်ရပျိုးရတာ မျိုးဆိုတော့ နည်းနည်းတော့ ပင်ပန်းတာပေါ့၊ ဒီလောက်ဖျားတာလေးနဲ့ ပိုက်ဆံအကုန်မခံချင်ပေမဲ့ ဖွေးက ကျွန်တော့်အတွက် စိတ်ပူပန်နေတာ ကြောင့် ဖွေးဆန္ဒအရ ကျွန်တော် ဆေးခန်းကို သွားလိုက်တယ်၊

ကျွန်တော် တကယ့်ကို အံ့ဩသွားခဲ့ရတယ်၊ အိပ်မက် မက်နေတာလား၊ ဒါမှမဟုတ် ဆရာဝန်ရဲ့စစ်ဆေးချက်ပဲ မှားနေတာလား၊ ရုတ်တရက်ကြုံဆုံ လိုက်ရတဲ့ အဖြစ်မှန်ကို ကျွန်တော် ဘယ်လိုမျှ လက်ခံလို့ မရသေး၊ ဖွေးရဲ့ စကားနဲ့ပြောရရင်တော့ ကံကြမ္မာရဲ့ကျီစားချက်က ကျွန်တော့်အတွက် တော့ သွေးပျက်ခဲ့ရတယ်၊ ကျွန်တော့်မှာ သွေးကင်ဆာရောဂါ ဖြစ်နေပြီတဲ့၊ ဆရာဝန်ပြောပြမှ သိလိုက်ရတာက ဒီရောဂါက မျိုးရိုးလိုက်တတ်တယ်တဲ့

www.burmeseclassic.com

လေ၊ ကျွန်တော်အဘိုးက ဒီရောဂါနဲ့ အသက်ငယ်ငယ်ရွယ်ရွယ်မှာတင် ဆုံးပါးသွားခဲ့တာ မဟုတ်လား။ ဖွေး - ကျွန်တော့်အတွက် ငိုရပြန်ပြီ၊

ကျန်ရှိသေးတဲ့ခြောက်လကိုကျွန်တော် ဖွေးနဲ့ပဲ ကုန်ဆုံးချင်တာကြောင့် ကျွန်တော့်ရောဂါအကြောင်းကိုမိဘတွေဆီတောင် အကြောင်းမကြားခဲ့ဘူး။ ဒါဟာ - သူတို့အပေါ်ကျွန်တော် ရက်စက်လွန်းမှန်း သိပေမယ့် သူတို့ခွင့်လွှတ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်မိတယ်၊ နောက်ပြီး - ကျွန်တော် ဖွေးကို ဘာမှတောင် မပေးဆပ်လိုက်ရဘူးလေ၊ ဖွေးကသာ ကျွန်တော့်အတွက် အရာရာ အနစ်နာခံခဲ့ရတာ၊

= ☺ =

"ကို - မကြာခင် ကိုမိဘတွေ ရောက်လာကြတော့မှာ၊ ဒီအိမ်ကို သူတို့ ပြန်ယူမယ်တဲ့လေ၊ ဖွေး ဘာကိုမှ မတပ်မက်ပါဘူး ကိုရယ်၊ ကို မရှိတော့တဲ့ နောက်တော့ ဖွေးလည်း ဒီအိမ်ကြီးမှာ မနေချင်တော့ပါဘူး၊ ကို့ကို သတိရလွန်းလို့ ဖွေး ရူးသွားမလားပဲ"

ဖွေး တစ်ကိုယ်တည်း ရေရွတ်နေတာကို ငေးကြည့်ရင်း ကျွန်တော့် ရင်ဘတ်တွေ နာကျင်လာမိတယ်၊

"ဖွေး - ကောင်းကင်ဘုံဆိုတာ တကယ်ရှိလား၊ ဆောရီး - ဆောရီး - ဖွေးတို့ဘာသာနဲ့ ခေါ်ရရင် နတ်ပြည်ပေါ့နော်၊ ကဲပါ - အတူတူပါပဲ၊ အေးချမ်းဆိတ်ငြိမ်တဲ့ ဘုံဌာနတစ်ခုကို ဆိုလိုတာနေမှာပေါ့လေ၊ တကယ်ပဲ ရှိတယ်ဆိုရင်တောင် ဖွေးကိုထားပြီး ကိုယ်တစ်ယောက်တည်း မသွားချင်ဘူး၊ ဖွေးနဲ့ဝေးနေတဲ့နေရာတိုင်းဟာ ကိုယ့်အတွက်တော့ အေးချမ်းရာ ဖြစ်မလာနိုင်ပါဘူး၊ ဒါ့ကြောင့်ဖွေးသာ ကိုယ့်ကိုဒီအိမ်ကြီးမှာ ထားခဲ့လိုက်ပါ၊ ဇနီးအပေါ်မှာ ဘာတာဝန်မှ မကျေပွန်ခဲ့မိတဲ့ ခင်ပွန်းတစ်ယောက်ရဲ့နောင်တတွေနဲ့ကိုယ် ထာဝရ နာကျင်သွားပါရစေ"

= ☺ =



ကျွန်မ လက်ဆွဲအိတ်ကို ဆွဲရင်း တံခါးဆီသို့ လျှောက်လာလိုက်တယ်၊ ပါးပြင်ပေါ်ကို မျက်ဝန်းအိမ်အတွင်းမှ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်စီးဆင်းနေကျဆဲ၊ ရင်ဘတ်တစ်ခုလုံးလည်း နာကျင်လွန်းလို့ အသက်ကိုတောင် အနိုင်နိုင် ရှူသွင်းနေရတယ်၊ ကျွန်မ ဘဝထဲက ကိုလင်း ထွက်ခွာသွားပြီဆိုတဲ့အတွေးက ကျွန်မရဲ့အသိစိတ်တွေကို ကပြောင်းကပြန် ဆန်သွားစေတယ်၊

"မဟုတ်ဘူး - ဒါ အဖြစ်မှန် မဟုတ်ဘူး၊ ဒါ အိပ်မက်၊ ငါ အိပ်မက် မက်နေတာ"

လို့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာချင်ပေမယ့် အရာအားလုံးကို ကျွန်မ မပြောင်းလဲပစ်နိုင်ဘူးလေ၊ အဖြစ်မှန်ကို လက်ခံလိုက်ရုံကလွဲပြီး ကျွန်မ ဘာများတတ်နိုင်ဦးမှာလဲ၊ လင်ကံဆိုးမလို့ ကိုယ့်ကိုယ်ကိုယ် ကျိန်စာတိုက်ရင်း ကျွန်မတသိမ့်သိမ့်ရှိုက်ငိုနေမိတယ်၊

"ကို - ဖွေးတို့ကို အရာအားလုံးကို စွန့်လွှတ်ပြီး လက်ထပ်ခဲ့ရတာပါ၊ ကို့မိဘတွေလို ဖွေးရဲ့ဆွေမျိုးတွေကလည်း ကိုနဲ့ဖွေးကို သဘောမတူချင်ကြပါဘူး၊ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး တားမြစ်ခဲ့ကြပေမယ့် ဖွေး ဘာကိုမှ ဂရုမစိုက်ဘဲ ကို့ကိုလက်ထပ်ခဲ့တာပါ၊ ကို - ဖွေးကို မေးဖူးတယ်နော်၊ ကို့ကိုလက်ထပ်မိတဲ့အတွက် နောင်တ ရလားလို့လေ၊ ဖွေး အရင်က ဖြေခဲ့ဖူးသလိုပဲ ဖြေပါရစေ၊ ဖွေး နောင်တ မရပါဘူး၊ ကိုက ဖွေးနဲ့ ဘာသာချင်း မတူပေမဲ့ ဖွေးအပေါ်ကို နားလည်ပေးတယ်၊ လိုက်လျောပေးတယ်၊ မတူညီမှုတွေကို ညှိနှိုင်းယူပေးတယ်၊ ကိုနဲ့အတူနေခဲ့ရတဲ့အတွက် ဖွေး စိတ်ချမ်းသာခဲ့ရပါတယ်၊ ကံအကြောင်းတရားကြောင့်သာ ဖွေးနဲ့ကို မတူညီမှုတွေရှိခဲ့ကြပေမဲ့ ဖွေးအပေါ်မှာ ကို တာဝန်ကျေခဲ့ပါတယ်။ ဒါကြောင့် - နောက်ဆံမတင်းဘဲ သွားလိုရာကိုသာ သွားပါတော့ ကိုရယ်၊ ကို မရှိတော့တဲ့နောက်ပိုင်းဖွေး အိမ်ထောင်သစ်လည်း မထူချင်တော့ပါဘူး၊ ဖွေး ယုံကြည်တဲ့ ဘာသာရေးကို လိုက်စားရင်း ဘဝမှာ အပူအပင်ကင်းကင်း နေသွားတော့မှာ



www.burmeseclassic.com

www.burmeseclassic.com

မို့ ကို ဘာကိုမှ တွယ်တာမနေပါနဲ့တော့နော်၊ ဖွေး – ဖွေး ဒီအိမ်ကြီးနဲ့အတူ ကို့တို့ နှုတ်ဆက်ခဲ့ပါတယ်"

စကားလုံးတွေက ကျွန်မရဲ့နှုတ်ဖျားကနေ ဘယ်လိုထွက်အန်ကျလာမှန်းတောင် ကျွန်မ သတိမပြုမိ။ သေချာတာတစ်ခုကတော့ စကားလုံးတိုင်းဟာ ကျွန်မရင်ထဲမှာ ခံစားနေရတဲ့အတိုင်းပါပဲ၊ ကျွန်မ ရူးများသွားပြီလား။ အနားမှာ ကို မရှိတော့မှန်း သိလျက်သားနဲ့ တစ်ယောက်တည်း စကားတွေပြောနေမိတုန်း။ ကျေကျေကွဲကွဲဖြစ်နေမိတုန်း။

ကျွန်မဟာ ထင်ထားတာထက် စိတ်မာတတ်မာကြောတဲ့ မိန်းကလေးတစ်ယောက်ပါ၊ အသက်ပြင်းပြင်းတစ်ချက်ကို ရှူရှိုက်သွင်းလိုက်ပြီး မျက်နှာပြင်က မျက်ရည်တွေကိုလက်နစ်ဖက်နဲ့ပွတ်သပ်သုတ်လိုက်မိတယ်၊အဲဒီနောက်တံခါးကို ဆွဲဖွင့်ပြီး လက်ဆွဲအိတ်ကိုဆွဲလျက် လေကားထစ်တွေကို တစ်ထစ်ချင်းဆင်းပြီး အိမ်အပြင်ကို ထွက်လာလိုက်တယ်၊ ကျွန်မ ထွက်သွားရတော့မယ့်အချိန်ကို ရောက်ပြီလေ၊ ညက မှောင်ရီပျိုးစပြုနေပြီလေ၊ ပြီးတော့ – တိတ်ဆိတ်မှုကျေကွဲဖွယ်ငြိမ်သက် တိတ်ဆိတ်မှု ...

ရုတ်တရက် နောက်ကျောပြင်ကို တစ်ယောက်ယောက် ဂရုတစိုက်စောင့်စားပြီး ငေးကြည့်နေသလို ခံစားမိတာကြောင့် ကျွန်မ ဆတ်ခနဲလှည့်ကြည့်လိုက်မိတယ်၊ ရင်ထဲမှာ ဖြန်းခနဲ အေးစက်သွားတယ်၊

"ဟင်"

မှန်ပြတင်းပေါက်နားက လိုက်ကာစတွေက လေတိုက်လို့ပဲလား၊ တစ်စုံတစ်ယောက် ဝင်တိုက်လို့ပဲလား မသိ၊ လှုပ်ယမ်းခါနေဆဲ၊ တကယ်တော့ လေငြိမ်နေတဲ့အချိန်အတန့် ခဏလေးပါ၊ ဘာဖြစ်လို့ လိုက်ကာစက လှုပ်နေရတာလဲ၊ တစ်စုံတစ်ယောက်က လှုပ်ခါယမ်းနေသလဲပါပဲကွယ်၊

"ကိုရယ် – ဖွေးနဲ့ကို ဘဝချင်း ခြားသွားပြီလေ၊ ဒါကို ကိုလည်း သိပါတယ်၊ ဖွေးလည်း ကိုယ့်လမ်းကိုယ် သွားတော့မှာမို့ ကိုလည်း ကိုယ့်လမ်းကိုယ် သွားပါတော့နော်၊ ဒီလိုပြောတာဟာ ကို့အတွက် ရက်စက်လွန်းရာကျမှန်းသိပေမယ့်ဖွေးဟာကို့အတွက်ပဲ အမြဲစဉ်းစားပေးခဲ့တဲ့သူတစ်ယောက်



ဆိုတာကို မမေ့ပါနဲ့နော်၊ သံသရာဆိုတာ ရှည်လျားစွာ ဆုံးစမထင် လည်ပတ်နေတာမို့ ကိုနဲ့ ဖွေး နောင်ဘဝတွေမှာ တူညီမှုတွေ များများ၊ အချစ်တွေ များများ၊ သံယောဇဉ်တွေများများနဲ့ ထပ်ဆုံစည်းပြီးအချိန်အကြာကြီး အတူနေနိုင်ပါစေလို့ ဖွေး ဆုတောင်းပေးလိုက်ပါတယ်"

(ကွယ်လွန်သွားသော သူငယ်ချင်းတစ်ယောက်အတွက် အမှတ်တရ)

ဂါဦးနှန်းကို


## စာရှင်များသို့

ရွေးချယ်သောစာမူများကို ဖြန့်ချည်ဝေးရှိ ညော်တော်ဝါ၍ မိတ္တူပွားထားကြွပါရန်။

အယ်ဒီတာအဖွဲ့

ဣန္ဒြိယလောက မဂ္ဂဇင်း

www.burmeseclassic.com



## ဝိညာဉ်မြူးတဲ့ တောကန္တာ

**အောင်မြတ်ဦး**

၁၉၇၀ – ၇၁မှာ ဘက်ပိုင်းက ကျွန်တော် ကချင်ပြည်နယ်မှာ ရှိသည်။ ကျွန်တော်က နိုင်ငံဝန်ထမ်း။ ပထမပိုင်း မြန်မာပြည်အောက်ပိုင်းနှင့် ကချင်ပြည်နယ်က စည်းတားထားသလို ရှိသည်။ နန်စီးအောင်ချောင်းအနီးတွင် ရှိသည်။

မဲဇာဘက်မှာ ရှိသည်။ မြန်မာစစ်စစ် ကဒူး၊ ကနန် တိုင်းရင်းသားတွေနဲ့ သွေးစည်းခဲ့သည်။ ဖားကန့်၊ တနိုင်းဘက်လည်း ရောက်ခဲ့သည်။

လော်ပန်တွေ၊ ကျောက်စိမ်းရိုင်းတုံးနှင့်လဲကာ ဘိန်းအရသာခံခဲ့သည့် သူတွေကြားလည်း နေခဲ့သည်။ ရိုးသားကြသည်။ ဖြူစင်ကြသည်။ ပျော်စရာ နေ့ရက်များ ...။

ပြီးတော့ – ရထားလမ်းရိုး တစ်လျှောက် ...။



www.burmeseclassic.com

www.burmeseclassic.com

တည်စဉ်က ကချင်ပြည်နယ်မှာ ကေအိုင်အေ ရှိသည်။ ကချင်လွတ်မြောက်ရေးတပ်မတော် ဆိုလားပဲ ရှိသည်၊ ကချင်လွတ်မြောက်ရေး တပ်မတော်ခေါင်းဆောင်တွေကဇော်တူ၊ဇော်ဒန်၊ဇော်ဆိုင်း။ရထားလမ်းရိုးမှာက "မေဂျာလဖိုင်ဆိုင်း" ကြီးစိုးသည်၊ ကေအိုင်အို မရှိသေး . . .။

တပ်နဲ့ ကေအိုင်အေ မကြာခဏ တိုက်ပွဲဖြစ်သည်၊ ထမင်းစား၊ ရေသောက်ကိုပဲ မွန်-မြန်မာ နစ်လေးဆယ် စစ်ပွဲနှင့်တူသည်၊ မှန်းတီးမှု မရှိ၊ စစ်ပြေးဒုက္ခသည် မရှိ၊

ကချင်တိုင်းရင်းသားတွေကတောနှင့်တောင်ကိုချစ်သည်၊ တောထဲမှာ ရွာတွေ အများကြီး၊ အိမ်ခြေမှု မများ၊ လေးအိမ်၊ ငါးအိမ်တစ်ရွာ ဖြစ်သည်၊ ရထားလမ်းရိုးဘက်မှာ အဖီးနှင့် ဂျင်းဖော များသည်၊

စီတာပူ မနောကွင်းမှာ မနောက က,ခဲ့ဖူးသည်၊ ပျော်စရာည . . .။

နောက် . . . ကျွန်တော်တို့ရထားလမ်းရိုးကို ကျောခိုင်းခဲ့ရသည်၊ ထိုမှ ဆဒုံး၊ ဆမားဘက် ရောက်သည်၊ ခင်နွယ်ကောင်းရွာ၊ လမ်းကားစခန်း၊ ချီဗွေ ကေခေါင်ဘက်သို့ ရောက်သည်၊ ကေခေါင်မှာ တပ်စခန်း ရှိသည်၊

ထိုမှ ထန်းတုံ၊ နကွန်ဘော်သို့ရောက်သည်၊ သဘာဝထူးဆန်းမှုများစွာ တွေ့ကြုံခဲ့သည်၊ ကျောက်ဖြစ်လုလု လူနှစ်ဖက်ခန့် မြွေကြီးတွေ၊ များတူအုံတွေ၊ နွယ်ရှင်တွေ၊ သံသေဒဇတွေ . . .။

ဂေါ်လန်၊ ဂန်ဇန် တောင်ကုန်းတွေ လှမ်းမြင်ရ၏၊ လွမ်းမောစရာ ...။

"ဒီမှာ - မသေဆေးပင်တွေ ရှိတယ် - ဆရာ၊ အရမ်းနမြောဖို့ ကောင်းတယ်၊ ဦးနလက်ထက်က ပေးလိုက်ရတာလေ ..."

ဟု ပြောသည်၊

ဒီဘက်မှာကလရှိနဲ့မောရင်၊လီဆူးတွေရှိသည်၊ရိုးသားဖြူစင်ကြသည်၊ ယောက်ျားက တောင်ယာခုတ်၍ မိန်းမက သီးနှံစိုက်သည်၊ ရိုတ်သည်၊ အဓိကသည် စပါးနှင့် ပြောင်း ...။



ဒီမှာက မိုးမြောက်လ၊ ဆောင်းမြောက်လဟုအဆိုရှိသည်၊ ဆန်မြောက်လ၊ ပြောင်းဖူး မြောက်လ စားသည်၊ နတ်ကိုးကွယ်သူတွေ ...၊ စေတနာကောင်းသည်၊ ရိုးသားပွင့်လင်းသည့် တိုင်းရင်းသားတွေ၊

တည်စဉ်ကစီမံချက်နှင့်တောတွင်းရွာပုန်းတွေမှတိုင်းရင်းသားတွေအား မြစ်ကြီးနားဘက်သို့ပို့ခဲ့သည်၊ လှေခါးထစ်စိုက်ခင်းလုပ်စေသည်၊ သို့သော် - တချို့ကလုပ်ပြီး တချို့က တောထဲ ပြန်ပြေးသည်၊

သူတို့က သဘာဝအရ တောတွေပြုန်း၊ တောင်တွေခေါင်းတုံးဖြစ်သည်ကို မသိ၊ ရွှေ့ပြောင်းတောင်ယာစနစ်ကို မြတ်နိုးသည်၊

ဘာပဲပြောပြော၊ ရောက်ရာမှာ အမေအရွယ်၊ အဖေအရွယ် အဘိုးကြီး၊ အဘွားကြီးကို "အနူး"၊ "အဝါ" ဟုခေါ်သဖြင့် ပီတိဖြစ်ပုံရ၏၊ ဆေးတပ်သားကို ပိုချစ်သည်၊ သူတို့က "မရှိတ် ဆရာ" ဟုခေါ်သည်၊

ကချင်ပြည်နယ်က ကျွန်တော့်အတွက် လွမ်းမောပျော်ရွှင်ဖွယ်နေရာ ဖြစ်ခဲ့သည်၊ မမေ့နိုင်စရာ များစွာရှိခဲ့သည်၊

= ☺ =

ကျွန်တော်တို့ ရထားလမ်းရိုးမှပြောင်းတော့ ဆဒုံး၊ ဆမားဘက် အလျင်ရောက်သည်၊ သည်ဘက်သွားဖို့ ဧရာဝတီကိုဖြတ်ရသည်၊ ခတ်ချိုဆိပ်မှ ကူးရသည်၊ တံတားမရှိ၊ ဖောင်နှင့် ကူးရသည်၊

သည်မှာ မကြာခဏ မြစ်ထဲ ကားကျ၊ ပစ္စည်းကျနှင့်၊ အနီးမှ တိုင်းရင်းသားရွာသားတွေက အမြဲကူညီသည်၊ သည်နေရာက "စိုင်းအောင်လှိုင်မြင့်"၊ "ဟင်နရီနူးနန့်ဘွဲ့" ရသည့်နေရာ . . .။

သည်က ကျော်လျှင်၊ ဝါရှောင်ရွာ ...၊ ဝါရှောင်ဆည် ရှိသည်၊ ထိုမှ တည့်တည့်သွားလျှင် ဆဒုံး၊ ဆမား . . .။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့သို့ စိုက်ကျသွားသည့် ဆတ်ကြီးသည် အံ့ဩဖွယ် ကောင်းလောက်အောင် ရုတ်ခြည်း ဆတ်ခနဲ မတ်တတ် ထ,လိုက်ကာ ခုန်ပြေးသွားသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။



ဘယ်သို့ ရှုံးကွေ့သည့်လမ်းက ရှိဖွေကေခေါ်သွားလမ်း . . .။

ကျွန်တော် လန်းမားစခန်းတွင် နေတော့ ... မမေ့နိုင်စရာအဖြစ်တစ်ရ ကြုံတွေ့ဖူးသည်။

တစ်နေ့ . . .။

"မြင့်နောင် – ခင်ဗျ – တောလည်ချင်ရင် မနက်ခေါင်ခေါင်းမို့ လိုက်သွားလေ ..."

ဟု ဆရာကျော်လေးက ပြောသည်။ ခေါင်ခေါင်းသည် ဒေသခံမုဆိုးတစ်ကို ကူညီနေသည့် လမ်းပြလည်း ဖြစ်သည်။ ကျွန်တော်က ငိုချင်ရဲ့ လက်တို့ ဆိုသည့် စကားနယ် ပျော်သွားသည်။



"ကောင်းတာပေါ့ – ဆရာကျော်၊ ကျွန်တော် လိုက်သွားမယ်"

နောက်နေ့မနက်၊ ကျွန်တော်နှင့် ခေါင်ခေါင်းလမ်းမှ တောတွင်းသို့ ဝင်ခဲ့သည်။ နက်ရှိုင်းသည့်တောဟု ဆိုနိုင်သည်။ သမင်က ဟောက်၊ ချေက တောက်၊ မျောက်က ကြိုးခွေ့ဆိုသည့်စကားနယ့် တောသဘာဝနှင့် တောတိရစ္ဆာန်တို့အသံ ကြားနေရသည်။

အထူးသဖြင့် . . . မျောက်က ပိုပေါသည်။

ကျွန်တော်ထဲမှာ မျောက်အုပ်ရှိသည်။ ဟိုအပင်၊ သည်အပင် ကူးကာ ကူးကာနှင့် တဝုန်းဝုန်း တဒိုင်းဒိုင်း။

"ဆရာ – မျောက်ပစ်မလား"

မေးလည်း ခေါင်းခါပြီး –

"ကျွန်တော်က ချေ၊ ဆတ်လောက်ပဲ ပစ်ချင်တယ်"

ဟု ဖြေလိုက်သည်။

"ဒါဆို – ဆားတွင်းဘက် သွားရမယ်"

"သွားလေ – ကိုခေါင်ခေါင်း"

သူက မဒူကွမ်း တမြုံ့မြုံ့နှင့် ...။ သူက စိတ်သဘောထား ကောင်းပြီး စကားနည်းသူ ...။

တောကုန်းတစ်ခု ကျော်ပြီး ဆားတွင်းသို့ ရောက်သည်။

သည်မှာ ခေါင်ခေါင်းက ကျွန်တော့်ကို ရပ်ဟု အချက်ပြသည်။ ပြီး – ရှေ့ကို လက်ညှိုးထိုးပြသည်။

ကြည့်လိုက်တော့ ရှေ့မှာ ကျွန်တော် မျှော်လင့်ထားသော သားကောင်၊ ဆတ်တစ်ကောင်၊ ဆားဖင်မှာ ဆားလျက်နေသည်။

ကျွန်တော်က ကျွန်တော် ပစ်မည်ဟု လက်မထောင်ပြီး အချက်ပြလိုက်သည်။ ခေါင်ခေါင်း ခေါင်းညိတ်ပြ၏။

= =



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဂီသရီးသေနတ်အား ပခုံးတွင် တင်ချိန်ပြီး လုံခြုံရေးဆိုင်ကို ဖွင့်လိုက်သည်။

ပြီးနောက် - သေနတ်မောင်းကို ဖြုတ်လိုက်သည်။

"ဒိုင်း"

ကော်ဒိုက်ယမ်းတွန်းကန်ထွက်သွားသံ ကျယ်လောင်လှ၏။ ထိမှန်ချက် ကောင်းသည်ဟုလည်း သိလိုက်သည်။ ဆတ်၏ရှေ့ခြေထောင်ရင်းကို ထိမှန်သွားသဖြင့် ဆတ်ရှေ့သို့ ဒိုက်ကျသွားသည်။

မျက်ဝါးထင်ထင် မြင်လိုက်သဖြင့် ကျွန်တော် ဝမ်းသာအားရ "ကိုခေါင်ရေ - ဒီကောင်ကြီး မှန်သွားပြီ" ဟု အားပါးတရ အော်ဟစ်ပြောလိုက်သည်။

ကျွန်တော် ခေါင်ဒေါင်းအား အော်ပြောလိုက်သော်လည်း ကျည်မှန်သွားသည့် ဆတ်ကြီးကိုမူ အကြည့်မခွာနိုင်။ ယင်းသမို့လည်း ရှေ့သို့ဒိုက်ကျသွားသည့် ဆတ်ကြီးအခြေအနေကို မျက်ဝါးထင်ထင် မြင်နေရသည်။

ရှေ့သို့ စိုက်ကျသွားသည့် ဆတ်ကြီးသည် အံ့သြဖွယ်ကောင်းလောက်အောင် ရုတ်ခြည်း ဆတ်ခနဲ မတ်တတ်ထ,လိုက်ကာ ခုန်ပြေးသွားသည်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။

= ☺ =

ကျွန်တော် ရုတ်တရက် ကြက်သေ သေသွားသည်။ အံ့သြစိတ်ကြောင့် ထွံ့အ,သလို အခြေအနေ ဖြစ်သွားရခြင်း ဖြစ်သည်။

အကြောင်းသား ငေးနေမိသည်။

"ဆရာ - ဘာငေးနေတာလဲ"

ခေါင်ဒေါင်းက မေးသည်။ ကျွန်တော် ဘာမှ မပြောနိုင်ခဲ့။ သေနတ်ဘား ဆွဲကာ ဆတ်ကြီး ထိမှန်သွားသည့် နေရာဆီသို့ ပြေးသွားခဲ့သည်။



ဆတ်ကြီး ထိမှန်တဲ့နေရာဆီသို့ ရောက်တော့ ကျွန်တော် ပို၍အံ့သြရသည်။ အဘယ့်ကြောင့်ဆိုသော် - ကျွန်တော်ပစ်လိုက်သဖြင့် ထိမှန်သွားသည့်ဆတ်ကြီးရှိသည့်နေရာတွင် သွေးရဲရဲတို့အတုံးလိုက်၊ အခဲလိုက်ကျကာ အိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ချက်ကောင်းထိသွားခြင်း ဖြစ်သည်။

ဆတ်ကြီးသည် သေနိုင်သည့်နေရာအား ထိမှန်ပြီးလဲကျသေဆုံးသွားနိုင်ပါရဲ့ ဘာကြောင့် ထ,ပြေးသနည်း။ ဘယ်လိုဖြစ်တာပါလိမ့် ...။

သွေးရှုးသွေးတန်း ပြေးခြင်းလော ...။

မည်သို့ဆိုစေ - ဆတ်ကြီးသည် သေကွက်၊ သေကွင်းကို တိကျစွာမှန်သွားသည်ဖြစ်သောကြောင့် သူ ဝေးဝေးပြေးနိုင်မည် မဟုတ်။ တစ်နေရာရာမှ လဲပြိုကောင်း လဲပြိုနေလိမ့်မည်။

ကျွန်တော် ဤသို့ တွေးရင်း -

"ကိုခေါင်ဒေါင်း - ကျွန်တော့်ပစ်တာ ထိသွားတယ်။ ဝေးဝေးပြေးနိုင်မှာ စတုတ်ဘူး။ ကျွန်တော်တို့လိုက်စို့"

ဟု ပြောရင်း ဆတ်ကြီးနောက်သို့ အပြေးလိုက်ခဲ့သည်။

လမ်းတစ်လျှောက်၌ သွေးတွေ မြင်မကောင်း။ ယခုကဲ့သို့ သွေးထွက်ပုံအတိုင်းဆို သွေးလွန်၍ လဲကျသေဆုံးသွားနိုင်၏။ သို့သော် - တောင်ကုန်းသုံးခုကျော်သည်အထိ ဆတ်သေကို မတွေ့ရ ...။ မမြင်ရသေး ...။

အချိန်အတော်ကုန်သွားသည်ကို သိသည်။ ကျွန်တော်လည်း မောနေပြီ။ ခေါင်ဒေါင်းက ကျွန်တော် နောက်မှ လိုက်လာရင် ကျွန်တော့်နားတွင် ရပ်တာ -

"ကျွန်တော်တို့ ပြန်ကြရအောင် - ဆရာ"

ဟု ပြောသဖြင့် -



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့ပြန်ရမှာလဲ - ခေါင်ဒေါင်း၊ ဆတ်ကိုမှန်သွားတယ်၊ မှန်တာက သေကွင်းသေကွက်ကို ထိမှန်တာ၊ သွေးတွေ ဒလဟောကျနေတာလဲ ခေါင်ဒေါင်းအသိပဲ"

ဟု ပြောလိုက်၏။ ခေါင်ဒေါင်းက -

"ဆရာပြောတာမှန်ပါတယ်၊ ဆရာပြောသလို - ဆတ်ကို ဆရာက သေလောက်တဲ့နေရာ ထိအောင်ပစ်လိုက်တာ ထိမှန်တာပဲ၊ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ - ခက်တာက ဒီဆတ်ကြီးက တောမှီသွားပြီ - ဆရာ၊ အပမှီသွားပြီ"

"ဘာ - တောမှီသွားပြီ - ဟုတ်လား"

"ဟုတ်တယ် - ဆရာ၊ ပြောရရင် - တောကန္တာရဆိုတာ ဝိညာဉ်တို့ပျော်မွေ့ရာနေရာတွေအနက်တစ်ခုပဲ၊ ဆရာ - ခုနဆတ်ကြီးကိုပစ်လို့မှန်ပြီး လဲကျနေဆဲဆဲမှာ မှန်သွားပြီလို့အော်လိုက်တယ်။ ဒါဟာ - မုဆိုးစကားနဲ့ ပြောရရင် ဝိညာဉ်ကို ဖိတ်ခေါ်လိုက်တာပဲ၊ ဝိညာဉ်ကို ပူးကပ်မှီတွယ်ဖို့ ဖိတ်ခေါ်လိုက်တာပဲ ဆရာ၊ တောထဲမှာ တောကောင်တွေ့လို့ပစ်ပြီး မှန်သွားရင် မှန်တယ်လို့ မပြောဘူး။ ဒီလိုပြောလိုက်မိရင်းကို ပစ်လိုက်တဲ့သားကောင် တောမှီသွားတော့တာပဲ၊ အရပ်စကားနဲ့ပြောရရင်အပမှီသွားတာပေါ့၊ လိုက်မရတော့ဘူး။ အမဲလိုက်ခဲ့လို့ မိုးချုပ်သွားပြီဆိုရင်လည်း မုဆိုးကို အန္တရာယ်ပြုရိုးရှိတယ်၊ ကျွန်တော်တို့ နေမဝင်မီ ပြန်ကြစို့ - ဆရာ"

ဟု ရှင်းပြသဖြင့် ကျွန်တော် သက်ပြင်းချပြီး ဆတ်နောက်လိုက်သည့် အစီအစဉ်အားဖျက်လိုက်ရပါတော့သည်၊ တောကျွမ်းသည့်ခေါင်ဒေါင်းအား စောဒကမတက်တော့၊

ကျွန်တော့် စိတ်ထဲ၌မူ မကျေနပ်နိုင် ...။

မည်သို့ဆိုစေ - ကျွန်တော့် နှလုံးသားတွင်မူ အတွေ့အကြုံသစ်တစ်ခု အဖြစ် မှတ်တမ်းပြုခဲ့သည်ဟုဆိုလျှင် မမှားချေ ...။



မှန်သည်။ ဒီနေ့က သားကောင်မထမ်းရဘဲ မောပန်းစွာ ပြန်ခဲ့ရသည့် နေ့၊

တော၏ ထူးထွေဆန်းပြားမှုနှင့် ကိုယ်တွေ့ကြုံရသည့်နေ့ဟု ဆိုနိုင်သည်၊


အောင်မြတ်ဦး

စာမူရှင်များသို့

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန်ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com




# အဖြေမရှိတဲ့ပဟေဠိ

## တောက်ထိန်

၁၉၆၅ - ခုနှစ်များ တစ်ပိုက်က ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် သိပ္ပံတန်း တက်ရောက်နေသော ကျောင်းသားတစ်ယောက် ဖြစ်ပါသည်။ နယ်ရှိ ဥပစာကောလိပ်တစ်ခုမှ အင်တာဘီ (ယခုအခေါ် ဒုတိယနှစ်) အောင်မြင်ပြီးနောက် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်တို့တက်ရာမှ ကျောင်းပြောင်းရွှေ့ခွင့်တောင်းခံ၍ ရန်ကုန်သို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။

ရိုင်လုံသော အကြောင်းပြလျှောက်ထား၍ မန္တလေးမှ ရန်ကုန်သို့ ကျောင်းပြောင်းရွှေ့ခြင်းကို သက်ဆိုင်ရာမှ လက်ခံခွင့်ပြုခဲ့သော်လည်း အဆောင်နေခွင့် မလျှောက်ထားပါဟု ဝန်ခံကတိပြုခဲ့၍ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၏ နာမည်ကြီးကျောင်းသားအဆောင်များတွင် နေခိုင်ခွင့်မရဘဲ ပြင်ပအဆောင်တွင်နေ၍ နေ့ကျောင်းသားအဖြစ် ကျောင်းတက်ခဲ့ရပါသည်။

www.burmeseclassic.com

ပြင်ပအဆောင်ဆိုသည်မှာ ထိုစဉ်က တက္ကသိုလ်နှင့် အနီးတစ်ဝိုက်ကမာရွတ်၊ စံရိပ်ငြိမ် ဝင္ဂီစသော ရပ်ကွက်များတွင် ဘော်ဒါဆောင်များ အဆင်သင့်ရှိနေ၍ ကျောင်းသားတစ်ယောက်တစ်လ ၂၀/-၊ ၂၅/- ခန့်သာ လခပေးရပါသည်။ ၃၀/-၊ ၃၅/-တန် အဆောင်ဆိုသည်မှာ တော်တော်အဆင့်မြင့်မြင့် အဆောင်ဖြစ်ပါသည်။

နေရေးထိုင်ရေး သိပ်ကြေးမများဘူးဆိုလျှင် တစ်လ ၁၅/-သာ ပေးရသော အဆောင်များလည်းရှိပါသည်။ များသောအားဖြင့် ပြင်ပအဆောင်များမှာ ကျောင်းသားသာမဟုတ် စာရေးဝန်ထမ်းများ၊ ကျောင်းဆရာများနယ်မှလာ၍ ရန်ကုန်တွင် အောင်မြင်ရန် ကြိုးပမ်းနေသော ပန်းချီဆရာ၊ ဂီတဆရာ၊ စာရေးဆရာ စသူများပါ နေထိုင်ကြ၍ အမျိုးအစားစုံလင်လှပါပေသည်။

ထိုအခါ စရိုက်မျိုးစုံ၍ မိမိကိုယ်မိမိ မထိန်းနိုင်လျှင် ပျက်စီးရာ ပျက်စီးမှုလမ်းကြောင်းပေါ်သို့ ရောက်သွားတတ်ပါသည်။ ကျွန်တော် နေခဲ့သော အဆောင်မှာ အပေါ်ထပ် နှစ်ခန်း၊ အောက်ထပ် နှစ်ခန်း၊ တစ်ခန်း လူနှစ်ယောက်ဖြင့် စုစုပေါင်း ရှစ်ဦးသာဆန့်သော အဆောင်ဖြစ်၍ အဆောင်လခတစ်ဦး တစ်လ ၁၅/-သာ ပေးရပါသည်။ လူနည်းသဖြင့် စရိုက်မျိုးမစုံလှသောကြောင့် တချို့အဆောင်များနှင့် နှိုင်းယှဉ်လျှင် နာမည်ဆိုးမထွက်လှဟု ဆိုရပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဘော်ဒါဆောင်မှန်လျှင် အနည်းဆုံးအားဖြင့် ဖဲဝိုင်းကတော့ ရှိစမြဲပင်ဖြစ်ပါသည်။ တချို့မှာ ကြေးကြီးဝိုင်းများဖြစ်၍ ဘော်ဒါဆောင်နယ်မြေသို့ ရဲများလည်း လာရောက်ခြင်းမရှိသောကြောင့် အချို့ပင်မတက္ကသိုလ် အဆောင်ကြီးများမှ ကျောင်းသားများပင် နီးစပ်ရာ ဘော်ဒါဆောင်များ၌ လာရောက်ကစားတတ်ကြပါသည်။ တက္ကသိုလ်ကျောင်းဆောင်များမှာမူ စည်းကမ်းတင်းကြပ်၍ ကြီးကြပ်မှုလည်းရှိသောကြောင့် မလုပ်ရဲကြပါ။ ကျွန်တော်နေသော အဆောင်မှာမူကား လူဦးရေနည်းပြီး တစ်ယောက်



ကိုတစ်ယောက်လည်း သိကျွမ်းခင်မင်နေကြ၍ စီးပွားဖြစ် စီးပွားပျက်မဟုတ်ဘဲ ဘော်ဒါဆောင်ပီသရုံမျှ ပိုကာဝိုင်းကလေးတစ်ဝိုင်းသာရှိပြီး အရှုံးအနိုင်ငွေကျပ်၊ ၁၀ မျှ နိုင်သူ လက်ဖက်ရည်တိုက်ကြေးသာ ဖြစ်သည်။

ထိုနှစ်များက လက်ဖက်ရည်တစ်ခွက် တစ်မတ်သာဖြစ်၍ ၅/-၊ ၁၀/- ဆိုလျှင် လူ လေး၊ ငါးယောက် လက်ဖက်ရည်ဆိုင်ကောင်းကောင်း ထိုင်နိုင်ကြပါသည်။ ကြုံကြိုက်၍ ဖော်ပြရလျှင် ကျွန်တော်တို့မှာ ဘော်ဒါဆောင်တွင်နေရုံသာမဟုတ် ထမင်းဟင်းလည်း ကိုယ်တိုင်ချက်စားကြပါသည်။ ရေနံဆီတစ်ပုလင်း တစ်မတ်သာပေးရ၍ ရေနံဆီ မီးစာမီးဖိုများ၊ ရေနံဆီလေးထိုးမီးဖိုများဖြင့် ချက်ပြုတ်ကြပါသည်။ ဝက်သား တစ်ပိဿာ ခြောက်ကျပ်ကိုအစိတ်သား တစ်ကျပ်သားဝယ်လျှင် ရေလွှတ်မိုးလွှတ် ရနိုင်ပါသည်။ ဝက်သားကို ခုတ်ပိုင်း ရေဆေးထားနယ်ပြီး မီးဖိုပေါ်တင်ထားလျှင်ပင် ဝက်သားမှထွက်ဆီထွက်၍ သူ့ဆီနှင့် သူ ကြော်ပြီးချက်ပြီးဖြစ်သည့် ဝက်သားပြုတ်ကြော်ကို ပါးပါးလှီး၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်းထည့်၍ ရောက်ရည်ညှစ်လျှင် ဝက်သားသုတ်ဖြစ်ပြီး သို့မဟုတ် ပဲပင်ပေါက်ပဲပြား၊ ဘဲဥသွေး အထမ်းသည်များထံမှ ပဲပင်ပေါက် ၁၀ပြားဘိုး ပဲပြားတစ်ချပ် ၁၀ ပြား၊ ၂ ချပ် ၁၅ ပြား၊ ပဲပင်ပေါက် ပဲပြား နှစ်မျိုးပေါင်း တစ်မတ်ဖိုးဝယ်လျှင် ည၊ နံနက် မကုန်မခန်းအောင်ရသည့် ခေတ်ဖြစ်၍ ၎င်းပဲပင်ပေါက်ပဲပြားကို ဝက်သားနှင့် ကြော်လိုကြော်ပါ။ အကောင်းဆုံး ဆန်တစ်ပြည် ၁/(၁ကျပ်ခွဲ)သာ ပေးရ၍ ထမင်းတစ်အိုးချက်ပီး ဟင်းမချက်လိုပါက မည်သည့်ခေါက်ဆွဲဆိုင်မှာမဆို အခေါက်ကင်တစ်မတ်၊ အသားကင်တစ်မတ် အသားသုတ် တမတ်၊ ထိုတစ်မျိုးမျိုးကိုဝယ်စားလျှင် ထမင်းတစ်နပ်ကိစ္စပြီးသောခေတ် ဖြစ်ပါသည်။

= ☺ =



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကပြောရလျှင် ပစ္စည်းပေါပြီး ငွေရှားသောခေတ်ဖြစ်၍ ၁၉၇၀ တွင် ကျွန်တော် နိုင်ငံ့ဝန်ထမ်း အလုပ်ဝင်သောအခါ လစာငွေမှာ ၁၂၆/- တိတိဖြစ်ပါသည်။ သူ့ခေတ်သူ့ကုန်ဈေးနှုန်းနှင့်တစ်ကိုယ်ရေကောင်းကောင်း ဖူလုံသောအချိန်ပင် ဖြစ်ပါသည်။

စောစောက ဖော်ပြခဲ့သကဲ့သို့ ကျောင်းတက်ရင်း ဘော်ဒါဆောင်မှာနေ ကိုယ့်ထမင်းကိုယ် ချက်စား၊ အားလပ်ချိန် ဖဲစရိုက်ဖြင့် နေထိုင်ခဲ့သော ကျွန်တော် မှတ်မိသမျှ အဆောင်နေအဖော်များမှာ ကျောင်းဆရာနှစ်ဦး (တစ်ဦးက အထက်တန်းပြ၊ ကျန်တစ်ဦးက အလယ်တန်းပြ) သဘောသားတစ်ဦး (ဟိန္ဒူဘာသာဝင် - အိန္ဒိယအမျိုးသား) သမိုင်းဘာသာဖြင့် မဟာဝိဇ္ဇာတွဲ ယူရန် ကျမ်းပြုစုနေသူတစ်ဦးနှင့် ကျွန်တော်အပါအဝင် ရန်ကုန်တက္ကသိုလ် အဆောင်မရ ကျောင်းသားလေးဦးတို့ ဖြစ်ကြပါသည်။

စုစုပေါင်း (၈)ဦးရှိရာတွင် သဘောသားအမည် မစ္စတာဂျက်စမင် (ကိုစံပယ်ပွင့်)တစ်ယောက်သာ ပဲရှားဇာတိဖြစ်ပြီး ကျန်သူများမှာ မြေလတ်သားနှင့် အညာသားများဖြစ်ကြ၍ လူ (၈)ဦးက စရိုက်(၈)မျိုးဟု ဆိုရပါမည်။ ကျွန်တော်က အစားအသောက်ဝါသနာပါ၍ မနက်စာ ဘယ်လိုချက်မည်၊ ညနေ ဘာနှင့်စားမည်၊ ဘယ်သူ့အိမ်က ပို့လိုက်သော ဇာလချောင်ကြော် နှင့် လိုက်လျောညီထွေမည့် သီးစုံပဲဟင်းကို ဘယ်ပုံချက်မည်၊ တစ်ခါတစ်ရံ စုပေါင်းဖဲဝိုင်းမှ ဖဲနိုင်လျှင် အဆောင်သားများကိုခေါ်၍ မြေနီကုန်း သို့မဟုတ် လေဟာပြင်ညဈေးသွားပြီး ဘာတွေမှာ၍ ဘယ်လိုပြုစုမည် စသည့်စီမံကိန်း များဖြင့် အလုပ်ရှုပ်နေတတ်သလို မဟာဝိဇ္ဇာ လောင်းကြီးက ချက်အရက် ပုလင်းလေး ဘေးချ၊ အကြမ်းပန်းကန်လေးထဲငှဲ့၍ရေနွေးကြမ်းသောက်သလို ဆတ်ခနဲမော့ပြီး "မိချောင်းခေါင်း" တံဆိပ်လျက်ဆားထုပ်ကလေးဖွင့်ကာ လက်ညှိုးနှင့် တို့လျက်လိုက်ပြီး ဆေးပေါ့လိပ်တိုကလေး တဖွာဖွာနှင့် ပေါက်ကာရာမအရပ်မှ နောက်ဆုံးတူးဖော်တွေ့ရှိရသည့် ကျောက်စာထင် ပိုင်းပြတ်တွင် ကမ္ဗည်းထိုးထားသော ဘုရားဒကာ၏ အမည်သည် မူလ



သချိုင်းဆိုလျှင် လူအများ ဝေးဝေးကရှောင်ကြမည် ဖြစ်သော်လည်း ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်သချိုင်းမှာ ခရစ်ယာန် သချိုင်းတို့၏ ထုံးစံအတိုင်း သန့်ရှင်းသပ်ရပ်သော ကြွေပြား ကျောက်ပြားစီ အုတ်ဂူများ ဥယျာဉ်တစ်ခုသဖွယ် ပြုစုစိုက်ပျိုး ထားသော ပန်းအလှပင်များနှင့် မို့ ပန်းခြံတစ်ခုအလား ရှိနေ ရာတွင် သချိုင်းစောင့်နေအိမ်ကပင် အုတ်ကျွပ် မိုး၊ အုတ်နံရံကာ မှန်ပြတင်းနှင့်မို့ ကျွန်တော်တို့ အဆောင်ထက် အများကြီး သာနားသေးသည်ဖြစ်လေရာ . . .



ဒါသာကာဖြစ်နိုင်ခြေရှိ၊ မရှိကို အတွေးနှင့် အရေးပေါင်းစပ်၍ သရုပ်ဖော်ပြီး၊ အလယ်တန်းပြဆရာကတော့ ဟိုဒင်းကို ဝါသနာပါသူဖြစ်၍ လခထုတ် လျှင် ဖောက်သည်အိမ်မှာ ကြွေးဟောင်းကို အကြေပေးဆပ်ပြီး ကြွေးသစ် ဖော်လေ့ရှိပါသည်။ ကျန်သော တက္ကသိုလ်ကျောင်းသားကြီးများကတော့ သူ့လို ကိုယ့်လိုပင်၊ ဖဲဝိုင်းရှိလျှင် ဖဲဝိုင်းထိုင်၍ စာမေးပွဲနီးတော့ စာကျက်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ခါတစ်ရံ ကျွန်တော့် ထမင်းဝိုင်းမှာ လက်ဆုံကျ၍ တချို့တလေ ကတော့ အလယ်တန်းပြကြီးနှင့် ပူးပေါင်းပြီး ကြုံခဲ့သည့်အတွေ့အကြုံကို စားမြုံ့ပြန်ဖောက်သည်ချ၍ တဟီးဟီး၊ တဟားဟား နေကြပါသည်။

သဘော်သားကြီး မစ္စတာဂျက်စမင်း (သူ့တစ်ကိုယ်လုံး ဂျက်စမင်နှင့် တူတာဆို၍ ဖွေးဖွေးဖြူသော သွားများသာရှိပြီး ကြက်ဆင်ဖဲထီးကဲ့သို့ အသားမည်းသူဖြစ်ရာ ကိုကြက်ဆင်ဟုလည်း မဟာဝိဇ္ဇာလောင်းကြီးက ခေါ်ပါသေးသည်) ကတော့ သဘော်သားရုံးသို့သွားသည်ဆိုကာ တစ်နေကုန် အဆောင်ကထွက်သွားပြီး ညမိုးချုပ်မှ ပြန်လာတတ်ပါသည်။ ပြန်ရောက်လျှင် တစ်ခါတစ်ရံ ဖဲဝိုင်းမှာ ဝင်ထိုင်၍ များသောအားဖြင့် အခန်းထဲဝင်၊ တခေါခေါ ဟောက်၍အိပ်နေတာများပါသည်။ သူက ကျွန်တော်နှင့် တစ်ခန်းတည်းနေသူ ဖြစ်ပါသည်။

= ☺ =

တစ်မူထူးခြားသူကတော့ အထက်တန်းပြဆရာဖြစ်၍ ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းနှင့် စကားပြောလျှင် ဘယ်တော့မှ တိုးတိတ်ညင်သာစွာ မပြောတတ်သူဖြစ်ပါသည်။ သူတို့အလုပ်က (ကျောင်းက) ပြန်လာပြီဆိုလျှင် လမ်းထိပ်ကစ၍ သူ့အသံကို ကြားရပါသည်။ အသံတွင် ကျယ်သလားမဟုတ်ပါ၊ ခြေလှမ်း ခြေနင်းကြမ်း၍ သူ့ဗလကြီးနှင့် အဆောင်ပေါ်တက်လာလျှင် ကျွန်တော်တို့ လေးခန်းပေါင်း အပေါ်နစ်ခန်း၊ အောက်နှစ်ခန်း၊ အဆောင်ကလေးမှာ ပြိုကျတော့မတတ် သွက်သွက်ခါယမ်းသွားလေ့ရှိပါသည်။ အိပ်ပျော်နေသူပင် လန့်နိုးလောက်အောင် ခြေနင်းကြမ်းသူဖြစ်၍ ညင်ညင်သာသာ လျှောက်လှမ်းဖို့ ပိုင်းပြောကြသောအခါ ဒါ အညင်သာဆုံးပဲဟု ပြောပါသည်။ ဟုတ်ပုံလည်း ရသည်။ သူသည် မြေကြီးကိုပင် တဒုန်းဒုန်းမြည်အောင်ခြေနင်းကြမ်းသူဖြစ်သည်။ သူက ၁၅/ – တန် အဆောင်မှာ



နေသူဖြစ်သော်လည်း ခေသူမဟုတ်၊ အထက်အညာမှာ ဆီစက်ပိုင် သူဌေးသားဖြစ်၍ ရန်ကုန်မှာ ကျောင်းလာနေပြီး ဘွဲ့ရသည့်အခါ ရန်ကုန်မှာပင် ကျောင်းဆရာဝင်လုပ်နေကြောင်း၊ အင်္ဂလိပ်စာ တော်၍ အားကစား (ဘတ်စကတ်ဘော) ထူးချွန်ကြောင်း၊ အိမ်ထောင်မရှိ လူပျိုကြီး (အသက် ၃၀ ကျော်ပြီ) ဖြစ်ကြောင်း မိဘများက မိန်းမပေးစားရန် သုံးလေးခါ ကြိုးစားစပ်ဟပ်ပေးသော်လည်း နုနုရွရွ လှလှပပ မိန်းမပျိုများက ခြေထောက်နင်းတာတောင် ဒီလောက်ကြမ်းတာ ဟိုသင်းပြုတဲ့အခါ အမလေးလေးဟု တွေးကြောက်ပြီး အင် – အို – နီးကြ၍ ကျွန်တော်တို့ဆရာကြီးမှာ နဖူးစာ ရွာအလည်လွန်၍ ယခုထိ မစွံသေးကြောင်းများကို သိရပါသည်။ သူ၏ ဝိသေသအထူးမှာ စောစောကပြောခဲ့သလို ခြေနင်းကြမ်းတမ်းခြင်းနှင့် စကားတိုးတိုး မပြောတတ်ခြင်းတို့ဖြစ်ကြောင်း ရင်းနှီးသိရှိရပါသည်။

ယခု အဆောင်နေသူများအကြောင်း ဖော်ပြပြီးနောက် ကျွန်တော်တို့ ဘော်ဒါဆောင်၏ တည်နေရာကိုဖော်ပြပါဦးမည်။ ဘော်ဒါဆောင်တွင် လှလှပပ နာမည်နာမ မရှိပါ။ ရန်ကုန်မြို့ပြည်လမ်းမကြီးမှ ခွဲထွက်သော နာနတ်တောလမ်းတွင်ရှိ၍ အဆောင်၏ ရှေ့မျက်နှာစာတွင် နာနတ်တော ခရစ်ယာန်သချိုင်း (ထိုစဉ်က) တည်ရှိပါသည်။ ၎င်းသချိုင်းမှာ ကြံတောသုသာန် (ထိုစဉ်က)၏ တစ်စိတ်တစ်ပိုင်းဖြစ်၍ သိမိသူများ သိကြသည့်အတိုင်း ကြံတောသုသာန်သည် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံတို့၏ သချိုင်း ကွန်ပေါင်းကြီးဖြစ်ရာ ဟံသာဝတီလမ်းမှ မြန်မာအသံ၏ နောက်ကျောတစ်ခုလုံး စိုက်ပျိုးရေးဌာန နောက်ကျောတစ်ခုလုံးကို ကျော်ကာ ကျွန်တော်တို့၏ နာနတ်တောလမ်းအထိ သုသာန်ဝင်းကြီးဖြစ်ပြီး နာနတ်တောလမ်းမှ ကျော်၍ ယခု သီရိရတနာလမ်း (ထိုစဉ်က အာတီးယားလမ်း) အထိ တရုတ်သချိုင်းဝင်းကျယ်ကြီးလည်းရှိနေရာ တည့်တည့်ပြောရလျှင် ကျွန်တော်တို့ ဘော်ဒါဆောင်သည် သချိုင်းပေါင်းစုံ တို့၏အလယ်တွင် တည်ရှိသလို ဖြစ်နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သာမန်အားဖြင့် သချိုင်းဆိုလျှင် လူအများဝေးဝေးကရှောင်ကြမည် ဖြစ်သော်လည်း ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်သချိုင်းမှာ ခရစ်ယာန် သချိုင်းတို့၏ ထုံးစံအတိုင်း သန့်ရှင်းသပ်ရပ်သော ကြွေပြားကျောက်ပြားစီ အုတ်ဂူများ ဥယျာဉ်တစ်ခုသဖွယ် ပြုစုစိုက်ပျိုးထားသော ပန်းအလှပင်များနှင့်မို့ ပန်းခြံတစ်ခုအလား ရှိနေရာတွင် သချိုင်းစောင့်နေအိမ်ကပင် အုတ်ကျပ်မိုး၊ အုတ်နံရံကာ မှန်ပြတင်းနှင့်မို့ ကျွန်တော်တို့ အဆောင်ထက် အများကြီး သားနားသေးသည်ဖြစ်လေရာ ကျွန်တော်တို့သည်လည်းကောင်း၊ ရပ်ကွက်သူ ရပ်ကွက်သားများသည်လည်းကောင်း ဤသချိုင်းကို ပန်းခြံတစ်ခုသဖွယ် သဘောထား၍ နေ့ခင်းနေ့လယ် အုတ်ဂူများပေါ်တွင် ရပ်ကွက်နေအိမ်ရှင်မ တချို့က ငါးခြောက်လှန်းခြင်း၊ ထမင်းခြောက်လှန်းခြင်း၊ လသာသောညများ တွင် ရပ်ကွက်တွင်းကလေးများ အုတ်ဂူကြီးအုတ်ဂူကြားပြေးလွှားဆော့ကစားခြင်း ကျွန်တော်တို့ကိုယ်တိုင်ပင် ထိုအုတ်ဂူကြီးငယ်များကို ပန်းခြံထိုင်ခုံ သဖွယ် အသုံးပြုအနားယူနေထိုင်ခြင်းဖြင့် လူသေမြှုပ်သည့် သုသာန်မြေ အဖြစ်ကို မေ့လျော့နေကြပါတော့သည်။

= ☺ =

ထိုအဆောင်တွင် ကျွန်တော်သည် သိပ္ပံတန်း (၂)နှစ်နှင့် ဘွဲ့ရပြီး အလုပ် မရမီ (၁)နှစ်၊ စုစုပေါင်း (၃)နှစ်ခန့် နေထိုင်ခဲ့ရာ ဤသုသာန်နှင့်ပတ်သက်၍ သရဲ၊ တစ္ဆေ ခြောက်ခြင်းလှန့်ခြင်း တစ်စုံတစ်ရာကို ကိုယ်တိုင်လည်း မကြုံ ဘူးသူများ ပြောတာလည်း မကြားခဲ့ရဘူးပါ။

သို့ပင်ဖြစ်သော်လည်း လွန်ခဲ့သော နှစ်ပေါင်းများစွာက မှတ်မှတ်ရရ ကြုံခဲ့ဘူးသည်ကို ယနေ့တိုင် မမေ့နိုင်၊ မေ့မရ။ စဉ်းစားလိုက်တိုင်း သတိတရ အဖြစ်အပျက်တစ်ခုကား ထိုအဆောင်တွင် ဖြစ်ပွားခဲ့၍ ပါဝင်သူအားလုံး (တချို့လည်း ကွယ်လွန်ရှာကြပြီ) သတိရနေကြောင်း လူချင်းဆုံတိုင်း အမှတ် တရပြောဖြစ်ကြသည့် ဖြစ်ရပ်ကား -



တစ်နေ့သားတွင် မှတ်မှတ်ရရ ထိုနေ့တနင်္ဂနွေနေ့ဖြစ်၍ အဆောင်မှာ တစ်ဦးသော ပုဂ္ဂိုလ်မှအပ အားလုံးလူစုံနေပါသည်။ ပျက်ကွက်သူကတော့ အထက်တန်းပြဆရာကြီးဖြစ်၍ ကျန်သောလူများက ထုံးစံအတိုင်း ပိုကာဝိုင်း ဝိုင်းဖြစ်ပါသည်။

ဤနေရာတွင် ကျွန်တော်တို့အဆောင်၏ ဖွဲ့စည်းတည်ဆောက်ထားပုံ ကို ဖော်ပြရမည်။ ခြံဝင်းထဲတွင် ပိုင်ရှင်မိသားစု နေအိမ်နှင့် ကျွန်တော်တို့ အဆောင်ဘေးချင်းကပ်တည်ရှိ၍ ပိုင်ရှင်အိမ်မှာ ဆင်ခံတစ်ထပ်၊ ပျဉ်ထောင် သွပ်မိုး အိမ်ကလေးဖြစ်ပြီး ကျွန်တော်တို့ အဆောင်မှာလည်း ဆင်ခံ ပျဉ် ထောင် သွပ်မိုးနှစ်ထပ်ပင်ဖြစ်ပါသည်။ အဆောင်ပေါ် တက်လိုက်လျှင် နံပါတ် ၁ ခေါ်ရမည့်အခန်းသို့ ရောက်ပါသည်။ ထိုအခန်းထဲသို့ မဝင်လိုဘဲ ဘေးဘက်စင်္ကြံအတိုင်း နောက်သို့ဝင်သွားလျှင် နံပါတ် ၂ ခေါ်ရမည့် အခန်း သို့ ရောက်ပါသည်။ နံပါတ် ၂အခန်းသို့ မဝင်လိုဘူးဆိုလျှင် ပြန်လှည့်လာရန် သာ ရှိပါသည်။ ထိုစင်္ကြံလမ်းမှာ တစ်ဖက်ပိတ်၊ ပျဉ်အသေပိတ်ကာ ထားပါ သည်၊ နံပါတ် ၁ အခန်းမှ နံပါတ် ၂အခန်းသို့ မသွားလိုလျှင် နံပါတ် ၂ အခန်း သို့ အဝင် စင်္ကြံလမ်းထိပ်မှာ အပေါ်ထပ်သို့တက်သည့် လှေကားကျဉ်းကျဉ်း မတ်မတ်ကလေးရှိ၍ ထိုလှေကားမှ အပေါ်တက်၍ နံပါတ် ၃အခန်းဝသို့ ရောက်ပါသည်၊ ထိုနံပါတ် ၃အခန်းတွင် ကျွန်တော်နှင့် သဘောသားကြီး နေကြပါသည်။ နံပါတ် ၃အခန်းသို့ မဝင်ဘူးဆိုလျှင် ဘေးဘက်စင်္ကြံမှ နောက် ဘက်နံပါတ် ၄အခန်းသို့ သွားနိုင်ပါသည်၊ အပေါ်ထပ်၊ အောက်ထပ် စင်္ကြံ လမ်းများမှာ တစ်ပုံစံထဲ ဖွင့်စည်းထား၍ အောက်ထပ်စင်္ကြံလိုပင် အပေါ်ထပ် စင်္ကြံလမ်းသည်ထိပ်ဘက်မှာ ပျဉ်ကာ၍ အသေပိတ်ဖြစ်ပါသည်၊

အောက်ထပ်အခန်း ၁မှာ အထက်တန်းပြကြီးနှင့် တက္ကသိုလ်ကျောင်း သားတစ်ယောက်နေ၍ အခန်း ၂မှာ တက္ကသိုလ်ကျောင်းသား နှစ်ယောက် နေပါသည်၊ အခန်း ၃တွင် ကျွန်တော်နှင့် သဘောသားကြီးနေ၍ အခန်း ၄ မှာ မဟာဝိဇ္ဇာလောင်းကြီးနှင့် အလယ်တန်းပြဆရာတို့ နှစ်ဦးနေပါသည်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com

နစ်ဦးသည် အထက်အညာမှ တစ်ရွာတည်းသားများ ဖြစ်သည်ဟု သိရပါသည်။

ယခုပြောပြသည့်အခါ အခန်းနံပါတ် ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် ရေးပြသော်လည်း တကယ်တမ်းမှာ ဘယ်အခန်းမှာမှ ဘာနံပါတ်မျှ မရှိပါ။ အဆောင်နာမည်လည်းမရှိ။ လကုန်တွင် ဆက်နေဦးမည်ဆိုလျှင် အိမ်ရှင်အိမ်ပေါ်တက်၍ ၁၅/ - ပေးလိုက်ရုံမျှသာ ဖြစ်ပါသည်။ စည့်စာရင်း၊ မှတ်ပုံတင် စသည့်ဖြင့်လည်း စစ်စစ်ဆေးဆေး ရှိလှသည်ဟု မမှတ်မိပါ။

ဖော်ပြခဲ့သည့်အတိုင်း ထိုနေ့က အားလပ်ရက် လူစုံ၍ ထုံးစံအတိုင်း ဖဲဝိုင်း ဝိုင်းဖြစ်ပါတော့သည်။ ဖဲဝိုင်းက အခန်း ၂အောက်ထပ်တွင် ဖြစ်၍ ခုတင်နှစ်လုံးကို အခန်းလယ်တွင် စပ်ခင်း၍ ၁၃ချပ်ပိုကာ ၅အိမ်ဖွင့် ကစားခြင်း ဖြစ်ပါသည်။ သဓော်ာသားကြီးမှာ အဆောင်တွင်ရှိသော်လည်း နံနက်စောစောက အပြင်ထွက်သွားပြီး ကာလူးစုပ်၍ ပြန်လာဟန်ရှိသည်။ အခန်းထဲဝင်ပြီး တခူးခူးတခေါခေါ မြည်အောင် ဟောက်သံပေး၍ အိပ်နေပါသည်။ အထက်တန်းပြကြီးက မရှိပါ၊ ကျန်သူခြောက်ယောက်တွင် မဟာဝိဇ္ဇာလောင်းကြီးက သူ့ပုလင်းလေး ဘေးချပြီး တစွတ်စွတ်သောက်ရင်း လက်ထဲရှိ ဖဲချပ်များကို ကျောက်စာအပိုင်းအစများ ဆက်သည့်ပုံစံဖြင့် အမြီးဆက်လိုက် ခေါင်းဆက်လိုက် လုပ်နေသည်။ အလယ်တန်းပြကြီးကတော့ ဘာအဓိပ္ပာယ်လဲမသိ "ကုလားမကျွာ - လာတာ နောက်ကျလိုက်တာ" ဟု ခပ်ညည်းညည်းဆိုသည်။ ကျန်တက္ကသိုလ်ကျောင်းသား သုံးဦးကတော့ ဖဲချွေးတွေပြန်ပြီး ဂျိုကာကိုမျှော်ရင်းမောနေကြသည်။ ကျွန်တော်က ဝိုင်းကျွန်လုပ်ရင်း ရေနွေးပြေးတည်လိုက်၊ ဆေးလိပ်ပြေးဝယ်လိုက်နှင့် ညနေ လေးနာရီမှ စခဲ့သည့်ဝိုင်းမှာ တစ်စတစ်စနှင့် မောင်ရီပျိုး၍ (၈)နာရီ ခေါင်ခေါင်ထိုးပါတော့သည်။

ကျွန်တော်က ဝေယျာဝစ္စ ဝိုင်းကျွန်ဖြစ်၍ အဝင်အထွက် လွယ်စေရန် အခန်းတံခါးနှင့်အနီးဆုံးတွင် ထိုင်နေပြီး အခန်းတံခါးကိုတော့ အိမ်ရှင်၏ သိသာသိစေ မမြင်ပါရစေနှင့် ဆိုစကားအရ ဆွဲစေ့ပိတ်ထားပါသည်။ ကန့်လန့်ချမထားပါ၊ တစ်ညနေလုံးရိုက်နေသည့် ဖဲဝိုင်းမှာ တုတ်မပြတ်၍ အလယ်ပုံကြီးက တော်တော် မက်လောက်စရာဖြစ်နေချိန်တွင် ကျွန်တော့်ရှေ့မှ မဟာဝိဇ္ဇာလောင်းကြီးမှာ တုတ်ချိန်နေစဉ် ဝေပါဂျိုကာနှစ်ကောင်နှင့် သူ့ဟာသူ ရှာရှာလည်နေသည်ကို နောက်က ကျွန်တော် ဣန္ဒြေမရ၍ တစ်ဝိုင်းလုံး ရိပ်မိနေကြပြီ။ သို့သော် - ထိုင်ကြတာလည်း ကြာပြီဖြစ်၍ အားလုံးက မဟာဝိဇ္ဇာလောင်းကြီးနှင့်ပင် တုတ်ပြတ် စေချင်လှပြီ။ ပြီးလျှင်တော့ - အားလုံး လမ်းထိပ်ထွက် ကမာရွတ်အပိုင်း (ထိုစဉ်က) ဘေး "ရွှေဧပတိုရ်" ခေါက်ဆွဲဆိုင် ချီတက်ကြဖို့ စိတ်ကူးနေကြပြီ။

ထိုအချိန်တွင် မြေကြီးကို တဒုန်းဒုန်း နင်းသံ၊ ထို့နောက် ဆင့်လေ့ကားသုံးထစ်ကို တဒိုင်းဒိုင်းနင်းသံ၊ ထို့နောက် စင်္ကြံလမ်းအတိုင်း ဖဲဝိုင်းခန်းမသို့ လျှောက်လှမ်းလာသည့် ခြေသံတဝုန်းဝုန်းကို ကြားရပြီး အခန်းတံခါးဝတွင် တိခနဲ ရပ်သွားပါသည်။ ဘယ်သူမျှ မအံ့ဩပါ၊ လူတိုင်းက ဒါ အထက်တန်းပြဆရာကြီး ပြန်လာတာ သူ့အခန်းဖော်မရှိ တံခါးပိတ်ထား၍ နောက်ဘက်အခန်းမှာ (လုပ်နေကျ) ဖဲဝိုင်းသို့လာပြီး အခန်းဖော်ထံမှ သော့တောင်းခြင်း၊ ဝိုင်းတွင် ဝင်ထိုင်၍ တုတ်ပြတ်လျှင် အပြင်ထွက် စားကြသောက်ကြဖို့နှင့် သူပါလိုက်မည်ဆိုခြင်းတို့ကို လုပ်လိမ့်မည်ဟု ထင်ထားကြသော်လည်း ပိတ်ထားသော အခန်းတံခါးရှေ့တွင် ခြေသံတိခနဲရပ်သွားပြီး တိတ်ဆိတ်ငြိမ်သက်နေခြင်းကြောင့် တံခါးနှင့်အနီးဆုံးဖြစ်သော ကျွန်တော်က "ချောင်းကြည့်မနေနဲ့၊ ဆရာကြီး - ဝင်ခဲ့တော့ ဒီမှာ တုတ်ပြတ်တော့မှာ" ဟု ပြောပြောဆိုဆို စေ့ထားသောတံခါးကို ဆွဲဖွင့်လိုက်၍ အားလုံး၏ မျက်လုံးများက တံခါးဝသို့ ဝိုင်းကြည့်လိုက်သည့်အခါ တံခါးဝတွင် ဟာလာဟင်းလင်း ဘယ်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ကြရပါ။

အဖြစ်အပျက်က ရိုးရိုးလေး နှင့် ဆန်းနေပါသည်၊ ထိုအခါမှ အားလုံး အံ့အားသင့်ကုန်ပါသည်။ ကျွန်တော် ရုတ်တရက်ထ၍ အပြင်သို့ ခေါင်းပြူ





www.burmeseclassic.com


ကြည့်သည့်အခါလည်း ဘာကိုမျှ မတွေ့ရပါ။ ခြေသံ တဒုန်းဒုန်းကို အားလုံး ကြားခဲ့ကြပြီး "ဆရာကြီး" ခြေသံ ဟုလည်း အားလုံးသိနေကြပါသည်။ အခန်းဝတွင် ခြေသံရပ်သွားပြီး နောက် ချင် ပြောင်ချင်၍ ပုန်းခိုနေစရာလည်း နေရာမရှိပါ။ ရှေ့သို့လည်း ထွက်မရ၊ စင်္ကြံလမ်းက အဝိတ်ဖြစ်သည်။ နောက်သို့လည်း သူသည် ခြေသံမကြားအောင် ပြန်သွားနိုင်သူမဟုတ်ပါ။ ကျွန်တော်တို့အားလုံး အခန်းပြင်ထွက်၍လည်းကောင်း ခြံဝထွက်၍လည်းကောင်း ရှာကြည့်သော်လည်း "ဆရာကြီး" ၏ အရိပ်အယောင်မျှ မတွေ့ရပါ၊ ခြေသံ တဒုန်းဒုန်းကိုမူ ကျွန်တော်တို့အား လုံးသာမက အိပ်နေသော သခေါ်သား ကြီးပါ ကြားသိ၍ "ဒမ်"တွေ "ဘလပ်ဒီ"တွေ ရေရွတ်ကာ ထလာပြီး အကျိုး အကြောင်းသိရတော့ သူလည်း တအံ့တဩ ဖြစ်နေပါသည်၊ စိတ်၏ ဆန်း ကြယ်မှုဟု ပြောရလေမလား။

ဖဲနိုင် ငွေကလေးကိုစု၍ လမ်းထိပ်ထွက် စားသောက်ပြီး ပြန်လာကြပါ သည်၊ ထိုညက တစ်ညလုံး "ဆရာကြီး" ပြန်မလာသည့်အခါ သူ့အခန်းဖော် မှာ ထိုအခန်းမှာ မအိပ်ရဲတော့ဘဲ ဖဲဝိုင်းကျင်းပရာ အခန်းထဲသို့ ကတ်သီး ကတ်သတ် ဝင်အိပ်ပါသည်။ ထိုညတစ်ညလုံး နောက်တစ်နေ့တစ်နေ့လုံး ပြန်မလာဘဲ တနင်္လာနေ့ ညနေ ကျောင်းဆင်းချိန်မှသာ "ဆရာကြီး" သည် ပင်ကိုဟန်မပျက်ဘဲ သူ့ ခုလို ခြေသံ တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် ပြန်လာ သည့်အခါကျွန်တော်တို့တစ်တွေမှာ သူ့ကိုတအံ့တဩဝိုင်းမေးရတော့သည်။ မနေ့ကညပြန်လာသလား၊ တစ်နေ့တည်း ဘယ်သွားနေသလဲဆိုသော အခါ တနင်္ဂနွေ ကျောင်းပိတ်သည့်နေ့က သူ့တပည့်တစ်ယောက်၏ နာရေးကိစ္စ ရှိ၍ ကြည့်မြင်တိုင်တစ်ဖက်ကမ်းသို့ သွားကြောင်း၊ ထိုရွာမှာပင် ညအိပ် (ဖဲရိုက်နေ၍) နေပြီး နောက်တစ်နေ့ ထိုမှကျောင်းသို့ သွားခဲ့ပြီး ကျောင်းဆင်း ၍ ယခု ပြန်လာခဲ့ကြောင်း ပြောပါသည်။

ကျွန်တော် ပြောပြသည့် ယခု အဖြစ်အပျက်သည် အမှန်တကယ်ဖြစ်ခဲ့ သည့် ဇာတ်လမ်းဖြစ်၍ ပါဝင်သူအားလုံး အမှတ်ထင်ထင် သတိရနေကြပါ သေးသည်၊ လူအများ၏ နား၊ မျက်စိအောက်တွင် ဖြစ်ခဲ့သော ထိုဖြစ်ရပ်မှန် ဇာတ်လမ်းမှာ ကျွန်တော်တို့ နေခဲ့သည့် အဆောင်၏ သချိုင်းမြေနှင့် မည်သို့ ဆက်စပ်သည်၊ "ဆရာကြီး" လိုက်သွားသည့် တစ်ဖက်ကမ်းရွာမှ သူ့ တပည့်ကလေး ၏ နာရေးနှင့် မည်သို့ဆက်စပ်သည်ဆိုသည်များကို ယနေ့ တိုင်ပင် အဖြေထုတ်၍မရသည့် ပဟေဠိတစ်ပုဒ် ဖြစ်နေသေးပါကြောင်း ....။

ဆန်းကြယ်သော စိတ်ဝိညာဉ်ပေတကား ...။

တောက်ထိန်






www.burmeseclassic.com

www.burmeseclassic.com



နွေးရှာသော နေရောင်ခြည်သည် သူ့မျက်နှာပေါ်သို့
ရောက်ရှိလာခြင်းကြောင့် သူ အိပ်မောကျနေရာမှ
လူးနိုးလာတော့သည်။ ဝါကိုင်း - သူသည် လောကီအထိ
အအိပ်ကြီးသူ မဟုတ်။ အအိပ်ကြီးခြင်းကိုလည်း
ကြောက်ရွံ့မုန်းသည်။ အအိပ်ကြီးခြင်းကိုလည်း
သည် မရှေးနှစ်ကာ ဖိတ်ဆိုးတတ် သည်။ စိတ်ဆိုးသည့်
အခါမှာလည်း မြည်တွန်တတ်သေးသည်။
ထိသူများကတော့ လင်ရှိအပေါ် နိုင်စားလွန်းသည်ဟု။

www.burmeseclassic.com

www.burmeseclassic.com

# ငယ်နာမည် မချောနု

မုဒုံသုမွန်

"ဟဲ့ - သေနာ အမျိုးယုတ်၊ နင့် - သောက်ခွက်နေရောင် ထိုးနေ
ထတော့"

မချောနု၏ ကဗျာမဆန် လင်္ကာမချောသော နှုတ်ကြမ်းစကားမျိုး
သူ့အား ဇနီးသည်က မိုးသောက်နံနက်တေးကို သီဆိုပြပါလိမ့်မည် ဖြစ်
ထိုအခါ သူကလည်း ရယ်မောရွှင်လန်းစွာဖြင့် ဇနီးသည် မချောနုအား လ
ဆွဲကာ ရင်ခွင်ထဲ ဆွဲသွင်းဖက်ထားလိုက်သည်။ မချောနုကလည်း အင်အာ
စိုက်ထည့်မှု အလျဉ်းမပါသော ရုန်းကန်မှုမျိုးနှင့် ရုန်းကန်ကာ -

"အနာကောင် - ဘယ်အချိန်ရှိပြီ မှတ်လို့လဲ"

"ချစ်လို့ပါ - မချောနုရဲ့"

တကယ်ပင် သူ မချောနုကို အသည်းပေါက်မတတ် ချစ်သည်။ မချော
ကလည်း သူ့ကို ငုံထားမတတ် ချစ်သည်။ နှစ်ဦးစလုံးသည် တစ်ဦးအကြော
တစ်ဦးက သိထားပြီးသားမို့ အကြင်လင်မယား ဖြစ်ခဲ့ရသည်။ မချော



အကြောင်းပြောရလျှင် သူသည် အမည်နှင့်လိုက်အောင် ချောချောနုနု တလေးဖြစ်၏။ အသားအရေကလည်း ဖြူစင်နုညက်နေပါ၏။ မျက်နှာ တလည်း ဝိုင်းဝိုင်းစက်စက်ကလေး လှနေပါ၏။ သူ့အတွင်း စိတ်သဏ္ဌာန် တလည်း ပိုးသားလေးလို နူးညံ့လို့နေပါ၏။ ဒါတွေက သူ့မယားပိုင်ဆိုင်လေ သမျှ အလှတရားများ ဖြစ်ပါ၏။

ပြောစရာ ဆိုစရာဆိုလို့ တစ်ခုသာရှိသည်၊ ဒါကတော့ - ကြမ်းတမ်း ရိုင်းစိုင်းသော သူ့စကားများပင် ဖြစ်၏။ ထိုသို့ ပြောဆိုရခြင်းမှာလည်း သူ၏ ရင်တွင်းစကားတော့ မဟုတ်ပါ။ ရင်တွင်းစကားမျိုးဆိုလျှင် ထိန်းထိန်းသိမ်း သိမ်းနှင့် ပြောမည်ဖြစ်၏။ ခုတော့ - စောင့်စည်းခြင်းမရှိသော ပါးစပ်ကြောင့် ထိုသို့ကြမ်းရခြင်း ရိုင်းရခြင်း ဖြစ်၏။ ထိုသဘောကို နားလည်ထားခြင်းကြောင့် မချောနု ပြောသမျှ ဆိုသမျှ စကားများကို သူပန်းနှင့်ပေါက်သလို ခံစားနေရ ခြင်းဖြစ်ကာ ပြုံးပျော်နေရပါတော့၏။

မချောနု၏စကားသံမကြားရလေခြင်းကြောင့် သူနိုးထရန် ကြိုးစားသည့် အခါ လှုပ်ရှား၍ မရတော့ကြောင်း သိတော့၏။ သူ့ခြေတွေလက်တွေကို ကြိုးနှင့် တုပ်ထားခြင်းကြောင့် လှုပ်ရှား၍ မရတော့ခြင်းကို သိပါတော့၏။ ထို့နောက် - သူ ရောက်ရှိနေသော အဆောက်အအုံမှာ သူနှင့် မချောနု၏ အိမ်ဂေဟာဖြစ်မနေဘဲ မီးသွေးတွေသိုလှောင်ထားရာ အဆောက်အအုံ ဖြစ် နေကြောင်း သိရသည်။

ထိုအခါမှ သူ ရေးရေးထင်ထင်နှင့် တွေးမြင်လာတော့၏။ သူ့အား လူယုံ က သတ်သွားသည် ဖြစ်၏။ တပည့်က ဆရာထက် လက်စောင်းထက်သည် ကိုသာကေ ပြသွားခြင်း ဖြစ်၏။ လက်ဝှေလောက၊ တိုက်ကြက်လောက ဘယ် နေရာ ဘယ်ဒေသမှာမဆို ထာဝရဗိုလ်၊ ထာဝရရာဇာဆိုတာ မရှိဘူးဆိုတာ ခုမှ သူ ယုံကြည်ပါတော့၏။ သည်တော့မှ သူ အချုပ်အနှောင် ခံထားရသူ ဖြစ်ကြောင်း နားလည်ပါတော့သည်။

မကြာခင်မှာပင် သူ့အား ဓား၊ လှံ၊ လက်နက် အပြည့်အစုံနှင့် မင်းမှုထမ်း များ လာခေါ်ကြသည်။ သူ့အားလည်း အင်းဝဘုရင် သတိုးမင်းကြီးထံ ခေါ်



www.burmeseclassic.com

ဆောင်သွားမည် ဖြစ်၏။ သူကား ရာဇဝတ်သား ဖြစ်နေပြီး ခုလောက်ဆိုလျှင် သူ့မယား မရောနှသည့် အကြီးအကျယ်ဒေါသမုန်တိုင်းထကာ သောင်းကျန်းနေမည် ဖြစ်၏။

“ပြန်လာပါစေ၊ သေနာ - တစ်ညလုံးပျောက်နေတာ ဘယ်မယားငယ်နဲ့ အကြည်ဆိုက်နေလို့လဲ”

သူ့ဘဝကား ခပ်ဆန်းဆန်း ခပ်ကြမ်းကြမ်းကလေးပင် ဖြစ်၏။ သူ့ဘဝ သူလူ့လောကကို ရောက်လာသည့်ကာလကလည်း မွန်ဂိုတို့ကြောင့် ပုဂံနေပြည်တော်ကြီး ပျက်စီးခါစ မြင်စိုင်းမကွာရာ - ပင်းယစသော နိုင်ငံငယ်များကိုရှမ်းညီနောင်သုံးဦးတို့ ထူထောင်စိုးစံနေသောအချိန်၊ အဲသည်လို တိုင်းပြည်ကြီး မငြိမ်မသက်သော အချိန်မှာမှ သူ လူ ဖြစ်လာခဲ့သည်။

ထို့နောက် - ပင်းယပျက်၍ သတိုးမင်းဖျားသည် အင်းဝမင်းဆက်ကို တည်ဆောက်ရန်ကြိုးပမ်းနေဆဲမှာပင် တက်သေဆိုသောရွာသည် အင်းဝ ဖြစ်လာမည့် နေရာအနီးတွင် ရှိနေခဲ့သည်။ ထိုရွာတွင် ဆေးဆရာကြီး ဦးသတ္တသည် စေတနာဆေးဆရာကြီး တစ်ဦးအဖြစ် နေခဲ့သည်။ သူ့တွင် မယားနှင့် သားလေးတစ်ယောက် ရှိခဲ့သည်။

သူ့သားကလေးသည် ရုပ်မွန်သူကလေးဖြစ်ပြီး အသံကြား သနားပါစေ ရုပ်မြင် ချစ်ခင်ပါစေဟူသော ဆုတောင်းနှင့် ပြည့်စုံသူဖြစ်၍ မြင်သူတိုင်းက ချစ်ခင်သနားကြင်နာကြသည်။ သူကလည်းဖခင်ဆေးဆရာနည်းတူ သတ္တဝါများကို သနား၊ ကြင်နာ၊ ကရုဏာ စိတ်ထားရှိခြင်းကြောင့် ဖခင်ကြီးအား ဆေးကုထောင်းပေးခြင်း၊ တောထဲ တောင်ထဲ၌ ဆေးဝါးအလို့ငှာ သစ်သီး သစ်မြစ်၊ သစ်ဖုများ ရှာဖွေပေးခြင်းတို့ကို လုပ်ပေး၏။ အချိန်ရလျှင် ဖခင်ကြီးထံမှ ဆေးကုခြင်း အတတ်ပညာကို လေ့လာသင်ကြားလေသည်။



ထိုသို့ - ကျေးရွာ၊ လူတူအများ၏ မေတ္တာဓာတ်ကို ရရှိခံစားနေရသော ဆေးဆရာ မိသားစုထံသို့ ဘေးအန္တရာယ်တစ်ခုကား မမျှော်လင့်ဘဲ ရောက်ရှိလာပါတော့သည်။ ထိုအန္တရာယ်မှာကား ဒုဋ္ဌဝတီမြစ်ရေလျှံ ရေကြီးမှုပင် ဖြစ်သည်။ ရွာပျက်ကာ ရွာလုံးကျွတ် ထွက်ပြေးကြရသည်။ ကမ္ဘာပျက်သလို မည်သူက မည်သူ့ကိုမျှ မကယ်နိုင်တော့ပါ။ အခြေအနေ ဆိုးနေပါ၏။

ဆေးဆရာဦးသတ္တတို့မိသားစုသည်လည်း ဒုဋ္ဌဝတီမြစ်အတွင်းမှာ လှေတစ်စင်းနှင့်လွတ်ရာသို့ ထွက်ပြေးရတော့၏။ ထိုအချိန်မှာပင် သတိုးမင်းဖျားသည် အင်းဝရွှေနန်းတော်ကို တည်ထောင်ရန် ကြိုးစားနေဆဲ ဖြစ်သည်။ သတိုးမင်းဖျားနှင့်အပြိုင် တောင်တွင်းကြီးစားကလည်း တစ်စင်တစ်စခန်း ရှိနေသေးသည်။ သူတို့နှစ်ဦး နယ်ပယ်လုနေကြသည်။

တောင်တွင်းကြီးစားသည် ရှမ်းတပ်အုပ်စုနှင့် ပူးပေါင်းမိသည်။ သို့ဖြစ်၍အင်အားတော်တော်တင်းသွားကာ သတိုးမင်းဖျားအား သိသိသာသာ စိန်ခေါ်နိုင်ခဲ့သည်။ ထို့ကြောင့် - သတိုးမင်းဖျားတပ်နှင့် တောင်တွင်းကြီးသား တပ်တို့သည် ဒုဋ္ဌဝတီမြစ်ဝန်းကျင်တွင် ရင်ဆိုင်တိုက်ပွဲ ဖြစ်လေတော့သည်။

တိုက်ပွဲတွင် မြေဇာပင် ဖြစ်ရတာကတော့ ဆေးဆရာဦးသတ္တ၏မိသားစုပင်ဖြစ်ပါတော့၏။ နှစ်ဖက်စစ်ခင်းကြသည်တွင် ပဲကြီးလှော်ဆားညှပ်သလို ဆေးဆရာကြီးတို့မိသားစုသည် သတိုးမင်းဖျား၏ဘက်တော်သားဟု အထင်ခံရပြီး တောင်တွင်းကြီးသားများ၏ တိုက်ခိုက်ခြင်းကို ခံရလေတော့သည်။ တိုက်ခိုက်မှုတွင် ဆေးဆရာကြီးနှင့် ဇနီးသည်သည် အသတ်ခံလိုက်ရသည်။ သားဖြစ်သူကမူ ဒဏ်ရာအကြီးအကျယ်ရကာ သေဘေးမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

သူသည် အသက်ဘေးမှ လွတ်မြောက်ရန် ခြေဦးတည့်ရာ ပြေးလွှားခဲ့ရာ ပင်းယဆရာတော်ဘုန်းတော်ကြီးကျောင်းနေရာသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ သူ့အနေနှင့် ဆရာတော်ကျောင်းမှန်းလည်း မသိပါ။ ဘုရားစေတီနှင့် နားနေရန် ကောင်းသည့်ဂူဟူ၍ သိနေခြင်းကြောင့် ဂူအတွင်း ဝင်ရောက်

www.burmeseclassic.com

လိုက်တော့၏။ ဘေးကင်းရာ အရပ်သို့ ရောက်ရှိနေတာကို သိရတော့၏။ ဖြစ်စဉ်များကို သတိရလာတော့သည်။

ရှေးဦးစွာ တောင်တွင်းကြီးသားတို့သည် ဖခင်၊ မိခင်တို့အား ဓားဖြင့်ပိုင်းခုတ်ကြသည်။ လှေပေါ်မှ မိဘများ ရေထဲသို့ ကျသွားသည်ကိုမြင်တော့ သူက ထိတ်လန့်တကြား အော်လိုက်သည်။ သူ့အော်သံက ရန်သူကို ဖိတ်ခေါ်သလို ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် ထိုအော်သံကြောင့် ရန်သူများ က သူ့ကို တွေ့ရှိသွားလေတော့သည်။ ရန်သူကလည်း ကျူပြင်ခုတ် ကျူငုတ်မကျန်ဆိုသည့်အနေနှင့် သူ့ဆီ ပြေးဝင်လာစဉ် သူကလည်း ရေထဲသို့ ဒိုင်ပင်ထိုးခုန်ချလိုက်တော့သည်။

သို့သော် - သူက ကံဆိုးပါသည်။ ဒိုင်ပင်ထိုး ခုန်ချပါသော်လည်း သူသည် ရန်သူ၏ ပစ်မှတ်ကိုတော့ လွတ်မြောက်အောင် ရှောင်တိမ်းခြင်းမရှိပါ။ ဓားတိုင် ရန်သူလက်ချက် မဟုတ်မှန်းတော့ သိပါသည်။ မည်သည့်ဘက် မည်သည့်နေရာမှ လွှင့်ပစ်လိုက်သော လှံတစ်စင်းကသူ့ကျောနေရာကို လာရောက် နှတ်ဆက်လိုက်ခြင်းပင် ဖြစ်၏။

သူ့မျက်လုံးထဲတွင် မီးတွေတောက်လာ၏။ ကြယ်စုံလစုံလည်း မြင်နေရ၏။ သူ့ဘေးသို့ နောက်ထပ်ပစ်လွှတ်လိုက်သော လှံတစ်စင်းလည်း ရေထဲသို့ရောက်လာသည်။ သူ့ဘေးမှ သိုးကာသိကာလေး လွဲသွားသည်။ ဤနေရာတွင် ဆက်နေပါက အန္တရာယ်မကင်းကြောင်းကို သိသောအခါ သူ ရေငုပ်လိုက်သည်။ သည့်နောက် ဘေးအန္တရာယ်လွတ်ကင်းရာနေရာရောက်တော့မှ သူ့ကုန်းပေါ် တက်ခဲ့သည်။ ညအမှောင်ထုကို အားကိုးပြီး (၂)ညခရီး သုံးရက်ခရီးကို နင်လာရာ ယခု ဤဂူကို ရောက်တော့မှ ဒဏ်ရာကိုလည်း သတိရပါတော့၏။ မနားမနေ ခရီးပြင်းနင်ရသည်ကို သတိရပြီး မောရကောင်းမှန်း သိလာတော့၏။ ထို့ပြင် ထိုကာလတစ်လျှောက်လုံး မည်သည့်အာဟာရကိုမှ မမှီဝဲခြင်း မရှိသည်ကို သိတော့မှသာ လောင်လာတော့၏။

လူလည်း ပျော့ခွေလာပါတော့သည်။ မျက်လုံးလည်း ဝေသီလာတော့သည်။ အာခေါင်ခြောက်မှုနှင့် ဝမ်းဆာလောင်မှုကလည်း အတော မသက်ဖြစ်သည်။ အဆုံး၌ သူ မေ့မြောသွားပါလေတော့၏။

"ရေ - ရေ - ပေးပါ"

သူ့အသံက ညင်းသွဲ့သွဲ့နိုင်လှသည်။ ကောင်းစွာမကြားရပါ။ သို့သော် - လှုပ်ရှားနေသော နှုတ်ခမ်းအနေအထားကို ကြည့်ရုံနှင့် သူ့လိုအင်ဆန္ဒကို သိသည် ဖြစ်၏။ ထို့ကြောင့် - ခဏအကြာ၌ သူ့နှုတ်ခမ်းထက်သို့ ရေတစ်ပေါက် နှစ်ပေါက် ကျလာတော့သည်။ ထိုအခါမှ သူသည် နှုတ်ခမ်းပေါ်မှ ရေစက်ကလေးများကို သူ့လျှာကလေးဖြင့်သပ်ကာ မျိုချလိုက်သည်။ သည်တော့မှ သူ့ကိုယ်သူလည်း သတိရလာပြီ ဖြစ်သောကြောင့် သတိပြုလာတော့သည်။

"လူလေး - သတိရလာပြီလား"

အသံကို ကြားလိုက်တော့ မှေးထားသော မျက်လုံးကို အသာဖွင့် ကြည့်လိုက်သည်။ ခပ်ပြုံးပြုံး မျက်နှာထားနှင့် သူ့မျက်နှာကို ဆီးမိုးကာ ကြည့်နေသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

"လူလေး - သတိမရတာ နှစ်ရက်ရှိပြီး ကျောကုန်းက ဒဏ်ရာကဘယ်လို ဖြစ်ပြီး ရလာတာလဲ"

သူဖြစ်စဉ်ကို အကျဉ်းချုံးပြီး ပြောလိုက်၏။ ထိုအခါမှ ထိုလူကြီးသည် နှုတ်တသပ်သပ်ဖြင့် ကရုဏာ သက်နေမိတော့၏။ စိတ်ထဲမှာလည်းမကောင်း ဖြစ်နေ၏။ စစ်စစ် ဆေးဆရာဦးသက္ကသည် ဆေးဝါးကုသကာ လောက အကျိုး သယ်ပိုးနေသူအဖြစ်ကိုတော့ သိထားပါ၏။

"သတိရလာပြီလားဟေ့"

အသံနှင့်အတူ ဆရာတော်တစ်ပါး ကြွလာပါတော့သည်။ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

သည် ပင်းယကျောင်းဆရာတော် ဖြစ်သည်၊ သည်နယ်မြေမှာတော့ ဆရာတော်ကျောင်းရယ် ဤဂူကြီးရယ်တို့သာ အထင်ကရ ရှိသည်၊ အရေးရယ် အကြောင်းရယ်ဆိုလျှင် ဆရာတော်ရယ်ဤဂူတွင်နေသော ပုဂ္ဂိုလ်ရယ် နှစ်ဦးသာရှိသည်၊

"လူလေးကို ဆေးကုပေးတဲ့ ဆရာတော်ပဲကွဲ့"

သူသည် အိပ်လျက်အနေအထားနှင့်ပင် ဆရာတော်အား လက်အုပ်ချီလိုက်သည်၊ ဆရာတော်က ငြိမ်ငြိမ်နေရန် လက်ဝါးဖြင့် တားလိုက်သည်၊ ထို့နောက် - သူ သတိရလျှင် စားရန်အတွက် စတုမဓု ဝက်ပျောဖီးတို့ကို ပေးပြီး ပြန်ကြွသွားသည်၊

"လူလေး - ဆရာတော်ဟာ ဆေးဝါးအရာလည်း ကျွမ်းကျင်တယ်၊ ဂါထာမန္တန်လည်း စွမ်းတယ်၊ သိဒ္ဓိအမျိုးမျိုးလည်း ဆောင်ရွက်နိုင်တယ်၊ ကဲ - ဆရာတော်ကျွေးတဲ့ စတုမဓုကို စားပြီး အားမွေးတာပေါ့ကွယ်"

သူသည် နှစ်ပတ်လောက်ကြာကြာ သူဒဏ်ရာကို ကုသရလိုက်ပါသည်၊ ဂူနေပုဂ္ဂိုလ်နှင့်လည်း အကျွမ်းဝင်နေပြီ ဖြစ်သည်၊ ဆရာတော်က သူ သက်သာလာပြီဆိုကတည်းက ကြွမလာတော့ပါ၊ ဂူနေပုဂ္ဂိုလ်ကမူ သူ့ကို အရှေ့တယူနှင့် အချိန်တိုင်းမှာ ဂရုစိုက်သည်၊ ဂရုစိုက်ရခြင်းမှာလည်း သူ့တွင် အသံကြားသနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေဆိုသော ဆုတောင်းမျိုးနှင့် ပြည့်စုံနေခြင်းကြောင့် ဖြစ်သည်၊

သူသည် ဂူနေပုဂ္ဂိုလ်နှင့်သာ အတူနေတော့မည်ဟု ရည်ရွယ်ထားသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် တစ်ကောင်ကြွက်ဘဝသို့ ရောက်နေပြီ ဖြစ်၏၊ နိုလုံ့စရာ မိဘလည်း မရှိ၊ ဇာတိမြေကိုလည်း မပြန်ချင်တော့၊ ပြန်ချင်တယ်ဆိုဦးတော့ ဇာတိနေရာကို မပြန်တတ်တော့၊ နေရာဟောင်းလည်း ဖျက်စီးကုန်ပြီ၊ ခုတော့ - အတူနေပုဂ္ဂိုလ်ကလည်း သူ့အပေါ် ဆွေမျိုးနှယ် စောင့်ရှောက်ခဲ့သည်၊ ပြီးတော့ - အနေကြာတော့ တစ်ဦးပေါ်တစ်ဦး သံယောဇဉ် တွယ်တာလာကြပြီဆိုတော့ အတူနေရန် ရည်ရွယ်ရခြင်း ဖြစ်သည်၊

သူသည် ထိုဂူနေပုဂ္ဂိုလ်အား သတိထားမိတာ ကြာပြီဖြစ်သည်၊ ထိုသူ



သည် တစ်နေ့လုံးလိုလို အိပ်သည်၊ တစ်ညလုံးလိုလို ဂူထဲတွင် ရှိမနေပါ၊ အပြင်တွင် ရှိနေသည်၊ နံနက်အရုဏ်တက်ချိန်လောက်မှ ပြန်လာသည်၊ သူမနိုးခင် ဖြစ်၏၊ ပြီးတော့ - ဂူအတွင်းတစ်နေရာရာမှ တကုပ်ကုပ်နှင့် အလုပ်များနေတတ်သည်၊ ဤသည်ကား နိစ္စဓူဝ ထူးခြားမှုပင် ဖြစ်သည်၊

"ဆရာကြီး - ဆရာကြီး အလုပ်က ဘာလဲ၊ ပြီးတော့ - ဆရာကြီးဟာ ဘယ်သူလဲ"

နေ့စဉ်နှင့်အမျှ ဆရာကြီး ပေးတာယူ၊ ကျွေးတာ စားနေရသည်၊ စကားအပိုလည်း ပြောဆိုခွင့် မပြုလေခြင်းကြောင့် သူတို့ဆက်ဆံရေးမှာ သစ်ငုတ်တိုလို အသက်မပါဘဲ ရှိနေသည်၊ ကြာတော့ - သူမနေနိုင်တော့ဘဲ ထိုသို့ ဖွင့်မေးလိုက်လိုက်သည်၊ သည်အခါသူက ဘယ့်အတွက်ကြောင့် မည်သည့်အတွက်ကြောင့် မေးရတာလဲဟုမေးမြန်းခြင်းမပြုဘဲ ပြုံးပြုံးလေးနှင့် မဆီမဆိုင် ပြန်ဖြေလိုက်၏၊

"ဒါတွေကို သိလို့ကော လူလေးဘဝ ဘာတိုးတက်မှာလဲ၊ တစ်နေ့တော့ သိလာမှာပါ"

သည်လိုနှင့် သူ သိချင်သမျှ မသိရလေခြင်းကြောင့် သူ့ရင်ထဲတွင် အစိုင်အခဲတစ်ခု အုံ့ဖွဲ့နေသလို ဖြစ်နေပါတော့၏၊ ထို့ကြောင့် - သူ့ဆရာကြီး နေ့ခင်းဘက်တွင် အိပ်မောကျနေစဉ် သူသည် ကညင်ဆီမီးတိုင်တစ်ခုကို ခန်တီးလိုက်သည်၊ ဤဂူတွင် ညအခါ၌ မီးထွန်းခြင်းမရှိပါ၊ ဟိုးယခင်ကာလက ဖြစ်ကောင်းဖြစ်နိုင်သည်၊ တစ်ကိုယ်ရေတစ်ကာယ သမားဆရာကြီးသည် ညအချိန်၌ ဂူထဲတွင် ရှိမနေခြင်းကြောင့် မီးမထွန်းရခြင်း ဖြစ်သည်၊ ယခု မိမိ တစ်ယောက်ရောက်လာခြင်းကြောင့် ထွန်းသင့်သည်ဟု သူ တောင်းဆိုသော အခါ သူ ခေါင်းရှောင်စကား ဆိုပြန်သေးသည်၊

"ထွန်းရင် - လူတွေ သိကုန်မှာပေါ့"


အဘယ်ကြောင့် ဆရာကြီး ထိုသို့ ပြောရသည်ကို သိလိုခြင်းကြောင့် ဆရာကြီးမှာ လျှို့ဝှက်ချက်တစ်ခုရှိနေတာကို သူရိပ်စားမိသည်၊ သည် လျှို့ဝှက်ချက်ကို ဖော်ထုတ်ရမည်၊ ဖော်ထုတ်နိုင်ရန်အတွက် သူ [illegible] ည



www.burmeseclassic.com

www.burmeseclassic.com

အရောင်တလက်လက်နှင့် ကြွက်သတ္တဝါကလေးများ၏ မျက်လုံးလေးတွေများလားဟု သူ ထင်လိုက်သည်။ မီးရောင်ကြောင့် ထိုတလက်လက်ဖြစ်နေသော အရာများသည် ထွက်ပြေးပျောက်ကွယ်သွားခြင်း မရှိခြင်းကြောင့် သက်ရှိသတ္တဝါများ၏ မျက်လုံးမဟုတ်ကြောင်း သူ နားလည်သွားပါတော့၏။ သို့ဖြင့်- သူ အနားတိုးပြီး ပစ္စည်းများကို ကိုင်ကြည့်ရာ ကြက်သေ သေသွားသည်အထိ အံ့ဩနေရပါ၏။



အချိန်မှာ ဂူနေရာအတော်များများကို စူးစမ်းရှာဖွေရမည်ဖြစ်၏။ စူးစမ်းနိုင်ရန်အတွက် သူ ကညင်ဆီမီးတိုင်ကို တိတ်တဆိတ် ဖန်တီးရခြင်း ဖြစ်သည်။ ကညင်ဆီမီးတိုင်နှင့်အတူ မီးခတ်ရန်အတွက် ကျောက်ခဲနှစ်လုံးကိုလည်း ရထားပြီး ဖြစ်သည်။

ထိုသို့ အစီအစဉ်တွေ ပြုလုပ်ပြီး ဆရာကြီးညအခါ အပြင်ထွက်မည့် အချိန်အခါကို စောင့်နေမိသည်။ အချိန်တန်တော့ ဆရာကြီးသည် အပြင်ထွက်သွားလေတော့၏။ အခွင့်အခါကို စောင့်နေမိသည်။ အခွင့်အခါကို စောင့်စားနေသော်သူသည် ဆရာကြီးထွက်သွား၍အတော်ဝေးဝေးနေရာသို့ ရောက်ချိန်တန်မှ သူ၏ လုပ်ငန်းကို စပါလေတော့သည်။

ကညင်ဆီမီးတိုင်ကို သူ ထွန်းညှိလိုက်သည်။ ဂူအတွင်း အထိုက်အလျောက် လင်းထိန်သွားသည်။ ဂူအတွင်းတွင် သဘာဝအလျောက်အခန်းတွေ ဖွဲ့ထားသလို ချိုင့်ခွက်နေသော နံရံတွေရှိသည်။ ထိုနံရံများကို တစ်စချင်း တစ်နေရာချင်းကို သူ ဝင်ကြည့်မိသည်။ သူ ဘာမျှ မြင်ခြင်း တွေ့ခြင်း မရှိပါ။ လေးငါးနေရာလောက် ရှာဖွေပြီးနောက် ချောင်အကျဆုံး အမှောင်ဆုံး အတွင်းခန်းတစ်နေရာသို့ သူ ရောက်သွားလေသည်။ ထိုနေရာတွင် လှေကားထစ်တွေရှိသည်။ သူသည် လှေကားထစ်အတိုင်း ရေတွက်ပြီး ဆင်းလိုက်ရာ လှေခါးထစ် (၉)ထစ် ရှိနေတာကို တွေ့ရပါ၏။

လှေခါးထစ် ဆုံးသွားတော့ သူ ရပ်လိုက်သည်။ လက်ဝဲဘက်မှာ အခန်းတစ်ခုရှိသည်။ လက်ျာဘက်အခန်းမှာတော့ အိပ်စရာနေရာ ကျောက်ခင်းခုတင်လိုလို၊ သလွန်ညောင်စောင်းလိုလို ခပ်မို့မို့ နေရာရှိသည်။ ဆရာကြီး အိပ်စက်စရာ နေရာဖြစ်သည်။ ဝါးဘိုးပိုင်းဖြတ်ကို ထက်ခြမ်းခွဲမှောက်ထားသည်။ ခေါင်းအုံးလုပ်ရန် ထားခြင်းဖြစ်သည်။

လက်ဝဲဘက်အခန်းကို အသေအချာ ကြည့်လိုက်တော့ ခပ်နွမ်းနွမ်း သေတ္တာတစ်လုံးကို တွေ့ရှိရသည်။ ဤသေတ္တာကား အဆင်တန်ဆာ ပကာသန မပါသည့် ကျွန်းသေတ္တာကလေး ဖြစ်သည်။ နှစ်ပေပတ်လည် ထုထည်ရှိသည်။ သူအနား တိုးကပ်သွားသည်။ လွယ်လင့်တကူ ဖွင့်နိုင်ပိတ်နိုင်သော အနေအထားတွင် ရှိသည်။

သေတ္တာအဖုံးကို လှမ်းကြည့်လိုက်သည်။ တစ်ဝက်တစ်ပျက် ရှိနေသော ပစ္စည်းများကို ပုဆိုးနွမ်းနွမ်းဖြင့် ဖုံးအုပ်ထားသည်။ ပစ္စည်းများ ရှိနေကြောင်း သိပေမယ့် ဖုံးအုပ်ထားသော ပုဆိုးအနွမ်းကြောင့်ဘာမှန်းမသိ ဖြစ်နေ၏။ ထို့ကြောင့် - သူပုဆိုးကို ဆွဲမယူလိုက်သောအခါ အထဲမှာရှိသော ပစ္စည်းများကို ကညင်ဆီမီးရောင်ဖြင့် ဘွားခနဲ မြင်လိုက်ရသည်။ သူ အံ့အားသင့်သွားရ၏။





www.burmeseclassic.com

www.burmeseclassic.com

အရောင်တလက်လက်နှင့် ကြွက်သတ္တဝါကလေးများ၏ မျက်လုံးလေးတွေများလားဟု သူ ထင်လိုက်သည်။ မီးရောင်ကြောင့် ထိုတလက်လက်ဖြစ်နေသော အရာများသည် ထွက်ပြေး ပျောက်ကွယ်သွားခြင်း မရှိခြင်းကြောင့် သက်ရှိသတ္တဝါများ၏ မျက်လုံး မဟုတ်ကြောင်း သူ နားလည်သွားပါတော့၏။ သို့ဖြင့် - သူ အနားတိုးပြီး ပစ္စည်းများကို ကိုင်ကြည့်ရာ ကြက်သေသေသွားသည်အထိ အံ့သြနေရပါ၏။

"ဟာ - ရတနာတွေပါလား"

တောသားဖြစ်သော သူသည် ရတနာဟူ၍သာ မှတ်ချက်ပေးနိုင်သည်။ တကယ်လည်း ထိုရတနာများသည် သူဌေးသူကြွယ် မှူးကြီးမတ်ရာတို့သာ ဆင်ယင်နိုင်သော လက်ဝတ်ရတနာ အသုံးအဆောင်ပစ္စည်းတွေ ဖြစ်၏။ ထိုပစ္စည်းများမှာ အဖိုးတန်သော စိန်ရွှေတွင်းထွက် ပတ္တမြားတွေ ဖြစ်၏။ ပြီးတော့ - တစ်ခုတလေ တစ်ပွင့်နှစ်ပွင့်လည်း မဟုတ်သော ရတနာများမို့ သူကြောက်လာပါတော့၏။

သေတ္တာကို ကမ္ဘာကယာ ပြန်ဖုံးပြီး လှေကားထစ်အတိုင်း ပြန်တက်လာခဲ့သည်။ ဟန်မပျက် ပန်မပျက် သွားအိပ်တော့မည်ဟု စိတ်ကူးလိုက်သည်။ စိတ်ထဲမှာတော့ ဆရာကြီးနှင့် ညမင်းသားဘဝ၊ ညမင်းသားနှင့် စိန်ရွှေရတနာများကိုသာ တွေးနေတော့၏။ တွေးနေရင်းနှင့်ခပ်သုတ်သုတ် ခပ်သွက်သွက်တက်လာခဲ့ရာ လှေခါးထစ် အပေါ်ဆုံးနေရာရောက်တော့ သူ့ခြေတွေ လှုပ်မရ၊ ရှားမရလောက်အောင်ကိုပင် ကြောက်သွားရတော့၏။

သူ့ကညင် ဆီမီးတိုင် အရောင်အောက်တွင် တစ်စုံတစ်ယောက်ကို မထင်မှတ်ဘဲ တွေ့လိုက်ခြင်းကြောင့် ဖြစ်သည်။ ဘယ်သောကာလအချိန်မှစပြီး ဤလှေကားထိပ်တွင် သူ့အား ရပ်စောင့်နေလည်း မသိပါ။ ထိုရပ်စောင့်နေသောပုဂ္ဂိုလ်က လေပြည်ကလေးနှင့် မေးလိုက်ပါသည်။

"လူကလေး - ဆရာဟာ ဘယ်သူလဲ - ဘာလုပ်တာလဲဆိုတာ အကြမ်းဖျင်းတော့ သိပြီပေါ့"



"ဟုတ်ကဲ့ - ကျွန်တော် မှားသွားပါတယ်"

"လူလေး - မမှားပါဘူး။ ဒီလောက် - အနေကြာလာမှတော့ တစ်ဦးအကြောင်း တစ်ဦးက သိသင့်တာပေါ့၊ မသိသေးတော့ သိအောင် ကြိုးစားရမှာ လူ့သဘာဝပဲပေါ့"

"ဒါနဲ့ - ဆရာကြီးက ဘယ်အချိန်ပြန်ရောက်ပြီး ကျွန်တော့်ကို စောင့်ကြည့်နေတာလဲ"

"ဆရာကြီး - ဒီကနေ့ည ဘယ်ကိုမှ မသွားဘူး။ သည်ဂူတစ်ဝိုက်မှာပဲ လူလေး အခြေအနေကို စောင့်ကြည့်နေတယ်"

"ဘယ်လိုကြောင့် - စောင့်ကြည့်ရတာလဲ"

"ဘယ်လိုကြောင့်လဲဆိုတော့ လူကလေး ကညင်ဆီမီးတိုင် လုပ်နေတာကို အကဲခတ်မိလို့ပေါ့။ ဆရာ တစ်ဆက်တည်း မေးမယ်၊ သူခိုးငတက်ပြားဆိုတာ ကြားဖူးသလား"

"ကြားဖူးတာပေါ့ - မင်းနေပြည်တော်မှာ အင်မတန်မှ ဆိုးသွမ်းနေတဲ့ ရာဇဝတ်သားပေါ့"

"အဲဒီရာဇဝတ်သားဟာ - ဆရာကြီးပဲ"

"ဟင်"

"မဟင်နဲ့လေ - ဆရာကြီးဟာ သူခိုးဖြစ်ပေမယ့် အဒိန္နကံကလွဲပြီး ကျန်ကံတွေကို လုံခြုံအောင် ထိန်းတဲ့သူခိုးကြီးပဲ၊ ပြီးတော့လည်း သစ္စာလည်းရှိတယ်၊ ဆင်းရဲသားပစ္စည်းတွေကို ဘယ်တော့မှ မခိုးဘူး၊ သူဌေးသူကြွယ်တွေ၊ မှူးကြီးမတ်ရာတွေဆီက ခိုးတယ်၊ လောဘဇက်ပြီး ခိုးတာလည်းမဟုတ်ဘူး၊ ရှိတဲ့ပစ္စည်းတစ်ဝက်ကိုပဲ ခိုးတယ်၊ ဒုက္ခရောက်စေတဲ့ စေတနာမျိုး မရှိဘူး"

မှန်ပါသည်။ ငတက်ပြားသည် မှူးကြီးမတ်ရာ သူဌေးသူကြွယ်တစ်ကိုယ်ကောင်းဆန်သော ဝိသမလောဘသားများအတွက် သူခိုးကြီး ဖြစ်နေပါသော်လည်း အဖိနှိပ်ခံ ဆင်းရဲသားကျေးမွဲများအတွက်မူ ကယ်တင်ရှင်သူတော်ကောင်း သူမြတ်ကောင်းဟု မြင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အနိုးခံရသော သူကြွယ်ကြီးများ မှူးကြီးမတ်ကြီးများ ပစ္စည်းဥစ္စာ လျော့နည်းသွား၍ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေချိန်တွင် အဖိနှိပ်ခံ ဆင်းရဲသားအများစုမှာတော့ ရွှေမိုးငွေမိုး ရွာနေချိန် ပျော်ပါးမြူးထူးနေချိန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် – နံနက်လင်း၍ ဝမ်းဆာသည့်အတွက် အိမ်မြင်ထွက်လိုက်တာနှင့် အိမ်မြင်တွင် ရတနာထုပ်ကို တွေ့ရှိရတာမျိုး၊ လှေခါးထစ်တွင် ဒင်္ဂါးထုပ်ကို တွေ့တာမျိုးနှင့် ကြုံတွေ့ရတာမျိုး ဖြစ်၏။

ထိုရတနာထုပ်၊ ဒင်္ဂါးထုပ်တို့မှာလည်း လူမသိသူမသိအောင် တေက်ပြားလာရောက်ချထားခြင်း ဖြစ်သည်။ တေက်ပြားသည် ပိုင်ရှင်ထံမှ ပစ္စည်းထက်ဝက်ကိုသာ နိုးယူလေ့ရှိသည်။ ထိုသို့ နိုးယူရရှိသော ထက်ဝက်ပစ္စည်းကိုလည်း နှစ်ပုံ ပုံပါသည်။ တစ်ပုံကိုတော့ အဖိနှိပ်ခံ ဆင်းရဲသားများအား လူမသိအောင် ထောက်ပံ့ကူညီသည်။ တစ်ပုံ ကျန်ပါသေးသည်။ ကျန်သောတစ်ပုံကိုလည်း နှစ်စုဖြစ်အောင် စီမံပါသေးသည်။ တစ်စုကိုမူ ဘုရားတည်ရန်နှင့် ကုသိုလ်ကောင်းမှု အလှူအတန်းလုပ်ရန် ဖယ်ထားသည်။ ကျန်စေတစ်ပုံသာ မိမိကိုယ်ကျိုးအတွက် သုံးသည်။

ဆရာကြီးပြောသမျှကို သူ စက်ဆုပ် ရွံရှာမုန်းတီးမိပါသော်လည်း ဆရာကြီး၏ အမြတ်ကြီးစားများ လောဘသားကြီးများကို ဆုံးမရန် ဦးတည်သော လုပ်ဆောင်ချက်များကိုတော့ ထောက်ခံရမည် ဖြစ်၏။ ပြီးတော့ – နိုးယူရရှိသော ဝေစုထက်ဝက်ကို မရှိဆင်းရဲသားများအား ဝေမျှပေးသည့် ဆရာကြီး၏ စေတနာကိုလည်း လေးစားမိသည် ဖြစ်၏။ ကျန်ရှိသော ဥစ္စာပစ္စည်းအနက် ထက်ဝက်ကိုမူ ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်ပြုလုပ်မည်ဆိုတော့ ဆရာကြီး၏ ရင်တွင်းသဒ္ဓါတရားကိုလည်း မရိုးကျူးဘဲ မနေနိုင်အောင် ဖြစ်နေတော့၏။ ကျန်ရှိသောပစ္စည်းကို ကိုယ်ကျိုးအတွက် သုံးသည်ဆိုတော့ ရောင့်ရဲလွယ်သော ဆရာကြီးကို လေးစားမိတော့သည်။

"ဆရာကြီး – ကျွန်တော့်ကို သားတပည့်အဖြစ် သဘောထားပြီး ဆရာကြီး နောက်လိုက်တပည့်အဖြစ် နေပါရစေ ဆရာကြီး"



သူသည် တေက်ပြားထံမှာ အတိအလင်း တပည့်ခံပါလေတော့သည်။ သည်လို တပည့်ခံခြင်းသည် သူ့အတွက် အဆီလျော်ဆုံးနည်း ဖြစ်သည်။ ခုနေအခါတွင် တေက်ပြားမှလွဲပြီး အားကိုးစရာတစ်ခုမှ မရှိသော တစ်ကောင်ကြွက်သမား ဖြစ်၏။ ပြီးတော့ – ကျေးဇူးရှင် ဖြစ်၏။ တေက်ပြားနှင့် အတူနေလာတာ ရက်မှလသို့ ကူးပြောင်းလာပြီ ဖြစ်သောကြောင့် သံယောဇဉ်များ တလည်း တွယ်တာလာပြီ ဖြစ်၏။ သူခိုးအကြီးစား ဖြစ်ပေမယ့် သူ၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို လေးစားကြည်ညိုမိသည်။ သည်တော့ – ဆရာကြီးတေက်ပြားနှင့် အရှည်သဖြင့် ပေါင်းထိုက်သည်ဟု ယူဆလေခြင်းကြောင့် တပည့်အဖြစ် ခံယူမိပါတော့၏။

"ဒါဖြင့် – မင်း ငါ့စည်းကမ်းအတိုင်း လိုက်နာနိုင်ပါ့မလား"

"လိုက်နာနိုင်ကြောင်း သစ္စာဆိုဝံ့ပါတယ် ဆရာကြီး"

"ဟုတ်ပြီ – မင်းရဲ့ရုပ်ရည်ကိုတော့ မြင်ကတည်းက ဆရာကြီး သဘောကျပြီးသားပဲ။ ဒီတစ်ခါတော့ မင်းရဲ့အတွင်းသဘောကို အကဲခတ်ရတော့မှာပေါ့။ တို့တစ်တွေဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတဲ့ သွေးသောက်တွေမို့ ငါက သူခိုးလောကထဲ အရင်ရောက်တာမို့ တေက်ပြားကြီးပေါ့ကွာ။ မင်းက နောက်ကျမှ ရောက်တာမို့ တေက်ပြားလေးပေါ့ကွာ"

ထိုနေ့နောက်ပိုင်းရက်များမှာတော့ တေက်ပြားကြီးသည် တေက်ပြားလေးအား နိုးနည်းဝှက်နည်းကို လက်တွေ့သင်ကြားပေးပါလေတော့၏။ ခြံလုံလမ်းလျှောက်ခြင်း၊ ခုန်ပျံကျော်လွှားခြင်း၊ ခုခံမှုမပါဘဲ အလွတ်ရှောင်တိမ်းထွက်ပြေးခြင်းတို့ကို နိုးရင်းဝှက်ရင်းနှင့် သင်ကြားပေးသည်။ သည်လိုနှင့် သူသည် သူခိုးအကြီးစားဘဝသို့ တစ်လှမ်းချင်းတက်လာကာ နောက်ဆုံးတော့ အမိပတိသူခိုးကြီး ဖြစ်လာပါတော့၏။

ထိုသို့ – ဆရာတပည့်နှစ်ဦး သူခိုးအလုပ်ကို လုပ်နေဆဲမှာပင် တစ်ဖက်ကလည်း တေက်ပြားကြီး ရည်မှန်းထားသည့်အတိုင်း ဘုရားတစ်ဆူကို တည်နေပါ၏။ မြင်းမူမြို့အနီးမှာဟု ဆိုသည်။ ဘုရားဘွဲ့တော်ကိုလည်း မရိုးက



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဟု ကင်ပွန်းတပ်ထားသည်။ ထိုဘုရားကြီးကား လုံးဝ ဥသသုံပြီးစီးပြီဟု ဆိုနိုင်ပါသော်လည်း ထီးတော်စိန်ဖူးတော်တင်ရန်သာ ကျန်နေသေးသည်။

စိန်ဖူးတော်ကိုလည်း တကယ့်စိန်ကြီးစိန်ကောင်းနှင့်သာ တောက်ပြားကြီးက တင်လိုသည်။ ထိုစိန်ကြီး စိန်ကောင်းသည်လည်း မင်းကေရာဇ်ပိုင်ပစ္စည်းဖြစ်သည်။ မင်းကေရာဇ်တို့ ပစ္စည်းဆိုသည်မှာလည်း ဘဏ္ဍာစိုးတို့သာ ထိန်းသိမ်းထားလေ့ရှိသည်။ ဤသည်ကိုပင် တောက်ပြားကြီးက သိရှိထားသည်။ သည်တော့ - ဘဏ္ဍာစိုးကြီးထံ ဝင်ခိုးရမည်။ တော်ရုံနှင့်ဝင်လို့ ရမည် မဟုတ်ပါ။ နည်းလမ်းရှာရမည် ဖြစ်၏။

"တပည့် - တာဝန်ထားလိုက်ပါဆရာ"

တောက်ပြားလေးက တာဝန်ယူလိုက်ပါတော့၏။

= ◌ =

နောက်တစ်နေ့မှာတော့ အင်းဝရွှေနန်းတော်ဈေးအတွင်းသို့ စိုင်းမောင်ညက် အမည်ရှိသော ပဲပုပ်သည်အထမ်းသမား မျက်နှာစိမ်းရောက်ရှိလာလေတော့သည်။ တစ်ခါတစ်ခေါက်မှ သူ မရောက်ဘူး၍ ကြောင်တောင်တောင် အတတ ဖြစ်နေပါ၏။ အားလုံးသော ဈေးသည်များက ရောင်းနေကျနေရာများတွင် ရောင်းနေသည်မို့ သူ့အတွက်ပဲပုပ်ဆိုင်းချရန် နေရာမရှိ ဖြစ်နေ၏။

သို့နှင့် မျက်စိကစား၍ တစ်နေရာကို တွေ့လိုက်ရသည်။ သူ ဝမ်းသာသွားတော့၏။ သို့သော် - တာရှည်ဝမ်းသာခြင်းတော့ မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုလွတ်နေသောနေရာတွင် မိန်းမပျိုလေးက ဆိုင်လာခင်းခြင်းကြောင့်ဖြစ်သည်။ ထိုမိန်းမပျိုလေးကို မြင်လိုက်ရသည်နှင့် စိုင်းမောင်ညက် တစ်ယောက် မူးမူးမိုက်မိုက် ဖြစ်သွားသည်ဟု ထင်ပါသည်။ သူ့ရုပ်ရည်သည် သူ့မျက်လုံးထဲတွင် စွဲစွဲထင်ထင် မြင်မိနေတော့သည်။ ရက်ရက်စက်စက်လည်း လှလွန်းသည်ဟု မှတ်ကျောက်တင်မိ၏။



သူ ခင်းကျင်း ရောင်းချနေသော ပစ္စည်းများက သူ့ရုပ်ရည်နှင့် ဆန့်ကျင်ဘက်။ ငါး၊ မား၊ ဆောက်၊ ကတ်ကြေးစသော အမာထည် ပန်းပဲပစ္စည်းတွေ ဖြစ်၏။ ပန်းနွယ်ပစ္စည်းများသာ ဖြစ်ပါက သူ့ရုပ်ပါနှင့်ဆိုလျှင် အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်မည်။ ဤကဲ့သို့ မားကတ်ကြေးတို့စသော အကာအကွယ်ပစ္စည်းများကို မြင်ရုံနှင့် သူ့မအတွက် ဘေးကင်းလုံခြုံမည် ဖြစ်၏။

ခင်းထားသော ဆိုင်နေရာသည် ကျယ်ဝန်းသော နေရာလွတ်နှင့်စာလျှင် အများကြီး ကျယ်နေသည်။ သူ့ဘေးမှာ မည်သူမှ နေရာယူရောင်းချသူ မရှိကြပါ။ တခြားမှာတော့ စုပြုံတိုးဝေ့ကာ ရောင်းချနေကြသည်။ ဒါကလည်း သူကလေးက ကျယ်ကျယ်ဝန်းဝန်းနှင့် အေးအေးဆေးဆေး ဈေးရောင်းချင်သည့်သဘောဟု နားလည်ထားလိုက်သည်။ သို့နှင့် မိန်းမပျိုလေးဘေးတွင် သူ၏ ပဲပုပ်ဆိုင်းကလေးကို ချလိုက်သည်။ ထိုအခါ မိန်းမပျိုက စတင်ပြီး -

"ဘာလုပ်တာလဲ"

နှင်းဆီပန်းက အမွှေးနံ့မသင်း။ လက်ခုပ်ပွင့်နံ့ နံ့နေပါ၏။ သူ့အသံက ဘယ်လိုမှ နားဝင်မချို၊ တမာလို ခါးနေသည့်အသံဖြစ်၏။ သူ ရုပ်ရည်နှင့်ဆိုလည်း ပီယဝါစာ စကားသံမျိုး ထွက်သင့်၏။ ဒါကလည်း မျက်နှာစိမ်း ဈေးသည်မို့ မရောလေး အမြင်မကြည်တာဟု တွေးလိုက်မိ၏။

"ဈေးခင်းမလို့ပါခင်ဗျာ"

"အေး - ဈေးရောင်းရင် ကောင်းကောင်းရောင်း - နောက်မှ ရောင့်တက်ပြီး လူပါးဝမယ် မကြံနဲ့ ပါးကြွပ်ကြွပ် ကျိုးသွားမယ်"

သူ့အသံက မိုးချုန်းသလို ကျယ်လောင်သွားပါတော့သည်။ ရုတ်တရက် ဈေးထဲမှာ ငှက်ဆိုးထိုးသံ ကြားရသလို ဈေးဝယ်သူ၊ ဈေးရောင်းသူများ ချက်တွေ သူတို့ထံ ရောက်ရှိလာတော့သည်။ မျက်နှာစိမ်းစိုင်းမောင်ညက် တစ်ယောက် ရှက်ခြင်းနှင့် ကြောက်ခြင်းဝေဒနာတွေကို ခံစားနေရပါ၏။ အနီးအနားဈေးသည်များက အပြေးအလွှား ရောက်ရှိလာကာ -

"ဟဲ့ - မရှမ်း၊ ဘယ်သူ ဘာလုပ်လို့လဲ"

"ကျွန်တော် - ကျွန်တော် - ဘာမှ မလုပ်ရပါဘူးဗျာ"

www.burmeseclassic.com

အမေးတွေက သူ့ဘက်ဦးတည်နေတာမို့ စိုင်းမောင်ဉာဏ်တစ်ယောက် ကြောက်ဖောနှင့် အဖြေစကားတွေတောင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်ကုန်ပါတော့၏။

"အေး - ခုတော့ ဘာမှ မလုပ်ဘူးဆိုပေမဲ့ နောင်တစ်နေ့ ရင်းနှီးလာတာကို အခွင့်ကောင်းယူလာရင်တော့ မားစာ၊ ဖိနပ်စာ၊ လက်ဝါးစာ ဖြစ်ပြီလို့ မှတ် နော်ရဲ့"

"အော် - မဂျမ်းရယ်၊ ခုမှ ရောက်လာတဲ့ ကလေးကိုကွယ်"

"ဘာကလေး - ဟုတ်လား၊ ရှင့်တောင် ပြောလိုက်လို့ - တစ်ခါတည်း"

"တော်ပြီ - တော်ပြီ နားရက်တယ်"

ဈေးသည်များကလည်း လာတော့ ဖျန်ဖြေပေးပါရဲ့၊ နောက်ဆုံးတော့ ပါးရှက် နားရက်တယ်ဆိုပြီး ထွက်ပြေးကုန်ကြတော့၏။ သည်တော့မှ - စိုင်းမောင်ဉာဏ်တစ်ယောက် အတွေးတွေ ပေါက်လာပါတော့၏၊ သူ့ဆိုင်ခင်း နေရာ ကျယ်နေရခြင်း ဖြစ်သည်။

ဤသဘောကို နားလည်သွားပါတော့၏၊ တစ်ဖန် ဤဈေးသို့ ဈေးရောင်းထွက်လာရသည်မှာလည်း ပရိယေသနဝမ်းစာကြောင့်မဟုတ်ဘဲ ရည်ရွယ်ချက်တစ်ခုကြောင့် ဖြစ်သည်၊ ဤရည်ရွယ်ချက် လမ်းမှန်ဖို့က အရေးကြီးပါသည်၊ ထို့ကြောင့် - ရည်ရွယ်ချက် မှန်ကန်ဖို့ သူ့ စန္တီစိတ်ကို မွေးမှ ဖြစ်မည်၊

စိုင်းမောင်ဉာဏ်သည် နေ့စဉ်နံနက်တိုင်း ဈေးသို့ဈေးရောင်းထွက်ခဲ့သည်၊ ဈေးရောင်းထွက်တိုင်းလည်း နှုတ်ကြမ်းအာကြမ်း သူ့ မဂျမ်း ဘေးနားတွင် ထိုင်ရောင်းလေ့ရှိသည်၊ ဈေးကွဲသောအခါ ဈေးသိမ်း၏၊ ဈေးသိမ်းပြီးနောက် သူ အင်းဝရွှေမြို့တော်ထဲ ပဲပုပ်ဆိုင်းထမ်းပြီး လှေလာသည်၊ အထူးသဖြင့် ဘဏ္ဍာစိုးကြီးအိမ်ကို ဖြစ်၏။

ခုတော့ ဘဏ္ဍာစိုးကြီး၏ အိမ်ကိုလည်း သိခဲ့ပြီး ဖြစ်သည်၊ ထို့ပြင်မက ဘဏ္ဍာစိုးကြီး အစေခံများနှင့်လည်း ရင်းနှီးခဲ့ပြီး ဖြစ်သည်၊ သိကျွမ်းရပုံမှာလည်း ဈေးကွဲဈေးသိမ်း၍ အင်းဝမြို့ထဲ လျှောက်ရောင်းရာ ဘဏ္ဍာစိုးအိမ်မှ အစေခံမလေးတစ်ဦးက ပဲပုပ်အဝယ်ထွက်လာသည်၊ အစေခံမလေးကလည်း မျက်နှာမြင်ချစ်ခင်ပါစေ၊ အသံကြားသနားပါစေဆုနှင့် ပြည့်စုံသော စိုင်းမောင်ဉာဏ်အား မြင်မြင်ချင်းပင် အားကိုးချင်မိသည်၊ ပြီးတော့ - ရှမ်းအဝတ်အစားရှမ်းဘောင်းဘီကြောင့် တစ်မျိုးခန့်ညားနေသည်ဟု ထင်နေမိ၏။

ဘာပဲဖြစ်ဖြစ်၊ အစေခံတစ်ဦးမှ အစပြုပြီး အားလုံးသော အစေခံများနှင့် ရင်းနှီးသွားပါလေတော့၏၊ နောက်ဆုံး ဘဏ္ဍာစိုးကြီးစားသုံးရန်အတွက်ဆိုပြီး မောတို့ရှမ်းပြည်ထွက် အထူးပဲပုပ်ကိုလည်း လက်ဆောင်အဖြစ် ပေးနိုင်ခဲ့သည်၊ ဘဏ္ဍာစိုးကြီးကလည်း အလွန်မှ ခံတွင်းတွေ့ကာ လက်စွဲတော် အာဟာရအဖြစ် အစဉ်သုံးဆောင်ပါတော့၏၊ ဘဏ္ဍာစိုးကြီးသာမက မိသားစုများကလည်း နှစ်မြို့က်ကြကာ အိမ်တော်အတွင်းမှာ စိုင်းမောင်ဉာဏ်သည်လည်း၊ အိမ်တော်အတွင်းသို့ ခွင့်ပြုချက်မလိုဘဲ ဝင်ရောက်နိုင်သည့် အခွင့်အရေးကိုပင် ရရှိပါတော့သည်၊ အခါအခွင့်ကို လက်မလွှတ်စတမ်း စောင့်ကြည့်နေလေ့ရှိသော စိုင်းမောင်ဉာဏ်သည် ဘုရင့်ဘဏ္ဍာတော်ထဲမှ စိန်ပွင့်ကြီး တည်နေရာကို သိရှိပါတော့သည်၊

စိုင်းမောင်ဉာဏ်ကား အင်းဝဈေးအတွင်းမှာ အစဉ်မပြတ် ဈေးရောင်းနေဆဲ ဖြစ်သည်၊ သူသည်လည်း မဂျမ်း၏ သဘောမနောကို ကောင်းကောင်းကြီး သိနားလည်ပြီး ဖြစ်သည်၊ မဂျမ်း၏ အပြောအဆိုကိုသာ နုတ်ပယ်လိုက်ပါက မဂျမ်းသည်သာ ဤစကြဝဠာတွင် အမွန်မြတ်ဆုံး ဖြစ်မည်ဟု ထင်လိုက်ပါသည်၊ နုတ်ပြည်ခြောက်ထပ်က ဘုံကြီးပြုတ်လာသော နတ်သမီးပင်လျှင် သူ့ကို မမီဟု ထင်ပါသည်၊

"ဟဲ့ကောင် - ဈေးရောင်းတာတဲ့လား၊ ဘာမပြော - ညာမပြောနဲ့ ထိုင်နေတာ နှင့်ပါးစပ်မှာ ဟိုသင်း ဆို့ထားလို့လား"

ဈေးရောင်းတာ အပါးမဝသေးသော စိုင်းမောင်ဉာဏ်အား မဂျမ်းက သွန်သင်နေခြင်း ဖြစ်၏၊ တစ်စတစ်စနှင့် ဈေးရောင်းတာ လူရည်လည်လာပါတော့၏။





www.burmeseclassic.com

www.burmeseclassic.com

မဂျမ်းသည်လည်း ယခင်ကာလတုန်းကလို ဈေးထွက်လာလျှင် မျက်နှာ ပြောင်ချောချော မဟုတ်တော့ပါ။ ရွှေဘိုသနပ်ခါးရေကျဲလေး လိမ်းလာပါတော့သည်။ ဆံပင်ကလည်း ဘုတ်သိုက်လို ရှုပ်ထွေးမနေတော့ပါ။ ဖြီးလို့ သင်လို့ ဆီးမွှေးလေး လိမ်းကျံလို့ဖြစ်၏။ အထူးသဖြင့် ပန်းတွေကို ဝေနေအောင် ပန်လာလေ့ရှိသည်။ တစ်ခါကလည်း ပန်းအပန်ကောင်းခြင်းကြောင်း မဂျမ်း အရှက်ရဖူးသည်။

"ဟဲ့ - မဂျမ်း၊ နင်က လှချင်ဖို့ပဲ သိတယ်။ နင် ပန်ထားတာ ခေါင်ရန်းပန်း။ အဲဒါ အသုဘအခမ်းနားမှာ သုံးတာဟဲ့"

မဂျမ်း ဟက်တက်ကြီး အရှက်ကွဲဖူးပါ၏။ သူက အများက ထောက်ပြကြသလို တကယ်ပဲ လှချင်ရက် စက်စက်ယို ဖြစ်နေပါ၏။ ဘာကြောင့်လဲ၊ ဘယ်အတွက်လဲ စဉ်းစား စဉ်းစားရင်း အဖြေပေါ်လာ၏။ စိုင်းမောင်ညက် ဖြစ်၏။ ထိုအခါ သူ့ခေါင်းကို ခါယမ်းပြီး မောင်းထုတ်လိုက်၏။ သွားစမ်းပါ - သေနာကောင်ရဲ့။

"သမီး - ဈေးရောင်းထွက်တာများ နန်းတွင်းပွဲတက်တာ ကျနေတာပဲ ပြင်ထားလိုက်တာ"

ဖခင်ဖြစ်သူ ပန်းပဲသူကြီးကတောင် ဟန့်တားနေရပါသည်။ ဖခင် သည် ဟိုတုန်းက ရိုးရိုးပန်းပဲသမားဖြစ်သည်။ သူ ဖန်တီးထားသော ဓားအစ လက်နက်များ ပေါက်တူး၊ ပေါက်ပြားအဆုံး လူသုံးကုန်ပစ္စည်းများ ကောင်းမွန်ခြင်းကြောင့် ဘုရင့်ရွှေနားတော် ပေါက်ကြားသွားကာ ပန်းပဲသူကြီး ဖြစ်သွားရတော့၏။

ကနေ့လည်း မဂျမ်းသည် အလှပဆုံး ပြင်ဆင်ကာ ဈေးရောင်းထွက်ခဲ့သည်။ သူပဲ စိတ်စောပြီး လောကာ ဈေးသို့ရောက်လာတာလား၊ စိုင်းမောင်ညက်ပဲ တစ်စုံတစ်ခုအရေးအကြောင်းကြောင့် နောက်ကျနေတော့မသိ၊ စိုင်းမောင်ညက် ရောက်မလာသေးပါ။ မဂျမ်းမျက်လုံးတွေက အငြိမ်မနေတော့ပါ။ ဟိုနေရာ ဒီနေရာမှ စိုင်းမောင်ညက် ထွက်ပေါ်လာနိုးနှင့် ကြည့်နေ၏။



"ဟဲ့ - မဂျမ်း၊ နင့်အဖြစ်ကလည်းဟယ် လိပ်ဥပျောက်လို့ လိပ်မ ရှာနေသလိုပဲ"

မဂျမ်းအထုပ်အထည်နှင့် သူ့နိုးကို လူမိသွားသလို ဖြစ်နေပါတော့၏။ ရှက်ကိုးရှက်ကန်း ဖြစ်နေပါ၏။

"ဟာ - ငါ ဘာမှ မဖြစ်ပါဘူးဟာ"

"နင် - ငါ့ကို ဘာမှ ညာမနေနဲ့ နင့်အကောင်မလာလို့ ခွေးနာ လောက်တိုက်သလို ဖြစ်နေတယ် မဟုတ်လား"

"ဘာ - ငါ့အကောင်လည်း အဲဒီအကောင်က လူမဟုတ်ဘူး။ သစ်ငုတ်တို ကြည့်ပါလား။ နုထိ မလှုပ်မရှက်နဲ့ ငုတ်တုတ်"

မဂျမ်းရင်ထဲ ရှိသမျှ ပွင့်ထွက်လာပါတော့သည်။ တကယ်လည်း စိုင်းမောင်ညက်သည် ရေလောင်းပေးတော့လည်း အညွန့်တက်လာမည်မဟုတ်၊ တိုင်လှုပ်တော့လည်း လှုပ်လာမည် မဟုတ်သော တကယ့်သစ်ငုတ်တိုကြီး ဖြစ်နေ၏။

"ကဲဟာ - ဈေးရောင်းချင်တဲ့ စိတ်လည်း မရှိတော့ဘူး။ တစ်နေရာ တစ်နေရာမှာပဲ သွားနေတော့မယ်"

မဂျမ်းက ထွက်သွားလေတော့၏။ တစ်အောင့်လောက်ကြာမှ စိုင်းမောင်ညက် ဈေးထဲသို့ ရောက်လာသည်။ သူတို့ဈေးရောင်းနေကျ နေရာလေးသည် လစ်ဟာ၍နေပါသည်။ ထိုအခါ - သူ့ရင်ပြင်တစ်ခုလုံးသည်လည်း ဟာလာ ဖဟင်းလင်းကြီး ဖြစ်သွားတော့၏။

ကနေ့ည ဈေးရောင်းနောက်ကျရခြင်းမှာ သူ့ဆရာ ဝေက်ပြားကြီးနှင့် ဘဏ္ဍာစိုးကြီးအိမ် အထွက်အဝင်နေရာ အိမ်တွင်းအခန်းအဖွဲ့ အထားအသို ဘဏ္ဍာစိုးကြီး အိပ်စက်ခန်း၊ ထိုအိပ်စက်ခန်းမှာပင် စိန်တုံးကြီးကို ဝါးကျည်တောက်ထဲတွင် ချိတ်ဆွဲထားပုံကို မြေပုံနှင့်တကွ ရှင်းပြနေခြင်းကြောင့် ဤမျှအထိ ကြာသွားရပါ၏။

"ဟော - လာပြန်ပြီ နောက်တစ်ယောက်၊ လိုက်သွားတော့ ဟိုထနေ့ဝင်ရှိတဲ့ ရေကန်ဆီ"



www.burmeseclassic.com

www.burmeseclassic.com

ဈေးသည်အသိတစ်ယောက်က လမ်းညွှန်ပြတာမို့ သူ့ဇရကန်ရှိရာကို လိုက်သွားသည်။ အဝေါ်ဝေးဝေးနေရာကပင် မဂျမ်းတို့လှမ်းမြင်နေရသည်။ သူ့ရင်ထဲ အေးခနဲ နွေးခနဲ ဖြစ်သွားတော့၏။ မဂျမ်းက သူ့ကို မမြင်၊ သူ့ကို ကျောခိုင်းကာ ရေပြင်ကို မျက်နှာမူထားသည်။

"မဂျမ်း"

သူက အသံအုပ်အုပ်ဖြင့် ခေါ်လိုက်သည်။ မဂျမ်းက အသံကို ကျက်မိနေ၍ နောက်သို့ လှည့်ကြည့်လိုက်သည်။ မဂျမ်း မျက်နှာကို မြင်ရတော့ သူ့ရင် ဟာခနဲ ဖြစ်သွားရသည်။ အများအမြင်မှာတော့ မိချောင်းမျက်ရည်ကျသည်ဟု မြင်ကောင်း မြင်ကြမည်။ သူ့ကိုလည်း နှုတ်ကြမ်းအာကြမ်းမို့ အသည်းနှလုံးပါကြမ်းလေမှာလားဟု ထင်ကြမည်ဖြစ်၏။ တကယ်ဆိုတော့ နှုတ်လျှာကသာ ဘီလူးသဖွယ် ကြမ်းချင်ကြမ်းမည်။ သူ့နှလုံးသားကတော့ ငှမ်းစကလေးလို ပန်းပွင့်ကလေးလို ပွင့်ဖတ်ကလေးလို နူးနူးညံ့ညံ့ ရှိသည်ကို စိုင်းမောင်ညာဏ်အသိ။

"ဟင် – ငိုနေတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ – မဂျမ်းရယ်"

"နင့်ကြောင့်ပေါ့ဟဲ့ – သေနာရဲ့"

"ကျွန်တော် ဘာများမှားတာ လုပ်မလို့လဲ"

"ဒီမှာ တစ်မူထူးပြီး ငါ အလှပြင်ထားတာ တစ်ဈေးလုံးက လှကြတယ်တဲ့၊ ဒီအလှကို နင် မမြင်ဘူးလား"

"မြင်ပါသော်ကား – မဂျမ်းရယ်"

"ပြီးတော့ – ပြောကျသေးတယ်။ ခုလို ပြင်ထားတော့ ချစ်စရာလေးတဲ့။ နင်ကော သူတို့လို ဘာဖြစ်လို့ မပြောရတာလဲ။ နင့်ပါးစပ်ကို ဘာဆို့ထားလို့လဲ"

"ပြောချင်ပါတယ်၊ မဂျမ်းက အခွင့်ကောင်းယူတယ်။ ထင်သွားမှာရယ် ဆိုပြီးတော့ ကြောက်ပါသေးတယ်၊ ဟိုလေ – ဝါးစာ၊ ဖိနပ်စာ၊ လက်ဝါးစာကို ကြောက်လို့"



သူ့စကားနှင့်သူ အပတ်ခံရပြီဆိုတော့ မဂျမ်း ငိုင်ကျသွားတော့သည်။ သူတို့နှစ်ဦး ဆုံတွေ့ရိုက်မှာ မဂျမ်းသည် ထိုစကားမျိုး ပြောထားသည်မဟုတ်လား။ သည်တော့ – ဝေသီနေသော မျက်ရည်စကို လက်ဖမိုးနှင့် သုတ်လိုက်ရင်း –

"ဒါဖြင့် – နင်ကလည်း သူတို့ မြင်သလို ငါလှတာကို မြင်တာပေါ့"

"အော် – မဂျမ်းရယ်၊ သူတို့ မြင်တာက မဂျမ်း ပြင်ဆင်ထားတော့မှ မြင်ကြတာပါ။ ကျွန်တော်ကတော့ မဂျမ်းကို မြင်မြင်ကတည်းက နတ်သမီးလေးလို့ ထင်ထားပါဗျ"

"ဟင်း – သေနာကျလေး၊ ခုမှ ဒီအပေါက်က ပွင့်တော့တယ်။ ဒါပေမဲ့ – ဒီကနေ့ကစပြီး ငါ့ကို မဂျမ်းလို့ မခေါ်နဲ့တော့ဟာ – တစ်လောကလုံးက ငါ့ကို မုန်းလို့ မဂျမ်းလို့ ခေါ်ကြပေမယ့် ငါ ဂရုမစိုက်ဘူး။ နင် ခေါ်မှာကိုတော့ ငါ ကြောက်တယ်"

"ဒါဖြင့် – ဘယ်လိုခေါ်ရမှာလဲ"

"ငါ့ငယ်နာမည်ကို ခေါ်ပေါ့ – မချောနုလေ"

= ☺ =

နံနက် အရက်တက်ပင် ရှိသေးသည်။ တေက်ပြားကြီးသည် ညည်းညူသံနှင့်အတူ တပည့်ဖြစ်သူအား ခေါ်ရင်း ဂူထဲသို့ ဒယီးဒယိုင်နှင့် ဝင်လာသည်။ ခေါ်သံကြောင့် တေက်ပြားလေးသည် အိပ်နေရာမှ လန့်နိုးပြီး လှမ်းမေးလိုက်သည်။

"ခံလိုက်ရပြီ – တပည့်ရာ"

ထိုမျှသာ ပြောနိုင်ပြီး မိမိအိပ်ရာထက်ဆီသို့ တပည့်အကူအညီဖြင့် ရောက်ရှိသွားတော့သည်။ ဆရာ့ကို ကြည့်ရသည်မှာ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရဟန်တူပါသည်။ ကြိုးစားပြီးတော့လည်း ပါးစပ်က ပြော



www.burmeseclassic.com

www.burmeseclassic.com

နေသည်၊ တပည့်ဖြစ်သူအားလည်း တောထဲတွင် အဆိပ်ဖြေဆေး ဖော်စပ်ရန်အတွက် အသီးအရွက်၊ အခေါက်၊ အမြစ်တို့ကို ချက်ချင်းသွားရှာခိုင်းသည်၊

ထိုနေ့ညက တေက်ပြားကြီးသည် တစ်ကိုယ်တော် စွန့်စားခန်း ဖွင့်ရသည်၊ တေက်ပြားလေးမပါဘဲ ဘဏ္ဍာစိုးအိပ်တွင် စိန်ကြီးကိုခိုးရန် ထွက်ခဲ့သည်၊ မထွက်ခွာမီလည်း ဆရာဖြစ်သူအား တပည့်ဖြစ်သူက မိမိပင် တာဝန်ယူပါရစေဟု ခွင့်တောင်းသေးသည်၊ ဆရာက သူ့ တောင်းဆိုချက်ကို မလိုက်လျောခဲ့ပေ၊

"ဟာကွာ - သည်ထက်မက ခက်ခဲတဲ့ ဟာတွေတောင် နိုင်ခဲ့သေးတာပဲ၊ ပြီးတော့ - တပည့်ကြီး ညွှန်ပြထားတဲ့လမ်းညွှန်မြေပုံကလည်း ဆရာ့အတွက် လုံလောက်နေပါပြီ၊ အခုက အချက်ကတော့ ဆရာတည်ထားတဲ့ ဘုရားမို့ ဆရာကိုယ်တိုင် ပူဇော်ချင်တယ်ကွာ"

သည်လိုပြောပြီး တစ်ကိုယ်တော်ထွက်လာခဲ့သည်၊ တေက်ပြားကလေး ညွှန်ကြားသည့်အတိုင်း လိုက်နာရာ ဘဏ္ဍာစိုးကြီး အိပ်ခန်းအတွင်းသို့ ရောက်ခဲ့သည်၊ ပြီးတော့ - ခုတင်ခေါင်းရင်းတိုင်မှာ ဝါးဆစ်ဘူးလေး ချိတ်ဆွဲထားသည်ကို တွေ့ရသည်၊ စိန်ကတော့ ဝါးဆစ်ဘူးအတွင်းမှာ ရှိနေသည်၊

တေက်ပြားကြီးသည် တိတ်ဆိတ်နေသော လောကကြီးနှင့် တိတ်ဆိတ်ခြင်းကို ဖန်တီးပြီး ဝါးဆစ်ဘူးအဖုံးကို ဖွင့်လိုက်သည်၊ ပွင့်သွားပြီဖြစ်၍ တစ်ထစ်တော့ အောင်မြင်သွားပြီဖြစ်၏၊ နောက်တစ်ဆင့်က စိန်တုံးကြီးကို နှိုက်ယူရန် ဖြစ်၏၊ ဘူးမလှုပ်မရှားအောင် ငြိမ်နေအောင်လက်တစ်ဖက်ဖြင့် ထိန်းထားလိုက်သည်၊ ငြိမ်တော့မှ ကျန်လက်တစ်ဖြင့် နှိုက်လိုက်ရာ -

"အား"

တေက်ပြားက ရုတ်တရက်မို့ အော်လိုက်သည်၊ အော်သံက နာနာကျည်းကျည်းနှင့် အော်လိုက်တာမို့ အသံတွေ အတော်ဆူဆူညံညံ ဖြစ်သွားတော့သည်၊ ဘဏ္ဍာစိုးကြီးသည်လည်း အိပ်မောကျနေရာမှ လန့်နိုးလာ



တော့သည်၊ အစောင့်တွေလည်း လန့်နိုးလာတော့သည်၊ အိမ်တော်တစ်ခုလုံးလည်း ကျိုးမြိုသလို နိုးထလာပါတော့သည်၊

ထို့ကြောင့်လည်း တေက်ပြားကြီးသည် သူ့တပည့် လက်ထောက်ချထားသည့်အတိုင်း မလွယ်ပေါက်မှ ထွက်ပြေးလွတ်မြောက်လာခဲ့သည်၊ အမှန်မှာဆိုလျှင် တပည့်ဖြစ်သူသည် ဘဏ္ဍာစိုးကြီး အိမ်ဝေဟာနှင့်တကွ ဆက်စပ်နေသော အတွင်းအပြင်အနေအထားအပြင် စိန်တုံးထားရာ နေရာကိုသာ ထောက်လှမ်းစနည်းနာခဲ့သည်၊ ထိုစိန်ရှိသောနေရာတွင် သိုဝှက်ထားသော လျှို့ဝှက်ချက်တစ်ခုကိုမူ မေ့လျော့ထားခဲ့သည်၊ ထိုအရာကား စိန်ရှိသောနေရာတွင် အလွန်တရာမှ အဆိပ်ပြင်းသော မြွေဟောက်အဖြူတစ်ကောင် ထည့်သွင်းထားသည်ကို ဘဏ္ဍာစိုးကြီးမှလွဲပြီး မည်သူမျှ မသိနိုင်ပါ၊

တပည့်ဖြစ်သူသည် အဆိပ်ဖြေဆေး ရှာဖွေပြီး ဆရာ့ထံ ပြန်ရောက်သည်တွင် မြွေဟောက်ဖြူ၏ အဆိပ်တွေက သူ့ဆရာအား လောကကြီးအတွင်းမှ ဆွဲခေါ်သွားပြီ ဖြစ်၏၊ ဆရာ၏ ဝိညာဉ်မဲ့နေသော ရုပ်ကလာပ်ကို ကြည့်ပြီး သူ ဝမ်းနည်းနေ၏၊ အထူးသဖြင့် တစ်ကောင်ကြွက် သူ့ဘဝအား ရှေ့လျှောက်မည့် လမ်းပေါ် ကြည့်မြင်နေပါ၏၊

ထို့နောက် - ဆရာဖြစ်သူအား ကောင်းစွာမြှုပ်နှံပြီး ဆရာစုဆောင်းထားသော ပစ္စည်းများကိုလည်း လုံခြုံအောင် သိမ်းဆည်းထား၏၊ ဂူပေါက်ကိုလည်း အခြားသူများနှင့် သတ္တဝါများ မဝင်ရောက်နိုင်ရန် ပိတ်ဆို့ထားလိုက်၏၊ သူ့အနေနှင့် မပြီးဆုံးသေးသော ဆရာ ရည်ရွယ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် ဖြစ်သည်၊ ဆက်လက်အကောင်အထည် ဖော်ရမည့် ဆရာ့ရည်ရွယ်ချက်ကတော့ ဘုရားကို အချောသပ်ရန်နှင့် စိန်ဖူးတော်တင်ရန်တို့ ဖြစ်သည်၊ ဆရာမရှိတော့သောအရပ်တွင် သူမနေလိုတော့ခြင်း သူ့တွင်လည်း အင်းဝရွှေမြို့တော်တွင် သံယောဇဉ်ကြိုးတစ်မျှင်က ရှိနေသေးသည်၊ မဟုတ်ပါလား၊ သည်တော့ - အင်းဝရွှေမြို့တော်ဆီသို့ ထွက်ခွာတော့မည်၊



www.burmeseclassic.com

www.burmeseclassic.com

သူသည် အင်းဝရွှေမြို့တော် (သို့) မထွက်ခွာမီ ဆရာတည်ထားပြီး မပြီးသေးသည့် ဘုရားဆီသို့ရောက်လာခဲ့သည်။ ဆရာ့ကို ကျေးဇူးရှင်ဆရာသခင် အဖြစ်နှင့်ရော အလွမ်းပြေအဖြစ် ကြည့်မြင်ရန်အတွက် ရောက်လာခြင်းဖြစ်သည်။

ထိုစဉ် - လေပြေတစ်ချက် သုတ်လိုက်ရာ ပုပ်အဲ့အဲ့အနံ့တစ်ခုကို ရှူရှိုက်မိ၏။ ထို့ကြောင့် - သူသည် အနံ့ထွက်ပေါ်ရာ ချုံပုတ်ဆီသို့ရောက်လာခဲ့သည်။ သူ တွေ့မြင်လိုက်တာကတော့ အသားတွေကြွေကျကုန်ပြီးအရိုးတွေသာ ကျန်တော့သည့် ကြောင်သေတစ်ကောင် ဖြစ်သည်။ ကြွင်းကျန်နေသော အမွေးအစကို ကြည့်ခြင်းအားဖြင့် ကြောင်နက်အမျိုးအစား ဖြစ်ကြောင်း သူ သိရသည်။

ထို့နောက် - သူသည် ထိုကြောင်အသေကောင်အား ကြည့်လိုက်ရာ အားလုံးသော အသားအရေတွေ ပျက်စီးကုန်ပေမယ့် တစ်လုံးတည်းသော မျက်လုံးက မပျက်စီးသေးတာကို တွေ့ရသည်။ အသေအချာ ကြည့်လိုက်တော့ မျက်လုံးသည် အသက်ဝင်ကာ လှုပ်ရှားနေသယောင်ယောင် အရည်ဝင်ပြီး လှည့်ပတ်နေသယောင် မြင်မိ၏။ ထို့နောက် - ထူးခြားသည်ဟုဆိုပြီး ကောက်ယူလာခဲ့သည်။

သူသည် ပင်းယကျောင်းဆရာတော်ထံ ဝင်ရောက်ခဲ့သည်။ ဆရာတော်အား ဆေးဝါးမန္တန်နှင့် သိဒ္ဓိအမျိုးမျိုးကို ကျွမ်းကျင်ကြောင်းလည်း သူ ရှေးကတည်းက သိထားပြီး ဖြစ်သည်။ သူ့အားလည်း အသက်ကယ်သည့် အနေနှင့် ဆေးဝါးကုသဖူးသည်။ ထို့အတွက်ကြောင့် အင်းဝသို့ မထွက်ခွာမီ ဆရာတော်အား ဖူးမြော်ရန် ရောက်ရခြင်းဖြစ်သည်။

သူ့ကို မြင်သည်နှင့် ဆရာတော်သည် သူ့အား တစ်ကောင်ကြွက်အဖြစ် မြင်ကာ သနားသွားသည်။ သူ့ရုပ်ရည်ကလည်း တစ်ဖက်သားသနားကြင်နာစေမည့် ပီယရုပ်ကလေး ရှိနေခြင်းကြောင့် အဆောင်လက်ဖွဲ့တစ်ခု လုပ်ပေးစေလိုသည်။ နက္ခတ်အခါကလည်း နောက်တစ်ပတ်မှဆိုတော့ သူ့အား ဆရာတော်က မသွားနိုင်းသေးဘဲ ကျောင်းမှာ ဆက်နေနိုင်းသည်။



ထိုစဉ် သူ ကောက်ယူလာသော ကြောင်မျက်လုံးကို ပြလိုက်ရာ ဆရာတော်ပင် အတော်အံ့ဩသွားတော့၏။ နှုတ်မှာလည်း ဒါကို ကြောင်မျက်ရှင်လို့ခေါ်တယ်။ မားပြီး၊ လုံ့ပြီး၊ လက်နက်ပြီးဆေး - ဘုန်းကြီးစီမံပေးမယ်။ ဆရာတော်လည်း ဝမ်းပန်းတသာ ပြောရှာပါသည်။

သည်လိုနှင့် နောက်တစ်ပတ် ဆေးစီရင်မည့် နက္ခတ်အခါသို့ ရောက်ခဲ့သည်။ ဆရာတော်နှင့် တောက်ပြားသည် ကျောင်းရှိလသာဆောင်မှာ အတူရှိနေကြသည်။ ဟိုတုန်းကတော့ တောက်ပြားနှစ်ယောက် ရှိနေခြင်းကြောင့် တောက်ပြားကြီး၊ တောက်ပြားလေးဟု အမည်တွင်နေပါ၏။ ယခုတော့ - တစ်ယောက်သော တောက်ပြားက မရှိတော့ခြင်းကြောင့် ကျန်ရှိသူသာ တောက်ပြားအစစ် ဖြစ်လေတော့၏။

ဆရာတော်သည် လမွန်းတည့်အချိန်အခါကို လည်တမော့မော့နှင့် ကြည့်နေသည်။ လမွန်းတည့်သည်နှင့် ဆရာတော်သည် အချိန်တန်ပြီဟုဆိုပြီး တောက်ပြား၏ ကျောဗလာဆီသို့ စုတ်ချက်ကို တင်ပါလေတော့သည်။ တောက်ပြားက အံကို ကြိတ်မှိတ်ထားရသည်။ နာကျင်လွန်းလို့ ငုံထားသော တွမ်းသီးပင်လျှင် အစိပ်စိပ် ကွဲသွားလေတော့၏။

ဆရာတော်က ကောင်းကင်ပြင်ကို မော့ကြည့်ပြီး စုတ်ထိုးခြင်းကို ခေတ္တရပ်လိုက်သည်။ ရပ်လိုက်ရခြင်းအကြောင်းကို ရိပ်မိခြင်းကြောင့် မေးလိုက်၏။

"ဆရာတော် - ဘာလို့ ရပ်လိုက်တာလဲ"

ဆရာတော်က မေ့မြောနေရာမှ သတိလည်လာလို့ဖြစ်ပြီး ဘာမှမဟုတ်ပါဘူးကွာဆိုပြီး ဆက်ထိုးနေပါသည်။ ရင်ထဲမှာလည်း မကောင်း ဖြစ်နေသည်။ ဆရာတော်ကတော့ လူတစ်လုံးသူတစ်လုံးနှင့် လောကအလယ်မှာ ထည်ထည်ဝါဝါ နေထိုင်ရန်အတွက်ဆိုပြီး နက္ခတ်ကောင်းနှင့်ဆုံမိုက် ဆေးစီရင်ပေးသည်။

ခုတော့ - စေတနာသည် ဝေဒနာ ဖြစ်ခဲ့သည်။ ဆရာတော်ကလည်း ပေါက်တဲ့နဖူး မထူးတော့ပြီဆိုကာ ဆက်ပြီး စီရင်နေတော့သည်။ ထိုဆက်



www.burmeseclassic.com

www.burmeseclassic.com

တည်းမှာပင် ကြောင်မျက်ရှင်ကိစ္စကို ဆရာတော် အမှတ်ရလာသည်။ သည်တော့ - ကိုယ်လုံပညာပါ ပြည့်ဝသွားအောင် ရည်ရွယ်ချက်ဖြင့် သူ့ပေါင်ကို ခွဲပြီး မျက်ရှင်ကို ထည့်သွင်းလိုက်သည်။ ထူးဆန်းတာက ခွဲစိပ်နေတုန်း ကြောင်မျက်ရှင်ကို ခေါင်းမှာချထားစဉ်မှာတော့ နာကျင်လိုက်တာ ထွန့်ထွန့်လူးနေပါ၏။ ကြောင်မျက်ရှင် ပေါင်တွင်းထဲ ရောက်သွားသည့်အခါ ခွဲထားသည့်နေရာသည် ထူးဆန်းစွာဖြင့် အကောင်းပကတိသို့ ရောက်ရှိနေပါတော့၏။ စောစောက စုတ်ဆေးထိုးထားသော ကြောပြောင်နေရာသည်လည်း အနာပျောက်သွားပါတော့သည်။ ပြီးတော့ - ဆရာတော်သည်ကြောင်မျက်ရှင်သွင်းထားသော ပေါင်နေရာတွင် ကြောင်နက်တစ်ကောင်ရုပ်ကို ထိုးပေးလိုက်၏။

"နာသေးလား၊ နင့်ခန္ဓာကိုယ်မှာ နာတာရှိသေးလား"

"မနာတော့ပါဘူး - ဘုရား"

"အဲဒါ - ဓားလုံတွေပြီးတဲ့ ကာယသိဒ္ဓိပေါ့ကွ။ သွားတော့ကွာ -"

ဆရာတော်က ဆယ်တောင်သာသာမြင့်သော လသာဆောင်မှ ထိုင်လျက်သားနှင့်ပင် တောက်ပြားကို ကန်ချလိုက်သည်။ တောက်ပြားသည် ကြောင်တစ်ကောင်အလား မြေပြင်ပေါ်သို့ ဖုတ်ခနဲ ကျသွားလေတော့သည်။ ပြီးတော့မှ - တက်လာတော့ဟု အမိန့်ပေးလိုက်သည်။ တောက်ပြားလည်း တက်ရန် လှေခါးဆီသို့ သွား -

"လှေခါး - မလိုပါဘူးကွ၊ ကြောင်ရုပ်နေရာကို ပေါင်ပုတ်ပြီး ခုန်တက်လာပါလား"

ဆရာတော် လသာဆောင်ထက်မှ ညွှန်ကြားပေးသည့်အတိုင်း ကြောင်ရုပ်ကို ပေါင်ပုတ်လိုက်သည်ဆိုလျှင်ပင် သူသည် ဖက်ရွက်လေးတစ်ရွက်လိုပင် ပေါ့ပါးစွာ တက်နိုင်ပါတော့၏။

"မင်းဘဝအတွက်တော့ ကောင်းသွားပြီပေါ့ကွာ၊ ဒါပေမဲ့ - မင်း စိတ်မကောင်းရတာက"



"ဘာများလည်း - ဆရာတော်"

"အို - ဘာမှ မဟုတ်ပါဘူး"

အမှန်မှာ ဆရာတော်ထံတွင် အဖြေရှိပါသည်။ မပြောရက် ပြောမထွက်လို့သာ၊ ထိုသို့ငြင်းပယ်ရခြင်း ဖြစ်သည်။ တကယ်မှန်ရာအတိုင်း ပြောရမည်ဆိုလျှင်တော့ -

"ပီယနက္ခတ်ကို ပြောင်းပြီး စောရနက္ခတ်ဆေးထိုးမိတာမို့ သူခိုးကြီးဘဝနဲ့ နေပါတော့ကွာ"

=☺=

"သေခြင်းဆိုးကြီး - ဘယ်အလေ လိုက်နေတာလဲ"

မဂျမ်းသည် စိုင်းမောင်ညာကိုကို မြင်မိသည်နှင့်ဝမ်းသာအားရ ပြောဆိုလိုက်သည်။ စိုင်းမောင်ညာကိုတွင် ပဲပုပ်ဆိုင်းထမ်းလည်း ပါမလာခဲ့ပါ။ ဈေးအဝယ်အလည်လာသူအနေနှင့် လက်ရှည်းဗလာ လာခဲ့သည်။ သူ့မဂျမ်းနှင့်မတွေ့ဖြစ်တာရော ဈေးအတွင်းသို့မရောက်တာရောဆိုလျှင် (၂)ပတ်ကျော်ကြာပြီ ဖြစ်သည်။ ဆရာ့အသုဘကိစ္စ၊ ဆရာတော်ထံ ဆေးစုတ်ထိုးရန်နက္ခတ်အခါကို စောင့်ဆိုင်းနေရသော ကာလတို့ကို စောင့်နေရခြင်းကြောင့်ဤမျှကြာသွားရခြင်း ဖြစ်သည်။

ကိစ္စတွေ၊ ဝိစ္စတွေ ပြီးဆုံးကုန်မှ သူ မြင်ချင်လှသော မဂျမ်းရှိရာ ဈေးအတွင်းသို့ ရောက်လာခဲ့သည်။ အမှန်မှာဆိုလျှင် မဂျမ်းထံမှ အချစ်ကိုလက်ခံပြီး နောက်နေ့မှာ ဆရာသမားနှင့်အတူ ရောက်တောင်းရမ်းမည်ဖြစ်၏။ မဂျမ်းကလည်း သဘောတူပြီးသား ဖြစ်၏။ ကံဆိုးချင်တော့ သူ့ဆရာနာရေးကိစ္စက ပေါ်လာသည်။ သူကတိ ပျက်ကွက်ခဲ့သည်။ သည့်အတွက် မဂျမ်း သူ့အား လှည့်စားသွားသည်ဟု ထင်နေမည်။ တွေ့မြင်လျှင် ထုရိုက်ချင်သည့်အထိ ဒေါသပုန်ပွားနေမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထင်ထားသည့်အတိုင်း မဂျမ်းက သူ့အား ဒေါသတကြီးနှင့် ဆီးကြို လိုက်သည်။ သူကလည်း သူ့ကိုယ်ရေးကိုယ်တာကိစ္စနှင့် အများကြီး ကျူးလွန်ခဲ့တာမို့ စိတ်မကောင်းစွာနှင့် သည်းခံနေလိုက်သည်။

"ဘယ်ကိုမှ အလေလိုက်နေတာ မဟုတ်ပါဘူး"

စိုင်းမောင်ညာဏ်သည် သူ့ဓကျူးရှူးရှင် ကွယ်လွန်သွားခြင်းကြောင့် ဤသို့ ပျောက်နေရကြောင်း ရှင်းပြရသည်။ သူရှင်းပြရာ၌ သူ့ဓကျူးရှူးရှင်သည် ကိုးဆယ့်ခြောက်ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း ပြောပြလိုက်သည်။ မဂျမ်းမှာ စိုင်းမောင်ညာဏ်ကို ယခင်က ချစ်ခြင်းတစ်ခုတည်းနှင့်သာ တွယ်တာခဲ့ပါသော်လည်း ယခုတော့ သနားကြင်နာခြင်းတည်းဟူသော ကရုဏာတရားနှင့်ပါ တွယ်တာလာရပါတော့၏။

"ဒါဖြင့် – နင် ဘယ်ကို သဝေထိုးဦးမှာလဲ"

"မရှောနဲ့ – ရင်ခွင်ထဲဆီ"

"သေနာ၊ ဒါတော့ – ပြောတတ်သားပဲ"

မဂျမ်းသည် သူ့ ရောင်းချစရာပစ္စည်းများကို ကောက်သိမ်းပြီး စိုင်းမောင်ညာဏ်နှင့်အတူ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်တော့ သူ့ဖခင် ပန်းပဲသူကြီးကိုခေါ်ပြီး စိုင်းမောင်ညာဏ်နှင့် တွေ့ဆုံပေးလိုက်သည်။

"အဘ – ဒီအကောင်က အဘသမက် လုပ်ချင်တာတဲ့။ ကျုပ်ကလည်း သင်းနဲ့ဆို တစ်သက်လုံး နေပျော်မှာပါတဲ့။ ဟီး – ဟီး – အဘကို ပြောရတာ ကျုပ်ဖြင့် ခပ်ရှက်ရှက်"

သမီးဖြစ်သူ၏ စကားကို ကြားရတော့ ဖခင်ကြီးက ပြုံးတုံ့တုံ့ ဖြစ်သွားတော့၏။ သမီးဖြစ်သူအား အိမ်ထောင်ချပေးရန် ရည်ရွယ်တာဖြင့် ကြာပါပြီ။ သို့သော် – သူမကို အပေါက်ဆိုးဆိုး လျှာကြမ်းအာကြမ်းဖြင့် မည်သည့် တာလသားကမှ လက်မထပ်ဝံ့ကြပါ။ ခု – သည်သူငယ်က ရှားရှားပါးပါး လက်ထပ်ချင်တယ်ဆိုတော့ သမီးဖြစ်သူအပေါ် တကယ့်ကြင်နာသူ ဖြစ်မည်ဟု သဘောပေါက်ပါတော့သည်။ ပြီး – စိုင်းမောင်ညာဏ် ရုပ်ရည်ကလည်း မြင်သူတိုင်း ချစ်ကြသည့် ပီယရုပ်ပေါက်နေခြင်းကြောင့် သူတို့နှစ်ဦးကို လက်ထပ်ပေးလိုက်ပါတော့သည်။

သူတို့နှစ်ဦး အကြင်လင်မယား ဖြစ်သွားပေပြီ။ အတူတကွလည်း စား၊ လုံ စသော ပစ္စည်းများကို ရောင်းသည်။ ပန်းပဲဆရာကြီးသည် ဘုရင်က မှာကြားထားသော လက်နက်ပစ္စည်းများကိုလည်း သွန်းလုပ်နေရသည်။ သွန်းလုပ်ပြီးသမျှ လက်နက်များကိုလည်း ဘက္ကာစိုးကြီးထံ သွားရောက်အပ်ရသည်။ ယခင်ကာလများမှာတော့ မဂျမ်းတစ်ဦးတည်းသာ သွားအပ်ရသည်။ ခုတော့ – စိုင်းမောင်ညာဏ်နှင့်အတူ သွားအပ်ကြသည်။

စိုင်းမောင်ညာဏ်ပါ အတူသွားတော့ ပို၍တောင် အဆင်ပြေနေပါတော့၏။ အဘယ်ကြောင့်ဆိုသော် – သူနှင့် ဘက္ကာစိုးကြီး အိမ်သားအမှုထမ်းများနှင့်တကွ ဘက္ကာစိုးကြီး ကိုယ်တိုင်ရင်းနှီးပြီးသားဖြစ်၍ အဆင်ပြေနေရခြင်း ဖြစ်၏။ ပိုပြီး အဆင်ပြေသွားရသည်ကား စိုင်းမောင်ညာဏ်သည် ဘုရင့်လက်စွဲတော် ပန်းပဲသူကြီး၏ သမက်ဖြစ်နေခြင်းပင် ဖြစ်၏။

မဂျမ်းနှင့်တကွ တစ်လောကလုံး အိပ်မောကျနေစဉ် စိုင်းမောင်ညာဏ် တစ်ယောက် အိပ်ရာမှ နိုးထနေခြင်းပင် ဖြစ်၏။ ဘာရယ်ကြောင့်ရယ်လို့တော့ သူ မသိပေမဲ့ ပင်းယကျောင်းဆရာတော်ကတော့ သိနေပါသည်။ သူ ဆိုးပေးလိုက်သော စောရနက္ခတ်က ဆေးစွမ်းပြလာပြီ ဖြစ်၏။ သည်နက္ခတ် ဆေးစွမ်းပြပါတော့ တစ်စုံတစ်ခုကို ခိုးယူမှ ဖြစ်မည်။ ခိုးယူမှု မရှိမခြင်းကြောင့် ဘလှုပ်လှုပ်တရွရွ ဖြစ်နေတော့သည်။ ပြေပျောက်ရန်အတွက် သူတစ်ပါး အိမ်နက်အတွင်းမှ မြက်ကလေးတစ်ပင်ဖြစ်ဖြစ် ခိုးယူလိုက်မှ ပြေပျောက်သွားပါတော့သည်။

ထို့ကြောင့် – ညစဉ်ညတိုင်း မဂျမ်း အိပ်မောကျနေစဉ် သူခိုးအလုပ်ကို အွတ်လုပ်သည်။ အရုဏ်မတက်ခင် မဂျမ်း မနိုးခင် ပြန်ရောက်သည်။ မဂျမ်း သေနားတွင် ဝင်အိပ်လိုက်သည်။ ခိုးရာပါပစ္စည်းကိုမူ တစ်နေရာတွင် ဝှက်ထားလေ့ရှိသည်။ ထူးခြားတာက သူ့အမည်တူ သူခိုးတောက်ပြားများ အင်းဝ





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်–သတိုးမင်းဖျားသည် တောက်ပြား၏ ခါးကို မြှောက်ကိုင်ကာ ကိုင်ပေါက်လိုက်သည်။ များသောအားဖြင့် အပေါက်ခံရသူသည် ချွေးကျကျ ကာ ဒူနံ့ခန့် ဘူနံ့ခန့် အသံမြည်ကာ ကျသွားလေ့ရှိသည်။ ခုတော့–သူ့နှင့် ယှဉ်ပြိုင်ဖက်သည် ထိုသို့ဖြစ်မလာဘဲ ကြောင်ကျကျကာ သောင်ပြင်ပေါ်သို့ ဖုတ်ခနဲ ကျလာတော့၏။ ဤနည်းအတိုင်း သုံးကြိမ်လောက် ကိုင်ပေါက်ရာသစ်ရွက်ကလေး ကြွေကျသလို ဖြစ်နေခြင်းကြောင့် . . .



မြို့တော်တွင် အတော်များများ သောင်းကျန်းနေသည်၊ သူနှင့်ကတော့ စရိုက်ချင်း မတူကြပါ၊ အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားများ ဖြ... ၏၊

အင်းဝရွှေနန်းတော်တစ်ခုလုံးမှာလည်း တောက်ပြားသတင်းဆိုးကြီးတ... မွှန်ထလို့ နေပါသည်၊ တောက်ပြားသူခိုးတွေ သောင်းကျန်းနေပါ၏၊ ခိုးတာ... အစုတ်အနုပ်ပင် မကျန်အောင် ခိုးသည်၊ အိမ်ကြီးအိမ်ကောင်း မကျန်ခိုးသည်...



အခွင့်မသာလျှင် အိမ်ရှင်ကို ရန်လုပ်သေးသည်၊ အခွင့်အရေးရပါကသူများသားသမီးပျို သားပျိုနှင့်တကွ သားမယားကိုပင် စော်ကားသေးသည်၊

ဘုရင်သတိုးမင်းဖျားက စစ်သည်ရဲမက်လွှတ်ကာ အဖမ်းခိုင်းသည်၊ မိပြန်တော့လည်း အညံ့စားအတုဖြစ်သော တောက်ပြားကိုသာ မိသည်၊ အစစ်ဘယ်ရောက်နေသနည်း။ သတိုးမင်းဖျားမင်းက မိအောင် သူကိုယ်တိုင် ဖမ်းမည်ဟု သန္နိဋ္ဌာန် ချမှတ်လိုက်၏၊

မင်းကြီးသည် သူခိုးတောက်ပြား၏ သွားလာလှုပ်ရှားပုံကို စနည်းနာနေတော့သည်၊ ညဉ့်သန်းခေါင်ကျော်လောက်တွင် တောက်ပြားသည် စစ်ကိုင်းဘက်မှ ဧရာဝတီမြစ်ကြီးကို လှေငယ်နှင့် ကူးလာသည်၊ အင်းဝဘက်ကမ်းရောက်တော့ သောင်ပြင်သို့ ရောက်ရှိလာသည်၊ သောင်လယ်တွင် တောက်ပြားအယောင်ဆောင်ထားသော သတိုးမင်းဖျားကို ပက်ပင်းတွေ့ရတော့သည်၊ သတိုးမင်းဖျားမင်းကပင်လျှင် –

"ဟေ့ – ငါ့ တောက်ပြားပိုင်နက်ထဲ ဘယ်သူကျူးကျော် လာသလဲကွ"

မေးလိုက်သည်၊ တောက်ပြားသည် ထိုသို့အမေးခံလိုက်ခြင်းကြောင့် သူ့အား အမည်ဖျက်နေသော တောက်ပြားအတုကို တွေ့ရလေပြီဟု ဝမ်းသာနေမိ၏၊ ထို့ကြောင့် –

"ငါ့နာမည်ကို ဖျက်နေတဲ့အကောင် မင်းကို ဖမ်းရတော့မယ်"

တောက်ပြားက ထိုသို့ ပြောဆိုနေစဉ်မှာပင် သတိုးမင်းဖျားက –

"ငါမှ – အစစ်၊ မင်းက အတု"

ဟု ဆိုကာ သူ့ကို စတင်ပြီး ဖမ်းလေတော့သည်၊ တောက်ပြားကလည်း သူက ချုပ်လျှင် ပြန်ဖြေလိုက်သည်၊ လသာသော သောင်ပြင်ပေါ်တွင် သူတို့နှစ်ဦး ဘတစ်ပြန်ကျားတစ်ပြန် သတ်ပုတ်နေကြသည်၊ နိုင်ခြေမပေါ် လက်ရည် ပညာရည်ကလည်း တူနေကြသည်၊ သတိုးမင်းဖျားမင်းမှာ သူ့ထက်သာသည့် လက်ရည်တစ်ကွက် ရရှိနေသေးသည်၊ ထိုလက်ရည်မှာ ရန်သူ၏ ခါးကို ကိုင်မြှောက်ပြီး ပေါက်ချလိုက်သောအခါ ရန်သူသည် ခါးကျိုးလေတော့သည်၊ ဤနည်းကို အသုံးချရတော့မည်ဖြစ်၏၊



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် – သတိုးမင်းဖျားသည် တောက်ပြား၏ ခါးကို မြောက်ကိုင်ကာ ကိုင်ပေါက်လိုက်သည်။ များသောအားဖြင့် အပေါက်ခံရသူသည် ခွေးကျကျ ကာ ဒုန်းခနဲ ဘုန်းခနဲ အသံမြည်ကာ ကျသွားလေ့ရှိသည်။ ခုတော့ – သူနှင့် ယှဉ်ပြိုင်ဖက်သည် ထိုသို့ဖြစ်မလာဘဲ ကြောင်ကျကျကာ ခေါင်မြင်ပေါ်သို့ ဖုတ်ခနဲ ကျလာတော့၏။ ဤနည်းအတိုင်း သုံးကြိမ်လောက်ကိုင်ပေါက်ရာ သစ်ရွက်ကလေး ကြွေကျသလို ဖြစ်နေခြင်းကြောင့် –

“အင်း – ဒါဟာ တောက်ပြား အစစ်ပေပဲ။ ငါ့တိုင်းပြည်မှာ ဒီလို အတတ် ပညာရှင်တွေ လိုနေတာပဲ” ဟု တွေးပြီး အရှုံးပေးအညံ့ ခံလိုက်သည်။ ပြီး – တပည့် အဖြစ် မွေးပါရန် တောင်းဆိုလိုက်သည်။ တောက်ပြားလည်း ထိုသူ၏ တိုက်ရည်ခိုက်ရည်ကို သဘောကျပြီး သူနိုးအဖြစ် လက်ခံလိုက်သည်။

“အန္တရာယ်နှင့် ကြုံရင်သုံးဖို့”

သတိုးမင်းဖျားမင်းသည် တောက်ပြားအား ဓားမြှောင်တစ်လက်ကို ထုတ် ပေးလိုက်သည်။ တောက်ပြားသည် ဓားမြှောင်ကို အဝေးတစ်နေရာသို့ လွှင့် ပစ်လိုက်ပြီး ပြောလိုက်ပါသည်။

“ပစ္စည်းပဲ ခိုးမယ်၊ ဘယ်သူ့ကိုမျှ အန္တရာယ်မပြုဘူး”

ထို့နောက် – သူတို့သည် ခိုးရန် ထွက်သွားကြတော့သည်။ သတိုးမင်းဖျား က ဤရပ်ကွက်ကို သူ ကျွမ်းသည်ဟုဆိုကာ ဦးဆောင်ခွင့် တောင်းလိုက်၏။ တောက်ပြားလည်း လက်ခံ၏။ သို့နှင့် သတိုးမင်းဖျားမင်းသည် ဆင်းရဲသား လက်လုပ်လက်စား အိမ်တစ်အိမ်အား ဝင်ခိုးမည် လုပ်၏။ တောက်ပြားက လက်မခံ။ ဆင်းရဲသားထံမှ မခိုးရ၊ သူတို့အား ထောက်ပံ့ရမည်ဖြစ်၏။

သို့နှင့် – တောက်ပြားပင် ဦးဆောင်ကာ သူဌေးသူကြွယ်ကြီးတွေ မှူးကြီး မတ်ရာအိမ်များကို ခိုးယူကြသည်။ နောက်ဆုံးမှာတော့ မြောက်မြင်အရပ်မှာ ရှိသော သူဌေးကြီး ဦးဘောဂ ခြံဝင်းအတွင်းသို့ ရောက်ရှိခဲ့သည်။ သူဌေးကြီး သည် မတရားသဖြင့် သိမ်းသွင်းထားသော မြေယာများနှင့် ပစ္စည်းဥစ္စာလည်း မြောက်မြားစွာ ရှိသည်။ ထိုဇနီးမယားလည်း မြောက်မြားစွာ ရှိသေးသည်။



ထိုဇနီးမယားများသည် အတိုးရှေးငှားပြီး ပြန်မဆပ်နိုင်သော လယ်သမား များ၏ သားဖျို သမီးပျိုများ ဖြစ်သည်။

ယခုဝင်ရောက်ရခြင်းမှာလည်း သူဌေးကြီးသည် မိုးသောက်သည်တွင် သူ့အား အကြွေးပြန်မဆပ်နိုင်သော လယ်သမားတစ်ဦး၏ သမီးကလေး သူဌေးကြီး မြေးသာသာ မယ်ရှုပါနှင့် လက်ထပ်ဦးမည် ဖြစ်၏။ လက်မထပ် ခင်စပ်ကြား သည်ခြံဝင်းထဲတွင် တစ်ပင်တိုင်မြနန်းနှင့် ထား၏။ ထို့ကြောင့် – ထိုမယ်ရှုပအား ခိုးထုတ်ပါတော့၏။

“ဆရာ – တခြားဘာဝေစုမှ ကျွန်တော် မယူတော့ဘူး။ သူကလေးကိုသာ တပည့်ကြီးကို ပေးပါ”

“လူယုတ်မာ၊ သူခိုးဟာ – သူခိုး အလုပ်ပဲ လုပ်”

ထို့နောက် – တောက်ပြားသည် ဆင်းရဲသားရပ်ကွက်တစ်ခုသို့ ရောက်ခဲ့ သည်။ တစ်ခုသော အိမ်မှ မောင်သူရကို နှိုးပြီး –

“ကဲ – ညီလေး – မယ်ရှုပ မင်းဆီ ပြန်ရောက်ပြီမို့ ဝမ်းသာပါတော့ ဟောဒီ ရတနာထုပ်ကိုယူပြီး ခုချက်ချင်း ထွက်ပြေးပေတော့”

သူတို့နှစ်ဦး သိပ်ချစ်ကြသည်။ မြေယာရှင်ဝိသမလောဘသား ဦးဘောဂ ၏ မတရားမှုကြောင့် ချစ်သူနှစ်ဦးရင်လျက်နှင့် ကွဲတော့မလို ဖြစ်နေရာမှ တောက်ပြား ကျေးဇူးတော်ကြောင့် ပေါင်းဖက်ရတော့၏။ သူတို့တစ်တွေ ဝေး ရာသို့ ထွက်သွားကြပါပြီ။

တောက်ပြားလည်း ခိုးယူရသမျှ ပစ္စည်းထက်ဝက်ကို သတိုးမင်းဖျားမင်း အား ပေးသည်။ နောက်နေ့ ပြန်ဆုံကြရန်လည်း ချိန်းဆိုကြသေးသည်။ ထို အခါ သတိုးမင်းဖျားက –

“ဆရာမိတ်ဖြစ်ဆွေဖြစ် ယမကာ သောက်သုံးကြပါစို့”

“ငါဟာ သူခိုးပဲ၊ အရက်သမား မဟုတ်ဘူး”

“ဒါဖြင့် – အချိုရည်လေး သုံးဆောင်ကြတာပေါ့၊ အစားအသောက်တွေ ဘိုပါ တပည့်ကြီး စီမံထားတယ်ပေါ့ – လာကြပြီလေ”

www.burmeseclassic.com

အချိုရည်ဆိုတော့လည်း တေက်ပြား ငြင်းပယ်၍ မရတော့ပါ။ အားနာလာ၏။ ထိုအခါ သတိုးမင်းဖျားမင်းသည် သူ၏ မူလအကြံအစည်အတိုင်း မူးမေ့စေသော ဆေးခတ်ထားသည့် အချိုရည်ကို တိုက်ကျွေးလိုက်၏။ တေက်ပြား မူးမေ့လာသောအခါ ကြိုးတုပ်ကာမီးသွေးသိုလှောင်သော အခန်းမှာ ထည့်ထားလိုက်တော့၏။

= ☺ =

"မောင်မင်း - ဘယ်သူလဲ"

"သူခိုး တေက်ပြားပါ"

မှူးကြီးမတ်ရာများသည် တေက်ပြားဟု ဆိုသူအား ကွက်ကြည့် ကွက်ကြည့်နှင့် ကြည့်နေကြ၏။ ညတုန်းက သူတို့အိမ်ကို ဖောက်ထွင်း ခိုးယူသူမှာ သူပင်ဖြစ်ရေ၏။ ရတနာပစ္စည်းတွေ အမြောက်အမြားပါသွားသည်။ ထူးဆန်းတာက ထိုရတနာများသည် သတိုးမင်းဖျား ကိုယ်ပေါ်မှာ ဝတ်ဆင်ထားခြင်း ဖြစ်၏။ မမေးဝံ့၍သာ မမေးရခြင်း ဖြစ်၏။ ပျောက်ဆုံး အခိုးခံရသော မိမိတို့၏ ရတနာပစ္စည်းအမှန် ဖြစ်၏။

"အိမ်း - သူခိုး အစစ်မှန်ဆိုရင် မောင်မင်းကို သေဒဏ်ပေးရမယ်။ ဓား ကြိုက်သလား၊ လှံကြိုက်သလား၊ သံတော်ဦးတင်"

သူကား အင်းဝတစ်မြို့တော်လုံးမှာ သူခိုးကြီးအဖြစ် ကျော်ကြားနေသည်မှာ ကြာပြီ ဖြစ်၏။ မှူးကြီးမတ်ကြီးတွေအစ မင်းကြီးကိုယ်တိုင် အလိုအရှိအဆုံးသူခိုး ဖြစ်၏။ သူတို့အတွက် အလွန်မှလည်း အန္တရာယ်ကြီးမားသည် ဖြစ်၏။ ပုဒ်ထီးပုဒ်မတွေ တတ်ရလျှင် များမြောင်သော ပုဒ်ထီးပုဒ်မတွေ တပ်ရမည်ဖြစ်၏။ ထို့ကြောင့် - မင်းကြီးက ယခုကဲ့သို့ သေဒဏ်ပေးခြင်း ဖြစ်၏။ ထို့ပြင် မိမိအားလည်း မည်သူကမျှအမှုမှ လွတ်အောင်ကြံဆောင်ပေးကြမည်မဟုတ်။ သို့ဖြစ်လျှင်သေရမည့်အရေးထက် မည်သည့်အရေးမှ မရှိတော့ပြီကို သိသည်။ သေမည်ဆိုလျှင် ကြောက်ကြောက်နှင့်လည်း သေရမည် ဖြစ်၏။ ရဲရဲဝံ့ဝံ့နှင့် သေလျှင်လည်း သေရမည်ဖြစ်၏။ သေမည့်အတူ ရဲရဲဝံ့ဝံ့နှင့် သေဆုံးသင့်သည်ဟု တွေးမိခြင်းကြောင့် -

"မိဖုရား စောဥမ္မာကိုသာ လိုချင်ပါတယ် ဘုရား"

"ဟယ်"

ဟူ၍ နန်းတော်တစ်ရလုံး အံ့အားသင့် တုန်လှုပ် သွားရပါတော့၏။ ဘုရင့်ဘေးတွင် ထိုင်လျက် ညီလာခံဝင်နေသော မိဖုရားစောဥမ္မာပင်လျှင်ကြက်သေသေသွားပါတော့၏။ မှူးမတ်များကတော့ ခိုးမှုကျူးလွန်လျက်နှင့်ပင် သေဒဏ်ကျခံရသည့် ရာဇဝတ်သား ဖြစ်ပါလျက်ကယ်နှင့် ယခုကဲ့သို့ ဝစီကံမြောက် ဘုရင့်အား စော်ကားကာ ရာဇဝတ်အိုး တုတ်နှင့်ထိုးပြန်တော့ ဆယ်ခါပြန် သေထိုက်သည်ဟု မှတ်ချက်ပေးနေကြသည်။

သတိုးမင်းဖျားသည် မျက်တော်မမူသည့်အပြင် သဘောတော်ကျနေပါသေးသည်။ သတ္တိအရာမှာတော့ ညတုန်းက ကိုယ်တွေ့တွေ့ရပြီး ဖြစ်၏။ ယခုလို သူ၏ ဗျတ္တိအရာကို တွေ့ရှိရပြန်တော့ သတ္တိဗျတ္တိနှင့် ပြည့်စုံသူဟု မှတ်ကျောက်တင်လိုက်တော့၏။ ထို့ကြောင့်လည်း အမိန့်ပြန်တမ်းချက်ချင်း ထုတ်ပါတော့၏။

"တေက်ပြားအား ဘဏ္ဍာစိုးခန့်အပ်စေ"

ဝေါယာဉ်တော်ဖြင့် တင်ဆောင်ကာ ပို့ဆောင်ပေးကြသည်။ အဝတ်အစားမှာလည်း နန်းတွင်းအဝတ်အစားနှင့် ဖြစ်သည်။ ဒါတွေကို မဂျမ်းမြင်တော့ -

"ကြည့်စမ်း - ကြည့်စမ်း - ဒီအဝတ်အစားတွေ ဒီဝေါယာဉ်တွေက နင့်အရာလား။ ဒါနဲ့ - နေပါဦး၊ တစ်ညလုံး ဘယ်မှာကမြင်းကြော သွားထနေတာလဲ - ပြောစမ်း"

www.burmeseclassic.com

မင်းချင်းများက မဂျမ်း နားလည်သဘောပေါက်အောင် ရှင်းပြတော့မှ မဂျမ်း ငြိမ်ကျသွားတော့၏။ ထိုသို့ တောက်ပြားသည် ဘဏ္ဍာစိုး ဖြစ်သွားသော်လည်း ကွယ်လွန်သူ သူ့ဆရာကြီး၏ မပြီးစီးသေးသော လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်၏။ သူသည် ပန်းရံသမားများတို့ခေါ်ပြီး ဘုရားကို ပြီးစီးအောင် တည်၏။ ပြီးစီးကုန်တော့ သူ စိန်ဖူးတော် တင်ရမည် ဖြစ်၏။

စိန်ဖူးတော်တင်ရန် စိန်သည် ယခင်ဘဏ္ဍာရေးမှူးထံတွင်ပင် သိမ်းထားဆဲဖြစ်သည်။ ထို့ကြောင့် - တစ်ညသောအခါ သူဝင်ခိုးသည်။ ဤတစ်ခါတော့ အခက်အခဲမရှိပါ။ သူလည်း သတိုးမင်းဖျား သူကောင်းပြုထားသော မင်းချင်း ဖြစ်နေတာကတစ်ကြောင်း လက်ရှိဘဏ္ဍာရေးမှူးမိသားစုနှင့် သိကျွမ်းနေတာက တစ်ကြောင်း ပန်းပဲသူကြီး၏ သမက်ဖြစ်နေတာက တစ်ကြောင်းကြောင့် ရဲတင်းစွာ ဝင်ထွက်သွားလာနိုင်ခဲ့သည်။

သူသည် အိပ်မောကျနေသော ဘဏ္ဍာစိုးကြီး၏ ခုတင်နားသို့ ရောက်လာတော့သည်။ စိန်ထည့်ထားသော ဝါးကျည်တိုင်ကိုလည်း တွေ့နေရသည်။ အပေါ်ဘက်ဝါးကျည်တိုင်တွင် မြွေဟောက်ဖြူ ထည့်ထားတာကိုလည်း သိထားသည်။ ထို့ကြောင့် - အောက်ခြေမှ ဖောက်ပြီးထုတ်ရန် ယူလိုက်စဉ်မှာပင် ဝါးကျည်တိုင်သည် ဂုန်းခနဲ ပြုတ်ကျကာ အစောင့်အားလုံးသည် နိုးလာကြတော့၏။ ထိုအခါ သူတို့သည်တောက်ပြားအား ထူးခြားစွာ မြင်တွေ့လိုက်တော့သည်။ ဘဏ္ဍာစိုးကြီးက -

"စိုင်းမောင်ဉာဏ် - အချိန်မတော်ကြီး ငါ့အခန်းထဲ ဘာလို့ ရောက်နေရတာလဲ"

"ကျွန်တော်မျိုး ယောက္ခမကြီးက လူကြီးမင်း လုပ်ခိုင်းထားတဲ့ ယိမ်းနွဲ့ပါးဓားဟာ တစ်လက်လား၊ နှစ်လက်လားဆိုတာ မကွဲပြားလို့ နက္ခတ်ကြုံကြိုက်တဲ့ ခုခါသမယမှာ သိချင်လို့ ညချင်းတွင်း လာရတာပါ။ ဒီရောက်တော့ တစ်စုံတစ်ခုကို တိုက်မိပြီး ခုလို ဖြစ်သွားရတာပါ"



ဘဏ္ဍာစိုးကြီးအား သတိုးမင်းဖျားက ယိမ်းနွဲ့ပါး ဓားတစ်ချောင်း လုပ်ပေးရန် မိန့်ထားသည်။ ဘဏ္ဍာစိုးလည်း ထုံးစံအတိုင်း ပန်းပဲသူကြီးအား ထပ်ဆင့်ခိုင်းပြန်သည်။ သို့သော် - သူက သူ့အတွက်ပါ တိတ်တဆိတ် လုပ်ခိုင်းလိုက်၏။ သည်တော့ - မင်းကြီးက တစ်ချောင်းခိုင်းသည်။ သူက တစ်ဆင့် နှစ်ချောင်း ခိုင်းသည် ဖြစ်၏။ ထို့ပြင် ယိမ်းနွဲ့ပါဓားဟူသည် နက္ခတ်နှင့်ကြုံမှ လုပ်ရသော ဓားမျိုးဖြစ်၏။

"အေး - အေး - မှာမိတာက နှစ်ချောင်း ဖြစ်နေတယ်၊ ငါ - မင်းကြီး မသိဘဲ မှာလိုက်တာမို့ မင်းကြီးအပေါ် သစ္စာမဲ့ရာ ကျနေတယ်။ ငါ မယူတော့ဘူး၊ တစ်ချောင်းသာလုပ်လို့ မင်းယောက္ခမကြီးကို ပြောလိုက် ၊ ကဲ - ကဲ - သွားတော့ - ဒီသတင်း ဘယ်သူ့ကိုမှ မပေါက်ကြားစေနဲ့"

ဤတစ်ချီလည်း စိန်တုံးကြီးနှင့် လွဲရပြန်တော့သည်။ ထိုကာလသည် သတိုးမင်းဖျားသည် တောင်ငူ၊ တောင်တွင်းကြီးသားတို့သည် မြို့ရိုးစံ တပ်ပေါ်မှ အဆိပ်လူးမြား ပွဲညက်ဖျော်ရေတို့ဖြင့် ပက်လေ့ရှိသောကြောင့် မသိမ်းပိုက်နိုင်ဘဲ ရှိနေသည်။ ထိုအခါ ချောက် (ချောက်) တွန်းလိုသော၊ တောက်ပြား ကောင်းစားနေသည်ကို မရှုစိမ့်သော မှူးမတ်များက တောက်ပြားအား ထိုပွဲညက်ဖျော်ရည်များကို ဖျက်ဆီးပစ်ရန် အကြံပေး လျှောက်ထားကြ၏။

သတိုးမင်းဖျားလည်း သဘောရိုးရိုးနှင့်ထင်ပြီး တောက်ပြားကို တာဝန်ပေးလိုက်သည်။ တောက်ပြားသည် ပေါ့ပါးစွာဖြင့် မြို့တွင်းသို့ ဝင်ရောက်သွားသည်။ တောက်ပြား ဝင်ရောက်လာသည်ကို တောင်တွင်းကြီးရဲမက်များ မြင်လေလျှင် ဝိုင်းလိုက်ကြသည် တောက်ပြားသည် ငှက်ပျောတောတစ်နေရာသို့ ဝင်ရောက်ပြီး ငှက်ပျောလက်ပေါ်မှာ တက်အိပ်ကာ ပုန်းအောင်းနေတော့သည်။ ရှာမတွေ့ဖြစ်ကာ ရန်သူများ ပြန်သွားကြသည်။

ထို့နောက် - တောက်ပြားသည် ထိုလက်နက်များ ပွဲညက်ရေအိုးများကို ရိုက်ခွဲပစ်လိုက်သည်။ ထိုအခါမှ သတိုးမင်းဖျားသည် တောင်တွင်းကြီးကို သိမ်းပိုက်နိုင်ခဲ့သည်။ တောက်ပြားအားလည်း ဘုရင်က သည်အတိုင်းမထား



www.burmeseclassic.com

www.burmeseclassic.com

မြှောက်စားပြန်တော့၏၊ ထိုသို့တောက်ပြားအားဘုရင်ကမြှောက်စားလေလေ၊ မှူးမတ်များက မနာလို ဝန်တိုရှည်မှုများလေလေ ဖြစ်၏။

တောက်ပြားမှာ ဆုံးခန်းမတိုင်သေးသော ဘုရားတည်ခြင်း အလုပ်ကို ဆက်လုပ်ရန် ရှိသေးသည်။ ထိုအလုပ်မှာ ဘဏ္ဍာစိုးကြီးအိမ်မှ စိန်တုံးကို နိုးယူရန်ဖြစ်သည်၊ တစ်ညမှာ သူဝင်နိုးစဉ် အစောင့်များ မိသွားလေတော့သည်။ သူ့အားလည်း ဘုရင့်ရှေ့တော်မှောက် သွင်းကြသည်၊ သတိုးမင်းများလည်း...

"ခွေးမြီးကောက်လို ကောင်ပဲ၊ ငါက - သူကောင်းပြုထားပါလျက် အကျင့်ကို မပျောက်ဘူး။ သင်းကို သတ်စေ"

ဘုရင့်အမိန့်တော်ရလျှင် အငြိုးအတေးထားသော မှူးမတ်များက အားရရွှင်လန်းစွာဖြင့် လူသတ်ကုန်းကို ပို့ဆောင်ကြလေတော့၏၊ ထိုအခါ လှံနှင့်ထိုး၏၊ လှံကျိုးပါလေတော့၏၊ ဓားနှင့် ခုတ်ပါ၏၊ ဓားသွားတွေ လိပ်ကုန်၊ တွန့်ကုန်ပါ၏။ မှူးမတ်တွေ တုန်လှုပ်ကာ လက်လျှော့တော့မလို ဖြစ်ခါမှ တစ်စုံတစ်ယောက်က အကြံပေးလေတော့ သူ့အကြံပေးသည့်အတိုင်း ဆောင်ရွက်မှ တောက်ပြား အသက်ထွက်သွား၏။

အခဲမကျေဘဲ အသက်ရှင် ကျန်ရစ်နေသူကတော့ မဂျမ်းဖြစ်၏၊ သူ့ယောကျ်ားအား မညှာမတာ ရက်စက်စွာ သတ်ပစ်ရက်သော သတိုးမင်းများအား နာကြည်းနေပါ၏။ ဖြစ်နိုင်မည်ဆိုလျှင် သူ့ယောကျ်ားက အသေဆိုးမျိုးနှင့် သေသလို သတိုးမင်းများအားလည်း သေစေချင်သည်၊

တစ်နေ့မှာတော့ သတိုးမင်းများ တိုင်းခန်းလှည့်လည်မည် ဖြစ်၏၊ ထုံးစံအတိုင်း ကိုယ့်အိမ် ကိုယ်ဝင်းရှေ့မှာ သဲဖြူခင်း ရာဇမတ်ကာ၍ ပြုလုပ်ရမည် ဖြစ်၏၊ သူတကာအသီးသီး သပ်သပ်ရပ်ရပ်နှင့် ပြုလုပ်ကြသည်၊ မဂျမ်းကတော့ မလုပ်သည့်အပြင် နာကြည်းစိတ်နှင့် ဘုရင့်ကို ဆဲရေးတိုင်းထွာသည်၊

ဘုရင်တိုင်းခန်း လှည့်လည်ရင်း မဂျမ်းအိမ်ရှေ့ရောက်တော့ ထိုလစ်ဟာမှုကို တွေ့ပါလေတော့သည်၊ ဘုရင်က မဂျမ်းအားမေးတော့ ယမ်းပုံမီးပွားကျသလို ပေါက်ကွဲကာ -

"ဘာ - ခင်းစရာလိုလို့လဲ၊ ငါ့လင်ကို သတ်တဲ့အကောင် - နင်ဘုရင်ကိုလည်း နွားသင်းသလို သတ်ချင်တာဟဲ့"

ထိုစကားဖြင့်ပင် မဂျမ်းအသတ်ခံရပြန်သည်၊ အညှံ့စားနတ်စိမ်း ဖြစ်သွားသည်၊ နတ်လျှာကြမ်းပေမယ့် တစ်ပါးသူအပေါ် စိတ်ကောင်း စေတနာကောင်းထားသူမို့ လူအများ ကိုးကွယ်ကြသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်သည်၊ ကိုးကွယ်သူများကတော့ -

"အမေဂျမ်း - အမေဂျမ်းနတ်" တဲ့၊

မုဒုံသူမွန်



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရဆန်သော အလ္လာရီ

## ရှင်ဒေါင်းယဉ်

လွန်လေပြီးသော နှစ်ပေါင်း (၁၂၀၀)ကျော်က ဖြစ်သည်၊ သူ့ရဲ့ကောင်း သတ္တသည် ပြည်ပကျူးကျော်သူ အဘိပါလစစ်သည်များနှင့် တိုက်ခိုက်ခဲ့ရသော စစ်ပွဲများတွင် ပါဝင်ခဲ့ရသည်၊

ထိုစစ်ပွဲတွင် အင်အားကြီးမားသော ရန်သူ အဘိပါလများကို သူ့ရဲကောင်း သတ္တတို့ဘက်မှ ရှပ်ရှပ်ချုံချုံဖြင့် စွန့်လွှတ်စွန့်စား တိုက်ခိုက်ခဲ့ကြရာ အဘိပါလတို့သည် တောတောင်ထူထပ်ရာသို့ ဆုတ်ခွာထွက်ပြေးကြသည်။

သူ့ရဲကောင်း သတ္တတို့က ရန်သူတို့နောက်မှ ထက်ကြပ်မကွာ လိုက်ပါချေမှုန်းခဲ့ကြသည်၊ နောက်ဆုံးတွင် အလွန်တရာ နက်ရှိုင်းသော တောအုပ်ကြီးထဲတွင် လူစုကွဲသွားခဲ့လေသည်၊

သူ့ရဲကောင်း သတ္တသည် ဖွဲသတ္တိအားမာန်တို့ကို အစွမ်းကုန် အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သောကြောင့် စိတ်လျော့လိုက်သောအခါ ခြေလက်များပင် မသယ်နိုင်တော့လောက်အောင် ပင်ပန်းနွမ်းနယ်သွားခဲ့ရသည်၊

www.burmeseclassic.com

သူ၏ညာလက်ထဲတွင် ဆုပ်ကိုင်ထားလျက်ပင် ရှိနေသေးသော ဓားရိုးသည် ရန်သူဝေါင်းများစွာ၏ သွေးများဖြင့် စွတ်စိုနေရာမှ အချိန်ကြာမြင့်သွားသည်နှင့်အမျှ သွေးစီးများသည် ခြောက်ကပ်သွားသောအခါ စွာ၍မရလောက်အောင် ဖြစ်နေသည်။ ဖွတ်အတင်းစွာပါက လက်ဖဝါးအရေပြားပင်လျှင် ကွာနိုင်သောကြောင့် လောလောဆယ်အားဖြင့် တောအုပ်ထဲတွင် ရေကန်ဖြစ်စေ၊ ရေအိုင်ဖြစ်စေ တွေ့လိုတွေ့ငြား ရှာဖွေခဲ့ရသည်။

သတ္တုသည် ခြေတစ်လှမ်းနှင့် တစ်လှမ်းကို အလွန်တရာ နှေးကွေးလေးလံစွာ သယ်၍ လျှောက်လှမ်းခဲ့ရသည်။ တစ်ကိုယ်လုံး ခြေရောလက်ပါ မြေပြင်ပေါ်သို့လုံးဝပစ်လှဲချကာ အနားယူအိပ်စက်လိုက်လိုသော ဆန္ဒပြင်းပြနေမိသည်။

ရေငတ်လိုက်သည်မှာလည်း အာခေါင်ထဲတွင် စေးထန်းခြောက်ကပ်နေလေပြီ။ သူ၏ဘူးခါးခြောက်ရေဘူးထဲတွင် ရေတစ်စက်မျှပင် မကျန်တော့။ တစ်ရှိန်လုံး တိုက်ပွဲဝင်ခဲ့ရသောကြောင့် မိမိက သတ်လျှင်သတ်၊ မသတ်လျှင် ရန်သူက မိမိကို သတ်ဖြတ်ခြင်းခံရမည့် အခြေအနေမျိုး။ "သတ်မလား။ သေမလား" ရွေးချယ်စရာ နှစ်လမ်းတွင် မိမိအသက် မသေရန် ဆက်တိုက်ပင် တိုက်ပွဲဝင်ဓားဖြင့် အသုံးပြုကာ အသက်အန္တရာယ်ကို ကာကွယ်ခဲ့ရသည်။

အစားအစာနှင့်ပတ်သက်၍ သူ ထမင်းမစားခဲ့ရသည်မှာ သုံးနပ်လား။ လေးနပ်လားဟူ၍ ပြန်လည်စဉ်းစားကြည့်သော်လည်း မမှတ်မိနိုင်တော့ချေ။ လောလောဆယ် ရေငတ်ခြင်းက ပဓာနတော့တမှု ဖြစ်သည်။

ရေဝဝလင်လင်သောက်၍ တစ်ကိုယ်လုံး ရေစိမ်လိုက်ရလျှင် လန်းဆန်းသွားမည်။ ထိုနောက် တွေ့ရာနေရာတွင် လဲလျောင်းအိပ်စက် အနားယူလိုက်မည်။ အိပ်ရေးဝဝ အိပ်ပြီးသောအခါကျမှ စားစရာ သစ်သီး၊ သီးနှံတို့ကို တောအုပ်တောင်ခြေတစ်ဝိုက် ရှာဖွေတော့မည်ဟူ၍ သန္နိဋ္ဌာန်ချထားသည်။

ထိုအခိုက်အတန့်တွင် သူ့နားထဲ၌ ရေတသွင်သွင်စီးသံလိုလို ကြားလိုက်မိသည်။



အစပထမတွင် သူ့အနေနှင့် စိတ်အထင်မျှသာ ဖြစ်လေမလားဟူ၍ သံသယဖြစ်မိသည်။ မည်သို့ပင်ဖြစ်စေ၊ သူသည် ရေစီးသံကြားရာဘက်သို့ မျက်နှာမူလျက် ကြိုးစားလျှောက်ခဲ့သောအခါ ရေစီးသံ တစ်စတစ်စ ကြားရသည်မှာ ပိုမိုကျယ်လောင်လာသည်။

ထို့ကြောင့် - သူ အားတက်လာမိသည်။

သူ၏ ညာလက်ထဲတွင် သွေးစေးဖြင့် ကပ်ငြိဆုပ်ကိုင်ထားလျက်ပင် ရှိနေသေးသော ဓားကိုလည်း ရေထဲတွင် တစ်ကိုယ်လုံးစိမ်လျက် ဖြေရတော့မည်ဟုတွေးလျက် စိတ်သက်သာရာ ရလာသည်။

မကြာမီ ညောင်မုတ်ဆိတ်တစ်ပင်ကို သူ မျက်နှာမူရာအရပ်တွင် တွေ့လိုက်ရသည်။ ညောင်ပင်၏ ပင်စည်မှာ အလွန်တရာ ကြီးမားတုတ်ခိုင်လျက် သက်တမ်းရင့်နေလေပြီ။ တောင်ကုန်းကမူပေါ်တွင် ထီးထီးမားမားတည်ရှိနေသည်။

ထိုညောင်ပင်ကြီးတည်ရှိရာ တောင်ကုန်းကမူ၏ အခြားတစ်ဖက်အခြေ၌ စမ်းချောင်းလေးတစ်ခု၏ တသွင်သွင် စီးဆင်းနေသံကို ကြားလိုက်ရသည်။ သတ္တု၏ခြေလှမ်းများက အတော်အတန်သွက်လာလေပြီ။ စိတ်ခါတ်တက်ကြွလာသောကြောင့် ဖြစ်သည်။

သူ့အနေနှင့် ညောင်မုတ်ဆိတ်ပင်ကြီးအောက်သို့ ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် သူ့နားထဲတွင် အော်သံတစ်သံကို စူးစူးဝါးဝါး ကြားလိုက်ရသည်။

ညောင်ပင်ကြီးတည်ရှိရာ တောင်ကုန်းကမူ၏အောက်ခြေ စမ်းချောင်းအစပ်တစ်နေရာမှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။ အသံရှင်သည် မိန်းကလေးတစ်ဦး ဖြစ်လိမ့်မည်။ အထိတ်တလန့် အော်လိုက်သံမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သတ္တသည် ညောင်ပင်ကြီး၏ပင်စည်အကွယ်မှ ဦးခေါင်းငုံ့လျက် ကြည့်လိုက်သောအခါ အလွန်တရာကြီးမားသော ရှူးပုံကြီးတစ်ကောင်က ချောင်းစပ်နံဘေးတွင် ရေချိုးနေသော မိန်းကလေးတစ်ယောက်၏အထက်မှ ရစ်ပတ်ပျံသန်းလျက် ခြေသည်းများဖြင့် ကုတ်ချီရန် ကြိုးစားနေသည်ကို တွေ့လိုက်ရသည်၊ မိန်းကလေးက လက်ဖျံအရွယ်အစား သစ်ကိုင်းခြောက်တစ်ချောင်းဖြင့် ပြန်လည်ခုခံကာကွယ်နေသည်။

သတ္တ ရောက်ရှိနေသော ကုန်းကမူသည် လူနစ်ရပ်စာမျှ မြင့်နေသည်။ မကြာမီ ရှူးပုံကြီးသည် မိန်းကလေးအား သုတ်ချီရန် ရစ်ပတ်ပျံသန်းနေရာမှ ထိုးစိုက်ဆင်းသွားသည်၊ သတ္တသည် မိန်းကလေးအား အချိန်မီ ကယ်နိုင်ရန် ထိုရှူးပုံကြီးအပေါ်သို့ တစ်ဟုန်ထိုး ခုန်ချလိုက်သည်၊ တစ်ချိန်တည်းမှာပင် သူ၏လက်ထဲမှ ဓားရှည်ဖြင့် ခုတ်မိခုတ်ရာကို မိမိရရ ခုတ်ပိုင်းလိုက်လေသည်။

ရှူးပုံကြီးသည် မိန်းကလေးအား သုတ်ချီရန် အာရုံတစ်ခုတည်းသာ ရှိသည်။ သူ့အား အန္တရာယ်ပြုသည့် သတ္တကို လုံးလုံးလျားလျား တွေ့မြင်ခဲ့ခြင်း မရှိပါချေ။ ထို့ကြောင့် – အလစ်မိသွားခြင်း ဖြစ်သည်။

သတ္တသည် ကုန်းကမူပေါ်မှ အရှိန်အဟုန်ဖြင့် ခုန်ချလိုက်သော အခိုက်အတန့်တွင် လက်ထဲတွင် သွေးစီးများခြောက်ကပ်လျက် ဆုပ်ကိုင်ထားလျက်ရှိသော ဓားရှည်ဖြင့် အားသွန်ခွန်စိုက် ခုတ်ချလိုက်သောဓားချက်သည် ရှူးပုံကြီး၏ လည်ကုပ်ရှိ အမွေးနများဖြင့် ပါးလျားနေသောအစိတ်အပိုင်းပေါ်သို့ နက်နက်ရှိုင်းရှိုင်း ကျရောက်သွားသည်။

လည်ပင်းပြတ်လုပြတ်ခင် တန်းလန်းဖြစ်သွားသော ရှူးပုံကြီးသည် အလွန်တရာ နာကျင်မှုကြောင့် "ဂရီး – ဂရူး – ဂရူး" ဟူသော ရင်ခေါင်းသံတိုတိုမျှသာ ထွက်ပေါ်လာပြီးနောက် ချောင်းစပ်သို့ ဖောက်ထိုးမိုးမျှော်ပစ်ကျသွားသည်။

တစ်ချိန်တည်းမှာပင် သတ္တသည် ချောင်းရေထက်သို့ မှောက်လျက်သား ကျသွားသဖြင့် သူ့ရင်ဘတ်နှင့် မျက်နှာကို ချောင်းရေပြင်နှင့် ဖျန်းခနဲ ပြင်းထန်စွာ ရိုက်ခတ်မှုကြောင့် သတိလစ်လုနီးပါး နာကျင်မှုဖြစ်ပေါ်ကာ ချောင်းရေထဲသို့ တောက်လျှောက်မြုပ်ဆင်းမျောပါသွားသည်။

မိန်းကလေးသည် ရှူးပုံကြီး၏ ခြေသည်းများဖြင့် ကုတ်ချီသယ်ဆောင်ခြင်း ခံရတော့မည့်ဆဲဆဲတွင် ကြိုတင်မျှော်လင့်မထားသော ကယ်တင်ရှင်တစ်ယောက်သည် မိုးကောင်းကင်မှ ကျလာသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ ထိုပုဂ္ဂိုလ်၏ လက်ထဲမှ ဓားရှည်နှင့် ရှူးပုံကြီး၏ ဦးခေါင်းကို ထိထိမိမိ ဖြစ်သွားခြင်းကိုလည်း မျက်ဝါးထင်ထင် မြင်လိုက်ရသည်။

ထို့နောက် – ရှူးပုံကြီးသည် ခန္ဓာကိုယ်တစ်ခုလုံးနှင့် မြေပြင်သို့မထိတွေ့မီကတည်းကပင် အသက်ဇီဝိန် ကြွေသွားကာ မိန်းကလေး၏ ခြေရင်းသို့ ကျရောက် ပြိမ်သက်သွားတော့သည်။

ထိုရှူးပုံကြီး ကျလာသည်ကိုသာ လုံးလုံးလျားလျား အာရုံစိုက်လိုက်မိသော မိန်းကလေးသည် ကယ်တင်ရှင်ဓားသမားကို မည်သည့်နေရာသို့ ရောက်ရှိသွားကြောင်း သတိမပြုမိလိုက်ပါချေ။

တဒင်္ဂအားဖြင့် ထက်မိုးဝဠာမှ ဆင်းသက်လာသော ကယ်တင်ရှင်သည် ရှူးပုံကြီး၏အန္တရာယ်ကို ရှင်းလင်းပေးပြီးနောက် သူ၏လာရာလမ်းအတိုင်း ပြန်လည်ထွက်ခွာသွားလေပြီလားဟူ၍ ထင်မြင်ယူဆလျက် ကောင်းကင်သို့ မော်ကြည့်လိုက်မိသည်။

"ကျေးဇူးတင် စကားလေးတစ်ခွန်းမှ မပြောလိုက်ရပါလား – အသက်သခင်ရယ်"

မိန်းကလေး၏ရင်တွင်းမှ ဖြစ်ပေါ်လျက်ရှိသော စကားတစ်ခွန်းပင် ဖြစ်လေသည်။

သတ္တသည် ချောင်းရေပြင်နှင့် ထိခိုက်မိပြီးနောက် ရေအောက်စီးကြောင်းအတိုင်း အရှိန်ဖြင့် မျောပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ်အားဖြင့် သူ့ဆန္ဒအတိုင်း တစ်ကိုယ်လုံးကို စိမ့်မြသော ရေထဲတွင် နစ်၍စိမ်ထားသကဲ့သို့ဖြစ်နေသောကြောင့် ပီတိဖြစ်နေသည်။ သူ ချောင်းရေထဲသို့မကျမီ နောက်ဆုံးအချိန်တွင် သူ့မျက်စိမှ ရုတ်ခြည်း ကွယ်ပျောက်သွားသော ရှူးပျံကြီး၏ လည်ကုပ်တစ်ခုလုံး ပြုတ်လုပြတ်ခင် တွဲလောင်းအနေအထားဖြင့် မြေပြင်သို့ ကျသွားသည်ကို မြင်လိုက်ရသည်။

မိန်းကလေးအတွက် အသက်အန္တရာယ် ကင်းရှင်းသွားအောင် သူ စွမ်းဆောင်နိုင်ခဲ့ကြောင်း တွေးမိသောကြောင့်လည်း ရွှင်ပျအားရကျေနပ်မိသည်။ ချောင်းရေကို တစ်ဝသောက်လိုက်တော့သည်။

မကြာမီ သဏ္ဍာသည် ရေအောက်စီးကြောင်းတွင် မျော၍လိုက်ပါနေရာမှ ဦးခေါင်းမော့လျက် ရေမျက်နှာပြင်ပေါ်သို့ ကြွတက်လိုက်သည်။ သန့်စင်စိမ့်မြသော ရေထဲတွင် အတော်ကြာကြာ စိမ်လိုက်ရသောအတွေ့ကြောင့် ပကတိ လန်းဆန်းသွားမိသည်။ သူ့လက်ထဲတွင် စေးကပ်နေသောဓားသည်ပင်လျှင် အလိုအလျောက် ကွာ၍ရနေလေပြီ။

ထို့ကြောင့် သဏ္ဍာသည် လက်များဖြင့်ယက်ကူး၍ ချောင်းစပ်သို့ဦးတည်လိုက်သည်။ ရေထဲမှ ကမ်းစပ်သို့လှမ်းတက်လိုက်သည်။ ထိုအချိန်တွင် အစာအိမ်ထဲသို့ သုံးနပ်တိုင်တိုင် အစာအာဟာရ မဖြည့်တင်းခဲ့ရသေးသော သူ၏ ဝမ်းဗိုက်ထဲမှ တဗွီဗွီအသံမြည်ကာ ဆန္ဒပြလာလေပြီ။

သူသည် ချောင်းစပ်ကုန်းမြေပေါ်တွင်ရပ်၍ အရပ်ရှစ်မျက်နှာသို့ လှမ်းကြည့်သည်။ စားပင်၊ သီးပင် တစ်ပင်ပင်ကို တွေ့လိုတွေ့ ငြားဖြင့် လေ့လာသည်။ မည်သည့်သစ်သီးပင်ကိုမှ မတွေ့ရသောကြောင့် ရှူးပျံကြီးအား မီးကင်စားရန် သန္နိဋ္ဌာန်ချလိုက်ရတော့သည်။

သဏ္ဍာသည် သူ့ဆုံးဖြတ်ချက်ဖြင့် စောစောက ရှူးပျံငှက်ကြီး ဇီဝိန်ကြွေကျခဲ့သောနေရာသို့ပြန်လျှောက်ခဲ့သောအခါ တဟုန်းဟုန်းတောက်လောင်နေသော မီးပုံကြီးရှေ့တွင် ရပ်လျက်ရှိသော မိန်းကလေးသည် သဏ္ဍာလာရာဘက်သို့ ကျောပေးကာ မီးအရှိန်မပျက်စေရန် သစ်ကိုင်းများ ထပ်ဖြည့်နေသည်ကို မြင်လိုက်ရသည်။



လောလောဆယ် သူ့အတွက် ဆာလောင်နေသောဝမ်းဗိုက်ကို ဖြည့်တင်းရန် ရည်ရွယ်ခဲ့သော ရှူးပျံကြီးကို မတွေ့ရပါတော့ချေ။

“စောစောက ရှူးပျံကြီး ဘယ်ရောက်သွားပြီလဲ”

သဏ္ဍာ၏ ရုတ်တရက်မေးလိုက်သံကြောင့် မိန်းကလေးတစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည့်ကပျာကယာ လှည့်ကြည့်သည်။ သဏ္ဍာကိုတွေ့လိုက်ရသောအခါ မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားသည်။

“စန္ဒီ့အသက် ကယ်ခဲ့တဲ့ နောင်တော်ကြီး ထင်ပါ့ - ဟုတ်စ”

မိန်းကလေးက ပြန်လည်မေးခွန်းထုတ်နေသည်။ မျက်နှာချင်းဆိုင်တွေ့လိုက်ရသောအခါကျမှ အလွန်တရာ လှပချောမွေ့သူဖြစ်ကြောင်း သတိပြုမိသည်။

“ကျုပ်မေးတာ ဖြေပါဦး။ အဲဒီရှူးပျံကြီး ဘယ်မှာလဲ”

“ဟော့ဒီမီးပုံကြီးအောက်မှာရှင့်။ ရှူးပျံကြီးရဲ့အရိုးတွေအားလုံး ပြာချပြီးမှ အဲဒီပြာတွေကို ရတနာပူရနန်းတော်အထိ သယ်ဆောင်သွားရမယ်။ နန်းတော်ရဲ့အလယ်ဗဟိုမှာရှိတဲ့ ရေကန်သာထဲကို ဒီပြာတွေဖြူးထည့်လိုက်တော့မှ မကောင်းဆိုးဝါးမိစ္ဆာမကြီးရဲ့ကျိန်စာတွေ ပျက်ပြယ်သွားမှာပါ။ ဒါကြောင့် - အခု စန္ဒီကိုယ်တိုင် ပြာချနေတာပါ - နောင်တော်၊ နောက်ပြီး - နောင်တော့်ရဲ့အကူအညီကိုလည်း လိုအပ်နေပါတယ်”

စန္ဒီဆိုသောမိန်းကလေးက ရှင်းပြနေရာမှ တစ်ဆက်တည်းအကူအညီ တောင်းသည်။

“ထားပါတော့လေ။ ဒါပေမဲ့ - လောလောဆယ် မင်းကို အကူအညီပေးဖို့နေနေသာသာ ငါ့ကိုယ်ငါတောင် မြေထောက်နှစ်ဖက်ပေါ်မှာ မတ်မတ်မရပ်နိုင်သေးဘူး၊ ဗိုက်ဆာလွန်းလို့ ဗုန်းဗုန်းလဲကျခါနီးနေပြီ”

“အို - စောစောက ပြောရောပေါ့၊ စန္ဒီရဲ့ပလိုင်းထဲမှာ အလွန်အစွမ်းထက်တဲ့ အာဟာရဖြည့်တင်းဆေးရည် ပါတယ်၊ စန္ဒီ သွားယူပေးမယ်နော်”



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးလျှင်ဆုံးချင်း မိန်းကလေးက မလှမ်းမကမ်းရှိ ကျောက်ဖြူတုံးပေါ်တွင် တင်ထားသော ပလိုင်းကို သွားယူလာသည်။ ပလိုင်းထဲမှ တစ်စုံတစ်ရာကို ထုတ်လိုက်သည်။ ဝါးဆစ်တစ်ဖက်ပိတ် ဝါးကျည်တောက်တစ်ခု ဖြစ်သည်။ သတ္တကို လှမ်းပေးသည်။

"ရော့ - ဒါလေးကို သုံးဆောင်လိုက်။ စန္ဒီတို့ကို နန်းတွင်းသမားတော်ကြီးက ဖော်စပ်ပေးထားတာ"

သတ္တသည် မိန်းကလေး၏ အပြစ်ကင်းစင်သော မျက်နှာလေးကို ဖျတ်ခနဲ တစ်ချက်မျှ အကဲခတ်လိုက်သည်။ မိမိအတွက် အန္တရာယ်ရှိလိမ့်မည် မဟုတ်ကြောင်း ဝိပ်စားမိသောကြောင့် တစ်မြုံချင်း အရသာခံ၍သောက် လိုက်သည်။

ချိုချိုသင်းသင်းနှင့် ဆေးအစွမ်းက သတ္တကို ချက်ချင်းလက်ငင်း အစွမ်းပြသည်။ သူ့တစ်ကိုယ်လုံး အကြောပေါင်းတစ်ထောင် စိမ့်သွားသည့်အလား ခံစားမိလာသည်။ အားအင်ပြည့်တင်း၍ စောစောက နံးရှိနေသော ခြေလက်များပင်လျှင် သွက်လက်စွာ ပြန်လည်လှုပ်ရှားနိုင်လေပြီ။

"ကျေးဇူးတင်ပါတယ် - မိန်းကလေး၊ အခုလောက်ဆိုရင် မိန်းကလေးအတွက် ကျုပ် ဘာမဆိုကူညီနိုင်ပါပြီ"

သတ္တက အားရဝမ်းသာ လှိုက်လှဲစွာပြောသည်။

"နောင်တော်ကြီးကသာ စန္ဒီ့အတွက် ကျေးဇူးတင်ထိုက်သူဖြစ်ပါတယ်။ ဟောဒီပြာတွေကို ထည့်စရာ ကတ္တီပါအိတ်တစ်ခု ပါတယ်။ စန္ဒီတို့ ရတနာပူရကို သွားကြရင်းနဲ့ ထူးခြားတဲ့ဖြစ်စဉ်ကို ပြောပြပါ့မယ်။ နန်းတော်ကို ရောက်တဲ့အခါကျတော့လည်း နောင်တော်ကြီးကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်ရပါလိမ့်မယ်"

စန္ဒီက တည်ငြိမ်စွာ ရှင်းပြလိုက်သည်။

= ☺ =



မကြာမီ သတ္တသည် ရှုးပျံကြီး၏အရိုးပြာအိတ်ကို သယ်ဆောင်လျက် စန္ဒီ ဦးဆောင်ရာသို့ လိုက်ပါခဲ့ရသည်။ ရှုးပျံကြီးသည် လူသားတစ်ယောက်ကိုပင် လွယ်ကူစွာ သယ်ဆောင်နိုင်လောက်အောင် ကြီးမားသော်လည်း အသားများ၊ အရေခွံများနှင့် အမွေးအတောင်များအားလုံးသည် လောင်ကျွမ်းလွင့်ပါး ပျောက်ပျက်သွားကြသည်။ ထို့ကြောင့် - စုစုပေါင်း အရိုးငါးချောင်းသာလျှင် ပြာအဖြစ်နဲ့ ပိပိပြင်ပြင် ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် - သယ်ဆောင်ရ သည်မှာ ပေါ့ပါးနေသည်။

စမ်းချောင်းလေးနံဘေးမှသည် ရတနာပူရသို့သွားရာလမ်းတစ်လျှောက်တွင် စန္ဒီပြောပြသော အကြောင်းအရာမှာ ဂမ္ဘီရဆန်သည်ဟု ယူဆဖွယ် ရှိသည်။

= ☺ =

စန္ဒီနှင့်သတ္တသည် အတူတကွ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာမှ တောင်ခြေတစ်နေရာရှိ လိုဏ်ခေါင်းထဲသို့ဝင်ခဲ့ကြသည်။ လိုဏ်ခေါင်းအတွင်းဘက်သို့ ဝင်သွားသည်နှင့် အမျှ အမှောင်ထုက သိပ်သည်းလာသည်။

လိုဏ်ခေါင်း၏ ဘေးဘက်နံရံကိုပင် မမြင်နိုင်လောက်အောင် ပိန်းပိတ်မှောင်နေသောကြောင့် အမှောင်ထုကို လက်နှင့်ဆုပ်ကိုင်လျှင်ပင် ရနိုင်လောက်သည်ဟု ထင်ရသည်။

"နောင်တော်ကြီး - သတိထားလျှောက်နော်"

ဟူသော စန္ဒီ၏ တီးတိုးသတိပေးသံအဆုံးတွင် သတ္တ၏တစ်ကိုယ်လုံး လေဟာပြင်ထဲသို့ ကျွမ်းထိုးမှောက်ခုံ ကျသွားသည်။ သို့ရာတွင် အောက်ခြေမှ အထက်သို့ တစ်ဟုန်ထိုးပင့်၍ တိုက်ခတ်နေသော လေပြင်းကြောင့် ဒရဟော မကျပဲ တငြိမ့်ငြိမ့် တရိပ်ရိပ် ကျနေသည်။ စန္ဒီသည်လည်း သတ္တ၏ လက်ကို တွဲကိုင်လျက်သား ကျဆင်းနေရာမှ နေ့အလင်းရောင်ကို ရုတ်တရက် တွေ့

www.burmeseclassic.com

ခမည်းတော်ဘုရား– ဟောဒီသုရုံကောင်းကြီးဟာ သမီးတော်ရဲ့ အသက်သခင် ဖြစ်ပါတယ်။ မကောင်းဆိုးဝါးရှုးပျံကြီးက သမီးတော်ကို ချီမ, ခေါ်ဆောင်သွားဖို့ ကြိုးစားနေချိန်မှာ ညောင်မုတ်ဆိတ်ပင်ရှိတဲ့ ကုန်းကမူပေါ်ကနေ သုရုံကောင်းကြီးက ရှုးပျံကြီးပေါ် ခုန်ချပြီး သူ့လက်ထဲမှာ အသင့်ပါတဲ့ ဓား နဲ့ ရှုးပျံကြီးရဲ့ ဦးခေါင်းကို ခုတ်ဖြတ်လိုက်တယ်။ ဒါကြောင့်– ဒီနေ့ကစပြီး ရှုးပျံ ကြီးရဲ့ အန္တရာယ် ကင်းဝေးစွာနဲ့ စိတ်အေး ချမ်းသာစွာ စံနေတော်မူနိုင်ပါပြီ ခမည်းတော် ဘုရား



လိုက်ရပြီးနောက် သူတို့၏ ခြေဖဝါးနစ်ဖက်နှင့် နူးအိမနေသောမြေပြင်တို့ ထိတွေ့လိုက်သောအခါ ဒူးညွတ်လျက် အနေအထား ဖြစ်သွားသည်။

"လာ–နောင်တော်ကြီး ရှေ့မှာမြင်ရတာ စန္ဒီတို့ရဲ့နန်းမြို့တော် ဖြစ်ပါ တယ်"ဟုပြောသံကြားလိုက်ရသည်။ သတ္တ၏မြင်ကွင်းတစ်ခုလုံးတွေ့ရသမျှ အရာရာသည် ရုပ်ငြိမ်ဓာတ်ပုံ (သို့မဟုတ်) ပန်းချီကားမြင်ကွင်းကျယ်တစ်ခု နှင့် တူနေသည်။



လေရူးတသုန်သုန် တိုက်ခတ်နေသည့်တိုင် သစ်ပင်ကြီးများ၏သစ်ရွက် လေးတစ်ရွက်မျှပင် မလှုပ်ရှား၊ နန်းတော်သို့ ဦးတည်နေသော လမ်းမကြီး ပေါ်တွင်အသွားအလာလှုပ်ရှားမှုလုံးဝမရှိ၊ ပကတိငြိမ်သက်ခြောက်ကပ်နေ သည်၊ နန်းတော်ဝန်းကျင်ရှိ လူများသည် ကျောက်ရုပ်များကဲ့သို့ ဖြစ်နေကြ သည်၊

"ဟောဒီရတနာပူရနန်းတော်ပတ်ဝန်းကျင် ရှိရှိသမျှ လူတွေ၊ တိရစ္ဆာန် တွေနဲ့ သစ်ပင်ပန်းမာန်အားလုံး ရွေ့လျားမှုမရှိကြတော့ဘူး၊ အဲဒါနောင်တော် ကြီး သုတ်သင်ခဲ့တဲ့ ရှုးပျံကြီးကြောင့်ပဲ၊ တကယ်တော့ – အဲဒါ ရှုးပျံအစစ် မဟုတ်ဘူး၊ ရှုးပျံအသွင်ဆောင်ယူထားတဲ့မကောင်းဆိုးဝါးမိစ္ဆာမကြီး ဖြစ်ပါ တယ်၊မိစ္ဆာမကြီးကျိန်စာကြောင့်တစ်မြို့လုံးအဲဒီလိုကျောက်ရုပ်သဏ္ဍာန်တွေ ဖြစ်သွားခဲ့ကြတာပါ"

"ဒါဖြင့် – မိန်းကလေးကကော ဘာကြောင့် ကျောက်ရုပ်မဖြစ်ခဲ့တာ လဲ"

"စန္ဒီကအဲဒီလိုမဖြစ်ခင်ရက်သတ္တတစ်ပတ်စောပြီးဘရသေ့ကြီးနဲ့လိုက် သွားခဲ့တယ်၊ စမ်းချောင်းလေးရဲ့ကမ်းစပ်မှာထိုင်ပြီး ရေကသိုဏ်းရှုတဲ့ ကမ္မ ဋ္ဌာန်းကိုဘရသေ့ကြီးကိုယ်တိုင်နည်းပြသင်ကြားပေးခဲ့ပြီး "မကြာမီအချိန်မှာ နန်းတော်ကြီးပတ်ဝန်းကျင်တစ်ခုလုံး အပြောင်းအလဲတစ်မျိုးဖြစ် လိမ့်မယ်၊ အဲဒီ့လူတွေအားလုံး ရေးဝဋ်ကြွေးကို ခေတ္တပေးဆပ်ရတာဖြစ်တယ်၊ တစ် ချိန်ချိန်မှာ ကယ်မယ့်သူ ပေါ်လာလိမ့်မယ်၊ မကောင်းဆိုးဝါးရဲ့အရိုးပြာကို နန်း တော်ကြီးရဲ့အလယ်ဗဟိုက ရေကန်ထဲ ချလိုက်တာနဲ့အစစ အရာရာ နဂိုမူလ အခြေအနေအတိုင်း ပြန်လည်ဖြစ်သွားလိမ့်မယ်"လို့ ဘရသေ့ ပြောခဲ့ တယ်"

ပြောပြောဆိုဆိုနှင့် စန္ဒီနှင့် သတ္တတို့သည် နန်းတော်ကြီးထဲသို့ ဝင်ခဲ့ကြ သည်၊ နန်းတွင်းအစောင့်ရဲမက်များ၊ အပျိုတော်များ၊ အခြွေအရံများအားလုံး ထစ်ယောက်မကျန် ကျောက်ရုပ်များအဖြစ်နှင့်သာ တွေ့ရသည်၊



www.burmeseclassic.com

www.burmeseclassic.com

နန်းတော်ကြီးအလယ်ဗဟိုရှိ ရေကန်ထဲရှိ ငါးလေးများပင် ကူးခတ်နိုင်ခြင်းမရှိ၊ လေတိုက်နေပါလျက် ကန်ရေပြင်တွင် လှိုင်းကြက်ခွပ်ပင် မလှုပ်ရှားပါချေ။

"ကဲ - သေချာကြည့်နေနော် - နောင်တော်ကြီး"

စန္ဒီသည် ရှုးပျံကြီး၏ အရိုးပြာမှုန့်များကို ရေကန်ထဲသို့ ဖြူးချလိုက်သည်။

တစ်မုဟုတ်ချင်း အပြောင်းအလဲတစ်ခု လျင်မြန်စွာ ဖြစ်ပေါ်လာသည်။ နန်းတော်ဝန်းကျင်တစ်ခုလုံးရှိ လူ၊ တိရစ္ဆာန်နှင့် ပန်းပင်များအားလုံး မူလအတိုင်း သက်ဝင်လှုပ်ရှားကြလေသည်။

သူတို့အားလုံး အချိန်ကာလတစ်ခု ကြာမြင့်သည့်တိုင် လှုပ်ရှားမှုမရှိ၊ ပကတိကျောက်ရုပ် ဖြစ်နေခဲ့ကြသည်ကို လုံးဝရိပ်စားမိကြဟန်မတူပါချေ။ ကျောက်ရုပ်မဖြစ်မီက ဆောင်ရွက်နေကြသောအလုပ်ကိုပင် ဆက်လက်ဆောင်ရွက်မြဲ ဆောင်ရွက်နေကြသည်။

စန္ဒီက သဏ္ဍာအား နန်းတော်အတွင်းဆောင်သို့ ခေါ်သွားသည်။ ရတနာပူရပြည့်ရှင် ဘုရင်ကြီးနှင့် တွေ့ပေးသည်။

"ခမည်းတော်ဘုရား - ဟောဒီ့သူရဲကောင်းကြီးဟာ သမီးတော်ရဲ့ အသက်သခင်ဖြစ်ပါတယ်။ မကောင်းဆိုးဝါးရှုးပျံကြီးက သမီးတော်ကို ချီမ ခေါ်ဆောင်သွားဖို့ကြိုးစားနေချိန်မှာ ညောင်မုတ်ဆိတ်ပင်ရှိတဲ့ ကုန်းကမူပေါ်ကနေ သူရဲကောင်းကြီးက ရှုးပျံကြီးပေါ်ခုန်ချပြီး သူ့လက်ထဲမှာ အသင့်ပါတဲ့ ဓားနဲ့ ရှုးပျံကြီးရဲ့ဦးခေါင်းကို ခုတ်ဖြတ်လိုက်တယ်။ ဒါကြောင့် - ဒီနေ့ကစပြီး ရှုးပျံကြီးရဲ့အန္တရာယ်ကင်းဝေးစွာနဲ့ စိတ်အေးချမ်းသာစွာ စံနေတော်မူနိုင်ပါပြီ ခမည်းတော် ဘုရား"

ဟူ၍ လျှောက်ထားလိုက်သည်။

ဘုရင်ကြီးသည် သူရဲကောင်းကြီးအား ဧည့်ခံကျွေးမွေးပြီးနောက် ဆုတော်၊ လာဘ်တော်များ ပေးသနားတော်မူသည်။ ရတနာပူရတွင် ပျော်သမျှ နေခွင့်ပြုသည်။



သို့ရာတွင် သူရဲကောင်းကြီးသည် သမုဒယ သံယောဇဉ်ကြိုးဖြင့် ချည်နှောင်မှုကို ခံယူလိုသောသူ မဟုတ်ပါချေ။ ထို့ကြောင့် ကမ္ဘာမြေကျယ်သရွေ့ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာနိုင်ရန် စန္ဒီအား နှုတ်ဆက်ပြီးနောက် လာလမ်းအတိုင်း ကျောခိုင်းထွက်ခွာခဲ့လေတော့သည်။

ရှင်ဒေါင်းယဉ်

စာဖတ်သူများသို့

"ဂျွိုရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍ မရရှိခြင်း စသည့် အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂျွိုရလောကမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




# လူမမြဲသော အိမ်ကြီး –နှင့်–
# ကိုယ်ဝန်ဆောင်သရဲမ

## မောင်အေးမောင် (ရေနံချောင်း)

"အဖိုးရျိုးရျိုးနှင့် ငှားရန်" ဟု စာဆွဲထားသော အိမ်ကြီးတစ်အိမ်သည်ကား ပြည်မြို့ - - - - -လမ်းတွင် ရှိလေသည်။ ထိုအိမ်သည်ကား မျဉ်ဖထောင်သွပ်မိုး၊ အောက်ထပ်သမံတလင်းခင်း၊ ဆင်ဝင်နှင့် အတော်သပ်ရပ်စွာ ဆောက်လုပ်ထားလေသည်။ သို့ရာတွင် လူငှားမမြဲချေ။

တစ်နေ့သောအခါ ရေနံချောင်းမှ ပင်စင်ယူလာသော စာရေးကြီး လင်မယားသည် ထိုအိမ်၌ ငှားရမ်းနေထိုင်ကြလေ၏။ ထိုစာရေးကြီးသည်ကား အရက်သမား ယစ်ထုပ်ဖြစ်လေသည်။ ညဉ့်အချိန်သို့ ရောက်သောအခါ အိမ်အပေါ်ထပ်မှ ခြေသံပြင်းပြင်း နင်း၍ ခေါက်တုံ့ခေါက်ပြန်သွားသံများ ကြားရပြီးနောက် လှေကားဆီသို့ ခြေသံရောက်ပြီး လှေကားမှခြေဆောင့်၍ ဆင်းလာသံကြားသဖြင့် ခြင်ထောင်ကိုလှပ်၍ကြည့်လိုက်ရာ လက်သုံးသင်လောက် ဆံပင်နှင့် လူရုပ်မသဲကွဲ လူမည်းမည်းတစ်ယောက်သည် စာရေးကြီး၏ အိပ်ရာနားသို့ လာပြီးလျှင် …

www.burmeseclassic.com

လူမည်း ။ ။ "ခင်ဗျားတို့ ဤအိမ်မှ ဥလအတွင်း ပြောင်းကြ၊ မပြောင်းလျှင် ဒုက္ခတွေ့ကြရလိမ့်မယ်"

စာရေးကြီး ။ ။ "မောင်က ဘာလဲ၊ ဘယ်မှာ နေသလဲ"

လူမည်း ။ ။ "ကျုပ်တို့ အပေါ်ထပ်မှာ နေတယ်လေ"

စာရေးကြီး ။ ။ "မောင်တို့ကို နေ့ခင်းကလည်း မမြင်ရ၊ ယခုမှ သိရ မြင်ရတော့တယ်။ နံနက်ကျမှ အိမ်ရှင်နှင့် ပြောတာပေါ့"

လူမည်း ။ ။ "သည်လို ပြောလားဆိုတာ လုပ်နေဖို့လည်း မလိုပါဘူး။ ကျုပ်တို့ နေတာကြာပါပြီ၊ ဒါကြောင့် - ပြောင်းဖို့ကိုသာ စိတ်ကူးပါ"

စာရေးကြီး ။ ။ "ကျုပ်တို့နေတာ မောင်တို့ကို ဘာအနှောင့်အယှက်ပေးလို့လဲ"

လူမည်း ။ ။ "ခင်ဗျားတို့က အနှောင့်အယှက်မပေးဘူးဆိုပေမယ့်ကျုပ်တို့ လွတ်လပ်စွာ မနေရတော့ နှောင့်ယှက်တာလိုပေါ့။ ကျုပ်ကတော့ ကိစ္စမရှိပါဘူး။ ကျုပ်မိန်းမက အင်မတန် စက်ထန်တယ်နော် သတိထား"

စာရေးကြီး ။ ။ "စုချက်ချင်း မပြောင်းနိုင်းဘဲ သုံးလကြာမှ ပြောင်းရမယ်ဆိုတာ ဘာကြောင့်လဲ"

လူမည်း ။ ။ တခြားလူများဖြင့် ဘယ်တော့မှ နှစ်လပြည့်အောင် မနေရဘူး။ ခင်ဗျားတော့ ကျုပ်ဆရာ ဖြစ်ခဲ့ဖူးလို့ ညှာတာထောက်ထား၍ သုံးလဆိုင်းတာပါ။ သည်လို လဆိုင်းရအောင် ကျုပ်မိန်းမကို အတော်ပြောထားရတယ်"



စာရေးကြီး ။ ။ "မောင်က ကျုပ်တပည့်ဖြစ်ခဲ့ဖူးတယ်ဆိုတာ ဘယ်တုံးကလည်း၊ မောင်က မည်သူလဲ"

လူမည်း ။ ။ "ကျုပ် - ထွန်းတင်လေ၊ မမှတ်မိဘူးလား။ ခင်ဗျား - လက်အောက်မှာ စာရေးကလေး လုပ်ဖူးပါတယ်"

စာရေးကြီး ။ ။ "မင်း - ထွန်းတင်လား။ ဩော် - သတိရပြီ၊ ဒါနဲ့ သုံးလကြာတော့ ဘာပြုလို့လဲကွဲ့"

လူမည်း ။ ။ "ကျွန်တော့်မိန်းမမှာ ကိုယ်လေးလက်ဝန်နှင့် နေတယ်၊ သုံးလကြာသောအခါ မျက်နှာမြင်လိမ့်မယ်၊ သည်တော့ အပေါင်းအသင်းတွေ လာကြ၊ သွားကြနဲ့ အထွက်အဝင်များတော့ ခင်ဗျားတို့ ဒုက္ခတွေ့မှာကြောင့် ပြောတာ၊ ကိုင်း - သွားလိုက်ဦးမယ်"

စာရေးကြီး ။ ။ "နေပါဦးကွဲ့၊ မင်းတို့ဘဝမှာ အိမ်ထောင်ခြင်း၊ သားမွေးခြင်း ရှိကြသလား ထွန်းတင်ရဲ့"

လူမည်း ။ ။ "ဟာ - ရှိပြီလားဆရာ၊ ကျွန်တော် မိန်းမရတာ သုံးနှစ်ရှိပြီ၊ ကျွန်တော်၏ မိန်းမ ယခု အိပ်နေတယ်၊ သွားဦးမယ်ဆရာ" ဆို၍ လှေကားမှ တက်သွားသည်ကို မြင်လိုက်ရလေ၏။ စာရေးကြီးလည်း ထွန်းတင်သွားမှ ယခု စကားပြောနေတာ လူမဟုတ်မှန်း သတိရပြီး စပ်ကြောက်ကြောက်ရှိသည်နှင့် အရက်ကို ထပ်သောက်၍ ခေါင်းမြီးခြုံကာ အိပ်လေ၏။

www.burmeseclassic.com

နောက်ညဥ့်တွင် စာရေးကြီးသည် အိပ်ရာဝင်၍ မှေးဖမ့်ရှိစဉ် အထက်ထပ်တ "ရှပ် - ရှပ် - ရှပ် - ရှပ်" နှင့် အသံကြား နားစွင့်ကာ ထောင်နေရာ မကြာမီ လှေကားမှ မိန်းမသဏ္ဌာန်နှင့်တူသော မည်းမည်းတစ်ခု ဆင်းလာပြီးလျှင် အိပ်ရာဘေး၌ စကြံလျှောက်နေလေ၏။ ထိုမည်းမည်းသည်ကား ဆံပင်ဖားလျားချ၍ ကိုယ်ဝန်ဆောင်မိန်းမဖြစ်ကြောင်း မီးရောင်ကြောင့် ထင်ရှားစွာ မြင်ရလေ၏။

ထိုအချိန်၌ စာရေးကြီးသည် အလွန်ထိတ်လန့်လာသဖြင့် သူ၏ ဇနီးကို နှိုးကာ မနေ့ညက အကြောင်းနှင့် ယနေ့ည မြင်ရပုံများကို ပြောပြရာ မိန်းမမှာ မမြင်ရသော်လည်း ဆတ်ဆတ်တုန်အောင် ကြောက်လေ၏။ ကြောက်အားကြီးသည်နှင့် အိမ်ထဲမှာ မနေဝံ့သဖြင့် နှစ်ယောက်သား အိမ်တံခါးဖွင့်ကာ မိုးလင်းသည့်တိုင်အောင် အိမ်ပြင်၌နေကြရလေ၏။

ကျွန်တော် (စာရေးသူ) သည် လက်ဖက်ရည်ဆိုင်၌ ထိုင်နေစဉ် လူတစ်ယောက်ဝင်ရောက်လာပြီးလျှင် လက်ဖက်ရည်မှာ၍ သောက်ပြီးကာလ ကျွန်တော့်အား "ငှားရန်အိမ်များ ဤအရပ်မှာ မြင်မိကြားမိပါသလား" ဟု မေးရာကစ၍ စကားလက်ဆုံ ကျပြီးလျှင် အထက်ကဖော်ပြခဲ့သော အကြောင်းများကို ထိုစာရေးကြီးကိုယ်တိုင် ပြောပြသဖြင့် အံ့အားသင့်စွာ ကြားခဲ့ရပြီးနောက် ကျွန်တော်လည်း အလုပ်ဝတ္တရားနှင့် ရေနံချောင်းသို့ ပြောင်းရွှေ့ခဲ့သဖြင့် ထိုအိမ်ကြီးအကြောင်းမှာ အဆက်ပြတ်ခဲ့လေ၏။

ခြောက်လလောက်အကြာတွင် ပြည် - မန္တလေး အမြန်သင်္ဘောပေါ်၌ ပြည်မြို့က မိတ်ဆွေတစ်ယောက်နှင့် တွေ့ဆုံ၍ ရောင်းရေးဝယ်ရေး၊ ကျန်းမာရေးအကြောင်းများပြောဆိုရင်း မြန်မာ့အလင်းနှင့် သူရိယသတင်းစာထဲတွင် တစ္ဆေပုံများ အလိုရှိကြောင်း ပါလာသည်ကဆက်ပြီး အဆိုပါအိမ်ကြီး အကြောင်းကို စကားစပ်မိကြသည်အတိုင်း စုံစမ်းကြည့်ရာ . . .



ဆက်ကာဆက်ကာ ခြောက်ပေမယ့် မကြောက်တော့ သရဲမ လက်လျှော့ပြီး ငြိမ်သွားသတဲ့။ အဲ-လင်းအားလည်းကြီးရော ဆံပင်တွေ ဖိုးရိုဖားလျားနဲ့ ကလေးပိုက်ကာ ဆဲဆိုပြီး ထွက်သွားလိုက်တာ အဲဒီကတည်းက ဘာသံမှ မကြားရ တော့ပါဘူးဟု . . .



မိတ်ဆွေ ။ ။ "အဲ့သည်အိမ်ဟာ ယခုတော့ အခြောက်အလှန့် မရှိပါဘူး။ လူငှားလည်း ရောက်နေပါပြီ"

ကျွန်တော် ။ ။ "ကောင်းပါလေ့ဗျာ၊ သို့မဟုတ်လျှင် အဲ့ရပ်ပါ နာမည်ပျက်နေမှာ၊ သရဲထီးထက် သရဲမကသာပြီး ဆိုးတယ်လို့ ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေ ။ ။ "အခြောက်ခံရတဲ့ လူတွေအပြောကတော့ ခြောက်သမှု မိန်းမချည်းပဲတဲ့၊ ဝေါရင်ဂျီကုလားတွေ အိပ်နေတုန်း တက်နင်းလို့ အော်ပြောရတာဟာလဲ မိန်းမကြောင့်ပဲတဲ့၊ နောက်လက်သမား လင်မယား လာနေပြန်တယ်၊ ညကျတော့ လက်သမားဆရာ ဘုရားရှိခိုးနေတုန်း မီးခွက်လာမှုတ်တာလဲ မိန်းမပဲတဲ့၊ အောင်လံမြို့က ဆိတ်ရောင်းလာတဲ့ ကုလားနှစ်ယောက် အိပ်နေတုန်း ခြေထောက်ဆွဲပစ်တာလဲ မိန်းမပဲတဲ့၊ သည်လိုချည်း အခြောက်ခံရတာ ၄၊၅ ဦးပါပဲဗျာ၊

ကျွန်တော် ။ ။ "ကျွန်တော်ကြားဖူးတာကတော့ ခြေနင်းသံ၊ လမ်းလျှောက်သံ၊ စကြံသွားသံသာ ကြားဖူးတယ်၊ ယခုတော့ ကိုယ်ထိလက်ရောက်များတောင် လုပ်နေမှကိုး"

မိတ်ဆွေ ။ ။ "ဒါတင် ဘာကဦးမလဲ ကိုအေးမောင်၊ သွေးငယ်လို့ပဲလား အကြမ်းပဲကိုင်လို့လား မပြောတတ်ပါဘူး၊ လူနှစ်ယောက်တော့ အကြောက်ကြီး ကြောက်လာတာနဲ့ပဲ တူတယ်၊ တကယ်တည်း ကုမရဘူးဗျာ၊ သေရှာတယ်"

ကျွန်တော် ။ ။ "ဟင် – တယ်ကြမ်းလာမှကိုး၊ ဒါနဲ့ – ယခု ဘယ်လိုကောင်းသလဲ၊ အဲ့စရာပဲ"

မိတ်ဆွေ ။ ။ "အိမ်ရှင်ကလည်း သူ့အိမ် အဖိုးတန်ကြီး ဒီလိုနာမည်ဆိုးနေတာ ဘာခံနေနိုင်ပေမလဲ၊ ဒီတော့ – ဆရာကောင်းရှာပြီး နှင်ရတာပေါ့"

ကျွန်တော် ။ ။ "ဆရာနဲ့ နှင်တော့ ကြည်ကြည်သာသာနဲ့ပဲ သွားရောလား"

မိတ်ဆွေ ။ ။ "ဆရာနဲ့ နှင်တဲ့ညက ဆရာက စည်းဝိုင်းချပြီး ဂါထာရွတ်သတဲ့၊ အဲ – ဂါထာလည်း ရွတ်ကရော အိမ်အပေါ်ထပ်က "ဂျုံး – ဂျုံး – ဂျိန်း – ဂျိန်း" မြည်တဲ့အသံ၊ ခုံဖိနပ် ရုပ်တိုက်စီးတဲ့အသံ၊ ပန်းကန်ခွက်ယောက်တွေ ခွဲပစ်တဲ့ အသံ၊ သံပုံးကို ထုရိုက်တဲ့အသံတွေ ကြားရပြီးလား မရှောပဲ လှေကားက ဆင်းလာတာကိုး၊ သူ့ရင်ခွင်ထဲမှာလည်း နို့စို့ ကလေးပိုက်လို့တဲ့"

ကျွန်တော် ။ ။ "ဩော် – တယ်လည်း ရဲတင်းပါကလား၊ အင်း – အင်း – ပြောပါဦး"

မိတ်ဆွေ ။ ။ "ဒါနဲ့ ဆရာကလည်း သူ့ဂါထာသူ ရွတ်မြဲရွတ်နေတာပေါ့၊ ဒီတော့ သူ့ရင်ခွင်ထဲက ကလေးကို ကြမ်းပေါ်ချပြီး အံကြိတ်ကာ ဆရာ့ဆီ အတင်းပြေးလာလိုက်တာ စာပို့မီးရထားကြီး ဝင်လာတာထက် အရှိန်ပြင်းသေးတယ်ဆိုပဲ ကိုအေးမောင်ရဲ့"

ကျွန်တော် ။ ။ "ဒီအခါတုန်းက ဆရာဟာ ဘယ်လိုများ ဖြစ်သွားသေးသလဲ၊ ထပြေးရောလား၊ တယ်ပြီး – ကြည့်လို့ကောင်းတာပဲ၊ ကျွန်တော်သာရှိရင် သေသေချာချာ အကြည့်ပဲဗျာ"

မိတ်ဆွေ ။ ။ "ဘာပြေးမလဲ၊ ဆရာကလည်း နည်းနည်းသတ္တိကောင်းတဲ့ ဆရာမှမဟုတ်ဘဲ၊ သူ ဘယ်လိုလာလာ သူ့စည်းထဲ မဝင်နိုင်ဘူးဆိုတာသိတော့ ဖြုံတောင် မဖြုံဘူးတဲ့၊ ဒါနဲ့ – ဆက်ကာဆက်ကာ ခြောက်ပေမယ့် မကြောက်တော့ သရဲမ လက်လျှော့ပြီး ငြိမ်သွားသတဲ့၊ အဲ – လင်းအားလည်းကြီးရော ဆံပင်တွေဖိုးရိုးဖားလျားနဲ့ ကလေးပိုက်ကာ ဆဲဆိုပြီး ထွက်သွားလိုက်တာ အဲဒီကတည်းက ဘာသံမှ

www.burmeseclassic.com

မကြားရတော့ပါဘူး"ဟု ပြောနေတုန်း သဘော်ာခ လာစ်တစ်ယောက်က "လက်မှတ် - လက်မှတ်"ဟု အော်ကာခေါင်းလောင်းတီးလာသံကြားတာနှင့် စကားလက်စပြတ်သွားလေသည်။

▲မောင်အေးမောင် (ရေနံချောင်း)

မှတ်ချက် ။ ။ တစ္ဆေ၊ သရဲ၊ ကျွတ် စသော ပေတဘုံ၌ ကိုယ်ဝန်ဆောင်ခြင်း၊ သားမွေးခြင်းရှိကြောင်းကို ကျမ်းဂန်များ၌ တွေ့ရ၏။ ပဋိသန္ဓေနေခြင်းအကြောင်းနှင့် ပတ်သက်၍ ပဋိသန္ဓေ (၄)မျိုးရှိကြောင်း သိရ၏။ ၎င်း (၄)မျိုးကား -

၁။ ဇလာဗုဇ = အမိဝမ်း၌ ပဋိသန္ဓေနေခြင်း၊ ဥပမာ - လူ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ ပဋိသန္ဓေနေပုံ။

၂။ အဏ္ဍဇ = ဥ၌စွဲတည်သော ပဋိသန္ဓေ၊ ဥပမာ - ကြက်၊ ငှက်၊ ငါး၊ လိပ်၊ မိချောင်းတို့ ပေါက်ဖွားပုံ။

၃။ သံသေဒဇ = အညှီကိုစွဲ၍ဖြစ်သော သတ္တဝါ၊ ဥပမာ - ပဒုမ္မဒေဝီသည် ကြာဖူးမှဖြစ်၏၊ စိဉ္စမာနသည် မန်ကျည်းပင်မှ ဖြစ်၏၊ ဝေဠုဝတီသည် ဝါးမှဖြစ်၏။ ရုစိယ ပဘာဝတီသတို့သမီးသည် ဥသျှစ်သီးမှ ရ၏။

၄။ ဥပပါတ် = စုတေသည်နှင့်တစ်ပြိုင်နက် လျင်မြန်သောအဟုန်ဖြင့် ကျသကဲ့သို့ဖြစ်ရာဘဝ၌အကောင်အထည်ဖြစ်လာ၏။

ဥပမာ - သိကြား၊ နတ်ဖြစ်ပုံ၊ တစ္ဆေ၊သရဲ၊ ပြိတ္တာဖြစ်ပုံ၊ ငရဲရောက်ပုံမှတ်။

(တစ္ဆေ၊ သရဲ စသော ပြိတ္တာဘုံ၌ ဇလာဗုဇ ပဋိသန္ဓေနှင့် ဥပပါတ်ပဋိသန္ဓေ နှစ်မျိုးရှိကြောင်း သတိပြုရာ၏။)

ထို့ကြောင့် ယခုပုံ၌ ထွန်းတင်သည် ဥပပါတ် ပဋိသန္ဓေအဖြစ်နှင့် လတ်တလော သရဲဘဝသို့ ကူးခဲ့ရပုံနှင့် ထွန်းတင်၏မိန်းမ (မှ မွေးဖွား၍ တဖြည်းဖြည်းကြီးပြင်းရသည့်သားအတွက်) ကိုယ်ဝန်ဆောင်ရပုံကို စဉ်းစားက ပဋိသန္ဓေ နှစ်မျိုး ခြားနားပုံကို သိသာနိုင်ပြီ။

စာရှုသူများသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com






ခင်တုတ်သည် ဆန်ပြာနေရာမှ မြဒေါင်း၏ မျက်နှာကို
တစ်ချက်လှမ်းကြည့် အကဲခတ်လိုက်မိသည်။
သူမ၏ မျက်နှာတွင်စိုးရိမ်ကြီးသော အရိပ်အငွေ့များ
…်သမ်းသွားပြီး လင်သားဖြစ်သူကို တောင်းပန်တိုးလျှိုးခယသော
အကြည့်ဖြင့် ကြည့်လိုက်မိခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဇရပ်ဟောင်းဘေးက
# မလုပ်ကောင်းတဲ့လယ်မြေ

## မင်းဘုန်းသိခ်သူ

မြဒါင်းသည် ပခုံးပေါ် ထမ်း လာသော ပေါက်တူးကို ခပ်သာသာ ပစ်ချလိုက်သည်၊ လင်ယောကျာ်း၏ပေါ့ပေါ့ပါးပါး အမူအရာကို မြင်လိုက်မှ ခင်တုတ် သက်ပြင်းချလိုက်မိသည်။

မြဒါင်းသည် ခေါင်းပေါင်းထားသော ပုဆိုးကိုဖြုတ်ကာ မျက်နှာကို သုတ်သည်၊ ထို့နောက် တဲထောင့်ရှိ ဝါးပိုးဝါးကို ခွဲ၍တည်ထားသော ရေအိုးတွင်ရေတစ်ခွက် ခပ်သောက်သည်၊ သူ့ရေသောက်ပုံမှာ နွားငတ်ကိုရေချသည်နှင့် တူသည်၊ လွန်မင်းစွာရေဆာလောင်နေဟန်ရှိသည်၊ နွေနှောင်းနေကလည်း လွန်မင်းစွာ ပူလွန်းသည် မဟုတ်ပါလော၊ သို့သော် - မိုးရွာနိုင်သည့် အရိပ်လက္ခဏာ တိမ်ခိုးတိမ်မျှင်တွေ အုံ့ဆိုင်းနေသော်လည်း မိုးတစ်ပေါက်မျှ မရွာသေးချေ။



ခင်တုတ်သည် သူမကို တစ်ချက်ကလေးမှ ဂရုစိုက်၍ လှည့်မကြည့်သေးသော မြဒါင်းကို ခပ်စွေစွေကြည့်ရင်း . . .

"ဘယ်လိုလဲတော် - တော့်ဘဒွေး သူကြီးက ဘာပြောလိုက်သလဲ ဟင်"

မြဒါင်းသည် ခင်တုတ်ကို စကားတစ်ခွန်းတလေမှ မဆိုနိုင်သေးဘဲ တဲအနောက်ဘက်ကို လှမ်းကြည့်သည်၊ ကွမ်းတံတွေးတစ်ချက် ထွေးလိုက်သည်၊

"နေပါဦးဟ - မောရတဲ့အထဲ ဘာချက်သတုံး"

"ငုံမင်းဟင်းခါး၊ ငါးကလေးအိုးကပ်"

မြဒါင်း၏ မျက်နှာသည် ချက်ချင်းဝင်းထိန်သွားသည်၊ ငါးကလေးအိုးကပ်ကို သူ အလွန်ကြိုက်သည်၊ အရက်ကလေး တစ်ပက်နှစ်ပက်လောက်ဆိုပိုပြီးကောင်းမှာပေါ့၊ ဒါပေမဲ့ - သူ အရက်မသောက်ချင်သေး။

"လုပ်စမ်းဟာ - ရှူးဟာ၊ နင်ကော စားပြီးပလား"

ခင်တုတ်သည် ဆန်ဗန်းကို အသာချကာ ထိုင်ရာမှထသည်၊ ထဘီကို ပြင်ဝတ်သည်၊

"တော့်ကို စောင့်နေတာ"

"လုပ် - လုပ် - အတူတူစားကြစို့ရဲ့ ပြင်ဟာ -"

"ရှင်ကလည်း ဘယ်လိုဖြစ်လာတာတုံး"

"တယ် လျှာရှည်တဲ့ မိန်းမပဲ၊ ငါလေ - လုပ်လိုက်ရ"

"လုပ်ရဲ လုပ်ကြည့်လေ"

မြဒါင်းသည်တဟဲဟဲရယ်လိုက်လေသည်၊ ခင်တုတ်ကိုဟန်ဆောင်၍ ဒါန်မဲချင်ယောင်ဆောင်လိုက်သော်လည်း သူ အလွန်ချစ်သည်၊ ခင်တုတ်သည် တစ်ရွာသူ၊ ရှမ်းကွင်းရွာသူ၊ သူက ကျူတာသား၊ ခင်တုတ်သည် အသားညိုသော်လည်း မျက်လုံးမျက်ဖန်လှလှ၊ ခန္ဓာကိုယ် ပြည့်ပြည့်တင်း



www.burmeseclassic.com

www.burmeseclassic.com

တင်းနှင့် ရွာ၏ ကွမ်းတောင်ကိုင်တစ်ဦး၊မရမကပိုးပန်းကာ ခိုးပြေးလာခြင်း ဖြစ်သည်၊ ခင်တုတ်၏ မိဘများထံ ပြန်မအပ်ရသေးပေ၊ တစ်လခန့်သာရှိ သေးသည်၊ မည်သို့ပင် ဆိုစေကာမူ မိန်းမတစ်ယောက် ရလာသည်ဖြစ်၍ အလုပ်အကိုင် မည်မည်ရရမရှိသေး၊ တောသူတောင်သား လယ်အလုပ်မှ လွဲ၍ တခြားဘာမှမလုပ်တတ်၊ လယ်ထဲဆင်းရန်အတွက် မိုးကိုစောင့်မျှော် နေရဆဲဖြစ်သည်၊ ထွန်တုံးထွန်တံကို သ,နေရဆဲ ဖြစ်သည်၊

မြဒေါင်းအိမ်မှာ ခြံနှင့်အိမ် တွဲထားသော ခြံဝိုင်းကလေးသာ ဖြစ်သည်၊ လယ်လုပ်ရန် သူကြီး ဦးဖိုးစိကို အကူအညီတောင်းရသည်၊ သူကြီးဦးဖိုးစိ သည် မြဒေါင်း၏ ဘဒွေးဖြစ်ပြီး ကျုံတာရွာနှင့် ကလရပ်ကြားရှိ လယ်ကွေ ပေါင်းများစွာကို ပိုင်ဆိုင်သည်၊ မြဒေါင်းက လယ်ကွေအချို့ငှား၍လုပ်ရန် အကူအညီတောင်းတော့ သူကြီးဦးဖိုးစိက လိုလိုလားလား လုပ်ခွင့်ပေးလေ သည်၊ သူကြီးပိုင်သော လယ်အချို့သည် ရွာအစွန်အနောက်ဘက်နှင့် ဆက်စပ်နေသည်၊ မည်သူမျှမလုပ်ချင်သော လယ်မြေ၊ တစ္ဆေခြောက်သည်၊ မြေကြမ်းသည်ဟု နာမည်ဆိုးထွက်နေသောမြေ၊ နေ့ခင်းမှာပင် လူတိုင်း မဖြတ်ဝံ့သောမြေ၊ "မလုပ်ကောင်းမြေ"ဟု နာမည်ကျော်နေသော သူကြီးပိုင် မြေ၊

"ငါ့တူ - မြဒေါင်း၊ မိန်းမရပြီဆိုတော့ အလုပ်လုပ်ရတော့မယ်ကွ၊ စီးပွား ရှာရတော့မှာ၊ အဲဒီမြေကို အလကားပေးမယ် - မောင်၊ အဲဒါ - ဖရုပ်ထောင့်က မြေပဲ၊ လူတွေက စိတ်အထင်နဲ့ လျှောက်ပြောနေကြတာကွ၊ ဟုတ်တယ် မှတ်လား...၊ တစ်ယောက်နဲ့တစ်ယောက် ကံတူအကျိုးပေးချင်း မတူကြ ဘူးဟဲ့၊ တခြားသူကို အကျိုးမဲ့ဖြစ်စေပေမယ့် နောက်တစ်ယောက်ကိုတော့ အကျိုးဖြစ်စေတဲ့ ကိစ္စတွေအများကြီး၊ စိတ်ကူးမလွဲနဲ့ မြဒေါင်း၊ ဒီတစ်မိုး လုပ် ကြည့်ပါကွယ်၊ လယ်က ပစ်ထားတာကြာတော့ မြေဆီမြေနှစ် ပြည့်နေပြီကွ၊



ဘဲ - ကဲ - မင်း မိန်းမလေးကိုပြောကြည့်၊ စိတ်ကူးမချော်နဲ့ဟ၊ မိုးကျတော့ မယ်၊ ထွန်းတုံးထွန်တံ ပြင်ပေတော့ကွယ်"

မြဒေါင်းသည် စကားတစ်ခွန်းမှ မဆိုနိုင်၊

ဟင်းတစ်ဖတ်ကို ပါးစပ်ထဲ ကောက်ထည့်လိုက်သည်၊ ခပ်ပျစ်ပျစ် ဖျော်ထားသော ငါးပိရည်တစ်ဖွန်းဆမ်းကာ တစ်လုတ်စားလိုက်လေသည်၊

ခင်တုတ်က ခပ်ဖြည်းဖြည်းစားရင်း -

"ရှင်ဘဒွေးက ဘာပြောလဲ၊ ပြောလေတော် - ဘာမှန်းလဲမသိဘူး၊ ပြောဖို့အရေး"

"နေပါဦးဟ - ပြောမှာပေါ့"

မြဒေါင်းသည် ဂုံမင်းဟင်းခါးကို ရှုံ့မဲ့သောက်လိုက်သည်၊ ဝါးဖတ် တွေကို ဂလုခနဲ မျိုချပြန်သည်၊

"ဘဒွေးသူကြီးက လယ်လုပ်ခွင့် ပေးတယ်ဟ"

ခင်တုတ်မျက်နှာ ဝင်းထိန်သွားလေသည်၊ မြဒေါင်း ပန်းကန်းထဲသို့ ဟင်းခတ်ပေးသည်၊

"ဒါပေမဲ့ - ရွာအနောက်ဘက်သချိုင်းက မြေဖြစ်နေတယ်ဟ"

ခင်တုတ် မျက်နှာပြန် ညှိုးသွားပြန်သည်၊ တစ်နေရာသို့ မျက်ဝန်းများ ငေးစိုက်သွားကာ -

"ဟို - ဟို မလုပ်ကောင်းမြေ မဟုတ်လား"

မြဒေါင်း နှုတ်မှ မဖြေနိုင်၊ ခေါင်းတစ်ချက် ဆတ်ပြလေသည်၊ ခင်တုတ် မျက်နှာ တွေသွားသည်၊ ထမင်းလုတ်သည် ပါးစပ်နားမှာ ရပ်တန့်နေသည်၊ ထို့နောက် - ပါးစပ်ထဲသို့ ခပ်ဖြည်းဖြည်းသွင်းကာ စားသည်၊ သူမရင်ထဲသို့ စိုးရိမ်စိတ်တစ်ခု ရုတ်ခြည်းဝင်ရောက်လာသည်၊ မလုပ်ကောင်းမြေသည် သည်အရပ်တွင် နာမည်ဆိုးနှင့် ကျော်ကြားလှသည်၊ တစ္ဆေရှိသည်၊ မြေကြမ်း



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု သတင်းကြီးနေကာ မည်သူမျှ ထိုလယ်ကိုလုပ်ရန် စိတ်ကူးမရှိကြ၊ အလကားပေးတာပင် မယူချင်ကြ၊ ခပ်ဝေးဝေး ရှောင်ကြသည်၊

"ဟုတ်တယ်၊ ဒါပေမဲ့ - ဒီတစ်နှစ်လုပ်ကြည့်မယ်လို့ ဘဒွေးကို ငါ ပြောလိုက်ပြီဟဲ့၊ ဒီတစ်နှစ်တော့ လုပ်ကြည့်မယ်ဟာ၊ အဆင်မပြေတော့လည်း နောက်နှစ် တစ်မျိုးပြောင်းကြတာတာပေါ့"

"မြေကြွမ်းတယ်တော့၊ တစ္ဆေကလည်း ပေါ်မှပေါ်"

"အိုဟာ - တို့ကလူပဲ၊ သရဲတစ္ဆေကို ကြောက်ရမလားဟ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားကြတာပေါ့ဟာ၊ ငါတို့မှာ ရွေးချယ်စရာမရှိတော့ဘူး - ခင်တုတ်"

"ဒါကလည်း ဒါ ပေါ့တော်၊ ကျုပ် - ကြောက်တယ်တော့"

"အမယ် - နင် မထွန်ရပါဘူး၊ ငါ လုပ်မှာပါဟ၊ နည်းနည်းပါးပါး ဝိုင်းကူလုပ်ပေါ့၊ နင်က အိမ်အလုပ်လုပ်၊ ပြီးတော့ - ကလေးမွေး"

"တော်နော် - တော်တော် အသားယူ"

"ဟား - ဟား - ဟား - ယောက်ျားလေးတွေ မွေးဟ၊ ဒါမှ ငါ အားကိုးရမှာ"

ခင်တုတ်သည် မြဒေါင်း လက်မောင်းကို မနာကျင်အောင် ကိုက်လေသည်၊ မည်သို့ဖြစ်စေ သူတို့နှစ်ဦးအတွက် တခြားရွေးချယ်စရာလမ်း မရှိချေ၊ သူကြီး၏ မလုပ်ကောင်းလယ်မြေကို ထွင်ကာလုပ်ပါမှ သူတို့ဘဝအတွက် တစ်ဝမ်းတစ်ရိုး လှုပမည် မဟုတ်ပါလား။

သူကြီးဦးဖိုးစီ လယ်လုပ်ခွင့်ပေးလိုက်တော့ မလုပ်ကောင်းလယ်သည် မြဒေါင်းတဲနှင့် မြစ်တစ်စင်း ခြားလေသည်၊ လယ်မြေသည် မြစ်၏ တောင်



ဘက် သချိုင်းမြေနှင့် နီးသည်၊ ဂုံညင်းတန်းမြစ်ကို လှေနှင့် ကူးရသည်၊ မြဒေါင်းသည် လယ်ကို စေ့စေ့စပ်စပ် ကြည့်ရှုလေ့လာပြီးလေပြီ၊ သချိုင်းဘေးဆိုသော်လည်း သချိုင်းနှင့် တော်တော်လှမ်းပါသေးသည်၊ ကြားမှာ ဇရပ်ပျက်တစ်ဆောင်ရှိသည်၊ ဇရပ်ပျက်သည် ယိုယွင်းအိုဟောင်းလှပြီ၊ နွားကျောင်းသားများ၊ ခရီးသွားများပင် ရံဖန်ရံခါမှသာ ဝင်ရောက်ခိုနားလေ့ရှိသည်၊ တစ်ခါတစ်ရံ သူခိုးဓားပြတွေ စုဝေးတတ်ကြောင်း နားလည်ထားကြသည်၊ ဇရပ်ပျက်သည် အကာအရံမရှိ၊ သွပ်မိုးတွေပင် သံချေးရောင်ပျောက်ကာ တချို့နေရာတွေမှာ ဆန်ခါပေါက် ဖြစ်နေပေပြီ၊ ဒါပေမဲ့ - မြဒေါင်းအတွက်တော့ ဇရပ်ပျက်သည် ကြီးမားသော အရိပ်အာဝါသဖြစ်သည်၊ ဇရပ်ပေါ်တွင် ခိုးနားနိုင်သည်၊ ပစ္စည်းပစ္စယများ သိုထားနိုင်သည်၊ တရေးတမော အိပ်စက်နိုင်သေးသည်၊ ဇရပ်ပျက်ကလည်း ရာဇဝင်ရှိသည်၊ နှယ်နှယ်ရရတော့မဟုတ်၊ တစ်ခါက ရွာထဲမှ အရက်သမားတစ်စု ညဘက် အချိန်အခါမဟုတ် အရက်တက်သောက်ကြရာ ချထားသောအမြည်းတွေ ပြိုက်ခနဲ ကုန်သွားသည်၊ ဘယ်သူမှ မစားရသေး၊ ထိုအခါ - တစ်ယောက်နှင့်တစ်ယောက် မသင်္ကာစွပ်စွဲကြရာမှ ဇရပ်ခေါင်းမိုးပေါ်ထုတ်တန်းဆီမှ တဟင်းဟင်း ရယ်သံကြီးကြားရသည်ဟုဆိုသည်၊

အားလုံး ရယ်သံကြီး ကြားရာဆီသို့ မော့ကြည့်ကြရာ မျက်လုံးကြီး လင်းကွင်းလောက်နှင့် အမွေးထူကြီးများ ဖုံးလွှမ်းနေသော တစ္ဆေကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည်ဟု ဆိုကြသည်၊ ထို့နောက် - တစ္ဆေကြီးသည် ဇရာမနားရွက်ကြီးကိုမြဲကာ ဇရပ်အလယ်တိုင်မှ အရက်ဝိုင်းသို့ ဖောက်ထိုးဆင်းလာလေသည်၊ ထိုအခါ - အရက်သမားတစ်စုသည် "ဟယ်" "ဟင်" "အီး" အာမေဋိတ်သံများနှင့်အတူ ကစဉ့်ကလျား ပြေးဆင်းခဲ့ရသော ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်၊ သည်တော့ - မြဒေါင်း မိုးချုပ်လို့တော့ မဖြစ်၊ ညနေ



www.burmeseclassic.com

www.burmeseclassic.com

စောင်းသည်နှင့် ထွန်တုံးဖြုတ်မှုဖြစ်မည်။ ပစ္စည်းတွေကိုတော့ ဇရပ်အောက်မှ လုံလုံခြုံခြုံ ဖွက်ထားခဲ့ရသည်။ မည်သူမျှ မခိုးယူနိုင်။

သို့သော် – ဤပတ်ဝန်းကျင်တွင် ထူးခြားချက်တစ်ခုတော့ ရှိသည်။ မြဒေါင်း တည်ထွင်လုပ်ကိုင်နေသော လယ်ထိပ်တွင် တင်းပုတ်ထမ်းနေ ဟန်ထုဆစ်သွန်းလုပ်ထားသော ဂဝံဘီလူးကြီးရုပ်ထုတစ်ရုပ် ရှိသည်။ လူ၏ ခန္ဓာကိုယ် သုံးဆခန့်ရှိသော ဘီလူးရုပ်ဖြစ်ကာ ဇရပ်ပျက်နှင့်နီးသည်။ ကျူတာရှာတည်ခါစ ရှေးနှစ်ပေါင်းများစွာကပင် ရှိနေသော ကျောက်ရုပ်ဟု ဆိုကြကုန်သည်၊ သချိုင်းဝတွင်ရှိသဖြင့် သချိုင်းစောင့်သဘောမျိုး ဖြစ်ဟန် ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုဂဝံကျောက်ဘီလူးရုပ်သည် မြဒေါင်းအတွက် သက်မဲ့အဖော်တစ်ဦး မဟုတ်လား။ မြဒေါင်းသည်ဘီလူးရုပ်၏ တင်းပုတ်တွင် ကပ်ငြိနေသော နွယ်ပင်များ၊ ချုံပင်များ အမှိုက်သရိုက်များကို ရှင်းလင်းခြင်း ပြုသည်။ ရေလောင်းဆေးကြောသည်။ အမွှေးနံ့သာရည်များ ပက်ဖြန်းပေး သည်။ မိတ်ဆွေဖွဲ့ကာ မေတ္တာသုတ်ရွတ်သည်။

မြဒေါင်းသည် လယ်တောသို့ မြစ်ကိုကူးကာ လာရောက်လာပြီးလျှင် ခင်တုတ် ထည့်ပေးလိုက်သော ထမင်းထုပ်ကို ဘီလူးရုပ်ထု၏ တင်းပုတ်တွင် ချိတ်ကာ မြေယာပြုပြင်ခြင်းလုပ်ငန်းကို အားတက်သရောလုပ်သည်။ နွား တစ်ရှဉ်းနှင့် ထွန်ကျင့်သည်။ ညနေ သုံးနာရီခန့်တွင် လုပ်ငန်းဖြုတ်ကာ တစ် ဖက်ကမ်းသို့ လှေဖြင့် ကူး၍ ပြန်လေသည်။

= ☺ =

ပထမတစ်ရက် . . .

ဒုတိယရက် . . . ၊ စတုတ္ထမြောက်ရက် . . .



နေ့လည် (၁၂) နာရီရှိပြီ၊ နေကလည်း ကြဲကြဲတောက်တောက်၊ ကောင်း ကင်တစ်ပြင်လုံး မိုးရွာမလိုဟန်နှင့် မိုးတိမ်တွေက ဟိုးဝေးဝေးသို့သာ တဖြည်းဖြည်း လွင့်ပါးနေကြသည်။ မိုးရွာမည့် အရိပ်အယောင် မတွေ့ရသေး ချေ။ ဒါပေမဲ့ – နောက်ရက်ပိုင်းအတွင်း မိုးကျတော့မည်။

မြဒေါင်း ပင်ပန်းလွန်းသည်နှင့် ဇရပ်ပေါ်တက်၍ ခဏနားကာ ထမင်းစား ရန် ထမင်းထုပ်ကို ဖြေလိုက်ရာ ဖက်ထဲ၌ ထမင်းတစ်စေ့မှ မရှိတော့ချေ။ နည်း နည်းတော့ ကျွဲမြီးတိုသွားသည်၊ ခင်တုတ် နောက်ပြောင်လိုက်တာ ဖြစ်မည်၊ စိတ်ကိုလျှော့ကာ ဇရပ်ပေါ်တက်ရင်း ငှက်ပျောသီးတစ်ဖီးနှင့် ရေဝဝသောက် လိုက်သည်၊ စိတ်တိုတိုနှင့် တစ်ရေးတစ်မော အိပ်လိုက်သေးသည်။

ညနေတဲကိုပြန်တော့ ထိုကိစ္စကိုပြောဖို့ မေ့နေသေးသည်၊ ခင်တုတ် နောက်ပြောင်လိုက်သည်ပဲ ထင်နေသည်၊ နေပါစေတော့၊ ရှိပါစေတော့။

ပဥ္စမရက် . . .

သည်တစ်ခါတော့ ခင်တုတ်က သူ့အလွန်ကြိုက်တတ်သော တောဝက် သားနှင့် ထမင်းထုပ်ပေးလိုက်သည်၊ တောဝက်သားက ပိုက်ဆံရှိတိုင်း စားချင်တိုင်း စား၍ ရသည်မဟုတ်၊ တစ်ခါတစ်ရံမှသာ မုဆိုးတွေ ရတတ် သဖြင့် ရှားရှားပါးပါး စားရခြင်းဖြစ်သည်၊ နေ့လယ် လယ်နားချိန်အားရပါး စားလိုက်မည်ဟု အားခဲထားသည်။

လယ်ယာလုပ်ငန်းသည် လွန်မင်းစွာပင်ပန်းသော လုပ်ငန်းဖြစ်သော် လည်း ကာသိုလ်ရသောအသက်မွေးဝမ်းကျောင်းမှုဟု ဆိုနိုင်သည်၊ လယ်ယာ ထွင်ခါစ ရိုးပြတ်ငုတ်တွေ ရှသဖြင့် ခြေသားလုံးနှစ်ဖက်စလုံး သွေးချင်းချင် နီနေခဲ့သည်၊ ဆူးခြစ်ရာတွေက တစ်ကိုယ်လုံး အနှံ့အပြား၊ မြဒေါင်းသည် ရိုးသားကြိုးစားသော လူငယ်တစ်ယောက်ဖြစ်သဖြင့် ဖွဲမလျှော့၊ စိတ်ဓာတ် မကျ။ ပင်ပန်းကြီးစွာ အလုပ်လုပ်သည်၊ အားလုံးက လယ်သမားပြီသား တွေချည်း၊ အလုပ်လုပ်မှ ထမင်းစားရမည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၁) နာရီကျော်တွင် နေနည်းနည်း ပူပြင်းလာသဖြင့် နွားဖြုတ်ကာ အရိပ်ကောင်းကောင်းအောက်မှာ နွားနစ်ကောင် နားစေသည်၊ သည်နေ့တော့ - ခင်တုတ်က တောဝက်သားနှင့် ဆီပြန်ဟင်း ချက်ပေးလိုက်သည်၊ တွေးရင်းနှင့် ထမင်းကပို၍ ဆာလောင်လာသည်၊ ခင်တုတ်က ဟင်းချက်ကောင်းသည်၊ ရွာအလှူတွင် ခင်တုတ် အမြဲပါဝင်မြဲ၊ ခင်တုတ်မပါလျှင် ရွာအလှူထမင်းဟင်း အဆင်မပြေ၊

ဇရပ်ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်၊ ကျောက်ဘီလူးရုပ် တင်းပုတ်တွင် ချိတ်ဆွဲထားသော ထမင်းထုပ်ကိုယူကာ ဇရပ်ပေါ်တက်သည်၊ ထမင်းထုပ်ကို ဖြေသည်၊

ထမင်းထုပ်ထဲတွင် ထမင်းတစ်စေ့မျှ မရှိတော့ချေ၊ မြဒေါင်း ပေါက်ကွဲသွားသည်၊ ဒေါသကို ထိန်းချုပ်မရတော့၊ ဆာလောင်မွတ်သိပ်နေချိန်တွင် ထမင်းမစားရတော့၍ လွန်မင်းစွာဒေါသထွက်သွားခြင်းဖြစ်သည်၊ ရုတ်တရက် ဒေါသထွက် မြည်တွန်းတောက်တီးလိုက်သည်၊

"ခင်တုတ် - သေနာမ၊ တော်တော်ရက်စက်တာပဲ၊ သင်းတော့လား -"

မြဒေါင်း လယ်ထဲဆက်မဆင်းတော့၊ တောဝက်ရိုင်းတစ်ကောင်လိုတရှူးရှူး ဒေါသထွက်ကာ ရွာသို့ပြန်လာသည်၊ ခင်တုတ်ကို လိုက်ရှာသည်၊ တဲနောက်ဖေးမှာ တွေ့ရသည်၊

"ခင်တုတ် - နင် ဘယ်လိုလုပ်လိုက်တာလဲ"

ခင်တုတ်သည် ငါးပိအိုးသိပ်နေရာမှ သူ့မကို ဒေါသတကြီးပြောနေသော မြဒေါင်း အံ့ဩတကြီး ငေးကြည့်နေမိလေသည်၊

"အို - ရှင် - ကျုပ်က ဘာလုပ်လို့လဲတော့်၊ ရှင်ကလည်း ဒေါသတကြီး"

မြဒေါင်းသည် ပေါက်တူးကို ဝုန်းခနဲ မြည်အောင် ပစ်ချလိုက်လေသည်၊ ဒေါသအရှိန်က မပြေသေး၊ တရှူးရှူးတရှဲရှဲဖြစ်နေသည်၊ ဗိုက်ဆာ၍ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသည်၊



"နင်လုပ်တာ နင် မသိဘူးလားဟဲ့၊ ထမင်းထုပ်ကို နင်ဘယ်လိုလုပ်လွှတ်လိုက်တာလဲ"

"အလိုတော် - စွပ်စွပ်စွဲစွဲ ကျုပ် ဘာလုပ်လို့လဲတော့်၊ ဘာမှ မသိရပါကလားဟင်"

"နင် လုပ်တာ နင် မသိဘူးလားဟ၊ ထမင်းထုပ်ထဲမှာ ဘာမှမရှိဘူး၊ ဖတ်ချည်းပဲ"

"အို - တော် - စွပ်စွပ်စွဲစွဲ၊ ညနေစာချန်ပြီး တော့်ကို အကုန်ထည့်ပေးလိုက်တာပဲ၊ ကျုပ်တောင် မစားဘူး၊ ရှင် - ဘယ်လို ဖြစ်လာတာလဲ၊ ဒါ - လိမ်စရာလား၊ တစ်ယောက်ယောက်များ . . ."

"ဟင် - တော်တော်ခေါင်းရှုပ်စရာကောင်းတာပဲ"

မြဒေါင်း သက်ပြင်းချလိုက်သည်၊ ခင်တုတ်ကို စူးစူးဝါးဝါး ကြည့်လေသည်၊ ခင်တုတ် ကြောင်စီစီဖြင့် ငေးကြည့်နေစဉ် . . .

"ငါ ထမင်းစားဖို့ နင် ထည့်ပေးလိုက်တဲ့ ထမင်းထုပ်ကို ဖြေကြည့်လိုက်တော့ ထမင်းတွေကော တစ်စိမှ မရှိတော့ဘူး၊ ထမင်းထုပ်ကလည်း ပုံမပျက်ဘူး၊ နင် ဘယ်လိုလုပ်လိုက်တာလဲ"

ခင်တုတ် မျက်နှာ အံ့ဩတကြီး ပြောင်းလဲသွားသည်၊

"အလိုတော် - ဘုရား - ဘုရား၊ ကျုပ် အဲသလိုမျိုး နှောင်ပြောင်ပါ့မလားတော်၊ ဒါ - နောက်ပြောင်စရာလား"

"ဟုတ်ရဲ့လား၊ နင် - တကယ်ပြောနေတာလား"

"နောက်စရာလားတော့်၊ ရှင် - ပင်ပင်ပန်းပန်း လုပ်ကိုင်နေတာ၊ နောက်ပြောင်ရမလား"

"အေး - အေး - ထားလိုက်တော့၊ ငါ လယ်ထဲ ပြန်မဆင်းတော့ဘူး၊ ထမင်း ရှိသေးလား"

"ရှိပါ့တော်၊ ကဲ - ကဲ - ထမင်းစား - စိတ်ရှုပ်စရာတွေ သိပ်မတွေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ငွါမိန်းမခင်တုတ် ထည့်ပေးတဲ့ဟင်းတွေက ပထမရက်တွေက ငါးပိကင်၊ ငါးပိထောင်း၊ ဟင်းမကောင်းဘူး။ အဲဒီတုန်းက ဟင်းတွေ ထမင်းတွေ မပျောက်ဘူး။ နောက်နေ့ကျတော့ တောဝက်သား-ဟင်းကောင်းတော့ နင်ခိုးစားတယ် မှတ်လား…။ ဒီနေ့ကျတော့ ကြက်ရင်ပုံသား၊ ထမင်းတစ်စေ့မှ မကျန်ဘူး။ ငှက်ပျောဖက်က ဟင်းအဆီတောင်မကျန်အောင် ပြောင်နေတာပဲ။ နင်… တော်တော် အကောင်းကြိုက်



နောက်တစ်နေ့ လယ်ထဲဆင်းခါနီးတွင် ခင်တုတ်ထမင်းထုပ် ပြင်နေသည်ကို မြဒေါင်း သေသေချာချာ ဂရုစိုက်ကြည့်သည်။ သည်နေ့တော့ ကြက်သားချက်သည်။ ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသူ လင်သားအတွက် အသားတွေချည်း သေသေချာချာ ထည့်ပေးလိုက်သည်။ သူစားဖို့ လည်ချောင်းခြေထောက်၊ တောင်ပံ။



လယ်ထဲရောက်သည်နှင့် ခါတိုင်းနေ့တွေလိုပင် ဂဝံရုပ်၏တင်းပုတ်တွင် ထမင်းထုပ်ကို ချိတ်ဆွဲထားလိုက်ပြီး အလုပ်ထဲမှာ နစ်ဝင်လျက်ရှိသည်။ သို့သော် - တစ်ယောက်တည်း ရုန်းကန်လှုပ်ရှားနေရသည်က ပျင်းခြောက်ခြောက်နိုင်လှသည်။ ဤလယ်မြေသည် မလုပ်ကောင်းလယ်မြေဟု နဂိုကပင် နာမည်ဆိုးဖြင့် ကျော်ကြားနေပေရာ နေ့လယ်နေ့ခင်းမှာပင် လူသွားလူလာ မရှိလှပေ။

နေမြင့်လေ အလုပ်ပင်ပန်းလေ၊ ချွေးဒီးဒီးကျလေပင်။

နေ့လယ် (၁၁) နာရီခန့်တွင် မြဒေါင်း အလုပ်နားသည်။ အလုပ်နားသည်နှင့် ထမင်းဆာလာသည်။ သည်တစ်ခါတော့ ထမင်းထုပ်ပျောက်တော့မည် မဟုတ်။ သူကိုယ်တိုင် ကြည့်ရှုစစ်ဆေးကာ ထည့်လာသည် မဟုတ်လား။ လက်ရာမပျက်၊ ဂဝံဘီလူးရုပ် တင်းပုတ်မှာ ချိတ်လျက်ပင်။

မြဒေါင်းသည် ထမင်းထုပ်ကို ဖြေလိုက်သည်။

"ဟိုက် - ဗုဒ္ဓေါရေ - ဘုရား - ဘုရား - ဘယ်လိုဖြစ်ပြန်တာလဲ၊ အမလေးဗျာ"

မြဒေါင်း လန့်ဖျပ်သွားသည်။

ထမင်းထုပ်ထဲမှာ ထမင်း တစ်စေ့မျှပင် မရှိတော့ချေ။ ထမင်းတွေပျောက်သွားပုံမှာ လွန်မင်းစွာ ဆန်းကြယ်လှသည်တကား။ ငှက်ပျောဖက်တွင် ဆီစွန်းထင်းအရာတွေပင် မရှိလောက်အောင် ပြောင်သလင်းခါနေလေသည်တကား။ ထမင်းထုပ်က ပုံမပျက်၊ အရာမယွင်းဘဲ ထမင်းရော ဟင်းတွေပါ ပျောက်ခြင်းမလှ ပျောက်သွားသည်ကတော့ မယုံကြည်နိုင်စရာ ပြကွက်ဆန်းမျက်လှည့်လိုပင်။ ဒါဟာ - တစ်နေရာရာမှ တစ်ခုခုထူးခြားနေခြင်းပင်၊ ဘာဖြစ်လို့ - ဒီလိုထမင်းတွေတစ်စေ့၊ ဟင်းတွေ တစ်ဖတ်မျှမကျန်ရစ်အောင် ပျောက်ကွယ်သွားရတာလဲ၊ ဒါ - တစ်ယောက်ယောက် …။



www.burmeseclassic.com

www.burmeseclassic.com

မြဒေါင်း၏ ရင်မှာ ပထမဦးဆုံး အံ့သြစိတ်၊ ဒုတိယ ကြောက်ရွံ့စိတ်၊ နောက်ဆုံး - ထိုစိတ်နှစ်ခုပေါင်းကာ ဒေါသစိတ်ဆီသို့ ရုတ်ခြည်းကူးပြောင်းသွားလေတော့သည်တကား။ မြဒေါင်းသည်ဆတ်ခနဲထရပ်လိုက်ကာ ဇရပ်ထောင့်တွင် ဖွက်ထားသော ကိုင်းစုတ်ခြားကို ကောက်ကိုင်လိုက်သည်။ ထို့နောက် - ဇရပ်ပေါ်မှ လွှားခနဲ ခုန်ချလိုက်လေသည်။ ဇရပ်ပတ်ပတ်လည် လှည့်လည်၍ ရှာသည်။ နှုတ်မှလည်း မကျေမချမ်း ဆဲရေးတိုင်းထွာသည်။ ဒါပေမဲ့ - ဘာမှမရှိ။ မည်သည့်အရိပ်အယောင်မှမတွေ့။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေမြဲပင်။

သို့သော် - မြဒေါင်းသည် တစ်စုံတစ်ခုကို သတိရသွားသည်။ သူသည် ကိုင်းစုတ်ခြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ ဇရပ်ပေါ်မှ လွှားခနဲ ခုန်ချလိုက်လေသည်။

"သင်းပဲနေမှာ - သေပေတော့၊ ထမင်း သူခိုး"

ခြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဘီလူးရုပ်၏ ဦးခေါင်းကို ခြားနောင့်ဖြင့် ခွပ်ခနဲမြည်အောင် ခပ်ပြင်းပြင်းတစ်ချက် ထုလိုက်သည်။

"နင်ပဲ ငါ့ထမင်းတွေ ခိုးစားတာ၊ နင်ပဲ - ဟောကောင်"

မြဒေါင်း၏ ဒေါသသည် တောက်လောင်ခါစ မီးလျှံရဲရဲမီးဖိုလို တဖြည်းဖြည်း အရှိန်ရလာပြီး သူ၏ ခန္ဓာကိုယ်ထက် သုံးဆမက ကြီးမားသော ဘီလူးရုပ်ကို -

"နင် - ငါ့လယ်ထဲမှာနေပြီး ဘာကောင်းတဲ့အကောင်လဲ ပြောစမ်း။ ငါ့မှာ မိန်းမရခါစ အဆင်မပြေလို့ ဘဒွေးလယ်ယာကိုယူပြီး လယ်ထွင်နေရတာ။ မိုးလည်းမကျသေးဘူး။ ငါတို့ နေရတာက မြစ်တစ်ဖက်ကမ်း၊ လယ်တည် လုပ်နေရတာ။ ငါ့မိန်းမ ခင်တုတ်ထည့်ပေးတဲ့ ဟင်းတွေက ပထမရက်တွေက ငါးပိကင်၊ ငါးပိထောင်း၊ ဟင်းမကောင်းဘူး။ အဲဒီတုန်းက ဟင်းတွေ ထမင်းတွေ မပျောက်ဘူး။ နောက်နေ့ကျတော့ တောဝက်သား၊ ဟင်းကောင်းတော့ နင်ခိုးစားတယ်မှတ်လား။ ဒီနေ့ကျတော့ ကြက်ရင်ပုံသား၊ ထမင်းတစ်စေ့မှ မကျန်ဘူး။ ငှက်ပျောဖက်က ဟင်းအဆီတောင်မကျန်အောင် ပြောင်နေတာပဲ။ နင် - တော်တော် အကောင်းကြိုက်၊ အေး - ဒီတစ်ခါတော့ ရှိစေတော့၊ နောက်တစ်ခါ ထမင်းခိုးစားလို့ကတော့ နင့်ခေါင်းကိုဖြတ်ပြီး မြစ်ထဲမျှောချပစ်မယ်၊ နားလည်လား"

မြဒေါင်းသည် ဘီလူးရုပ်ကိုကြိမ်းမောင်းပြောဆိုကာ ဇရပ်ပေါ်တက်လာသည်။ ညနေ တဲသို့ အပြန်တွင်လည်း ဦးခေါင်းကို ခြားနောင့်နှင့် ခပ်ပြင်းပြင်း တစ်ချက်ထုခဲ့သေးသည်။

"နင် - ကြုပ်ကြုပ်သတိထား"

ထိုည နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တော့ မြဒေါင်း အိပ်မက်မက်လေသည်။ အိပ်မက်သည် ထူးဆန်းလှသည်။ အနီအိပ်မက်မျိုး မြဒေါင်း တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှ မက်ဖူးခြင်းမရှိပေ။ အိပ်မက်ထဲတွင် မြဒေါင်းသည် ဘီလူးရုပ်နှင့်တွေ့ဆုံကာ စကားတွေ ပြောဆိုနေခြင်း ဖြစ်သည်။

ဘီလူးရုပ်သည် မြဒေါင်းကို မြင်သောအခါ တင်းပုတ်ထမ်း ဆောင့်ကြောင့်ထိုင်နေရာမှ ရုတ်တရက်ထလာသည်။ လက်ထဲက တင်းပုတ်ကိုတော့ မချပေ။ ဘီလူးရုပ်သည် သူ၏ ဦးခေါင်းကို နာကျင်စွာ ပွတ်သပ်ရင်း -

"မင်း - ငါ့ခေါင်းကို ခြားနောင့်နဲ့ ထုလိုက်တာ၊ နာလိုက်တာကွာ။ ထမင်းလေး နှစ်ခါယူစားတာလောက်နဲ့ ဒီလောက်တော့ မရက်စက်သင့်ပါဘူး"

မြဒေါင်း ဒေါသထွက်သွားသည်။ အံကြိတ်လိုက်သည်။

"ဪ - ဟုတ်လား၊ နှစ်ခါတောင် ယူစားတာ ဟုတ်လား။ ငါကတော့ ဝတ်ချင်ဝတ်ပေါ့လေ၊ ထမင်းခိုးစားတဲ့ကောင်၊ နင့်ကို သေအောင်သတ်သင့်တာ၊ ဒီတစ်ခါ ခိုးစားရင် နင့်ခေါင်းကို ဖြတ်ပစ်မယ်၊ ဘာမှတ်သလဲ"





www.burmeseclassic.com

www.burmeseclassic.com

မြဒေါင်းသည် မာနင့်ရွှယ်၍ ပြောလေသည်။ ဘီလူးရုပ်ကလည်း တင်းပုတ်နဲ့ ပြန်ရွှယ်လေ၏။

"မင်း - ငါ့ဒေါင်းကိုထုတာ ငါ့ဒေါင်းတွေကျိုန်းနေပြီ၊ ခိုးစားတာမဟုတ်ဘူး ဆာလွန်းလို့ ယူစားမိတာ၊ ခွင့်မတောင်းဘဲ ယူစားမိတာတောင်းပန်ပါတယ်ကွာ။ မင်းထမင်းဖိုးအတွက် ငါ နှစ်ကျပ်ပေးပါ့မယ်"

ဘီလူးရုပ်သည် ဖင်ကြွကာ ဖင်အောက်မှနှိုက်၍ ငွေနှစ်ကျပ် ထုတ်ပေးလေသည်၊

(ထိုခေတ် ထိုအခါက ငွေနှစ်ကျပ်သည် နွမ်းပါးသော မြဒေါင်းတို့လို တောင်သူလယ်သမားများအဖို့ ချွေတာ၍စားလျှင် တစ်ပတ်ခန့် စားနိုင်သော အခြေအနေ ဖြစ်လေသည်၊)

မြဒေါင်းသည် ဘီလူးရုပ် လှမ်းပေးသော ငွေနှစ်ကျပ်ကို မယူ။ ကိုင်းစုတ်မားကိုလည်း လက်က မချပေ။ ဘီလူးရုပ်ကို သက်ာမကင်းဟန်ဖြင့် …

စိုက်ကြည့်ရင်း …

"ဒီမှာ - နင့် ပိုက်ဆံလည်း ငါမယူဘူးကွာ။ ငါ့ထမင်းတွေလည်း နောက်ထပ် နင်မယူစားနဲ့တော့၊ ဘာကောင်းလဲ၊ နင်တော်တော်အကောင်းကြိုက်ပါလားကွယ်၊ ဟင်းမကောင်းတုန်းကတော့ ယူမစားဘူး၊ ဟင်းကောင်းမှ စားတယ်၊ တော်တော်အကောင်းကြိုက်တဲ့ဘီလူး။ ငါးပိကင်ထည့်လာတော့ ဘာလို့ ယူမစားတာလဲ"

ဘီလူးရုပ်သည် ခေါင်းခါသည်၊

"ဟင်းမှ မကောင်းတာပဲ - သူငယ်ချင်းရယ်၊ နောက်ထပ်လည်း မင်းထမင်းတွေ ငါ ယူမစားတော့ပါဘူးကွာ၊ စားရမဲ့သောက်ရမဲ့ ဆာလွန်းလို့ ယူစားမိ တာပါ၊ စိတ်မဆိုးပါနဲ့တော့၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပါ၊ ဒီမှာ - သူငယ်ချင်း"

"ဘာတုံး"



"စိတ်မဆိုးပါနဲ့၊ ငါ ပေးတဲ့ ငွေနှစ်ကျပ် နည်းရင် လေးကျပ်ယူကွာ၊ ပြီးတော့ - မင်း လယ်မလုပ်နဲ့တော့၊ မင်းမယားကို အရက်တစ်ခွက်၊ ကြက်သား၊ ဝက်သား၊ အမဲသား တစ်ခုခု နေ့တိုင်းချက်ပြီး ငါ့ဖို့ ယူလာခဲ့ကွာ"

"အောင်မာ - ဘီလူးပါး ဝလှချည်လား။ သူ့ကိုပဲ ချက်ပို့ရဦးမယ်"

"ဟာကွာ - စကားကို ဆုံးအောင်နားထောင်ပါဦး။ လယ်မလုပ်နဲ့တော့၊ လယ်လုပ်ရတာ ပင်ပန်းတယ်၊ ထမင်းဖိုး တစ်နေ့လေးကျပ်ပေးမယ်ကွာ၊ ငါစားချင်လွန်းလို့ပါကွာ။ ပြီးတော့ - မင်းနဲ့ငါထမင်းအတူတူ စားကြမယ်လေကွာ၊ အရက်လည်းအတူတူသောက်ကြမယ်၊ မင်းကို ငါ ငွေ လေးကျပ်ပေးမှာပါကွယ်"

မြဒေါင်းသည် အနည်းငယ် တွေဝေသွားကာ ခပ်ဖြည်းဖြည်း ပြောသည်၊

"နင် - တကယ်ပြောနေတာလား၊ ကတိတည်နော်၊ နင် ပြောတဲ့အတိုင်း ချက်လာမှာနော်၊ နေ့တိုင်း ပေးနိုင်လို့လား၊ မပေးရင် မချက်ဘူးနော်"

"နေ့တိုင်း ပေးမယ်၊ တစ်နေ့ လေးကျပ်ပေးမယ်၊ ဆန်တစ်ပြည်၊ ကြက်တစ်ကောင်ချက်ခဲ့၊ တစ်ရက်မှ မပျက်စေနဲ့ကွယ်၊ ငါကြိုက်လွန်းလို့ပါကွာ၊ အရက်တော့ နေ့တိုင်းပါပစေ"

"နင် တော်တော်အစားကြီး၊ အကောင်းကြိုက်တာကလား၊ ဟင်းကောင်းတွေချည်းပဲ၊ ဘယ်လို ချက်ရမလဲဆိုတာ ထပ်ပြော၊ အရက်သမား ဘီလူးပဲ၊ အရက်ကလည်း သောက်ဦးမယ်"

"အရက်တစ်ခွက်၊ ကြက်ဆိုတစ်ကောင်၊ ဝက်တို့ အမဲတို့ဆို တစ်ပိဿာပေါ့၊ ဟင်းကို တစ်နေ့တစ်မျိုးချက်ခဲ့ - မထပ်စေနဲ့ကွယ်"

မြဒေါင်းသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပေသည်၊

"သူကြီးတောင် အဲဒီလိုမစားနိုင်ဘူး၊ ငါ့ဘဒွေးက သူဌေးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဘီလူးပါဆိုမှ အစားကြီးမှာပေ့ါ၊ အကောင်းလည်း ကြိုက်တယ်၊ ဘီလူးလို စားတယ်လို့တောင် ပြောကြတာ မှတ်လား"

မြခေါင်းသည် ကိုင်းစုတ်ဓားကိုချကာ ဘီလူးဘေးတွင် ဝင်ထိုင်လေသည်။

"အေးပါ - နင့် ကတိအတိုင်း တစ်နေ့လေးကျပ်ပေးပါ၊ ငါ့ ဝတ္တရားမပျက်စေရဘူး၊ ငါ့ မိန်းမခင်တုတ်က ဟင်းချက်ကောင်းသကွယ့်၊ ဒီမှာဘီလူး - နင်ပြောသလို လယ်မလုပ်လို့တော့ မဖြစ်ဘူးဟ၊ ငါတို့က တောသူတောင်သားလယ်သမားဟ၊ လယ်လုပ်မှ အသက်ရှင်မှာ၊ ကျန်းမာမှာ ...၊ အလုပ်မလုပ်ဘဲ အချောင်ထိုင်မစားချင်ဘူး။ အလုပ်မလုပ်ဘဲ ထိုင်စားတယ်ဆိုတာ လူပျင်းအလုပ်ဟ၊ လယ်ကတော့ ဟန်မပျက် ဆက်လုပ်ရမှာပဲ၊ အေး - ငွေလေးကျပ်တော့ မှန်မှန်ပေးနော် - ဘီလူး၊ နင့်ဘက်က ပျက်ကွက်ရင် ငါနဲ့ အတွေ့ပဲမှတ်၊ ခေါင်းပြတ်ဖို့သာပြင်"

ကျောက်ဘီလူးရုပ်သည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးလေသည်။

"စိတ်ချပါဟဲ့၊ ပေးပါ့မယ် - စိတ်ချပါ၊ မင်း လုပ်ချင်တဲ့လယ်လည်း ဆက်လုပ်ပါ၊ နင့်ဆန္ဒနဲ့ လုပ်တာနော်၊ ငါ ပင်ပန်းမှာစိုးလို့ ပြောတာ၊ မင်း - တစ်ခုတော့ရှိတယ် သူငယ်ချင်း။ ဒီကိစ္စ ဘယ်သူမှ မသိစေနဲ့၊ ဘယ်သူ့ကိုမှ မပြောနဲ့၊ မင်းမယားတောင် မသိပါစေနဲ့၊ ငါ ပိုက်ဆံ မှန်မှန်ပေးပါ့မယ်၊ မင်း တာဝန်ကျေပါစေ၊ ငါ မင်းကို စောင့်ရှောက်မယ်"

"ငါလည်း နင့်ကို စောင့်ရှောက်ပေးပါ့မယ် ဘီလူး၊ ငါ့မယားက အေးပါတယ်၊ စပ်စပ်စုစု ရှုပ်ရှုပ်ယှက်ယှက် မလုပ်တတ်ပါဘူး၊ ပိပိရိရိနေမှာပါ၊ အဲဒီအတွက် စိတ်ချကွ"

"အေး - အေး - ကောင်းပြီ၊ မင်း - လယ်ဆက်လုပ်တော့၊ ဟန်မပျက်စေနဲ့"

= ☺ =



သည်လိုနှင့် ...

မြခေါင်းနှင့် လူတကာ ခပ်ဝေးဝေးရှောင်ကြသည့် မလုပ်ကောင်းမြေမှ ဂဝံကျောက်ရုပ်ဘီလူးတို့သည် ဘဝအဆက်ဆက် ဆွေမျိုးတော်စပ်ခဲ့လေသလား၊ ပဋ္ဌာန်းဆက် အန္တယ်တော်ဝင်တွေလား၊ ခွဲခြားမတတ်သော်လည်း ညီအစ်ကို အရင်းတမျှ ဆက်ဆံပေါင်းသင်း လာခဲ့ကြလေသည်၊ မြခေါင်းကလည်း ဘီလူးရုပ် စားချင်သောက်ချင်သော ကြက်၊ ဝက်၊ အမဲတို့ကို လည်းကောင်း၊ တောချက် အရက်ခပ်ပြင်းပြင်းတို့ကိုလည်းကောင်း၊ စားချင်စဖွယ် ချက်ပြုတ်ကာ ဝတ္တရားမပျက်ခဲ့သလို နေ့စဉ် ငွေလေးကျပ် ပုံမှန်ရရှိနေခဲ့သည်၊

မြခေါင်းတို့ တဖြည်းဖြည်း ကြွယ်ဝချမ်းသာလာသော်လည်း ပိရိသေသပ်စွာ ဟန်မပျက်နေ၍ လာခဲ့သည်၊ သူတို့နေထိုင်တာကလည်း ရွာအစွန်း၊ လယ်လုပ်ရတာကလည်း တစ်ဖက်ကမ်းမှာမို့ တော်ရုံတန်ရုံ စပ်စုသိရှိရန် မလွယ်ကူပေ၊ ပြီးတော့ - မြခေါင်းက အလုပ်ကြိုးစားသည်သာမကအသောက်အစားလည်း ကင်းသည်၊ ကြွားကြွားဝါဝါမရှိ၊ ခင်တုတ်ကလည်းထိုနည်းနှင်နှင်၊ ပပလွှားလွှား ကြွားကြွားဝါဝါမရှိ၊ ပြီးတော့ - သည်နယ်ကသူခိုးဓားပြ လွန်စွာပေါသည်၊ အလစ်သမားပေါသည်၊ ရွာစဉ်ရွာဆက်တွေဝေးကွာသဖြင့် မကြာခဏဓားပြတိုက် လူသတ်လေ့ရှိသော ဒေသတွေဖြစ်သည်၊ နယ်ပိုင်၊ အရေးပိုင်မင်းတွေပင် ခပ်ရွံ့ရွံ့သတင်းကြီးတတ်သော နယ်တွေဖြစ်သဖြင့် ပိပိရိရိ နေထိုင်တတ်ပါမှ၊ လိမ္မာတတ်မှ ...၊

နှစ်တွေ ကြာလာပါသည်၊

သုံးနှစ်တိတိပြည့်သော နွေနှောင်းကာလတစ်ရက်တွင် မြခေါင်းနှင့် ဂဝံကျောက်ဘီလူးရုပ်ဆီသို့ ကြီးမားသော မုန်တိုင်းကြီးတစ်ခု တိုက်ခတ်လာခဲ့သည်၊ သူတို့နှစ်ဦး၏ တွယ်တာမှုသံယောဇဉ်ကို ပြောင်းလဲသွားစေသည့်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်ကြီးတစ်ခု ဖြစ်လေသည်၊ ဖြစ်တည်ပျက်ဟူသော လောကနိယာမ အတိုင်း ဖြစ်ပျက်လာခဲ့ခြင်းပင်၊

= ☺ =

ထိုအခြင်းအရာသည် ရွာသို့ သိုက်ဆရာနှင့် သူ၏ တပည့်နှစ်ယောက် ရောက်လာခဲ့ခြင်းမှ စတင်ခဲ့သည်၊ ၎င်းတို့သည် မြန်မာပြည်မြေလတ်ဒေသ မှ သိုက်စာအညွှန်းတစ်ခုဖြင့် ရောက်လာကြသည်ဟု ဆိုကြလေသည်၊ တကယ်တော့ သူတို့သည် ကြောက်မက်ဖွယ်မုန်တိုင်းတစ်ခုကို ရွာကလေး ဆီ သယ်ဆောင်လာကြခြင်းသာ ဖြစ်ပေသည်၊

မြေလတ်သား သိုက်ဆရာနှင့် သူ၏တပည့်နှစ်ဦးတို့သည် ကျုံတာရွာရှိ သူတို့နှင့် ဆွေမျိုးတော်စပ်သူတစ်ဦးထံတွင် တည်းခိုရာ သိုက်တူးဖော်ရေး စီမံကိန်းကို စတင်အကောင်အထည် ဖော်ကြတော့သည်၊ သူတို့သည် ရွာ တွင်း ရွာပြင်ကို လှေ့လာကြကာ ရွာသားအချို့နှင့် ရင်းနှီးအောင် လျှို့ဝှက် ကြံစည်နေကြလေသည်၊ သိုက်တူး၍ အောင်မြင်သွားပါက ရွာကို အရှို တစ်ဝက်ပေးမည်ဟု မက်လုံးပေးထားကြရာ မသိနားမလည်သော ရွာသူ ရွာသားအချို့က ကျေနပ်ပျော်ရွှင်နေကြသည်၊

တစ်နေ့သောအခါ . . .၊

= ☺ =

မြဒေါင်းသည် တစ်ညလုံး အိပ်မပျော်ပေ၊ မျက်စေ့ကြောင်နေသည်၊ ခါတိုင်းနေ့များတွင် မြဒေါင်းသည် လယ်တောမှ ပြန်ရောက်သည်နှင့် ရေချိုး ထမင်းစားပြီး ခင်တုတ်နှင့် စကားစမြည်ပြောကာ အိပ်ရာဝင်လေ့ရှိသည်၊



ရံဖန်ရံခါတော့ ရွာထဲတွင် ခဏတစ်ဖြုတ် လည်ပတ်လေ့ရှိသည်၊ သည့် နောက် - ရွာထဲမှာ ကြာကြာနေလေ့မရှိ၊ အရက်ဝိုင်း၊ ကြက်ဝိုင်းမသွား၊

ရွာထဲမှပြန်လာပြီး အိပ်ရာဝင်သည်၊ ရုတ်တရက် - အိပ်၍မပျော်၊ မိုးလင်းခါနီးမှ တစ်ရေးကလေးသာ အိပ်ပျော်သည်၊ အိပ်ရာထတော့ မိုးစင် စင်လင်းပေပြီ၊ လင်းကြက်တွေ တွန်နေပြီ၊ နေရောင်ခြည် ထင်ထင်လင်းလင်း တော့မရှိသေး၊ တဲနောက်ဘက်တွင် ခင်တုတ်သည် ဝက်သားတစ်ပိဿာ ကိုကောင်းမွန်ကျနစွာ ချက်ပြုတ်နေသည်၊ ကြက်တွန်သံ၊ ကျေးငှက်ကလေး တွေ အော်မြည်သံ၊ လေတိုးသံတို့က ပတ်ဝန်းကျင်ကို ခါတိုင်းရက်တွေကဲ့သို့ လှပစွာ တန်ဆာဆင်နေသည်၊

နေမထွက်မီ လယ်ထဲ အရောက်သွားရမည်၊ နွားစာ စဉ်းရဦးမည်၊ မြဒေါင်းသည် ပျင်းကြောပင် မဆန့်နိုင်တော့ဘဲ အိပ်ရာမှ လူးလဲထရလေ သည်၊ ကပျာကယာ မျက်နှာသစ်သည် ရေချိုးကာ ခင်တုတ် အသင့်ပြင်ထား သော ဟင်းတွေကို တောင်းထဲထည့်ကာထမ်းပိုးတပ်ရလေသည်၊

"ခင်တုတ်ရေ - ငါ သွားပဟေ့"

"ဟုတ် - ဟုတ်"

မြစ်ဆိပ်သို့ ရောက်လျှင် လှေပေါ်သို့ ထမင်းတောင်း ဟင်းတောင်း တင် ရသည်၊ မြစ်ပြင်တွင် မြူပြာတွေဝေနေဆဲပင်၊ အရှေ့ဘက်ဆီမှ ဖြာကျနေ သော နေရောင်ခြည်မှုန်မှုန် လက်လက်သာ ခပ်ပျပျဖြာနေသည်၊ မြစ်ပြင် ပေါ်မှ အနောက်ဘက်ဆီသို့ တောဘဲရိုင်းတွေ အုပ်စုဖွဲ့ကာ ပျံသန်းနေကြ သည်၊ ဟိုးဝေးဝေး ရေမျက်နှာပြင်တစ်နေရာတွင် ငါးက ထပွက်သည်၊

သည်နေ့တော့ - မြဒေါင်း ရင်ထဲမှာ လေးလံနေသလို ခံစားနေရသည်၊ ညဦးက အကြောင်းမဲ့ အိပ်ရေးပျက်နေတာလည်း ပါမည်၊ မြစ်ကို ကန့်လန့် ဖြတ်လှော်လာစဉ် လေတိုက်သံတွေ တဝေါဝေါမြည်လာသည်၊ လှိုင်းကြော ခွပ်တွေ တဖြန်းဖြန်း ထသွားသည်၊ လေတိုက်သံ အဆက်မပြတ် အော်မြည်



www.burmeseclassic.com

www.burmeseclassic.com

နေတာ ထူးဆန်းသည်၊ မြဒေါင်း နားစိုက်ထောင်သည်၊ လေတိုးသံက တစ်ခု ထူးခြားနေသည်။ ခါတိုင်းလို လေတိုက်သံနှင့် လုံးဝခြားနားနေသည်။ ဘယ်လို အသံမျိုးပါလိမ့်၊ ခေါ်သံလိုလို၊ လူညည်းညူသံလိုလို ...။

အနက်ရောင် မြူတွေက မြဒေါင်း ခန္ဓာကိုယ်ပေါ်ကို တလွင့်လွင့် တဝေဝေ နှန်ချနေကြသည်၊ သည်အခိုက်မှာ ရေပြင်လွှာကိုဖြတ်ပြီး တစ်စ တစ်စနီးကပ်လာသည့် ခြေသံတစ်စုံကို ကြားလိုက်ရသလို ခံစားနေရသည်။ အုံ့ဩစရာ မကောင်းဘူးလား။

ရေလှိုင်းတွေ ဆွဲဆွဲငင်ငင် အူနေကြသလို ကမ်းနံဘေးက လမုကစိုင်၊ ဓနိပင်တွေ လေတိုးသံကလည်း ဆွေးမြည့်ရှည်လျားနေကြသည်၊ ညည်းညူသံတွေနှင့် တူလှသည်။

"ဘာသံလဲဟ"

မြဒေါင်းသည် လှေကိုစုန်ရင်း မျှောလိုက်လေသည်၊ ရေစုန်တွင် လှေက တရွေ့ရွေ့မျောပါသွားသည်၊ ထိုခဏဝယ် လေတိုးသံသည် ပိုပြင်ထင်ရှားလာလေ၏၊ ခေါ်သံသဲ့သဲ့ ကြားနေရသလို ရှိသည်၊

"သူငယ်ချင်း - သူငယ်ချင်း"

မြဒေါင်းရင်ထဲတွင် ဖြန်းခနဲဖြစ်သွားကာ သွေးကြောတွင် နလုံးဆီသို့ ဒိုင်းခနဲမြည်မတတ် ဆောင့်တက်သွားလေသည်၊ တစ်ကိုယ်လုံး ဆတ်ခနဲ တုန်ခါသွားသည်၊ လေသံတွေ တဝေါဝေါမြည်နေလေ၏။ ငြိမ်သက်နေသော မြစ်ရေပြင်သည် ရုတ်တရက် လှိုင်းထမ်းပိုးထန်လာကာ သူ၏ အာခံတွင်းမှ အစွယ်များကို ကြောက်မက်ဖွယ် ထွန်သွားထွန်တဲတွေကို လှစ်ပြလိုက်ပြီ ထင်သည်၊

"ဒါ - ဂဝံဘီလူးရုပ်ရဲ့အသံပဲ၊ ငါ့ သူငယ်ချင်း အသံပဲ"

မြဒေါင်း၏ရင်သည် ကျည်ဆန်ထွက်သွားသော သေနတ်ပြောင်းဝလို အူဝေသွားသည်။ သူသည် လှေကို ရေစုန်တွင် မျှောနေလိုက်သည်၊ လှေ



သည် ရေစီးတွင် သာသာဆဆ မျောပါနေသည်။ လှေဝမ်းနှင့် လှိုင်းရိုက်သံ တဖျတ်ဖျတ် ပေါ်လာသည်၊ မြဒေါင်းသည် အံ့ဩစွာ ငေးကြောင်နေသည်၊

"သ - သ - သူငယ်ချင်း၊ ဟင်း - ဟင်း"

"ဟိုက် - ဒါ - ဘီလူးရုပ်အသံ၊ သေရျာပြီ - ဘာဖြစ်ပါလိမ့်"

လှေဦးကို ဇရပ်ပျက်ရှိရာသို့ ဦးတည်ကာ တစ်ချက်နှစ်ချက် ခတ်လိုက်လေသည်၊

"ဟေ့ - နင် - နင် - နင်လား - သူငယ်ချင်း၊ ဘာဖြစ်သလဲပြော -"

"ဟုတ် - ဟုတ် - သူငယ်ချင်း၊ ငါ့ - ငါ့ကို - ကယ် - ကယ် - ငါ - သေ - သေ"

ဘုရား - ဘုရား - မြစ်ပြင်ကျယ်ကြီးရှိ မြဒေါင်း လှေဘေးတွင် မည်သည့် လှေသမ္ဗန်မှ မရှိ၊ သစ်ဖောင်ဝါးဖောင်ပင် မရှိ၊ လူတစ်ယောက်မျှ မရှိ၊ ဟိုဟို သည်သည် လှည့်လည်ရှာဖွေသည်၊ မည်သူ့ကို မျှမတွေ့၊ အသံသည် ကျောက်ဘီလူးရုပ်၏ အသံ၊ အသံသည် လေဟုန်ကိုစီးကာ လွင့်မျောလာခြင်းဖြစ်သည်၊ ဟိုဝေးဝေး မြစ်ကလေးအနီး ဇရပ်ပျက်ဆီမှ နာကျင်စွာ ညည်းညူလိုက်သောအသံ ဖြစ်၏၊ လေထဲမှ လွင့်မျောလာသောအသံ ဖြစ်သည်၊ ရင်ထဲမှ ကျောက်ဘီလူးရုပ်အတွက် စိုးရိမ်စိတ်ဝင်သွားသည်၊

"ငါ့သူငယ်ချင်း - ဂဝံကျောက်ဘီလူးတော့ တစ်ခုခုဖြစ်ပြီ၊ မြန်မြန်သွားပြီး ငါကယ်မှ၊ ဘယ်လိုရန်သူတွေပါလိမ့်"

မြဒေါင်းသည် လှေဦးကို ဂဝံကျောက်ဘီလူးရုပ်ရှိရာသို့ ဦးတည်ကာ တက်ကုန်သုတ်၍ လှော်လေတော့သည်၊ ကမ်းစပ်ကိုရောက်သည်နှင့် ထမင်းတောင်း၊ ဟင်းတောင်းတွေကို မသယ်တော့၊ ကိုင်းခုတ်ဓားကိုကိုင်ကာ ကမ်းပေါ်သို့ လွှားခနဲ ခုန်တက်၊ ဇရပ်ဘက်သို့ ခြေကုန်သုတ်လေတော့သည်၊ သူသည် ဆူးချုံပုတ်တွေကိုဖြတ်ကာ ဇရပ်ဆီသို့ ပြေးလေ၏၊ နားထဲတွင် လေတိုးသံလား၊ ညည်းညူသံလား၊ မဝေခွဲတတ်သောအသံတွေကို [illegible]

www.burmeseclassic.com

"သူ-သူ-သူငယ်ချင်း-ငို-ငို-ငိုလည်ပင်းက ချည်မန်းကွင်းကို ဖြုတ်။ မြန်မြန်ဖြုတ်လိုက်ပါ။ သိုက်-သိုက်ဆရာနဲ့ သူ့တပည့်တွေ ငိုလည်ပင်းကို ကြိုးကွင်းစွပ်ပြီး ငိုဖင်အောက်က ရွှေတွေသယ်သွားကြပြီ၊ မြန်-မြန်မြန်လုပ်ပါ။ ချည်မန်းကွင်းကြိုးကို မြန်မြန်ဖြုတ်-ဖြုတ်"



ကြားနေရသေးသည်၊ သူ၏ ခြေလှမ်းများသည်ကျောက်ဘီလူးရုပ်ရှိရာသို့…။

=☺=

"ဘုရား-ဘုရား-ဘယ်လိုဖြစ်တာလဲ"

ဂဝံကျောက်ဘီလူးရုပ်သည် မြေပေါ်ရှိ မြက်ပင်မြက်ရိုင်းပင်တွေကြားတွင် ကစဥ့်ကလျား လဲကျနေသည်။ ဘီလူးရုပ်၏ ကိုင်ထားသော တင်းပုတ်



သည် ထက်ပိုင်းကျိုးကာ ခပ်ဝေးဝေးတွင် လဲကျနေလေသည်၊ ဘီလူးရုပ်၏ ပြူးထွက်နေသော မျက်လုံးနှစ်လုံးသည် အသက်ရှင်နေဘိသည့်အလား အရှည်လဲ့ကာ မြဒေါင်းကို စိုက်ကြည့်နေသည်၊ ဘီလူးရုပ်၏ ညာလက်ညှိုးသည် သူ၏ ရင်ဘတ်ရှိ အရာတစ်ခုကို ညွှန်ပြနေသယောင် ရှိသည်။

ကျောက်ရုပ်ဘေးတွင် သပိတ်ကွဲတစ်ချပ်၊ ကဗျာလိုလို စာလိုလို သံကညစ်ဖြင့် ရေးခြစ်ထားသော စာတစ်ပုဒ် တွေ့ရသည်။

ကျုံ့တာရွာမြောက်

ချေတစ်ဖောက်…။

ကျောက်ဘီလူးဖင်အောက်

ရွှေတောင်ပေါက်။

မြဒေါင်းသည် လက်ထဲမှ သပိတ်ကွဲစကို ကိုင်ပေါက်ထည့်လိုက်သည်။

"သိုက်စာပဲ၊ ဒါ-တစ်ယောက်ယောက်က လက်ထောက်ချလို့ သိုက်သမားတွေ ရောက်လာတာ"

သူသည် ပတ်ဝန်းကျင်ကို သက်ရှိလူသတ္တဝါ တစ်ယောက်တလေ တွေ့လိုတွေ့ငြား ဟိုဟိုသည်သည် လိုက်ရှာလေသည်၊ မည်သူမျှမရှိ၊ တောသည် ကြောက်မက်ဖွယ်အဆင်းဖြင့် ငြိမ်သက်နေဆဲ၊ အနီးသိုက်စာသည် မြဒေါင်းတို့ ငယ်ငယ်ကပင် ကြားဖူးနေကျ သိုက်စာဖြစ်သည်။

"တောက်-တော်တော်မိုက်ရိုင်းတဲ့ အကောင်တွေပဲ၊ သိုက်ဆရာတွေ ဒါကြောင့် ရွာထဲမှာ ခြေရှုပ်လိမ်နေတာကိုး၊ တွေ့ကြသေးတာပေါ့ကွာ"

ထိုစဉ်-ဖရုပ်ပတ်ဝန်းကျင်သည် လေမတိုက်ပါပဲလျက် ခေါ်သံလိုလို ညည်းညူသံလိုလို အသံတွေ ထွက်ပေါ်လာပြန်သည်၊ အသံတွေ ရပ်တန့်မသွားပေ၊



www.burmeseclassic.com

www.burmeseclassic.com

"သူ - သူ - သူငယ်ချင်း၊ ငါ့ - ငါ့ - ငါ့လည်ပင်းက ချည်မန်းကွင်းကို ဖြုတ်၊ မြန်မြန်ဖြုတ်လိုက်ပါ။ သိုက် - သိုက်ဆရာနဲ့ သူ့တပည့်တွေ ငါ့လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ငါ့ဖင်အောက်က ရွှေတွေသယ်သွားကြပြီ၊ မြန် - မြန်မြန်လုပ်ပါ၊ ချည်မန်းကွင်းကြိုးကို မြန်မြန်ဖြုတ် - ဖြုတ်"

တိုးသဲ့သော်လည်း ကြည်လင်ပြတ်သားသော အသံ၊ ထိုအသံသည် မြဒေါင်း၏ နားနားသို့ တိုးကပ်၍ ပြောလိုက်သကဲ့သို့ လွန်မင်းစွာ နီးကပ်စွာ ကြားလိုက်ရခြင်း ဖြစ်သည်၊ ထို့အတူ - မြဒေါင်း ခန္ဓာကိုယ်သည် တစ်စုံတစ်ယောက်က ပွေ့ဖက်လိုက်ဘိသကဲ့သို့ ကြက်သီးမွေးညင်းထကာ ဆတ်ခနဲ တုန်လှုပ်သွားမိလေသည်၊ ဒါပေမဲ့ - ငြိမ်သက်နေလိုက်ရသည်၊

မြဒေါင်းသည် အထိတ်တလန့်ဖြစ်ကာ ကြောင်အအ ဖြစ်နေရာမှ အသိစိတ် ပြန်ဝင်လာကာ ကိုင်းခုတ်ဓားဖြင့် ကျောက်ဘီလူးရုပ် လည်ပင်းမှ အနီရောင် ချည်မန်းကွင်းကို လျင်မြန်စွာ ဖြတ်တောက်ပစ်လိုက်လေသည်၊ ထိုကြိုးကွင်းကို ခြေထောက်ဖြင့် နင်းချေလိုက်သည်၊

မြဒေါင်း ဂဝံကျောက်ရုပ်ကိုကြည့်လိုက်တော့ အသက်ဝင်နေသကဲ့သို့ တရွေ့ရွေ့တလှုပ်လှုပ် ဖြစ်နေသေးသည်၊ နောက်တော့မှ - ငြိမ်သက်သွားသည်၊ မြဒေါင်းသည် လဲပြိုကျနေသော ကျောက်ဘီလူးကို မနိုင်မနင်းမကာ နေရာတကျ ပြန်ရွှေ့ရသည်၊ တင်းပုတ်ကတော့ ကျိုးပဲ့သွားပေပြီ၊ ချက်ချင်း ပြုပြင်ရန် မလွယ်ပေ၊ ကျောက်ဘီလူးရုပ်ကို ခက်ခက်ခဲခဲ နေရာရွှေ့ရသည်၊

ထိုနေ့ တစ်နေ့လုံး မြဒေါင်း အလုပ်လုပ်ရသည်မှာ စိတ်မပါတော့ပေ၊ ညနေစောင်းလျှင် နွားတစ်ရှဉ်းကို ဖြုတ်လိုက်စဉ် လေထဲမှ လွင့်ပျံလာသော အသံတွေကို ကြားလာရပြန်သည်၊ အသံသည် ခရီးဝေးမှပြေးလာသောအသံ တဲ့သို့ ပင်ပန်းနွမ်းနယ်နေသည်၊

မြဒေါင်းသည် အသံလာရာဆီသို့ မှန်းဆကာ ...

"သူငယ်ချင်း - နင် ပြန်ရောက်ပြီလား"



"ငါ - ငါ - ပြန်ရောက်လာပြီ သူငယ်ချင်း၊ မင်း - မင်း - ငါ့ကို နေရာတကျ ပြန်ထားပေးတာ ကျေးဇူးတင်တယ်၊ မင်း - ကယ်လို့ ငါအသက်ရှင်တာ၊ မင်း ပေးတဲ့အသက်ပဲ ငါ့မှာ ရှိတော့တယ်ကွယ်၊ နို့မို့ဆို - ငါသေပြီ၊ ကျေးဇူးတင်လိုက်တာ သူငယ်ချင်း၊ မင်း - ချည်မန်းကွင်း အဖြုတ်မြန်သွားတယ်၊ ကံသီပေလို့ပဲ၊ ဒီကောင်တွေ လွတ်သွားတော့မလို့ကွယ်၊ ပစ္စည်းတွေလည်း ပြန်ရလာပြီ သူငယ်ချင်း၊ ပစ္စည်းတွေ ပါမသွားလို့ တော်သေးတာပေါ့"

မြဒေါင်းသည် လေထဲမှ အသံကို မှန်းဆရင်း ဟိုဟိုသည်သည် လိုက်ရှာလေသည်၊ မည်သူ့ကိုမျှ မတွေ့ရပေ၊ သူသည် အသံလာရာဆီသို့ မှန်းကာ ပြန်၍ပြောလေသည်၊

"ပြန် - ပြန်ပြောဦး - ဘယ်လိုဖြစ်တာလဲ"

"သိုက်ဆရာနဲ့ သူ့တပည့်နှစ်ယောက် ငါ့လည်ပင်းကို ချည်မန်းကွင်း စွပ်ပြီး ငါမလှုပ်နိုင်အောင်ချုပ်ပြီး ဖင်အောက်က ပစ္စည်းတွေယူပြေးကြတယ်လေ၊ တော်သေးတယ်ကွယ် ...၊ မြစ်ထဲမှာ မိရုံကလေးကွယ်၊ ပစ္စည်းတွေ ပြန်ရလာတယ်လေ"

"သိုက်ဆရာကော ..."

"ငါ - သတ်ပစ်လိုက်ပြီ"

ရင်ထဲမှာ လစ်ဟာသလို ခံစားလိုက်ရသည်၊ မြဒေါင်းသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်၊ ပြဿနာသည် သေးသေးကွေးကွေး မဟုတ်တော့ပြီ၊

"နင် - ဘယ်လို သတ်လိုက်တာလဲ၊ ဒီလူယုတ်မာကို ငါ သတ်မှာပေါ့"

"လှေကို မှောက်ပစ်လိုက်တယ်၊ သင်းကို ရေထဲ နှစ်သက်လိုက်တယ်၊ ဒီကောင် တော်တော်ရေကူးကျွမ်းကျင်တာပဲ သူငယ်ချင်း၊ ရေအောက်မှာ နာရီဝက်လောက် အသက်မရှူဘဲ နေနိုင်တယ်၊ အံ့ရောပဲ၊ ဒါနဲ့ - ငါ ရေအောက်မှာ ကျောက်ခဲနဲ့ထုပစ်လိုက်တယ်၊ တော်တော် အသက်ပြင်းတယ်



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ - ငါ့လက်နဲ့ သတ်လိုက်ရလို့ ကျေနပ်တယ်။ တပည့်နှစ်ယောက်ကတော့ လွတ်သွားတယ်။ နယ်ကျော်သွားပြီး ငါ ဆက်လိုက်လို့ မရတော့ဘူး။ မိရင်အသေပဲ"

"သူငယ်ချင်း၊ နင် - တော်တော်မောနေပြီ၊ နားဦးလေ"

လေထဲမှ အသက်ရှူသံသည် ပို၍ပြင်းထန်လာသည်၊ အကြောင်းမသိသူဆိုလျှင် လန့်ဖျပ်၍ သေသွားနိုင်လောက်သည်၊ လူမမြင်ရဘဲ အသံတွေသာ ကြားနေရသည် *မဟုတ်ပါလား။*

"ငါ နားလို့မဖြစ်တော့ဘူး။ ဒီမှာလည်း ဆက်နေလို့မရတော့ဘူး။ နေရာပြောင်းရတော့မယ် သူငယ်ချင်း၊ နောက်ထပ် ရန်စစ်တွေ လာတော့မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ မှော်ဆရာကို ငါ သတ်ပစ်လိုက်လို့ပဲ၊ သူတို့ လူထိတော့ နောက်ထပ်မှော်ဆရာတွေ လက်စားချေဖို့လိုက်လာတော့မယ်လေ"

မြဒေါင်းသည် လန့်ဖျပ်သွားသည်၊ ပျာပျာသလဲ ပြင်းဆန်မိသည်၊

"ဒီလိုတော့မလုပ်ပါနဲ့ - သူငယ်ချင်းရယ်၊ ငါ တစ်ယောက်လုံး ရှိပါတယ်၊ ငါ နင့်ကို ကာကွယ်မှာပေါ့၊ နင်နေတာ ငါ့ပိုက်နက်လယ်ကွင်းထဲမှာလေ၊ ဘယ်သိုက်ဆရာမှ ငါ လက်မခံဘူး၊ ငါ သတ်ပစ်မယ်၊ ငါနဲ့ အတူတူနေပါ၊ နင် ငါ့ကို ပိုက်ဆံမပေးနဲ့တော့၊ ငါ မင်းစားချင်တာ နေ့တိုင်း ချက်ကျွေးပါ့မယ်၊ ငါ မယူတော့ပါဘူး။ ငါ အခုချမ်းသာနေပါပြီ၊ ဒီအတွက် ကျေးဇူးတင်ပါတယ်၊ တစ်သက်လုံး မမေ့ပါဘူး"

မြဒေါင်းရင်ထဲမှာ ကြေကွဲမှုဖြင့် တလှပ်လှပ် ဖြစ်လာသည်၊ မျက်ရည်ဝဲလာကာ ရင်ထဲမှာ တစ်ဆို့လာလေသည်၊ သူ့သွေးသား အသိဉာဏ်ထဲမှာ ဂဝံ‌ကျောက်ဘီလူးကို ညီအစ်ကိုတစ်မျှ သံယောဇဉ်တွယ်တာနေပြီ၊ သည်လိုခွဲခွာမှုမျိုးကို လုံးဝမလိုလားပေ၊ ပိုက်ဆံတွေလည်း ဆက်၍ မလိုချင်တော့၊ မယူရက်တော့ပေ၊ မြဒေါင်းသည် ခေတ်ပညာတတ်မဟုတ်သော်လည်း ကျေးဇူးတရားဆိုတာကိုတော့ သိနားလည်ပါသည်၊



"သိုက်ဆရာကို ငါတောင် တော်တော်ယှဉ်ပြီး နှိပ်ကွပ်ခဲ့ရတာ၊ ငါလည်း မခံနိုင်ဘူး၊ မင်း၊ဆို ပိုဆိုးမှာပေါ့ကွယ်၊ သူ့ထက်သူ လူစွမ်းကောင်းတွေလာဦးမှာ၊ သူတို့ဘက်ကလည်း ဒီလိုချည်း ငြိမ်သက်နေကြမှာမဟုတ်ဘူး၊ ဒီလိုပဲ - ဒီနယ်တစ်ကျေးမှာ လောဘသားကောင်တွေကို ငါသတ်ခဲ့ တာ များပြီ၊ ငါ့ကို ကျွေးမွေးခဲ့တာ၊ အသက်ကယ်ခဲ့တာ၊ မင်း ကျေးဇူးတွေကို ငါ မမေ့ပါဘူး၊ မင်းတစ်သက်တာ၊ မကြောင့်မကျ မတောင့်မတ နေနိုင်စားနိုင်အောင် ငါ ထပ်ပြီး ပေးခဲ့ဦးမယ် သူငယ်ချင်း၊ ငါ ဒီမှာ ဆက်နေလို့ မဖြစ်တော့ဘူး၊ ငါ ပြောင်းရတော့မယ်၊ မင်းလည်း နောက်ထပ်ရောက်လာမယ့် သိုက်ဆရာတွေကို ယှဉ်နိုင်မှာ မဟုတ်ဘူး"

"ငါ့ကို မထားခဲ့ပါနဲ့"

မြဒေါင်းသည် သံကုန်ဟစ်၍ အော်လေသည်၊ မျက်ရည်ပေါက်ကြီးတွေ လိမ့်ကျလာအောင် ငိုသည်၊ မြေပြင်တွင် ပက်လက်လဲကျအောင် လူးလိမ့်၍ ငိုလေသည်၊

"သူငယ်ချင်း - သူငယ်ချင်း"

"ငါ့ကို ထားခဲ့ပြီလား"

"မင်း - ငါ့ကို ကိုယ်ကောင် ထင်ထင်ရှားရှားပြပါကွာ"

ပတ်ဝန်းကျင်သည် သစ်ရွက်ကြွေဆဲပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားလေပြီ၊ မြဒေါင်း၏ အော်ဟစ်သံသည် ပတ်ဝန်းကျင်ရှိ သစ်ရွက်တွေပင် ကြွေကျလုလောက်အောင်ကျယ်လောင်သွားသည်၊

= ☺ =

www.burmeseclassic.com

နောက်တစ်နေ့မနက် မိုးမလင်းမီ လူခြေတိတ်ချိန် လင်းကြက်မခေါ်မီ မြခေါင်းသည် မလုပ်ကောင်းလယ်မြေသို့ တိတ်တဆိတ် ထွက်လာလေသည်။ ဂဝံကျောက်ဘီလူးရုပ် မည်သို့မည်ပုံ ဖြစ်ပျက်နေမည်ကို ကြီးမားသောသံယောဇဉ် တွယ်တာမှုနှင့် ထွက်လာခြင်း ဖြစ်ပေသည်။

နာမည်ဆိုးနှင့် တစ်နယ်လုံး တစ်ရပ်လုံး ကျော်ကြားနေသော မလုပ်ကောင်းလယ်မြေသည် ပဟေဠိပေါင်းမြောက်မြားစွာကို ပွေ့ပိုက်ကာ အစာနင်နေသော စပါးကြီးမြွေတစ်ကောင်လို ငြိမ်သက်တိတ်ဆိတ်နေသည်။ ကြောက်မက်ဖွယ် အဆင်းသဏ္ဍာန်ဖြင့် ငြိမ်သက်နေခြင်းပင်။

မြခေါင်း တစ်ညလုံး အိပ်မပျော်ခဲ့။ နှစ်ပေါင်းများစွာ လက်တွဲဖော်ဖြစ်ခဲ့သည့်ဘဝချင်းခြားနားသည့်ပရလောကသားတစ်ဦးကိုတွယ်တာသံယောဇဉ်ဖြစ်ခဲ့ရခြင်း၏ အကြောင်းရင်းတစ်ရပ်သည် သူ့ဘဝတစ်လျှောက်လုံး ဘယ်လိုမှ မေ့ပျောက်နိုင်မည် မဟုတ်ပေ။ သို့သော် – သူကတော့ သေတစ်ပန်သက်တစ်ဆုံး ဂဝံကျောက်ဘီလူးကို သည်လယ်တောမှာ ရှိနေစေချင်သည်။ အခင် မင်ဆုံး သူငယ်ချင်းတစ်ယောက်လေ၊ သည်ပရလောကသားကြောင့် သူ့ ဘဝတစ်ခုလုံး အရှင်မွေးနေ့ချင်းကြီးဆိုသလို ကြီးပွားတိုး တက်ခဲ့သည် မဟုတ်ပါလား။

မြခေါင်းသည် လှော်တက်တစ်လက်၊ ဓားတစ်လက်ဖြင့် မြစ်ကမ်းပေါ်သို့ လျင်မြန်စွာတက်ကာ လယ်တောဘက်သို့ ခပ်သွက်သွက်လျှောက်လာသည်။ မှောင်မိုက်နေသော်လည်း သူ့အဖို့သည် လယ်မြေသည် ကျင့်သားရနေပြီဖြစ်သည်။ သူသည် နောက်ထပ် သည်မလုပ်ကောင်းလယ်သို့ ရောက်လာမည့် သိုက်သမားအရှုးကောင်တွေကို သုတ်သင်ရှင်းလင်းပစ်မည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

စေးပျစ်ပျစ်အမှောင်ထုအောက်တွင် ပတ်ဝန်းကျင်သည် မိုးပုရစ်သံတို့ဖြင့် ဝေဝေစီစီရှိနေဆဲ။ တိတ်ဆိတ်ငြိမ်သက်နေမြဲ။



ဇရပ်ပျက်ကြီးသည် အမှောင်ထုအောက်တွင် မှုန်ကုပ်ကုပ် ငြိမ်သက်နေပုံမှာ ရောမတစ္ဆေကြီး ငုတ်တုတ်ထိုင်နေသည်နှင့် သဏ္ဍာန်တူလေသည်။ မြခေါင်းသည် ဇရပ်ဟောင်းပတ်ဝန်းကျင်ထဲ ဝင်ရောက်ပြီး မြင်လိုက်ရသောအခြေအနေကြောင့် သူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို ဖြတ်တောက်လိုက်ခြင်း ခံလိုက်ရသကဲ့သို့ ခံစားလိုက်ရခြင်းဖြစ်သည်။

ဂဝံကျောက်ဘီလူးနေရာတွင် ကျောက်ရုပ်ဘီလူး မရှိတော့ချေ။ မည်သည့် အပိုင်းအစမှလည်း မကျန်တော့၊ သို့သော် – စဉ့်မြေအိုးတစ်လုံးတော့ ထီးတည်းကြီး ရောက်နေသည်၊ ထိုအရာကလည်း ထူးဆန်းအံ့ဩစရာကောင်းနေသည်၊ စဉ့်မြေအိုးသည် (၃)ပြည်ဝင်အိုး ဖြစ်သည်။

ဘုရားရေ – ကျောက်ဘီလူးရုပ် ဘယ်ရောက်သွားပြီလဲ။

သူ့ရင်ထဲမှာ ကွက်လပ်ကြီးတစ်ခုလို လစ်ဟာသွားရသည်။ ကြီးမားဆုံးသော ဆုံးရှုံးမှုကြီးတစ်ခုဟု သတ်မှတ်ခံစားလိုက်မိသည်၊ သည်ဘဝမှာ ဘယ်တော့မှ ပြန်လည်တွေ့ဆုံတော့မည်မဟုတ်တော့သည့် ဘဝခြားပုဂ္ဂိုလ်တစ်ယောက်ကို ရင်ထဲမှ ကြေကွဲတမ်းတရင်း ငိုင်နေမိသည်။

မြခေါင်းသည် စဉ့်မြေအိုးကို မျက်မှောင်ကုတ်၍ ငေးကြည့်နေမိသည်။ စဉ့်အိုးထဲတွင် မည်သည့်အရာတွေ ပါဝင်နေသည်ကိုတော့ ခက်ခက်ခဲခဲ စဉ်းစားစရာမလိုပေ၊

သူသည် ငုက်ပျောပင်တစ်ပင်လို အချိန်ကြာမြင့်စွာ ရပ်တန့်နေမိသည်၊ သူငိုဖို့ ကြိုးစားသော်လည်း မျက်ရည်မထွက်၊ ရင်ထဲမှာ တင်းကြပ်ဆို့နင့်နေသည်။ ထို့နောက် – သူသည် အင်အားများ တဖြည်းဖြည်း ယုတ်လျော့သလိုခံစားရကာ ဒူးများ အလိုလို ညွတ်ခွေကျသွားမိသည်။

“ကျောက်ဘီလူးရုပ် – သူငယ်ချင်းရေ”



www.burmeseclassic.com

www.burmeseclassic.com

သံသရာသည် ရှည်လျားထွေပြားလှသည်။ ကံကြမ္မာကို မိမိသဘော


ယုံကြည်ချက်ဖြင့် ဆုံးဖြတ်ပိုင်ခွင့် မရှိချေ။ ထို့အတူပင် . . .။

(၁၉၃၄ – ခုထုတ် ပြည်မြို့ ပဉ္စရူပဦးခေ၏ တစ္ဆေပုံညွှန့်ပေါင်းကျမ်းမှ

စာမျက်နှာ ၈၃ – ၈၈ ကို မှီးကြောင်း ဝန်ခံပါသည်)

မင်းဘုန်းသိခ်သူ




www.burmeseclassic.com